www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၁၄၀၃၁၁

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၂၈၀၅၁၁

ထုတ်ဝေသူ

ဦးကိုကိုမြင့် (သိမ်းမင်းစာပေ)

၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်(၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်၊ ၂၀၁၁၊ ဇူလိုင်လ။

အုပ်ရေ – ၅၀၀ အုပ်

တန်ဖိုး – ၁၀၀ ကျပ်

၈၉၅ ၈၃

သက်မင်းဂျူလိုင်

ဂမ္ဘီရကြောင်မျက်ရှင် / သက်မင်းဂျူလိုင် - ရန်ကုန်။

သိမ်းမင်းစာပေ ၊ ၂၀၁၁ ။

၂၇၂ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ဂမ္ဘီရကြောင်မျက်ရှင်

BURMESE CLASSIC .com

သက်မင်းဂျူလိုင်

# ဂမ္ဘီရ ကြောင်မျက်ရှင်

ဤကမ္ဘာလောကကြီး၌ ဖြစ်ရပ်အချို့သည် လွန်စွာမှ အံ့ဩဖွယ်ရာ ကောင်းလှပါသည်။ ထို့အတူ မယုံကြည်နိုင်ဖွယ်ရာလည်း ကောင်းလှပါသည်။ အချို့ဆိုလျှင် စိတ်ကူးယဉ်ဆန် ဇာတ်လမ်းများထက်ပင် ပို၍ အံ့ဩဖွယ်ကောင်းလှပါ၏။ ထိုကဲ့သို့သော ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်များသည် ကမ္ဘာလောကကြီး၏ တစ်ထောင့်တစ်နေရာတွင် အမှန်တကယ်ပင် ဖြစ်တည်လျက်ရှိနေခဲ့သည်။ ယခင်ကလည်း ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ဖြစ်နေဆဲပင်ဖြစ်သည်။ နောက်နောင်ကာလများတွင်လည်း ဆက်လက်၍ ဖြစ်နေဦးမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သော အခန်းစဉ် ဂမ္ဘီရစာစုများ


ဂမ္ဘီရစာစု (၁) အိပ်မက်နိမိတ်နှင့်နက္ခတ်တာရာများ
ဂမ္ဘီရစာစု (၂) ဗေယျာပူရ စင်ကိုင်းအောင်မြေမှ စခဲ့သော...
ဂမ္ဘီရစာစု (၃) မရှိခထောဘုရားမှ ပဋ္ဌာန်းဆက်ခေါ်သံ
ဂမ္ဘီရစာစု (၄) အိပ်မက်နိမိတ်များနှင့်တွေ့ဆုံခြင်း
ဂမ္ဘီရစာစု (၅) ထူးခြားသောအိပ်မက်နိမိတ်များဖြင့် ရောက်ရှိလာသူ
ဂမ္ဘီရစာစု (၆) ရာဇဝင်ထဲမှမဟိယင်္ဂဏစေတီတော် သို့မဟုတ်...
ဂမ္ဘီရစာစု (၇) အင်းဝရာဇဝင်ထဲက လှစွမ်းကောင်းတောက်ပြား
ဂမ္ဘီရစာစု (၈) ရွှေတိုက်စိုးဘွဲ့ရ သူနိုးကြီးတောက်ပြားရှင်းဟန်း
ဂမ္ဘီရစာစု (၉) မြပန်းနွယ်၏ ငယ်ဘဝပုံရိပ်များ
ဂမ္ဘီရစာစု (၁၀) သိဒ္ဓိဝင်ကြောင်မျက်ရှင်နှင့် ဓမ္မပြန်ဂါထာတော်ကြီး
ဂမ္ဘီရစာစု (၁၁) သုခနှင့်ဒုက္ခအကြား ဗျာများနေသူတစ်ယောက်
ဂမ္ဘီရစာစု (၁၂) သူငယ်ချင်းလေးရဲ့ ကိုယ်ရံတော်သက်တော်စောင့်
ဂမ္ဘီရစာစု (၁၃) ကြောင်မျက်ရှင်အား ပထမအကြိမ်စွန့်ပစ်ခြင်း
ဂမ္ဘီရစာစု (၁၄) ဤအရာကား စွန့်ပစ်၍မရပါ...
ဂမ္ဘီရစာစု (၁၅) ပရလောကမှ မမြင်နိုင်သောစွမ်းအားသိဒ္ဓိများ...
ဂမ္ဘီရစာစု (၁၆) ကြောင်မျက်ရှင်လက်စွပ်အား ဒုတိယအကြိမ်စွန့်ပစ်ခြင်း
ဂမ္ဘီရစာစု (၁၇) တစ်ကျော့ပြန်ရောက်ရှိလာသော ကြောင်မျက်ရှင်
ဂမ္ဘီရစာစု (၁၈) ငြိမ်းအေးခြင်းနောက်ကွယ်မှ အမှန်တရားများ
ဂမ္ဘီရစာစု (၁၉) ကြောင်မျက်ရှင်နှင့် ပြောင်းလဲလာသောကံကြမ္မာ
ဂမ္ဘီရစာစု (၂၀) သံသရာခရီးကြမ်းမှ အမျှော်ပယောဂများ
ဂမ္ဘီရစာစု (၂၁) ရည်ရွယ်သူသို့ ဒုတိယမြောက်အကြံအစည်
ဂမ္ဘီရစာစု (၂၂) ကြောင်မျက်ရှင်၊ မြပန်းနွယ်နှင့် လပြည့်ညပုံရိပ်များ
ဂမ္ဘီရစာစု (၂၃) သင်ပြုသည့်ကံ...သင်၏ထံသို့...
ဂမ္ဘီရစာစု (၂၄) ကိုးတောင်ပြည့်စေတီနှင့်ပျောက်ဆုံးသွားသောကြောင်မျက်ရှင်
ဂမ္ဘီရစာစု (၂၅) အရဟံသိဒ္ဓိနှင့် ပဋ္ဌာန်းဆက်ခေါ်သံ
ဂမ္ဘီရစာစု (၂၆) မြပန်းနွယ်၏ နောက်ဆုံးနေ့များ
ဂမ္ဘီရစာစု (၂၇) မြပန်းနွယ်နိဂုံး သို့မဟုတ် နိဒါန်း


BURMESE CLASSIC .com



## ဂမ္ဘီရစာစု (၁)

## အိပ်မက်နိမိတ်နှင့် နက္ခတ်တာရာများ

တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့၊ ည (၁၂) နာရီ။ ကြည်လင်သော မိုးသားပြာပြာတွင် စိန်ရောင်စိန်ပွင့်တို့က တလက်လက်နှင့် လင်းလက်တောက်ပနေကြသည်။ မြို့တိမ်ကင်းရှင်း လျက်ရှိသည့် ညဥ့်ကောင်းကင်တစ်ပြင်လုံးအား စိန်ကြယ်ပွင့်များကပင် နေရာအပြည့်ယူထားကြလေသည်ထင့်။

တန်ဆောင်မုန်းည ခါသမယ၏ ကြယ်ကြီကာနက္ခတ်တာရာများ သည် ကြယ်ပေါင်းစုံညီလာခံကြီး ခင်းကျင်းနေသည့်အလား ငိုင်းစက် ပြည့်ရွှန်းသည့် လပြည့်ဝန်းကြီးအနီးတွင် ပတ်ချာလှည့်လျက် ကခုန် မြူးထူးနေကြသည့်နှယ်ပါတည်း။

တစ်နည်းအားဖြင့်ဆိုရပါမူ နက္ခတ်တာရာများနှင့် ကြယ် ညီလာခံ စသည့် တန်ဆောင်တိုင်ညဥ့်တစ်ညဥ့်သည် ဩကာသလော ကကြီးတစ်ခုလုံးအား သိမ်းပိုက်စိုးမိုးထားပါလေ၏။ အချုပ်ဆိုရပါမူ မြူတိမ်ကင်းရှင်း၍ နက္ခတ်တာရာစုံညီသော တန်ဆောင်မုန်းညတစ်ည

www.burmeseclassic.com

www.burmeseclassic.com

သည့် အေးချမ်းဆိတ်ငြိမ်လှပသော ပန်းချီကားတစ်ချပ်ကို လောကကြီး၏ပြတင်းဝတွင် ချိတ်ဆွဲပြထားသည်သို့ ...။

အရာအားလုံးတို့သည် ကြယ်စင်နက္ခတ်များနှင့် ဆိတ်ငြိမ်စွာ လှပနေသည့် ညဥ့်ပန်းချီကားချပ်ထဲတွင် စီးဝင်နစ်မျောနေချိန် ...။

ဩကာသလောကကြီး၏ ရာဟုထောင့်တစ်နေရာမှ သေးငယ်လှသော အနီရောင် အစက်အပြောက်လေးသည် ညဥ့်ကမ္ဘာထဲသို့ တရွေ့ရွေ့နှင့် တိုးဝင်လာလျက်ရှိပါသည်။

ထိုအနီရောင်အစက်အပြောက်လေး၏ တိုးညင်းသော ပွတ်တိုက်ရွေ့လျားသံ၊ ထို့မှတစ်ဆင့် တဖြည်းဖြည်းကျယ်လောင်သော ပွတ်တိုက်သံကြီးများနှင့်အတူ အနီရောင်အစက်အပြောက်ကလေးသည် အနီရောင်လေပွေမုန်တိုင်းကြီးတစ်ခုအသွင်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ပြီး ကြယ်စုံညီလာခင်းနေသည့် ညဥ့်ကမ္ဘာဆီသို့ ဦးတည်ရွေ့လျားလာခဲ့ပါချေပြီတည်း။

'ဝေါ .. ဝေါ .. ဝေါ .. ဟီး .. ဟီး .. ဟီး .. ဝေါ .. ဝေါ'

မကြာမီ အနီရောင်လေပွေရိုင်းကြီးသည် မြင်းရိုင်းတစ်ကောင်နှယ် ကျယ်လောင်စွာအော်မြည်လျက် ကြယ်စုံသည့် ညဥ့်ညီလာခံ၊ ညဥ့်ကမ္ဘာကို ကြမ်းရမ်းစွာ ဖျက်ဆီးမွှေနှောက်ပါလေတော့သည်။

ငွေကြယ်ပွင့်တို့ လွင့်စဥ်ကွယ်ပျောက်ကုန်ကြသည်။

ဝိုင်းစက်ပြည့်ရွှန်းလျက်ရှိသော လပြည့်ဝန်းကြီးသည်လည်း မည်းညစ်နေသော တိမ်တိုက်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားပါ၏။ ဆိတ်ငြိမ်အေးချမ်းစွာဖြင့် အလှကြီးလှနေသော ညဥ့်ကမ္ဘာသည် ဆူညံစွာထွက်ပေါ်လာသော တဖွဖွအော်သံများကြားတွင် ပျက်ပြယ်ခဲ့ပါချေပြီကော။

'ဝေါ .. ဝေါ .. ဟီး .. ဟီး .. ဝေါ ... ဝေါ .. ဝေါ'



စောစောပိုင်းလောက်ကမှ နက္ခတ်တာရာစုံလင်စွာနှင့် ညီလာခံသဘင် ဆင်နွှဲနေသည့် ညဥ့်ကမ္ဘာလေးသည် ဆိုးသွမ်းရိုင်းစိုင်းလှသည့် လေပွေရိုင်း၏ ကလူကျီစယ်မှုအောက်တွင် ကြွေပျက်ခဲ့ရပါချေပြီတည်း။

ညဥ့်ညီလာခံသည် ဆူညံသောအော်ဟစ်သံများနှင့်အတူ ရောယှက်သည့်အလား။ ငွေကြယ်စင်တို့နှင့် နက္ခတ်တာရာမင်းသမီးလေးများ၏ ကြောက်လန့်တကြားအော်ဟစ်သံ၊ ကယ်ပါယူပါ တစာစာနှင့် ငိုကြွေးမြည်တမ်းသံများက ညဥ့်ကမ္ဘာတွင် ပဲ့တင်ထပ်လျက် ရှိကြပါ၏။

"အီး .. ဟီး .. ဟီး .. ဟီး .. ဝေါ ... ဝေါ .. ဝေါ"

ကမ္ဘာမြေသည်လည်း မြေလျှင်လှုပ်ခတ်သံ၊ တော်လည်းသံ၊ တောင်ပြိုသံကြီးများနှင့်အတူ တသိမ့်သိမ့် တဝုန်းဝုန်း တုန်ခါမြည်ဟည်းလျက် ...

'ဝေါ .. ဝေါ .. ဝုန်း .. ဒုန်း .. '

တဝေါဝေါတဝုန်းဝုန်းနှင့် ပြိုကျလွင့်စဥ်လျက်ရှိကုန်သော တောင်ကမ်းပါးယံကြီးများ။ တဖျောင်းဖျောင်းနှင့် အမြစ်ပါမကျန် ကျွတ်ကာ လဲပြိုကျကုန်သော သစ်ပင်ဝါးပင်ကြီးများ။ တဝုန်းဝုန်းနှင့် ကမ်းခြေကုန်းမြေထက်အထိ လျှံတက်ဆူဝေလာကြသော ပင်လယ်ရေလှိုင်းကြီးများ။ သိကြားနှင့်အသူရာ စစ်ခင်းနေကြသကဲ့သို့ တဝုန်းဝုန်းနှင့် ဆူပွက်စီညံနေသည့် အသံကြီးများက ကောင်းကင်ယံနှင့် ကမ္ဘာမြေလွှာထုကြားတွင် အဆီးအတားမဲ့ အော်မြည်ဟစ်ကြွေးနေကြပါသည်ကော။

ပင်လယ်သမုဒ္ဒရာမှ ရေများ လျှံတက်လာကြသည်။ မီးတောင်ချော်ရည်တို့ ပေါက်ကွဲမြည်ဟည်း၍ စီးဆင်းကျလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြာပူချော်ရည်ပူတို့ စီးမျော ဖုံးအုပ်လာကြသည်။ အား ဘုံးမှာတော့ … ကမ္ဘာမြေသည် သွက်သွက်ခါမျှ ရှုးသွပ်သွားပါချေပြီတည်း။

ထူးခြားသည်က ထိုထိုသော ဆူညံစွာ အော်မြည်လှုပ်ခတ်နေကြသည့် ကမ္ဘာမြေပြင်နှင့် ကောင်းကင်ယံကြီးကို မမင်းဘုံတစ်ယောက် ချောက်ချားတုန်လှုပ်မှုကင်းမဲ့စွာဖြင့် မြင်တွေ့နေရခြင်းပင်တည်း။

သူ၏ အမိုကမြင်ကွင်းထဲမှာတော့ စိမ်းညို့ညို့တောင်ကုန်းငယ်ပေါ်မှ ထုံးဖြူဆေးရေး မပြယ့်တပြယ်နှင့် စေတီငယ်တစ်ဆူ။

ထိုစေတီငယ်သည် မမင်းဘုံ အံ့ဩမှင်တက်စွာ ငေးမောကြည့်နေစဉ်မှာပင် ဖောင်းရစ်မှသည် တဖြည်းဖြည်းကွဲအက်စ ပြိုလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုစဉ်ခိုက်မှာပင် ညှို့ကောင်းကင်ယံမှ နက္ခတ်တာရာတစ်ခုသည် ထိုကွဲအက်စပြိုနေသည့် ဘုရားစေတီဆီသို့ အလင်းတန်းကြီးတစ်ခုနှင့်အတူ တည့်တည့်မတ်မတ် ပြုတ်ကျလာသည်နှင့် မမင်းဘုံမျက်စိထဲတွင် ဝင်းခနဲလက်ခနဲဖြစ်သွားပြီး ဝုန်းခနဲ မြည်ဟည်းသံကြီးနှင့်အတူ မပီမသ ညည်းတွားသံသဲ့သဲ့ဖြင့် အိပ်မက်မှ လန့်ဖျပ်၍ နိုးထလာခဲ့ပါတော့သည်။

"အင်း .. အီး .. အင်း .. ဘုရား … ဘုရားစေတီ ပြို … ပြိုကျ … အား …"

ရုတ်တရက် သွန်းဘေးမှ အိပ်မောကျနေရှာသည့် ဖနီးသည်ထံမှ ညည်းတွားအော်ဟစ်သံကြောင့် မောင်ကျောက်ပုံနိုးလာကာ မမင်းဘုံအား အသာအယာ ပုတ်ခတ်နှိုးရင်း မေးမြန်းလိုက်ပါ၏။

"ဟဲ့ … မင်းဘုံ မင်းဘုံ … အိပ်နေရင်းက ဘာတွေ



ယောင်ပြီး အော်ဟစ်နေရတာလဲ၊ ဟင် … မျက်နှာမှာလည်း ချွေးသီးချွေးပေါက်တွေနဲ့ပါလား"

ဖနီးသည်၏မျက်နှာထက်မှ ချွေးစေးများကို အသာအယာသုတ်ဖယ်ပေးရင်း မမင်းဘုံထံမှ ထွက်ပေါ်လာမည့် အဖြေစကားကို နားစွင့်နေပါ၏။

"ဟို … ဟို … အိပ် … အိပ်မက် … အိပ်မက်ထဲမှာ ကြယ်တွေ, နက္ခတ်တာရာတွေ ပြုတ်ကျ၊ လျှပ်စီးတွေလှုပ်ပြီး တော်လည်းသံကြီးတွေနဲ့ လေကြမ်းတွေတိုက်, ရေလှိုင်းတွေကြီးနဲ့ နောက်ပြီး ကုန်းမို့မို့ပေါ်က ဘုရားတစ်ဆူ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားတာတွေ့ရလို့ လန့်ပြီးအော်ဟစ်လိုက်ရာက အိပ်ရာက လန့်ပြီးနိုးလာခဲ့တာပဲ ကိုကျောက်ပုံရယ်"

ယခုတိုင် အမောမပြေသေးသည့် အသံတုန်တုန်လေးနှင့် ရင်ကိုဖိကာဖြေကြားနေသည့် ဖနီးသည်မမင်းဘုံကို ကိုကျောက်ပုံ ကြင်နာစွာကြည့်လိုက်ရင်းမှ …

"ကဲ ကဲ … တော်ပါတော့ မင်းဘုံရာ၊ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်တွေပါ၊ ကိုယ့်မှာကလည်း မပေါ့မပါးကြီးနဲ့၊ သောက်ရေအေးအေးလေးတစ်ခွက်လောက် သောက်ပြီး ပြန်အိပ်လိုက်တော့နော်"

ကိုကျောက်ပုံမှာ သောက်ရေအိုးစင်မှ ရေအေးအေးတစ်ခွက်ခပ်ယူကာ ဖနီးဖြစ်သူ မမင်းဘုံအား တိုက်လိုက်ပါ၏။ ယောက်ျားဖြစ်သူ တိုက်ကျွေးလာသည့် ရေတစ်ခွက်ကို မမင်းဘုံ သောက်နေရင်းမှပင် ဝင်းခနဲ လွင့်စဉ်ပြုတ်ကျလာသည့် ကြယ်တံခွန်တစ်ခုနှင့် ဖောင်းရစ်မှ ပြိုကျအက်ကွဲလာသည့် ဘုရားတစ်ဆူကို မြင်ယောင်မိနေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သည်အိပ်မက်ကို မြင်မက်နေသည်မှာ သုံးလေးကြိမ်ခန့်ရှိပါပြီ။ ကနဦးမြင်မက်ခါစက မမင်းဘုံ မေ့မေ့ပျောက်ပျောက် ထားနိုင်ခဲ့သော်လည်း နောက်ထပ်နှစ်ကြိမ်ခန့် ဤသို့ပင် ဆက်၍မြင်မက်လာသည့်အခါမှာတော့ မမင်းဘုံမှာ သူ၏ ထူးခြားသော အိပ်မက်ကို ပစ်ပယ်မေ့ထား၍ မရပါလေတော့။

ထို့ကြောင့်လည်း ယခု စတုတ္ထအကြိမ် မြင်မက်သော အခါမှာတော့ လင်ယောက်ျားဖြစ်သူ ကိုကျော်ပုံကို ဖွင့်ဟ၍ ပြောပြရပါလေတော့သည်။

"ဟင် ဒါ ... ဒါဆိုရင် ဒီလိုအိပ်မက်မျိုးတွေ မင်းဘုံ မြင်မက်နေတာကြာပြီပေါ့နော် ... ဟုတ်လား"

"ဟုတ်တယ် ကိုကျော်ပုံ၊ ပထမတော့ မင်းဘုံက ရိုးရိုးအိပ်မက်မက်တာလို့ပဲ သဘောထားပြီး ကိုကျော်ပုံကို ဖွင့်မပြောမိတာ၊ အခုမှ ဒီလိုအိပ်မက်မျိုးတွေချည်း ခဏခဏ မြင်မက်နေတာမို့ ဖွင့်ပြီးပြောဖြစ်တာပါ ကိုကျော်ပုံ"

မမင်းဘုံ၏ ထူးခြားလှသည့်အိပ်မက်ကို ယခုမှပင် ... ကိုကျော်ပုံ သံသယဖြစ်လာခဲ့ပါသည်။ သည်အိပ်မက်သည် ကိုယ်ဝန်အရင့်အမာရှိနေပြီဖြစ်သည့် သူ၏ဇနီးသည်နှင့် မည်ကဲ့သို့ သက်ဆိုင်နေပါသနည်း။ သည်အိပ်မက်သည် မမင်းဘုံအတွက် အနာဂတ်နိမိတ်ထူးတစ်ခုပေလား။

မည်သို့ပင်ဖြစ်စေ မမင်းဘုံ၏အိပ်မက်ထူးကို စစ်ကိုင်းတောင် အနုရုဒ္ဒါချောင်တွင် အဓိဋ္ဌာန်ကျင့်စဉ်ဝင်နေသည့် ဆရာသခင် လူသူတော်ကြီး ဘိုးသြဘာကို မေးမြန်းစုံစမ်းကြည့်ရမည်ဟု ကိုကျော်ပုံ တေးမှတ်ထားလိုက်ပါတော့သည်။



ဂမ္ဘီရစာစု (၂)

## မေယျာပူရ စစ်ကိုင်းအောင်မြေ ... မှ စခဲ့သော

စစ်ကိုင်းတောင်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်မ၌ တောင်နှင့်မြောက်တန်းလျက်တည်ရှိသော တောင်တစ်တောင် ဖြစ်သည်။ စစ်ကိုင်းမြို့မှစတင်၍ မြောက်သို့တန်းလျက်တည်ရှိရာ 'အုန်းတစ်စင်ရွာ'အထိ စစ်ကိုင်းတောင်ရိုးဟူ၍ ခေါ်ဝေါ်ခဲ့ကြပါသည်။

ထိုစစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းအရပ်သည် သုနပရန္တတိုင်း အပါအဝင်ဖြစ်ကာ ဝင်(၉)ဝင်ကျမ်းများ၏ အဆိုအမိန့်အရ ကမ္ဘာဦးအစကတည်းကပင် တည်ရှိခဲ့သည်ဟု သိရသည်။

ကကုသန်ဘုရားရှင်လက်ထက်တော်၌ ဝိနာသအရပ်၊ ကောဏဂုံဘုရားရှင်လက်ထက်တော်၌ နေလာအရပ်၊ ကဿပဘုရားရှင်လက်ထက်တော်၌ ပေါပေါအရပ်၊ ဂေါတမဘုရားရှင်လက်ထက်တော်၌ ရတနာအရပ်ဟူ၍ ဘဒ္ဒကမ္ဘာတွင် ပွင့်ပြီးတော်မူခဲ့သည့် ဘုရားလေးဆူလက်ထက်တော်အခါကတည်းက အမည်နာမအမျိုးမျိုးဖြင့် တည်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှတစ်ပါး တကောင်းပြည့်ရှင် သတိုးမဟာရာဇာ လက်ထက်တွင် စစ်ကိုင်းမြို့ဟူ၍ အမည်နာမသမုတ်ခဲ့ပါ။ မြန်မာသက္ကရာဇ် (၆၇၇) ခုနှစ်တွင် တစ်စီးရှင်သီဟသူ၏သားတော် အသခ်ယာစော ယွန်းသည် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းသို့ကူးကာ မြို့နန်းသစ် တည်ထောင်ခဲ့သည်။

မြို့သစ်၊ နန်းသစ်အမည်ကိုလည်း ဇေယျာပူရဟု ခေါ်တွင်ခဲ့ပြီး ဇေယျ–အောင်မြင်ခြင်း၊ ပူရ–မြို့ဟုဖြစ်ခြင်းကြောင့် အောင်မြို့ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ပါချေ၏။ စစ်ကိုင်းကို အသခ်ယာစောယွန်း၊ နောင်တော် တရဖျားကြီး၊ သားတော် ရွှေတောင်တက်မင်း၊ အသခ်ယာစောယွန်း၏သားတော် ကျစွာမင်း၊ ညီတော် ဆင်ဖြူရှင်တရဖျားငယ်နှင့် နောက်ဆုံး မင်းပျောက်အထိ မင်းခုနစ်ဆက်တိတိ အုပ်ချုပ်စိုးစံခဲ့ရာ မြို့ကြီးတစ်မြို့ဖြစ်ပါသည်။

ဤစစ်ကိုင်းတောင်ရိုးသည် ကမ္ဘာဦးအခါသမယကတည်းက အိမ်ရာတည်ထောင်သောသူတို့၏ နေရာမဟုတ်။ အိမ်ရာ မတည်ထောင်သည့် ရသေ့၊ ရဟန်း၊ သူတော်စင်တို့ မှီခိုနေထိုင်ရာဒေသသို့မဟုတ် သာသနာ့နယ်မြေတစ်ခုဖြစ်ကြောင်း တောင်ဗိလာပုဂ္ဂိုလ်ကျော် ရေးသားစီရင်ခဲ့သော ‘စစ်ကိုင်းတောင်ညွှန်းကျမ်း’ တွင် ဖတ်ခဲ့မှတ်ခဲ့ရဖူးပါ၏။

ကျား၊ ခြင်္သေ့၊ ဆင်ရိုင်းစသော တောရိုင်းတိရစ္ဆာန်များ မရှိ။ စိမ့်ကြီးမြိုင်ကြီး၊ စိမ့်ရေစမ်းရေများ မရှိသဖြင့် ငှက်ဖျားစသော အနာရောဂါဆိုးတို့ ဖြစ်ပွားစေတတ်သော တောင်မဟုတ်ခြင်း၊ မြေသြဇာအဆီအနှစ်နည်းပါးသော ကျောက်တောင်များဖြစ်၍ ဥယျာဉ်လယ်ယာများ လုပ်ကိုင်၍မရခြင်း၊ ထို့ကြောင့် ပြည့်ရှင်မင်းအဆက်ဆက် အခွန်ဘဏ္ဍာခန့်ခွဲခံရခြင်းမရှိဘဲ အခွန်ကင်းလွတ်ခွင့်နယ်မြေဖြစ်ကာ ရသေ့ရဟန်း သူတော်စင် သူတော်မြတ်များသာ နေထိုင်ကြသော နယ်မြေကြီးတစ်ခုဖြစ်ခဲ့သည်။



ဧရာဝတီမြစ်ကမ်းနှုတ်ခမ်းတွင် တည်ရှိသဖြင့်လည်း သောက်ရေသုံးရေအတွက် မပူပင်ရခြင်း၊ ဆောင်းနွေမိုးဥတုသုံးပါးစလုံး မပူလွန်း မအေးလွန်း ဥတုသပ္ပါယမျှတခြင်းတို့ကြောင့် ဥတုဖောက်ပြန်၍ ဖြစ်ပေါ်တတ်သော ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ ပလိပ်ရောဂါစသည့် ရောဂါဆိုးများ ဖြစ်ပွားလေ့ မရှိခြင်း၊

မင်းမျိုးမင်းနွယ်ပြည်သူအဆက်ဆက်တို့၏ ဘုရား၊ စေတီ၊ ပုထိုး၊ တန်ဆောင်း၊ ဂူ၊ ကျောင်းဇရပ်စသော သာသနာ့အဆောက်အအုံများ မြူစုတည်ထားသည့် ဝတ္ထုကံ၊ သာသနာ့နယ်မြေ ဘေးမဲ့တောင်ဖြစ်ခြင်း စသောအကြောင်းများ ပြည့်စုံသဖြင့် ဤစစ်ကိုင်းတောင်ရိုးကြီး၌ ရသေ့ရဟန်း သူတော်စင် သီလရှင်များ ကျင့်ကြံကြိုးကုတ်အားထုတ်နေထိုင်တော်မူလာခဲ့ကြသည်မှာ ယနေ့မျက်မှောက်ကာလထိတိုင် ဖြစ်ပါတော့သည်။

စစ်ကိုင်းမြို့သည် သာသနာ ဘာသာ လွန်စွာမှထွန်းကားသော ဒေသတစ်ခုဖြစ်သည်နှင့်အညီ ဘုရားစေတီပုထိုးများလည်း နေရာအနှံ့ များပြားလှသဖြင့် ‘စစ်ကိုင်းတောင် ဖျိုင်းတောင်နဲ့ တူသလေ’ ဆိုသည့် စာချိုးပင်ရှိခဲ့ပါ၏။ ထို့အပြင် သာသနာသက္ကရာဇ် (၂၁၈) ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်မြို့တော်မှ ကမ္ဘာ့ဗုဒ္ဓသာသနာပြုမင်းဖြစ်သော သီရိဓမ္မာသောကမင်းကြီးသည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူရာ စစ်ကိုင်းဒေသသို့ရောက်လျှင် အတွင်းမှဗြော ကိုးဆူ၊ အပြင်မှဗြော ကိုးဆူ၊ စုစုပေါင်း စေတီဘုရား (၁၈)ဆူနှင့် ရေတွင်းရေကန် (၁၈)ခု တည်ထားကိုးကွယ်ခဲ့ပါသည်။

ထို့ကြောင့် စစ်ကိုင်းတောင်ရိုးသည် ယုံကြည်မှုဖြူဖြူဖွေးဖွေးနှင့် ဘုရား

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်း။ ဂူကျောင်းပြာသာဒ်၊ ရေတွင်းရေကန်များဖြင့် အလှဆင်ထားသည့် သာသနာ့နယ်မြေကြီးတစ်ခုအဖြစ် ခေတ်အဆက်ဆက် သာသနာ့အောင်လံ လွှင့်ထူနိုင်ခဲ့ပါလေ၏။

မြင့်မားသောတောင်ထွတ်များပေါ်မှ စေတီပုထိုးများ၊ လှိုဏ်မြောင်ချပ်ကြား၊ တောင်ရိုးမြောင်ကြားများ၊ ကျောက်ဂူများမှ လူသူတော်စင်များ၊ ရသေ့ရဟန်းများ၊ သီလရှင်များ၊ သီတင်းသုံးနေထိုင်ရာ 'ချောင်'များကို တွေ့မြင်ကြရမည်ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးတွင် လူသူတော်များ၊ ရသေ့ရဟန်း သူတော်စင်များ သီတင်းသုံးနေထိုင်ရာ 'ကျောင်းသခ်မ်း'များကို 'ချောင်' ဟုခေါ်ဆိုကြသည်။ လူသူကင်းပြတ် ဝေးရပ်သီခေါင် ချောင်ကျသည့်အတွက် 'ချောင်'ဟူ၍ ခေါ်ဆိုကြဟန်တူသည်။ စစ်ကိုင်းတောင်ရိုးတွင် ထိုကဲ့သို့ 'ချောင်'ပေါင်း လေးရာကျော်ခန့်ရှိပါ၏။

ထို'ချောင်'များထဲမှ တစ်ခုသော အနုရုဒ္ဓါချောင်နှင့် မလှမ်းမကမ်းတွင်ရှိသော ကျောက်သားလှိုင်ဂူငယ်တွင်းမှာတော့ လူသူတော်ကြီးဘိုးဩဘာဆိုသည့် အသက်(၆၀)ကျော်ခန့် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦး အဓိဋ္ဌာန်စခန်း ဝင်လျက်ရှိပါသည်။

အနုရုဒ္ဓါချောင်မှာတော့ မောင်ကျောက်ပုံနှင့် မမင်းဘုံတို့သည် အဓိဋ္ဌာန်ဝင်နေသည့် ဘိုးဩဘာကိုစောင့်ဆိုင်းရင်း ကပ္ပိယကြီး ဦးသူတော်နှင့် စကားလက်ဆုံကျနေကြပါ၏။

"အင်း .. မင်းဘုံတောင်မှ မွေးလုဖွားလုဖြစ်နေပြီပဲ မောင်ကျောက်ပုံ၊ ဘာကြောင့်များ ဒီတောင်တက်ခရီးလမ်းကို ခေါ်လာခဲ့ရတာလဲ၊ သူ့ခမျာ ပင်ပန်းနေပါဦးမယ်ကွယ်"

ကပ္ပိယကြီးဦးသူတော်က ပေါက်ပေါက်ဆုပ်၊ ထန်းလျက်၊ ရေနွေးကြမ်းများနှင့် ဧည့်ခံရင်း မောင်ကျောက်ပုံအနီးမှ နေ့စေ့လစေ့



www.burmeseclassic.com

ကိုယ်ဝန်ဆောင်သည့် မမင်းဘုံကိုကြည့်ရင်း ပြောဆိုလိုက်ပါ၏။

"ဩော် ... ရပါတယ် ဦးသူတော်ရယ်၊ မင်းဘုံ ညနေတိုင်း တောင်ခြေမှာ လမ်းလျှောက်နေကျပါ၊ အတက်ကလေး နည်းနည်း တက်ရတာ တစ်ခုပါပဲ၊ နောက်ပြီး အဘကိုလည်း မတွေ့ရတာကြာလို့ လိုက်လာခဲ့တာပါ ဦးသူတော်"

မမင်းဘုံက မျက်နှာပြင်ထက်မှ ချွေးစကလေးများကို လက်ကိုင်ပဝါနှင့် အသာအယာသုတ်ဖယ်ရင်း ကပ္ပိယကြီးဦးသူတော်ကို အပြုံးလေးနှင့် ပြန်လည်ဖြေကြားလိုက်သည်။

"အင်း ... တစ်အောင့်တစ်နားလောက်ကြာရင် မင်းတို့ဘိုးဩဘာ ကျင့်စဉ်အချိန် ပြီးသွားပါပြီ၊ ခဏနေရင် ရောက်လာတော့မှာပါ၊ ရေနွေးကြမ်းသောက်ရင်း စောင့်လိုက်ကြပေါ့"

ဤသို့ဖြင့် မောင်ကျောက်ပုံတို့မှာ ရေနွေးကြမ်းသောက်ရင်း ကပ္ပိယကြီးဦးသူတော်နှင့် စကားလက်ဆုံကျနေကြစဉ် ကျောင်းပေါ်သို့ တောင်ဝှေးသံတဒေါက်ဒေါက်နှင့် ဘိုးဩဘာတက်လာသည်ကို မြင်တွေ့လိုက်ကြပါသည်။

"ဩော် ... မောင်ကျောက်ပုံနဲ့ မင်းဘုံတို့ ရောက်နေကြတာကိုး၊ အဘလည်း ဟိုးဘက်နားကကျောက်ဂူမှာ အဓိဋ္ဌာန်ကျင့်စဉ် ဝင်နေလို့ကွဲ့"

ဘိုးဩဘာမှာ မောင်ကျောက်ပုံတို့အား နှုတ်ဆက်စကားပြောရင်း ဘုရားခန်းရှိရာသို့ လျှောက်လျှောက်ဝင်သွားကာ ဘုရားစင်တွင် လက်ထဲမှစိပ်ပုတီးကြီးကို ချိတ်ဆွဲထားလိုက်သည်။

ထို့နောက် ဘုရားစင်ထက်ရှိ ဉာဏ်တော်ကိုးတောင်မခန့် ရှိသည့် ကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီးအား ရိုကျိုးစွာဖြင့် ဦးခိုက်ကန်တော့နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့မှာလည်း ဘုရားရှင်အား ဦးစွာပထမကန်တော့၍ ပြီးမှ လူသူတော်ကြီးဘိုးဩဘာအား ရိုသေစွာဖြင့် လက်အုပ်ချီမိုး၍ ကန်တော့လိုက်ကြပါသည်။

"အိမ်း ... ဒုက္ခ ဒုက္ခ ... မပေါ့မပါးနဲ့ မင်းဘုံကလည်း စိတ်အလိုတယ်လိုက်တာကိုး။ အင်းပေါ့လေ ... သားဦးသမီးဦး ဆိုတော့လည်း စိတ်ပူကြပေမပေါ့။ ကိုင်း ... ဆိုကြစမ်း ... ဘာအရေးကိစ္စများ ထူးကြလို့လဲကွဲ့"

ဘိုးဩဘာ၏အမေးစကားဆုံးသည်နှင့် မမင်းဘုံမှာ ထူးဆန်းစွာဖြင့် လေးကြိမ်တိုင်တိုင်မြင်မက်ခဲ့သော သန်းခေါင်ယံအိပ်မက်နိမိတ်များကို လူသူတော်ကြီးဘိုးဩဘာအား အသေးစိတ် ရှင်းလင်းပြောပြလိုက်ပါလေတော့သည်။ ဘိုးဩဘာမှာ မမင်းဘုံပြောသမျှတို့ကို မျက်စိမှိတ်၍ အာရုံဝင်းကာ နားထောင်နေပါ၏။ မမင်းဘုံ၏စကားများ ဆုံးသွားသည်အထိ ဘိုးဩဘာမှာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကြီး တစ်ရုပ်နှယ် ငြိမ်သက်စွာရှိနေဆဲပင်တည်း။

အနုရုဒ္ဓါချောင်မှ ကျောင်းသခ်မ်းငယ်လေးအတွင်းဝယ် အတန်ကြာမျှ တိတ်ဆိတ်ခြင်းက စိုးမိုးသိမ်းပိုက်ထားပါ၏။ မောင်ကျောက်ပုံနှင့် မမင်းဘုံတို့ ဇနီးမောင်နှံမှာ ဘိုးဩဘာထံမှ ထွက်ပေါ်လာမည့် စကားသံများကို ရင်မောစွာ စောင့်စားလျက်ရှိကြသည်။

အတန်ကြာမှ ဘိုးဩဘာ၏ သက်ပြင်းချသံသဲ့သဲ့နှင့်အတူ မိန့်မှာစကားများက တစ်လုံးချင်းထွက်ကျလာပါလေ၏။

"အင်း ... အိပ်မက်အရဆိုရင်တော့ မင်းဘုံဟာ ဟောဒီစစ်ကိုင်းတောင်ရိုးက စေတီတစ်ဆူဆူနဲ့ ပတ်သက်နေတယ် မောင်ကျောက်ပုံ၊ သူ့ရဲ့ အိပ်မက်နိမိတ်ထဲက စေတီရဲ့အသွင်သဏ္ဌာန်လက္ခဏာအရဆိုရင် သူ့ခိုးကြီးတောက်ပြားတည်ထားခဲ့တဲ့ 'မရှိခဏဘုရား' စေတီနဲ့ သဏ္ဌာန်တူနေတယ်လို့ အဘအာရုံမှာ ထင်မြင်မိတယ်"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့မှာ ဘိုးဩဘာ၏ မိန့်မှာချက်များကို သေသေချာချာ ဂရုတစိုက်နှင့် နားထောင်နေကြသည်။ ထိုစဉ်မှာပင် ဘိုးဩဘာ၏ကြည်လင်ပြတ်သားသော စကားသံက ဆက်လက်၍ ထွက်ပေါ်လာပြန်ပါ၏။

"ဒီနေ့ဟာ တန်ဆောင်မုန်းလဆန်း (၉) ရက်နေ့နော်၊ သေသေချာချာ မှတ်ထားကြစမ်းကွဲ့ ... မင်းဘုံအတွက် သိပ်ပြီး အရေးကြီးတယ်၊ ဒီနေ့ကစပြီး နောက် (၇) ရက်တင်းတင်းပြည့်တဲ့နေ့ တန်ဆောင်မုန်းလပြည့်နေ့အထိ မင်းဘုံကို စစ်ကိုင်းတောင်ရိုးပေါ်က မရှိခဏဘုရားဘက်ကို လုံးဝမသွားမိပါစေနဲ့ မောင်ကျောက်ပုံ ...၊

နောက်ပြီး ဒီနေ့ကစပြီး ဘုရားတရားကို အထူးဝီရိယထားပြီး လုပ်ကိုင်ဆောင်ရွက်ကြကွဲ့၊ အထူးသဖြင့် သရဏဂုံ သက်စေ့ရွတ်ဖတ်ပြီး ပုတီးစိပ်ပါ၊ မင်းဘုံ ... နင်မွေးဖွားလာမယ့်ကလေးမှာ ထူးခြားတဲ့ဝိသေသလက္ခဏာထူးတွေ အဘအာရုံမှာ မြင်နေရတယ်ကွဲ့"

"စိတ်ချပါ အဘ ... အဘမှာကြားထားတဲ့ကိစ္စတွေအားလုံးကို ကျွန်တော်တို့ဇနီးမောင်နှံ အထူးသတိဝီရိယထားပြီး ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ် အဘရယ်"

"အေးကွယ် ... သာဓု သာဓု သာဓုပါကွယ်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ကျေးဇူးတော်တွေကြောင့် အန္တရာယ်ကင်း၊ ဘေးရှင်းကြပါစေကွယ်"

ထို့နောက်မှာတော့ သူတို့ဇနီးမောင်နှံအား ကျောခိုင်း၍ ဘုရားစင်ဘက်သို့ ဦးလှည့်သွားသည့် လူသူတော်ကြီးဦးဩဘာအား ရိုသေစွာကန်တော့လျက် အနုရုဒ္ဓါချောင်မှ ပြန်လာခဲ့ကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရစာစု (၃)

### မရှိခထာဘုရားမှ ပဌာန်းဆက်ခေါ်သံ

အရုဏ်ဦးနေခြည်သည် စစ်ကိုင်းတောင်ရိုးပေါ်ရှိ ထုံးဖြူဖွေးဖွေးနှင့် စေတီပုထိုးများပေါ်သို့ ဖြန့်ကြက်ကျဆင်းလျက်ရှိပါ၏။

မကြာမီ ကြေးစည်သံ၊ ဓမ္မတေးသံလေးများနှင့် အမျှဝေသံလေးများက စစ်ကိုင်းတောင်ခြေတွင် မေးတင်၍ဆောက်လုပ်ထားသည့် မမင်းဘုံ၏အိမ်ဂေဟာကြီးပေါ်မှ လွင့်ပျံထွက်ပေါ်လာပါသည်။

'နောင် ဝေ ဝေ . . နောင် ဝေ ဝေ'

မမင်းဘုံသည် သာသနာ့နယ်မြေဖြစ်သော စစ်ကိုင်းမြို့သူပီပီ ဘာသာတရားကို လွန်စွာမှ ရိုသေကိုင်းရှိုင်းသူဖြစ်ပါ၏။

မိုးကုတ်မှ ကျောက်တွင်းပိုင်ရှင်တစ်ဦးဖြစ်သည့် မောင်ကျောက်ပုံနှင့် အိမ်ထောင်ကျခဲ့သည့်တိုင် မိုးကုတ်မြေသို့လိုက်မနေဘဲ ဗုဒ္ဓအမွေအနှစ်တို့ ကိန်းအောင်းမွေ့လျော်ရာ စစ်ကိုင်းတောင်ခြေရှိ သူမ၏နေအိမ်ကြီးတွင်သာ ဆက်လက်၍ နေထိုင်ခဲ့သည်။

မောင်ကျောက်ပုံမှာလည်း ဇနီးဖြစ်သူမမင်းဘုံကို လွန်စွာ



ချစ်မြတ်နိုးသည်မို့ မိုးကုတ်မှလုပ်ငန်းတချို့ကို မန္တလေးသို့ လွှဲပြောင်းဖွင့်လှစ်၍ စစ်ကိုင်းနှင့်မန္တလေး ကူးချည်သန်းချည်ပြုလုပ်ကာ လုပ်ငန်းလုပ်ကိုင်ခဲ့ပါ၏။

အိမ်ထောင်ကျပြီး လေးငါးနှစ်သာကျော်လာခဲ့သည့်တိုင် သားသမီးတစ်ဦးတစ်ယောက်မျှ မထွန်းကားနိုင်သဖြင့် လင်မယားနှစ်ယောက်စလုံး သားသမီးရူး ရူးနေကြရှာပါ၏။

ဤသို့ရှိစဉ်မှာပင် . . .

ထူးဆန်းသောအိပ်မက်နိမိတ်ထူးများ မြင်မက်ခဲ့ရာမှ မမင်းဘုံတွင်လည်း သူတို့လင်မယားတောင့်တမျှော်လင့်နေသည့် သန္ဓေသားရင်သွေးငယ် ရရှိလာခဲ့ခြင်းဖြစ်သည်။

"သေချာရဲ့လား မင်းဘုံရယ် . . . တော်ကြာ နင့်ကိုယ်ဝန်က ဟိုဟာဒီဟာတွေလိုလိုနဲ့ လွဲချော်သွားပါဦးမယ်"

"အိုး . . . ဖွဟဲ့ . . . မဦးမချွတ်၊ နိမိတ်မရှိတဲ့စကားတွေ မပြောစမ်းပါနဲ့ရှင်၊ အိပ်မက်ထဲမှာတောင် နက္ခတ်တာရာတဝင်းဝင်းနဲ့ ကောင်းကင်ကနေကြွေကျပြီး ဘုရားစေတီတစ်ဆူကတစ်ဆင့် မင်းဘုံရှိရာကို တိုးဝင်လာတဲ့ သန္ဓေသားလေးပါရှင့်"

မမင်းဘုံက မောင်ကျောက်ပုံ၏ မဦးမချွတ်စကားများကို ပြန်လည်ချေပပြောဆိုလိုက်ရင်း . . . သူ၏ ထူးခြားသော အိပ်မက်နိမိတ်ကို မောင်ကျောက်ပုံအား ပြောပြလိုက်ပါတော့သည်။

"မင်းရဲ့အိပ်မက်ကလည်း ရှုပ်နေတာပဲ မင်းဘုံရယ်၊ ကောင်းကင်က ကြွေတာရာတွေရော၊ လေမုန်တိုင်းတိုက်တာတွေရော၊ လျှပ်လျှပ်တော်လည်းတာတွေ၊ ဘုရားစေတီပြိုကျတာတွေနဲ့ အိုး . . . ရောထွေးနေတာပဲဟာ၊ ဒါပေမဲ့ ငါတို့ရဲ့ရင်သွေးလေး နင့်ကိုယ်မှာ လွယ်ထားရပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ငါဝမ်းသာတယ် မင်းဘုံ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ကြိမ်တော့ သေချာပါပြီကိုကျောက်ပုံရယ်၊ မန္တလေးက ဒေါက်တာဒေါ်ခင်ခင်ကြီးနဲ့တောင် ပြပြီးပြီ၊ ဟို ... ဟို ... နှစ်လကျော်တောင် ရှိနေပြီတဲ့လေ .. အဟင်း ဟင်း"

မမင်းဘုံက သူ့စကားနှင့်သူ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ တဟင်းဟင်းနှင့် ရယ်မောရင်း ပြောဆိုလိုက်သည်။

"ဟော ဟော့ ... ဒါဆိုရင်တော့ ဘာမှစိတ်မပူနဲ့တော့ မင်းဘုံရေ၊ မန္တလေးမြို့ပေါ်က အကျော်အမော်ဆရာဝန်ကြီးတွေ့, ပါရဂူတွေနဲ့ပြီး ငါတို့သားဦးရတနာလေးကို ပြုစုစောင့်ရှောက်ရမယ် မင်းဘုံရေ .. ဟင်း ဟင်း"

ဤသို့ဖြင့် မောင်ကျောက်ပုံမှာ မန္တလေးမှ အကျော်ဒေးယျ ဆရာဝန်ကြီးများကို အချိန်မှန်ပြသ၍ မမင်းဘုံအား အချိန်မှန် ဆေးတိုးဆေးတိုက်ခြင်း၊ ဂရုတစိုက် ကြပ်မတ်စောင့်ရှောက်ကာ ပြုစုပေးပါသည်။

တစ်ဖက်မှလည်း လူသူတော်ကြီးဘိုးသြဘာ၏ မိန့်မှာချက်များအတိုင်း မမင်းဘုံကို နေအိမ်အတွင်းမှပင် အပြင်သို့ မထွက်စေဘဲ အခြွေအရံ၊ အခိုင်းအစေများနှင့် ဂရုတစိုက် စောင့်ရှောက်စေသည်။

မောင်ကျောက်ပုံသည် လွန်စွာစေ့စပ်သေချာသူတစ်ယောက်ဖြစ်သည်။ သူတို့နေထိုင်ရာ နှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်မှကြည့်လျှင် အဘဘိုးသြဘာ တားမြစ်ထားသော (မရှိခဏ) ဘုရားကို အထင်းသား ဖူးမြော်တွေ့ရှိရသည်။

ထို့ကြောင့် ထိုမှာဘက်အခြမ်းတွင်ရှိသော အိမ်ကြီး၏ ပြတင်းပေါက်တံခါးပေါက်မှန်သမျှ လုံးဝမဖွင့်ရဟု အခိုင်းအစေများကို တားမြစ်ပိတ်ပင်ထားသည်အထိ ဂရုတစိုက်နှင့် စေ့စပ်သေချာလွန်းလှပါ၏။

ဤရက်ပိုင်းအတွင်းမှာပင် မမင်းဘုံကိုယ်ဝန်သည်လည်း



မွေးဖွားလုလုအချိန်သို့ နီးကပ်လာသည်။ ထိုအချိန်ကာလအတွင်းမှာပင် ဘိုးသြဘာ မိန့်ကြားထားသည့် ခုနစ်ရက်မြောက်နေ့ သို့မဟုတ် တနင်္ဆောင်မုန်းလပြည့်နေ့သို့ပင် ရောက်လာခဲ့ပြီ မဟုတ်ပါလား။

မမင်းဘုံမှာလည်း အိမ်ကြီးပေါ်မှာပင် ပုတီးစိပ်ခြင်း၊ ဘုရားရှင်ကိုအာရုံပြုကာ ဝတ်ပြည့်ပူဇော်ခြင်း၊ မေတ္တာပို့ခြင်းများကိုသာပြုလုပ်ရင်းမှ အချိန်ကုန်မှန်းမသိ ကုန်လွန်လာခဲ့ပါချေပြီတည်း။

ဖြစ်ချင်တော့ ... ထိုနေ့မှာပင် မောင်ကျောက်ပုံမှာ ကျောက်ကိစ္စတစ်ခုကြောင့် နံနက်ခင်းကတည်းက မန္တလေးသို့ ထွက်ခွာသွားခဲ့ရပါ၏။

ထိုအတူ ...

မရှိခဏဘုရားသို့ မသွားရောက်စေရန် ရွှေလှောင်အိမ်အထပ်ထပ် အစောင့်အရှောက်အထပ်ထပ်နှင့် ပိတ်လှောင်ထားသည့် မမင်းဘုံ၏ ဘဝတစ်ဆစ်ချိုးသည်လည်း ...

ဝတ်ထားသည့်အနွေးထည်ကို ချွတ်လိုက်သည့်တိုင် ပူလောင်အိုက်စပ်မှုကတော့ လျော့ပါးမသွားသဖြင့် မမင်းဘုံတစ်ယောက် မနေတတ်မထိုင်တတ် ဖြစ်လာသည်။

ထို့ကြောင့် နိုင်းစေရန်အတွက် ခေါင်းလောင်းကြိုးကို ဆွဲမည်အပြုတွင် ပိတ်ထားသည့်ဟံခါးချပ်အချို့ကို မြင်တွေ့လိုက်ရသည်။

"ဩော် ... ဒီဘက်ကတံခါးတွေ ပိတ်ထားလို့ လေမဝင်, ဘာမဝင် ဖြစ်နေတာကိုး၊ ဒါကြောင့် ဒီလောက် ပူလောင်အိုက်စပ်နေတာပဲ"

မမင်းဘုံစိတ်အတွေးဝယ် ဘာရယ်မသိ အိုက်စပ်စပ် ညနေခင်းကြောင့် ပိတ်ထားသည့်ပြတင်းတံခါးပေါက်ကို တွန်း၍ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သိမ့်ခနဲတိုက်ခတ်လာသည့် ညနေခင်း လေပြည်ညင်းက မမင်းဘုံ၏မွန်းကျပ်နေသည့် စိတ်အစဉ်ကို အေးမြလန်းဆန်းသွားစေပါသည်။

"အား . . . ခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်၊ ကြည့်စမ်း . . . လှလိုက်တဲ့ ညနေဆည်းဆာလေးပါလား၊ နေလုံးနီနီကြီးကို နောက်ခံထားပြီး ထုံးဖြူဖြူစေတီလေးတွေနဲ့ မှိုင်းညို့ညို့ တောင်တန်းကြီးက မျက်စိထဲ ပသာဒရှိလိုက်ပါဘိတော့"

ပြတင်းတံခါးအဖွင့်မှာပင် ဆီးကြိုလိုက်သည့် လေပြည်ညင်းနှင့် မြင်တွေ့လိုက်ရသော ကြည်နူးဖွယ်မြင်ကွင်းတို့ကြောင့် မမင်းဘုံ တစ်ယောက် အရာရာကိုပင် မေ့လျော့သွားလေပြီထင့်။

"အင်း . . . အိမ်ကြီးပေါ်မှာနေရတာ မွန်းကျပ်ပိတ်လှောင်နေတာပဲ . . . စိတ်တောင်အိုက်တယ်၊ ကိုကျော်ကံ စောစောပြန်လာရင် သိပ်ကောင်းမှာပဲ၊ ဟိုးတောင်ကုန်းပေါ်က ဘုရားစေတီဘက်ကို အညောင်းအညာပြေ လမ်းလျှောက်ရင်း ဖူးချင်လိုက်တာ"

ခဏအတွင်းမှာပင် မမင်းဘုံ၏ စိတ်ချင်ခြင်းအာသီသသည် တောင်ကုန်းငယ်လေးထိပ်မှ မရှိခဏစေတီငယ်လေးဆီသို့ ရောက်ရှိသွားပါလေ၏။

ဆည်းဆာညနေသည် ထုံးဖြူဆေး မပြယ့်တပြယ်နှင့် မရှိခဏဘုရားစေတီလေးအား တင့်တယ်သပ္ပာယ်စွာ မီးမောင်းထိုးပြသည့်နှယ်ပါတည်း။

ညနေခင်းလေပြည်က ဦးတည်ရာမရှိ ဝေ့ဝဲတိုက်ခတ်နေပါ၏။ လေပြည်အနွဲ့တွင် လွင့်ပျံနေသည့် ဆံနွယ်စလေးများကို သိမ်းလိုက်ရင်း ဆည်းဆာအလှပုံရိပ်များတွင် မမင်းဘုံ နစ်မျောသွားပါလေ၏။ အသိစိတ်၊ သတိတရားဟူသမျှ မေ့လျော့သွားပြီး မမင်းဘုံ



မှာ ကျောက်ဆစ်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။

သူမ၏ လွင့်မျောနေသော အကြားအာရုံမှာတော့ တချွင်ချွင်နှင့် လှုပ်ခတ်နေသည့် မရှိခဏဘုရားဆီမှ ဆည်းလည်းလှုပ်ခတ်သံလေးများကို ကြားနေရသည်။ ဆည်းလည်းလှုပ်ခတ်သံလေးများနှင့်အတူ ဘုရားစေတီကုန်းထိပ်မှ ဗိုးတဝါးပုံရိပ်တစ်ခုကလည်း သူမကို မေမေရေ . . . မေမေရေ . . . ဟု သနားစဖွယ် ခေါ်ငင်နေသည့်နှယ် . . .။ ဟုတ်သည်။

မမင်းဘုံ သေချာစွာ နားစိုက်ထောင်လိုက်မိတော့လည်း ဆည်းလည်းလှုပ်ခတ်သံလိုလို ခေါ်ငင်သံလိုလို သနားစဖွယ် ခေါ်သံသဲ့သဲ့က ညနေခင်းလေပြည်မှတစ်ဆင့် သူမ၏ အကြားအာရုံထိတိုင် လွင့်ပျံရိုက်ခတ်လျက်ရှိပါ၏။

ထိုခဏအခိုက်အတန့်လေးမှာပင် မမင်းဘုံ၏မသိစိတ်တို့က သူမ၏ခြေလှမ်းများကို သိမ်းပိုက်စိုးမိုးသွားပါလေတော့သည်။

ညင်သာစွာရွေ့လျားနေကြသော ခြေလှမ်းများက မမင်းဘုံအား အိမ်ကြီး၏ အနောက်ဘက်လှေကားဆီသို့ သယ်ဆောင်သွားပါလေတော့သည်။

ဖြစ်ချင်တော့ . . . ထိုအချိန်လေးတွင် အိမ်ကြီးရှိ အခိုင်းအစေများက ညနေစာအတွက် ချက်ပြုတ်နေကြသည့်အချိန်မို့လည်းကောင်း၊ အိမ်ကြီး၏ အိမ်ရှေ့ဧည့်ခန်းဘက်ဆီသို့သာ အာရုံစိုက်နေကြခြင်းကြောင့်လည်းကောင်း မမင်းဘုံတစ်ယောက် အိမ်နောက်ဖေးလှေကားမှတစ်ဆင့် အပြင်သို့ထွက်ခွာသွားခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ သတိမထားလိုက်နိုင်ကြပါချေပြီတည်း။

လတ်ဆတ်သော ညနေခင်းလေပြည်လေးက မမင်းဘုံအား ဆီးကြိုပွေ့ဖက်၍ နှုတ်ဆက်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မရှိခဏဘုရား တည်ရှိရာ တောင်ကုန်းလေးသည် မမြင့်လွန်းလှသဖြင့် မမင်းဘုံ ဖြည်းညင်းစွာ တက်ရောက်လာခဲ့သည်။

ထူးခြားသည်မှာ မမင်းဘုံ၏ လှုပ်ရှားသွားလာနေပုံသည် အသိစိတ်ကင်းမဲ့ကာ အိပ်မက်ထဲတွင် လမ်းလျှောက်နေရသူတစ်ဦးနှယ်ပါတကား။

မမင်းဘုံ၏ ဆံနွယ်ရှိန်းလေးများနှင့် ပခုံးတွင်ရစ်သိုင်းထားသည့် ယောဂီတဘက်စလေးက ညနေခင်းလေပြည်တွင် တဖျပ်ဖျပ်ဖြင့် လှုပ်ခတ်လျက်ရှိသည်။

တိမ်ရောင်စုံတောက်လျက်ရှိသော ဆည်းဆာနေခြည်အောက်တွင် မမင်းဘုံ၏သွင်ပြင်မှာ မိုးမြူတိမ်ဆိုင်တိမ်လိပ်များကြားဝယ် တွယ်ရာမဲ့လွင့်မျောနေသည်သို့။

မရှိခဏဘုရားမှ ဆည်းလည်းလှုပ်ခတ်သံလေးများကလည်း ခမ္ဘီရတသံစဉ်တစ်ခု တီးခတ်နေသည့်နှယ်။

ရောဝတီမြစ်ကို ဖြတ်သန်းဝဲပျံလာကြသည့် အိပ်တန်းပျံငှက်ငယ်အချို့က တိမ်ရောင်စုံများကြားတွင် ယီးလေးခိုနေကြသည်။

အရာရာသည် ဆည်းဆာပန်းချီကားချပ်၏ ဝိညာဉ်ထဲတွင် အိပ်မောကျနေကြပါ၏။ မမင်းဘုံသည် မရှိခဏဘုရားကို ကြည်နူးညွတ်တွားစွာဖြင့် ဝတ်ပြည့်ကန်တော့လိုက်ပြီး ဘုရားကို လက်ယာရစ်ပူဇော်လျက် ရှိသည်။

မရှိခဏဘုရားကြီးအား ကြည်ညိုခြင်းဟူသော သဒ္ဓါစိတ်အာရုံတို့က သူမ၏ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံလိုက်သည့်ခဏ..

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ...

ဓမ္မံ သရဏံ ဂစ္ဆာမိ ...

သံဃံ သရဏံ ဂစ္ဆာမိ ...



ထိုစဉ်ခိုက်မှာပင် အကြားအာရုံတွင် အဝေးဆုံးတစ်နေရာမှ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသည့် တော်လည်းသံကြီးတစ်ခုက မမင်းဘုံရှိရာသို့ ပြေးဝင်လာသလို ချောက်ချားစွာ ကြားလိုက်ရသည်။

'ဝေါ .. ဝေါ .. ဝေါ .. ဟီ .. ဟီ .. ဝေါ .. ဝေါ .. ဝေါ'

ရုတ်ခြည်းဆိုသလိုပင် ညနေခင်းလေပြည်ညင်းက မုန်တိုင်းအသွင်သို့ ကြမ်းရမ်းစွာ ပြောင်းလဲသွားကြသည်။ ကျေးငှက်တို့လည်း တဝုန်းဝုန်းနှင့် လန့်ပျံကုန်ကြသည်။

မမင်းဘုံ ... ရပ်တည်နေရာ ကမ္ဘာမြေပြင်ကြီးသည်ပင် သွက်သွက်ခါမျှ ယမ်းခါသွားသည်ကိုသာ နောက်ဆုံးအမှတ်ရလိုက်ပြီး သူမ၏အသိစိတ်ဟူသမျှတို့သည် အမှောင်ကမ္ဘာကြီးအတွင်းသို့ နက်ရှိုင်းစွာ ပြေးဝင်သွားပါလေတော့သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရစာစု (၄)

## အိပ်မက်နိမိတ်များနှင့်တွေ့ဆုံခြင်း

တန်ဆောင်မုန်းလပြည့်နေ့ (၁၅)ရက်၊ ညဉ့် (၁၂)နာရီ။

တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိသော ညဉ့်သည် တဝေါဝေါ, တဝုန်းဝုန်းနှင့် ဆူညံစွာအော်မြည်လျက်ရှိသော တဖွေဖွေအော်သံ၊ မကောင်းဆိုးဝါးအော်ဟစ်သံကြီးများကြောင့် လန့်ဖျပ်ကာ နိုးထလာခဲ့သည်။

'ဝေါ . . ဝေါ . . ဝုန်း . . ဟီး . . ဟီး . . ဟီး'

မမင်းဘုံ၏ ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သည့်အလား ဆူညံစွာ မြည်ဟည်းနေပါ၏။ မိုးကြိုးပစ်သံ၊ မြေငလျင်လှုပ်ခတ်သံများနှင့် တော်လည်းသံကြီးအဆုံးမှာတော့ သူမရပ်တည်နေရာ ဝန်းကျင်တစ်ခုလုံး သွက်သွက်ခါမျှ လှုပ်ယမ်းလျက်ရှိပါချေပြီကော။

ထိုအချိန်တွင် ညဉ့်ကောင်းကင်ယံမှ နက္ခတ်တာရာတစ်ခုက မရှိခဏဘုရားဆီသို့ ဦးစိုက်၍ တစ်ရှိန်ထိုးကျလာသည်။

'ရှိုး . . ရှိုး . . ရှိုး'



တစ်ချိန်တည်းမှာပင် မမင်းဘုံရှေ့မှ မရှိခဏဘုရားကြီးသည် ဖောင်းရစ်မှသည့် တဖြည်းဖြည်းကွဲအက်ကာ တဝုန်းဝုန်းနှင့် ပြိုကျလာပြီး ဘုရားဌာပနာတိုက်အတွင်းမှ တဝင်းဝင်း တလက်လက်နှင့် ဌာပနာပစ္စည်းတချို့ လွင့်စဉ်ထွက်ကျလာကြသည်။

'ဝုန်း . . ဝုန်း . . ဝေါ . . ဝုန်း'

ထို . . . လွင့်စဉ်ပြုတ်ကျလာကြသော ဌာပနာပစ္စည်းများထဲမှ လက်စွပ်ဟုထင်ရသော ကျောက်မျက်ရတနာပစ္စည်းတစ်ခုသည် ပြုတ်ကျလာသည့်နေရာမှ သုံးလေးဆင့်မျှခုန်ကာ မမင်းဘုံရှေ့တည့်တည့်သို့ လက်ခနဲကျလာပါသည်။

"ဟာ . . . တဝင်းဝင်း တလက်လက်နဲ့ ဘာလေးပါလိမ့်"

မမင်းဘုံမှာ မသိစိတ်တစ်ဝက်နှင့်အတူ လက်စွပ်လေးကို ကောက်ယူကြည့်လိုက်မိသည်။

"ဟင် . . . ဒါ . . ဒါ . . ဒါ ရတနာလက်စွပ်လေးပါလား"

မမင်းဘုံ လက်စွပ်ကလေးကိုကိုင်ကာ တအံ့တဩနှင့် ငေးမောကြည့်နေစဉ်မှာပင် . . .

'ကျိမ်း . . ဝုန်း . . ဝေါ . .'

ကျိမ်းခနဲ ကျယ်လောင်စွာပစ်ခွင်းလိုက်သော မိုးခြိမ်းသံကြီးတစ်ခုနှင့်အတူ ဝင်းခနဲပြက်ခနဲ အလင်းတန်းကြီးများ လင်းဖြာလာခြင်းကြောင့် မမင်းဘုံ ကြောက်လန့်တကြား အော်ဟစ်လိုက်မိပါတော့သည်။

"အား . . . အင်း . . . အား"

ရုတ်တရက် လန့်ဖျပ်ကာ ဟစ်အော်လိုက်သော ညည်းညူသံတချို့နှင့်အတူ မမင်းဘုံတစ်ယောက် အမှောင်ကမ္ဘာအတွင်းမှ ပြန်လည်နိုးထလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"အား . . . အီး . . . အင်း"

"မမင်းဘုံ . . . မမင်းဘုံ . . . သတိ . . . သတိရလာပြီနော်၊ သတိထား . . . သတိထား၊ ရှင့်ရဲ့ဗိုက်ထဲကကလေး မွေးလုပြီနော်"

"အင် ဟင် . . . ကလေး . . . ကလေး . . . ဟုတ်လား"

"ဟုတ်တယ် မမင်းဘုံ . . . ဒေါ်မှာ ဆရာဝန်မကြီးတွေပါ ရောက်နေကြပြီ၊ တောင့်ထား မမင်းဘုံ . . . တောင့်ထား . . . အား တင်းထားစမ်း"

သတိပြန်ရပြီဖြစ်သော မမင်းဘုံမှာ အနားမှတတွတ်တွတ်ဖြင့် အားပေးစကားပြောသံများကို ကြားနေရသည်။

တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်တစ်နေရာမှ နာကျင်ကိုက်ခဲကာ အမျိုးအမည် ဖော်မပြနိုင်သောဝေဒနာတစ်ခုကို စူးစူးနစ်နစ် ခံစားနေရပါသည်။

"အီး . . . အ . . . အား . . . ဟင်း . . . ဟင်း . . . နာ . . . နာ . . . နာလိုက် . . . နာလိုက်တာ"

နာကျင်မှုကြောင့် ညည်းညူနေရာသည့် မမင်းဘုံမှာ ယခုမှပင် ပတ်ဝန်းကျင်ကို သတိထားမိလာခဲ့သည်။ တကယ်တော့ မမင်းဘုံ တစ်ယောက် သားဖွားခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေခြင်းဖြစ်ပါ၏။

သားဖွားခန်းအပြင်မှာတော့ မောင်ကျောက်ပုံတစ်ယောက် နီမြန်းသောမျက်နှာကြီးနှင့် လူးလာခေါက်တုံ့လျှောက်နေသည်။ သူ့ရင်မှာတော့ ပြင်းထန်သော သောကအပူလှိုင်းများကြောင့် ဖားဖိုကြီးတစ်ခုနှယ် ရှန်းကန်ထကြွနေလေသည်လား။

"တောက် . . . ငါ သတိတစ်ချက်လစ်သွားလို့ မင်းဘုံ အခုလိုဖြစ်သွားရတာ . . . ဟင်း"

မောင်ကျောက်ပုံမှာ တောက်တစ်ချက်ကို ပြင်းစွာခေါက်



လိုက်ရင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေပါ၏။ ဟုတ်သည် . . . သတိတစ်ချက်ကလေး လစ်ဟာသွားခဲ့သဖြင့် အဘ ဘိုးညွဘာ အတန်တန်မှာကြားထားခဲ့သည့်စည်းကို ဖောက်ဖျက်မိသလိုဖြစ်သွားရသည်မဟုတ်ပါလား။

အိမ်တွင်ရှိရှိသမျှ အနိုင်းအစေမှန်သမျှတို့သည်လည်း မောင်ကျောက်ပုံ၏ ဒေါသမုန်တိုင်းအောက်တွင် လည်စင်း၍ ခံခဲ့ကြရသည်။ နောက်ဆုံး မိတ်ဆွေများ၏ ဖျောင်းဖျမှု မမင်းဘုံအား အရေးပေါ် ဆေးကုသမှုတို့ကြောင့် မောင်ကျောက်ပုံ၏ဒေါသများက တစ်စတစ်စ လွင့်ပါးသွားခဲ့ရသည် မဟုတ်ပါလား။

တကယ်တမ်းသာ . . . ထိုနေ့က မောင်ကျောက်ပုံ အရေးတကြီးကိစ္စနှင့် မန္တလေးသို့ မသွားဖြစ်ခဲ့ပါလျှင် အခြေအနေက ဤမျှဆိုးဆိုးဝါးဝါးဖြစ်လိမ့်မည် မထင်ပါ။ ဖြစ်ချင်တော့ မောင်ကျောက်ပုံ၏ အလုပ်ကိစ္စက မန္တလေးမှာတင် မပြီးပြတ်နိုင်ဘဲ ပြင်ဦးလွင်ထိ လိုက်ပါသွားရခြင်းကြောင့် သူ စစ်ကိုင်းသို့ပြန်ရောက်တော့ (၈)နာရီကျော်ခဲ့ပြီ မဟုတ်ပါလား။

ထို့ကြောင့် ထိုနေ့ညနေ (၅)နာရီခွဲခန့်က စစ်ကိုင်းတစ်ဝိုက် လှုပ်ခတ်သွားသည့် မြေငလျင်သတင်းကို ပြင်ဦးလွင်မှအဆင်းတွင် ကြားသိခဲ့ရခြင်းဖြစ်သည်။

ကြားသိရလျှင် ကြားသိရချင်း စိတ်ပူပန်ခြင်းကြီးစွာဖြင့် စစ်ကိုင်းသို့ အလျင်အမြန် ပြန်လာခဲ့သည့်တိုင် လမ်းကြောတစ်ဝိုက် ငလျင်ဒဏ်ကြောင့် ဖြစ်ပျက်ခဲ့သမျှ ဆိုးမွေများကြောင့် မောင်ကျောက်ပုံ စစ်ကိုင်းသို့ပြန်ရောက်တော့ ည(၈)နာရီကျော်ခဲ့ပြီ ဖြစ်ပါ၏။

အိမ်သို့ပြန်ရောက်လျှင်ရောက်ချင်း မရှိစဖူးများတွင် သတိလစ်မေ့မြောကာ အရေးပေါ်သားဖွားခန်းတွင် ပို့ထားရသည့် ဇနီးသည်

www.burmeseclassic.com

www.burmeseclassic.com

မမင်းဘုံအကြောင်းကို သိရှိခဲ့ရာမှ တစ်အိမ်လုံး မိုးမီးလောင်ခဲ့ရသည် မဟုတ်ပါလား။

နောက်မှ မိတ်ဆွေများ၏ ဖျောင်းဖျမှု၊ အသိစိတ်များဖြင့် ဖြေဖျောက်ကာ စိတ်ကိုလျှော့ချလိုက်ပြီး မမင်းဘုံရှိရာဆေးရုံသို့ လိုက်ပါလာခဲ့ခြင်း ဖြစ်ပါတော့သည်။

ထိုစဉ်မှာပင် သားဖွားခန်းဘက်မှ ကလေးငိုသံသဲ့သဲ့ကြောင့် မောင်ကျော်ကပုံ၏ လွင့်မျောနေသော စိတ်အာရုံများက ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါ၏။

"အူဝဲ အူဝဲ . . ဝါး ဝါး . . အူဝဲ အူဝဲ"

"ဟော . . . ကလေးငိုသံပါလား . . . ဘုရား ဘုရား . . . မမင်းဘုံ မွေးပြီ, မမင်းဘုံ မွေးပြီထင်တယ်"

ဒိတ်ခနဲ လှိုက်ဖိုသွားသည့်ရင်ကို လက်နှင့်ဖိရင်း သားဖွားခန်းဝအနီးသို့ မောင်ကျော်ပုံ၏ခြေလှမ်းများက ရွေ့လျားသွားကြသည်။ မကြာခင် သားဖွားခန်းတံခါးသည် ကျွီခနဲပွင့်လာကာ ဆရာဝန်မကြီးတစ်ယောက် ထွက်လာပါ၏။

"ဆရာ . . ဆရာမကြီး . . . မမင်းဘုံ မွေး မွေးပြီလားခင်ဗျာ"

"မွေးသွားပါပြီ ကိုကျော်ပုံ . . . သမီးမိန်းကလေးပါ၊ ကလေးရော, မမင်းဘုံပါ ကျန်းကျန်းမာမာပါပဲရှင်"

"ဟာ"

မိမိ၏ရင်သွေးငယ် သမီးမိန်းကလေး မွေးပြီဟူသော ကြည်နူးပီတိစိတ်အစဉ်က သောကဖြင့်ပူလောင်နေသည့်ရင်အစုံကို သီတာရေစင်ဖြင့် ပက်ဖျန်းလိုက်သကဲ့သို့ လျှောကျချုပ်ငြိမ်းသွားပါလေပြီတည်း။

✣ ✣ ✣



ဂန္ထီရစာစု (၅)

## ထူးခြားသောအိပ်မက်နိမိတ်နှင့်ရောက်လာသည့်ညသည်

စစ်ကိုင်းမြို့မြောက်ဘက် လေးကျွန်းမြေရပ် တောင်ခြေတွင် မေးတင်လျက် ဆောက်လုပ်ထားသည့် မောင်ကျော်ပုံနှင့် မမင်းဘုံတို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီးက နံနက်ခင်းနေခြည်အောက်တွင် မွှေးတေးသံတဝေဝေ၊ ကြေးစည်သံတဝေဝေနှင့် ပွဲတင်လွှင့်ပျံလျက် ရှိပါသည်။

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ ဘုရားစင်ရှေ့မှာတော့ လူသူတော်ကြီး ဘိုးသြဘာသည် ဘုရားကိုအာရုံပြု၍ သတ္တဝါဝေနေယျအပေါင်းတို့အား မေတ္တာပို့အမျှအတန်းများ ပေးဝေနေပါ၏။

ဘိုးသြဘာသည် ပြင်ပသို့လိုက်လံ၍ လောကီရေးရာဆိုင်ရာများကို လမ်းညွှန်ဟောကြားပေးလေ့ မရှိ။ သူကျင့်ကြံနေထိုင်ရာ အနုရုဒ္ဓါချောင်နှင့် ကျောက်ဂူစခန်းတွင်သာ အချိန်ပိုင်းနှင့် သတ္တဝါအပေါင်းအား ကယ်တင်စောင့်ရှောက်လေ့ရှိပါသည်။

ယခုမူ . . .

www.burmeseclassic.com

www.burmeseclassic.com

သူ၏လက်ရင်းတပည့်များဖြစ်သူ မောင်ကျောက်ပုံနှင့် မမင်းဘုံတို့၏ ထူးခြားစွာ ကြုံတွေ့နေရသောဖြစ်ရပ်ဆန်းကြောင့် အိမ်တိုင်ရာရောက် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါ၏။

သည်နေ့သည် . . . မမင်းဘုံ သမီးလေးမွေးဖွားသန့်စင်ပြီး (၇) ရက်မြောက်သောနေ့။

တစ်နည်းအားဖြင့်ဆိုသော် ကင်ပွန်းတပ် မင်္ဂလာအခါတော်နေ့တစ်နေ့ ဖြစ်သောကြောင့် မောင်ကျောက်ပုံကိုယ်တိုင် လူသူတော်ကြီးဘိုးသြဘာအား ပူဇော်ကန်တော့ရင်း သမီးရတနာလေးကို အပ်နှံခြင်းဖြစ်ပါသည်။

ဘုရားခန်းတစ်ခုလုံး အလင်းတိုင်၊ အမွှေးတိုင်များ၏ အငွေ့များ၏ ဝေ့ဝဲစီးမျောနေပါ၏။

ဘုရားစင်ရှေ့ရှိ ငွေကလပ်အပေါ်မှာတော့ ငွေရောင်တလက်လက် တောက်ပနေသည့် သေးငယ်လှသော လက်စွပ်လေးတစ်ကွင်းက ထူးခြားစွာရှိနေပါ၏။

ထိုထူးခြားသောလက်စွပ်ကလေးကို မရှိခဏဘုရားတွင် မမင်းဘုံ သတိလစ်မေ့မြောနေစဉ်က လက်ထဲတွင် ဆုပ်ကိုင်လျက်သားတွေ့ရှိရသော လက်စွပ်ကလေးဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့ ညနေ(၅)နာရီခွဲခန့် လှုပ်ခတ်သွားသည့် စစ်ကိုင်းလျှင်သည် မရှိခဏဘုရားကို အနည်းငယ်မျှ ပြိုကျပျက်စီးစေခဲ့ပါသည်။

သို့သော် မည်သည့်ဥပနာမျှ ထွက်လျှံကျခဲ့ခြင်း၊ ပြိုကျပျက်စီးခြင်း မရှိခဲ့ပါ။

ယခု မရှိခဏဘုရားတွင် မြေငလျင်နှင့်အတူ သတိလစ်မေ့မြောလျက်ရှိသော ကိုယ်ဝန်ဆောင်သည့် မမင်းဘုံ၏လက်ထဲမှ ဆုပ်ကိုင်လျက်သားဖြစ်သော ငွေလက်စွပ်ကလေးသည် မည်သည့်နေရာမှ ရောက်ရှိလာခြင်းဖြစ်ပါသနည်း။



ထိုထူးခြားဆန်းကြယ်လှသော ဖြစ်ရပ်များနှင့် လူသူတော်ကြီး ဘိုးသြဘာ တားဆီးခဲ့သောဖြစ်ရပ်များမှာ လွန်စွာတိုက်ဆိုင်မှန်ကန်လွန်းလှသဖြင့် မောင်ကျောက်ပုံတစ်ယောက် အံ့သြဘနန်းဖြစ်နေပါချေ၏။

ဆိုရပါမူ . . . လူသူတော်ကြီးဘိုးသြဘာသည် အဘယ်မည်သောအကြောင်းကြောင့် မမင်းဘုံအား မရှိခဏဘုရားဘက်သို့ မီးမဖွားမီ (၇) ရက်အတွင်း လုံးဝသွားရောက်ခွင့် မပြုခဲ့ပါသနည်း။

ဘိုးသြဘာ၏ ထူးခြားသောမိန့်မှာချက်ကြောင့် မမင်းဘုံအား အစောင့်အရှောက် အခြွေအရံအထပ်ထပ်နှင့် စောင့်ကြပ်လျက်ရှိသည့်ကြားမှ (၇) ရက်ပြည့်မြောက်သည့်နေ့တွင် မမင်းဘုံတစ်ဦးတည်း မရှိခဏဘုရားဆီသို့ ရောက်ရှိသွားရပါသနည်း။

တိကျရေရာသော အဖြေတစ်ခုသည် မောင်ကျောက်ပုံအတွက် ဝက်ပါခရုပတ်အိမ်သဖွယ် ရှာလေဝေးလေ၊ တွေးလေပြေးလေ ဖြစ်နေရပါတော့သည်။

ထို့ထက်ပို၍ ပို၍ထူးခြားချက်မှာ . . . မမင်းဘုံမွေးဖွားလာခဲ့သော ကလေးငယ် သမီးဦးလေးတွင် ပါးလျသော အချင်းမျက်နှာဖုံးတစ်ခု ဖုံးလွှမ်း၍ပါလာခဲ့ခြင်းပင်တည်း။

စိတ်အတွေးဝက်ပါတွင် ပဟေဠိပေါင်းများစွာ လွန်းထိုးယှက်လိမ်နေသည့် မောင်ကျောက်ပုံခမျာ သက်ပြင်းမောကြီးတစ်ခုကိုသာ မောလျှစွာ ချလိုက်ပါတော့သည်။

"ဟင်း . . . အဖြစ်အပျက်တွေက သူတစ်ပါးကိုပြန်ပြောရင်တောင် ယုံနိုင်မယ်မထင်ဘူး အဘရယ် . . . ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . သိပ်လည်း လှုပင်ပန်းစိတ်ပင်ပန်းဖြစ်မနေပါနဲ့ မောင်ကျော်ကျော်ပုံရယ်၊ ကံသာလျှင်အမိ၊ ကံသာလျှင်အဖရယ်လို့ ဆိုရိုးစကားရှိခဲ့ပေမယ့် အဒီကံကို အချိန်မီပြုပြင်ထိန်းသိမ်းလိုက်နိုင်မယ်ဆိုရင်လည်း အနည်းနဲ့အများတော့ အကျိုးဖြစ်ထွန်းလာနိုင်ပါတယ်၊ သမီးလေးအတွက် ဘာမှုမပူနဲ့ မောင်ကျော်ကျော်ပုံ . . . အဘ သေသေချာချာကြည့်ရှုပြီး စောင့်ရှောက်ပေးမှာပေါ့ကွယ်"

ဘိုးသြဘာက စိတ်ရှုပ်ထွေးလျက်ရှိသော မျက်နှာနှင့် သက်ပြင်းမောကြီးများကို ချနေသည့် မောင်ကျော်ကျော်ပုံအား ကြင်နာစွာကြည့်ရင်း အားပေးစကားများ ပြောလိုက်သည်။

"မင်းဘုံကို မရှိခဏာဘုရားဘက်ကို မသွားနိုင်အောင် တားဆီးဟန့်တားလို့ မရနိုင်ခဲ့ပေမယ့် သမီးလေးရဲ့ကံကြမ္မာကိုတော့ အဘတို့ ပြုပြင်ထိန်းကျောင်းသွားနိုင်ပါလိမ့်မယ်ကွယ်"

"ယုံကြည်အားကိုးပါတယ် အဘရယ်၊ အဘလိုအပ်တာသာ ညွှန်ပြပါခင်ဗျာ၊ ကျွန်တော့်သမီးလေးနဲ့ မင်းဘုံတို့ရဲ့ ရှေ့ရေးအနာဂတ်ခရီးလမ်း ဖြောင့်ဖြူးအေးချမ်းအောင်သာ စီမံပေးပါတော့ အဘရယ်"

ပုခက်ငယ်လေးထဲတွင် နှစ်ခြိုက်စွာအိပ်မောကျနေရှာသည့် သမီးငယ်လေးကို စိတ်မကောင်းစွာကြည့်ရင်း မောင်ကျော်ကျော်ပုံနှင့် မမင်းဘုံတို့မှာ လူသူတော်ကြီးဦးသြဘာအား တောင်းပန်ပြောကြားလိုက်ကြပါတော့သည်။

မည်သို့ပင်ဖြစ်စေ သူတို့အတွက် သမီးဦးရတနာတစ်ပါးဖြစ်သည်မို့ မောင်ကျော်ကျော်ပုံရော မမင်းဘုံပါ သမီးငယ်လေးကို ငုံထားမတတ် ချစ်ကြပါ၏။

ရွှေဘုံရွှေနန်းတွင် မွေးဖွားလာခဲ့သည်ဟု ဆိုရမလောက်ရှားရှားပါးပါးနှင့် ထူးထူးခြားခြားမွေးဖွားလာခဲ့သည့် သမီးငယ်လေးအတွက် ရှိသမျှစည်းစိမ်ဥစ္စာဟူသမျှ ပုံအော၍ပေးထားပါ၏။

ထူးခြားသည်ဟု ဆိုရလေမည်လား၊ တိုက်ဆိုင်မှုဟု ဆိုရလေမည်လား မသိ . . .။ သမီးလေး၏ မွေးနေ့ကောင်းပွန်းတပ် မင်္ဂလာနေ့ရက်မှာပင် အရည်အသွေးကောင်းလှသော စိန်ပွင့်တစ်ပွင့် အရောင်းအဝယ်ဖြစ်သွားခဲ့ခြင်းက ထူးခြားသော မင်္ဂလာနိမိတ်တစ်ပါးလေလားဟု စွဲမှတ်ယူလိုက်ကြပါလေတော့သည်။

ဤသို့ဖြင့် သတ်မှတ်ထားသည့် မင်္ဂလာအချိန်သို့ ရောက်သည်နှင့် လူသူတော်ကြီးဘိုးသြဘာက သူ၏လွယ်အိတ်ကြီးထဲမှ ကဗ္ဗိုပါနီညိုရောင်နှင့် ရစ်ပတ်ထားသည့် သမီးငယ်လေး၏ ပေဖူးရက်ချုပ်ဇာတာလေးကို ထုတ်ယူလိုက်သည်။

ထိုအချိန်တွင် ဘုရားခန်းထဲတွင် လူသူတော်ကြီးဘိုးသြဘာနှင့် မောင်ကျော်ကျော်ပုံတို့မိသားစု သုံးဦးသာ ရှိနေကြပါ၏။

မောင်ကျော်ကျော်ပုံတို့ဇနီးမောင်နှံမှာ ဘိုးသြဘာ ကြိုတင်၍ တွက်ချက်ရေးထိုးထားသည့် သမီးငယ်လေး၏ ရက်ချုပ်ဇာတာလေးကို စိတ်ဝင်စားစွာဖြင့် လှမ်း၍ကြည့်နေကြသည်။

"ကိုင်း . . . သေသေချာချာ နားထောင်ကြကွဲ့ . . . ဟောဒီက သမီးလေးရဲ့ ရက်ချုပ်ဇာတာခွင်အရဆိုရင်တော့ မင်းတို့ရဲ့သမီးလေးဟာ လူတစ်သိန်းတစ်သန်းမှာ တစ်ယောက်ဖြစ်ခဲ့တဲ့ ဘဝမျိုးကို ရယူပိုင်ဆိုင်ထားတဲ့သူတစ်ယောက် ဖြစ်နေပြီကွဲ့"

ဘိုးသြဘာ စတင်၍နိဒါန်းချီလိုက်သော အဖွင့်စကားကြောင့် မောင်ကျော်ကျော်ပုံတို့ဇနီးမောင်နှံမှာ မျက်လုံးလေးများ ကလယ်ကလယ်နှင့် စိတ်ဝင်တစား နားစွင့်နေကြပါ၏။

"အင်း . . . သမီးလေးဟာ အင်မတန်ထူးခြားတဲ့ နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်လည်း ဖြစ်နေတယ်၊ ဒါကြောင့် အဘတို့က သတိဝီရိယ တော့ ပေါ့လျော့လို့မဖြစ်ဘူးကွဲ့ . . . နေဦး ဘာ့ကြောင့်လဲဆိုတော့ နက္ခတ်တာရာစုံလင်လှတဲ့ တန်ဆောင်မုန်းလပြည့်ည (၁၂)နာရီတိတိ ကြာသပတေးနေ့မှာ ထူးခြားတဲ့နိမိတ်တွေနဲ့ မွေးဖွားလာခဲ့တဲ့ သမီး လေးဟာ စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးဖွားခဲ့လို့ပဲ မောင်ကျောက်ပုံ"

"အို . . . ဘုရား . . . ဘုရား"

အထိတ်တလန့် ထွက်ကျလာသော အာမေဍိတ်စကားသံ တချို့နှင့်အတူ မောင်ကျောက်ပုံနှင့်မမင်းဘုံတို့မှာ တုန်လှုပ်ချောက်ချား သွားကြပါသည်။

"ဟုတ်တယ် မင်းဘုံ . . . နောက်ပြီး နင့်ရဲ့ကမ္ဘဇလေဟာ လည်း မရှိခဏဘုရားကို ဦးခိုက်ရှိခိုးတဲ့အချိန်ကစပြီး မွေးဖွားမယ့် နိမိတ်တွေ ပြလာတာရယ်, မရှိခဏဘုရားမှာ လျှောင်လှုပ်ချိန်နဲ့ မင်းဘုံ ရဲ့လက်ထဲကို ရောက်ရှိလာတဲ့ လက်စွပ်လေးဟာလည်း အင်မတန် ဖြစ်တောင့်ဖြစ်ခဲတဲ့ ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခုနဲ့ ဆက်နွယ်နေသလို ပဲကွဲ့"

"အင်း . . . ဒီထက်ပိုပြီး ထူးခြားတာကတော့ သမီးလေးဟာ အချင်းမျက်နှာဖုံးစွပ်ပြီး မွေးလာခဲ့တာပဲ၊ နောက်ပြီး အခု ဖြစ်ပျက် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေဟာ မင်းဘုံရဲ့အိပ်မက်နိမိတ်ထဲက ဖြစ်ရပ် တွေနဲ့ ထပ်တူနီးပါးဖြစ်နေတာကိုက အံ့သြစရာ၊ မယုံကြည်နိုင်စရာ အဖြစ်အပျက်တွေပဲ မောင်ကျောက်ပုံ"

ဟုတ်သည် . . .။ လူသူတော်ကြီးဘိုးသြဘာ ပြောပြမှပင် သူ၏ချစ်ဇနီးမမင်းဘုံ မရှိခဏဘုရားတွင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ် များသည် မမင်းဘုံ၏ အိပ်မက်နိမိတ်ထဲမှ ဖြစ်ရပ်များနှင့် တစ်ထပ် တည်း တူညီနေသည် မဟုတ်ပါလား။



"လျှောင်လှုပ်တယ်၊ တော်လည်းတယ်၊ မြေပြိုတယ်၊ တစ် ချိန်တည်းမှာပဲ ညဥ့်ကောင်းကင်ယံက စောရနက္ခတ်ဟာ မရှိခဏ ဘုရားဆီကို ပြုတ်ကြွေကျလာပြီး ဦးခိုက်ပြန်တယ်လို့ မင်းဘုံရဲ့ အိပ်မက်နိမိတ်မှာ ပြဆိုထားတယ်၊ နောက်ပြီး မရှိခဏဘုရား ဖောင်း ရစ်ကစပြီး ပြိုကျတာတွေ, ဌာပနာတိုက်ထဲက ဌာပနာတွေ လွင့်စဉ် ထွက်ကျလာတာတွေ, အဲဒီအထဲမှ ထူးခြားတဲ့ လက်စွပ်ကလေး တစ်ကွင်း မင်းဘုံရခဲ့တာတွေဟာ မမြင်နိုင်တဲ့, မမြင်အပ်တဲ့ ပရ လောကရဲ့ ဖြစ်ရပ်ဆန်းတွေပဲ မောင်ကျောက်ပုံ"

ငြိမ်သက်လျက်ရှိသော ဘုရားခန်းအတွင်းမှာ တော့ လူသူတော်ကြီးဘိုးသြဘာ၏ စကားသံများသာ ကြီးစိုးမင်းမူ လျက်ရှိသည်။

ရံဖန်ရံခါ ဘုရားစင်၏အပေါ်ဘက်ဆီမှ အိမ်မြှောင်စုတ်ထိုးသံ လေးများက ဘိုးသြဘာ၏မိန့်ခွန်းစကားများကို ထောက်ခံနေကြ သည့်နှယ်။

"ပြီးတော့လည်း မင်းဘုံ . . . မရှိခဏဘုရားက ရလာခဲ့တဲ့ လက်စွပ်လေးဟာ သာမညလက်စွပ်ကလေး မဟုတ်ဘူးကွဲ့ . . . အင်းဝခေတ်က သူခိုးကြီးတောက်ပြားရဲ့ သိဒ္ဓိအစုံစုံပြီးမြောက်နေတဲ့ ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးပဲ မင်းဘုံရေ"

"ဟာ . . . ဟုတ် . . . ဟုတ်နိုင်ပါ့မလား အဘရယ်"

"ဘုရား . . . ဘုရား . . . ဖြစ်မှဖြစ်ရလေ သမီးလေးရယ် ဒီ . . . ဒီ . . . သူခိုးကြီးတောက်ပြားရဲ့ ကြောင်မျက်ရှင်လက်စွပ်က မင်းဘုံလက်ထဲကို ဘယ်လိုကဘယ်လို ရောက်လာရတာလဲ အဘ ရယ်"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့မှာ မည်သို့မျှမယုံကြည်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ဖွယ်ရာ ဖြစ်ရပ်များကို မျက်ရည်လေးများတလယ်လယ်နှင့် နားမလည်နိုင်အောင် ဖြစ်နေကြပါချေပြီကော။

"အင်း . . . ပြောပြရမယ်ဆိုရင်တော့ အရှည်ကြီးပဲပေါ့ မင်းဘုံရယ်၊ ဒါပေမဲ့ နင်တို့နားလည်အောင်ပြောရရင် ဒီလိုဖြစ်ရပ်တွေဟာ ဟိုး . . . လွန်ခဲ့တဲ့ အတိတ်ဘဝအဆက်ဆက်တွေက ဘဝဆက်တွေ၊ ပါရမီဆက်တွေ၊ ပဋ္ဌာန်းဆက်တွေကြောင့်ပဲပေါ့ကွယ်၊ အင်းဝခေတ်က ထင်ရှားကျော်ကြားခဲ့တဲ့ နာမည်ကျော် သစ္စာရှင်သူခိုးကြီး တောက်ပြားဟာ သိဒ္ဓိအစုံပြီးမြောက်တဲ့ ကြောင်လက်စွပ်တစ်ကွင်းကို အဆောင်အဖြစ် အမြဲတမ်းဝတ်ဆင်ထားလေ့ရှိတယ် မင်းဘုံရဲ့"

လူသူတော်ကြီးဘိုးသြဘာ၏ မိန့်မှာချက်စကားများက မမင်းဘုံ၏အကြားအာရုံတွင် မကြားတစ်ချက် ကြားတစ်ချက်နှင့်။ သူမ၏စိတ်အာရုံမှာတော့ အိပ်မက်နိမိတ်များတွင် မရှိခဲ့ဖူးဘုရား ဌာပနာတိုက်အတွင်းမှ လွင့်စဉ်ပြုတ်ကျလာသော လက်စွပ်သေးသေးငယ်ငယ်လေးကိုသာ မြင်ယောင်နေမိပါသည်။

ဘိုးသြဘာကမူ ဘုရားခန်းရှိ ငွေကလပ်လေးပေါ်တွင် တင်ထားသည့် မမင်းဘုံရရှိလာခဲ့သော ကြောင်မျက်ရှင်ငွေလက်စွပ်ကလေးကို ယူလိုက်ပြီး အနီးရှိမောင်ကျောက်ပုံအား ကျောက်ကြည့်မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုစေပါ၏။

"ဒီမှာကြည့်စမ်း မောင်ကျောက်ပုံ . . . ဟောဒီ ငွေသားအစစ်နဲ့ကွပ်ထားတဲ့ လက်စွပ်ရဲ့အလယ်မှာ ထန်းသီးနုအရည်သားလို လင်းနေတာဟာ ထူးခြားရှားပါးတဲ့ သိဒ္ဓိဝင် ဂမ္ဘီရကြောင်နက်အမြုတေအစစ်ပဲကွ၊ ဟောဒီမှာ သေသေချာချာကြည့်ရင် အမြုတေရဲ့အလယ်မှာ ကြောင်နက်ကလေးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို မည်းမည်းအရိပ်ကလေးကို ထင်ထင်ရှားရှား မြင်နေရတယ် . . . တွေ့လား"



ဘိုးသြဘာက သေချာယနစွာပြသဖြင့် မောင်ကျောက်ပုံ ကြည့်ရှုစစ်ဆေးကြည့်လိုက်ရာ ထန်းသီးနုအရည်လဲ့ဝင်းနေသည့် အလယ်တွင် ကြောင်နက်ရုပ်ကလေးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်ကို အံ့သြစွာ မြင်တွေ့လိုက်ရပါ၏။

"နောက်ပြီး အမြုတေကို ဝိုင်းရံပြီးကုတ်ထားတဲ့ စွန်ချက်ဟာလည်း ကိုးချက်တိတိရှိတယ်၊ လက်စွပ်ကွင်းလေးဟာလည်း ပြောင်ချောမနေဘဲ ကြိုးဆစ်များလို အဆစ်ကလေးတွေ ပါတယ်၊ အဲဒီအဆစ်တစ်ခုနဲ့ တစ်ခုကြားမှာ ကျောက်နီကလေးတွေ တစ်လုံးစီစီပြီး မြှုပ်နှံထားသေးတယ်၊ အေး . . . အဲဒီ အဆစ်ကလေးတွေရယ်၊ ကျောက်နီလေးတွေရယ်ကို သေချာရေတွက်ကြည့်ရင် ကိုးခုစီ ဖြစ်နေတာကိုလည်း တွေ့ရလိမ့်မယ်ကွဲ့ မောင်ကျောက်ပုံ"

ဟုတ်သည် . . .။ ဘိုးသြဘာပြောသကဲ့သို့ပင် လက်စွပ်ကွင်းသည်ပင် သာမန်လက်စွပ်ကွင်းများကဲ့သို့ ပြောင်ချောကြီးဖြစ်မနေဘဲ ကြိုးဆစ်သဖွယ် အဆစ်ကိုးဆစ်နှင့် ကျောက်နီကိုးလုံး တိတိပါ မြှုပ်နှံ၍ထည့်သွင်းထားခြင်းက ထူးခြားသောသင်္ကေတတစ်ခုလေလားဟု။

"ဒါတင်မကသေးဘူး မောင်ကျောက်ပုံရဲ့ . . . ဒီထူးခြားတဲ့ လက်စွပ်ကလေးဟာ 'ကြောင်'ရယ်၊ 'ငွေ'ရယ်၊ 'တောက်ပြား' ရယ်ဆိုပြီး တနင်္လာနံတူတွေချည်း သုံးခုတိတိပေါင်းပြီး ပြုလုပ်ထားတဲ့ ဂမ္ဘီရအဆောင်လက်စွပ်တစ်ခု ဖြစ်နေတာကြောင့်လည်း သူခိုးကြီးတောက်ပြားအဆောင်အဖြစ်နဲ့ ဝတ်ဆင်ခဲ့တဲ့ ကြောင်မျက်ရှင်လက်စွပ်ဖြစ်ရမယ်လို့ အဘ အတတ်ပြောနိုင်တာပေါ့ကွယ်"

သေချာသွားပါပြီ၊ လူသူတော်ကြီးဦးသြဘာ၏ နိုင်မာတိကျသော အချက်အလက် အထောက်အထားများအရ ဤလက်စွပ်

www.burmeseclassic.com

www.burmeseclassic.com

ကလေးသည် သူနိုးကြီးတောက်ပြားဝတ်ဆင်ခဲ့သည့် ဂန္ဓီရသိဒ္ဓိဝင်ကြောင်မျက်ရှင် ငွေလက်စွပ်လေးဖြစ်ကြောင်း နိုင်မာသေချာသွားပါပြီ။

ထို့ထက်ပို၍ထူးခြားသည်မှာ . . . ကြောင်မျက်ရှင် လက်စွပ်ကလေးမှာ လက်စွပ်ကွင်း အသေလုပ်ထားခြင်းမဟုတ်ဘဲ အောက်ပိုင်းတွင်ပြတ်တောက်နေပြီး ဆွဲ၍ဆန့်လိုက်လျှင် ဖြောင့်စင်း၍နေသည်ကို ထူးဆန်းစွာ တွေ့မြင်နေရသည် မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် ဦးသြဘာကိုယ်တိုင် သမီးလေး၏ဘယ်ဘက်လက်သူကြွယ်တွင် ထိုကြောင်မျက်ရှင်လက်စွပ်ကလေးကို အသာအယာပင် ရစ်ပတ်ကာဝတ်ဆင်ပေးလိုက်သည်။

ထူးခြားသည်မှာ ထိုကြောင်မျက်ရှင်လက်စွပ်လေးသည် သမီးငယ်လေး၏လက်တွင် အံဝင်ခွင်ကျ ဖြစ်နေပါချေသည်ကော။

မယုံကြည်နိုင်ဖွယ် ဖြစ်ရပ်ဆန်းကြောင့် မျက်ရည်ဥများ တတွေတွေကျဆင်းလာသည့် မမင်းဘုံကို မောင်ကျောက်ပုံ ဖျောင်းဖျနှစ်သိမ့်ရင်း လူသူတော်ကြီးဦးသြဘာကိုသာ အားကိုးတကြီးနှင့် ကြည့်လိုက်သည်။

"သိပ်လည်း စိုးရိမ်သောကတွေ မဖြစ်ပါနဲ့ မင်းဘုံရယ်၊ ဖြစ်ပျက်သမျှတွေဟာ ဘုရားရှင်ရဲ့အလိုဆန္ဒနဲ့ ကုသိုလ်ကံအကြောင်းတရားကြောင့်သာပဲလို့ မှတ်ယူထားလိုက်ကြပါတော့ကွယ်၊ သမီးလေးရဲ့အနာဂတ်ဘဝကို မင်းတို့ပြုလုပ်ပေးရမယ့် ကောင်းမှုကုသိုလ်တွေ, အဘရဲ့သီလသမာဓိစွမ်းအားနဲ့ စရဏာကျင့်စဉ်တွေနဲ့ ဝိုင်းဝန်းပြီး ပြုပြင်စောင့်ရှောက်ကြတာပေါ့ကွယ်"

"အင်း . . . တစ်ခုသတိထားရမှာကတော့ ဟောဒီ ကြောင်မျက်ရှင်လက်စွပ်ကလေးဟာ သိဒ္ဓိအစုံပြီးမြောက်အောင်မြင်ထားခဲ့တာမို့ သမီးလေးအတွက် သေသေချာချာ ဂရုတစိုက် စောင့်ရှောက်ပေး



ကြပါကွယ်"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့မှာ လူသူတော်ကြီး ဦးသြဘာ၏ ထူးခြားဆန်းကြယ်သောစကားများကို နားထောင်ရင်း အံ့သြပြီးရင်း အံ့သြနေကြပါလေ၏။

"ကိုင်း . . . အိပ်မက်နိမိတ်ထူးတွေ, အတိတ်ထူးတွေနဲ့ လူ့ဘဝထဲကို တိုးဝင်ရောက်ရှိလာခဲ့တဲ့ သမီးလေးကို အမည်သညာ ပေးလိုက်ရအောင်ဟေ့၊ အင်း . . . မွေးလာကတည်းက ရွှေဘုံပေါ်မှာ စံစားရပြီး ရွှေမရှား, စိန်မရှား, ငွေမရှား, မြမရှားတဲ့ ကြာသပတေးသမီးလေးကို ဒီနေ့ဒီရက် ဒီအချိန်ကစပြီး 'မြပန်းနွယ်' လို့ ခေါ်တွင်ကြပေတော့ မောင်ကျောက်ပုံရေ"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့မှ လူသူတော်ကြီးဦးသြဘာကိုယ်တိုင် အမည်နာမပြုလိုက်သည့် သမီးငယ်လေး၏နာမည်ကို တီးတိုးရွတ်ဆိုနေမိကြသည်။


ဟုတ်သည် . . .။

ဘိုးသြဘာက သမီးငယ်လေး ကင်ပွန်းတပ်မင်္ဂလာပွဲတွင် အတိတ်ထူး၊ နိမိတ်ထူး၊ အိပ်မက်ထူးများနှင့် လူ့ဘဝထဲသို့ ရောက်ရှိလာသည့် သမီးငယ်လေးအား မရှိခထာဘုရားမှရရှိခဲ့သော ကြောင်မျက်ရှင်လက်စွပ်လေးကို အစွဲပြုလျက် 'မြပန်းနွယ်' ဟု အမည်နာမ ကင်ပွန်းတပ်လိုက်ပါလေတော့သတည်း။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရစာစု (၆)

### ရာဇဝင်ထဲက မဟိယင်္ဂဏစေတီတော် သို့မဟုတ် ...

နံနက်ခင်းနေခြည်က ဆောင်းနှင်းမြူများ ဝေ့ဝဲအုပ်ဆိုင်းနေသဖြင့် နွေးထွေးဖျော့တော့သော အလင်းတန်းအဖြစ်နှင့်သာ 'မဟိယင်္ဂဏဘုရား' တည်ရှိရာ မင်းဝံတောင်ကုန်းထက်သို့ ဖြန့်ကြက်ကျဆင်းနေပါ၏။

လူသူတော်ကြီးဘိုးသြဘာနှင့် မောင်ကျောက်ပုံတို့မှာ မဟိယင်္ဂဏစေတီခေါ် မရှိခဏဘုရားကုန်းထက်သို့ ဖြည်းဖြည်းမှန်မှန် တက်လာခဲ့ကြသည်။ ကုန်းမြင့်ပေါ်ရှိ ဘုရားပရဝုဏ်မှာ ကျယ်ဝန်းလှပါ၏။ မဟိယင်္ဂဏစေတီတော်ကြီး၏ဉာဏ်တော်မှာ မြင့်ပြီး ထုထည်ကြီးမားစွာဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။ ဤစေတီတော်ကြီးကို တည်ထားခဲ့သော ဘုရားဒကာမှာ ကလေးသူငယ်မှအစ လူလတ်၊ လူကြီးပိုင်းများအထိ အများသိကြသည့် ရှေးခေတ်ကာလ နာမည်ကျော်လူစွမ်းကောင်းကြီး သူ့ခိုးတေက်ပြားပင် ဖြစ်ပါသည်။

လူသူတော်ကြီးဘိုးသြဘာမှာ မရှိခဏဘုရားကြီးတွင် ဆီမီး



များပူဇော်၍ မောင်ကျောက်ပုံနှင့်အတူ ဘုရားဝတ်ပြုရှိခိုးကန်တော့ကြသည်။ ထို့နောက် မရှိခဏစေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ရင်း လူသူတော်ကြီးဘိုးသြဘာက စကားစလာခဲ့ပါသည်။

"ဒီမှာ မောင်ကျောက်ပုံ ... မင်းကို ဟောဒီမရှိခဏဘုရားကြီးဆီကို ခေါ်လာပြီး ဖူးမြော်ခိုင်းတာ အဓိပ္ပာယ်ရှိတယ်နော်၊ အင်း ... မင်းနားလည်အောင် ပြောရမယ်ဆိုရင်တော့ 'မရှိခဏ' ဘုရားနဲ့ မင်းရဲ့သမီးလေး မြပန်းနွယ်တို့ဟာ အတော်ကိုထူးခြားတဲ့ ပဋ္ဌာန်းဆက်တွေ ရှိကြတယ်ကွဲ့"

မောင်ကျောက်ပုံမှာ သမီးလေးအကြောင်းပါလာသည်မို့ ဘိုးသြဘာ၏ မိန့်မှာစကားများကို စိတ်ဝင်တစားနှင့် နားစွင့်နေမိပါသည်။

"မင်းက စစ်ကိုင်းသားမဟုတ်တော့ ဟောဒီ 'မဟိယင်္ဂဏ' လို့ခေါ်တဲ့ မရှိခဏဘုရားကြီးရဲ့ ရာဇဝင်သမိုင်းကြောင်းကို စုံစုံစေ့စေ့ သိချင်မှသိလိမ့်မယ်၊ အဲဒီလိုမသိခဲ့ရင် တစ်ချိန်မှာ မရှိခဏဘုရားနဲ့ပတ်သက်ပြီး အထင်အမြင်မှား၊ လုပ်မှားကိုင်မှားတွေ ဖြစ်မှာစိုးလို့ အဘက ကြိုတင်ပြီး ပြောပြထားချင်လို့ပါကွယ် ...၊

နောက်ပြီး သမီးလေးနဲ့ပတ်သက်ပြီး တချို့ကိစ္စရပ်တွေကို မင်းဘို့ကို အသိပေးလို့ မဖြစ်သေးတာတစ်ကြောင်း၊ မရှိခဏဘုရားကြီးကိုလည်း သေသေချာချာ အချိန်ပေးပြီး လေ့လာဖူးမြော်စေချင်တာက တစ်ကြောင်းမို့ မောင်ကျောက်ပုံကို မရှိခဏဘုရားဆီကို ခေါ်လာခဲ့ရတာ"

"ကြော် ... ရပါတယ် အဘရယ်၊ အဘဟာ ကျွန်တော်တို့ရဲ့ ဆရာရင်းဆိုလည်း ဟုတ်၊ မိဘဆိုလည်း မမှားဘူး။ ဒါတော့ ကျွန်တော်တို့ရဲ့သမီးလေးနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာမှန်သမျှရယ်၊ နောက်ပြီး ဟောဒီ မရှိခဏဘုရားရဲ့ သမိုင်းကြောင်းရယ်ကို ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com

ကို မချွင်းမချန်ပြောပြပါ အဘရယ်''

မောင်ကျော်ကပုံမှာ သမီးငယ်လေးအတွက် ပူပန်သောက များနှင့်အတူ ဘိုးသြဘာအား ဖွင့်ဟပြောပြနေပါ၏။

ဘိုးသြဘာကမူ မကြာမီရက်ပိုင်းအတွင်းကမှ မြေလျှင်ဒဏ် အနည်းငယ်မျှ ထိခိုက်ခံခဲ့ရသည့် မရှိခဏဘုရားကြီးအား မော်၍ ဖူးမြော်နေသည်။ နံနက်ခင်းလေပြည်တွင် ဆည်းလည်းလှုပ်ခတ်သံ များက တချွင်ချွင်နှင့် . . .။ လေအနေ့တွင် တဖြုတ်ဖြုတ်ကြွေလွင့် လျက်ရှိသည့် တရုတ်စံကားဖြူဖြူပွင့်လေးများကလည်း စေတီရင်ပြင် ထက်ဝယ် ဖွေးဖွေးလှုပ်လျက်ရှိပါ၏။

''အင်း . . . ဟောဒီလူ့လောကီမှာ တစ်ခါတစ်ရံ အမှန်တ ကယ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်ပေါ်တတ်တဲ့ အဖြစ်အပျက် တချို့ဟာ တော်တော့်ကို ထူးခြားဆန်းကြယ်လှတယ် မောင်ကျော်ကပုံ ဒီလိုကိစ္စမျိုးတွေ ဒီလိုဖြစ်ရပ်မျိုးတွေဟာ ဟိုးအရင်ပဝေသဏီတုန်းက လည်း ဖြစ်ပေါ်ခဲ့ဖူးတာပါပဲ . . .၊

အင်းဝခေတ်ရာဇဝင်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ နာမည် ကျော်သူနိုးတေက်ပြားဟာ သိဒ္ဓိရှင်ကြောင်လက်စွပ်တစ်ကွင်းကို အ ဆောင်အဖြစ် အမြဲတမ်း ဝတ်ဆင်ထားတယ်လို့ဆိုတယ် မောင်ကျော ပုံ၊ အင်း . . . မင်းဘုံရခဲ့တဲ့နေရာကလည်း ဟောဒီ မရှိခဏဘုရ နားဆိုတော့ လျှင်ဒဏ်ကြောင့် ဘုရားကြီးရဲ့ မမြင်နိုင်တဲ့ နေရာတ နေရာက လွင့်စဉ်ထွက်ကျလာတာလည်း ဖြစ်နိုင်တာပဲကွဲ့ . . .၊

အဘအထင်ပြောရရင်တော့ 'ကြောင်'ရယ်, 'ငွေ'ရယ်, ' တက်ပြား'ရယ်ဆိုတဲ့ တနလာနံသုံးခုပေါင်းပြီး ပြုလုပ်ထားတဲ့ပစ္စည် ဆိုတော့ သူနိုးကြီးတေက်ပြား အဆောင်အဖြစ်နဲ့ ဝတ်ဆင်တဲ့ သိဒ္ဓိ ကြောင်မျက်ရှင်လက်စွပ်လေးပဲ ဖြစ်နိုင်တယ် မောင်ကျော်ကပုံ''



လူသူတော်ကြီးဦးသြဘာနှင့် မောင်ကျော်ကပုံတို့မှာ အရိပ် ကောင်းလှသည့် ခရပင်ရိပ်ရှိ အုတ်ခုံလေးပေါ်တွင်ထိုင်ကြရင်း မင်း ဘုံကောက်ရခဲ့သော ငွေလက်စွပ်ကလေးနှင့် အင်းဝခေတ်ရာဇဝင်မှ သူနိုးကြီးတေက်ပြား၏ ကြောင်မျက်ရှင်လက်စွပ်ကလေးကို နှိုင်းယှဉ် ၍ ပြောဆိုပြနေပါ၏။

''မင်းဘုံ ကောက်ရခဲ့တဲ့ ကျောက်ဖြူငွေလက်စွပ်ကလေးကို အဘကိုယ်တိုင် သေသေချာချာစစ်ဆေးကြည့်ပြီးပြီ၊ ဒီလက်စွပ်ဟာ အမှန်တကယ်ကို ရှေးဟောင်းအဖိုးတန် ဂန္ဓာရသိဒ္ဓိဝင် ပစ္စည်းအစစ်အ မှန်ပဲ မောင်ကျော်ကပုံ၊ အင်း . . . စိတ်မကောင်းစရာတစ်ခုက ဒီသိဒ္ဓိ ဝင်ကြောင်လက်စွပ်ကလေးကို မင်းဘုံ ကောက်ရခဲ့တာက စပြီး သမီး လေးမြပန်းနွယ်နဲ့ပါ ပဋ္ဌာန်းဆက်နွယ်နေတယ်ဆိုတာပဲကွဲ့''

မောင်ကျော်ကပုံမှာ စောရနက္ခတ်နှင့်ယှဉ်တွဲ၍ မွေးဖွားလာ ခဲ့သည့်အပြင် ယခုကဲ့သို့ သိဒ္ဓိဝင်ကြောင်လက်စွပ်နှင့်ပါ ပဋ္ဌာန်းဆက် နွယ်ခဲ့ရရှာသည့် သမီးငယ်၏ဖြစ်စဉ်ကိုတွေးရင်း သက်ပြင်းမောတစ်ခု ကိုသာ တိုးတိုးတိတ်တိတ် ချလိုက်ပါလေ၏။

''ဟင် . . . ဒါဆိုရင်လည်း အဘရယ် အခုလို စောရနိမိတ် တွေဖုံးလွှမ်းနေတဲ့ သမီးလေးရဲ့အရိပ်မည်းကြီးကို ပျောက်ပျက်သွား အောင် ခုကတည်းက ကြိုတင်ပြုပြင်ပြောင်းလဲပေးလို့ မရဘူးလား အဘ''

သည်တစ်ကြိမ်တော့ လူသူတော်ကြီးဦးသြဘာမှာ မောင် ကျောက်ပုံ၏ သောကအရိပ်များ ဖုံးလွှမ်းနေသည့် မျက်နှာလေးကို ကြင်နာစွာကြည့်ရင်း သက်ပြင်းဖွဖွ ချလိုက်ပါသည်။

''အဲဒီလိုချည်းလည်း မဟုတ်သေးဘူးကွဲ၊ ကျောက်မျက် ရတနာတိုင်းဟာ သူ့အစွမ်းသတ္တိနဲ့ သူ့ရဲ့ဂုဏ်သိဒ္ဓိထူးတွေ ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com

တာချည်းပဲ၊ ဒီငွေလက်စွပ်က 'ကြောင်'မျိုးဟာ ကြောင်အမြုတေလို့ ခေါ်တဲ့ ကြောင်မျက်ရှင်ဖြစ်တယ် မောင်ကျောက်ပုံ၊ အင်မတန် ထူးခြားရှားပါးလှတဲ့ သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးပေါ့၊ အင်း … အဲဒီလို ကြောင်မျက်ရှင်ဟာ တကယ်အစွမ်းသိဒ္ဓိထူးတွေ ရှိလာပြီဆိုရင် ကောင်းကျိုးလည်း ပေးတတ်သလို ဆိုးကျိုးလည်း ပေးတတ်တယ်၊ သုခပေးတာရှိသလို ဒုက္ခပေးတာမျိုးလည်း ရှိတတ်တယ်ကွဲ့ …၊

နောက်ပြီး သမီးလေးနဲ့ ပဋ္ဌာန်းဆက်ကြီးတာကိုလည်း ထည့်တွက်ရဦးမယ်၊ အင်း … ဝိဇ္ဇာရေကမ္မိရပညာတွေ, လောကီပညာရပ်တွေ, လောကီအစီအရင်တွေဆိုတာ အင်မတန်ခက်ခဲတယ်၊ နက်နဲတယ်၊ နက်ရှိုင်းတယ်၊ လျှို့ဝှက်တယ်၊ အဲဒီပညာရပ်တွေနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ အဆောင်ပစ္စည်းမှန်သမျှဟာလည်း ထူးခြားတဲ့အစွမ်းသိဒ္ဓိတွေ ရှိတယ်၊ မဖြစ်နိုင်တာဆိုလို့ ဘာမှမရှိဘူး … မဖြစ်သေးတာပဲရှိမယ် မောင်ကျောက်ပုံ''

လူသူတော်ကြီးဦးသြဘာမှာ သူ၏တပည့်ရင်းဖြစ်သည့် မောင်ကျောက်ပုံ နားလည်သိရှိနိုင်စေရန် စိတ်ရှည်လက်ရှည်ပင် ပြောပြနေမိလေ၏။

မောင်ကျောက်ပုံမှာ လူသူတော်ကြီးဦးသြဘာ၏ စကားများကို စိတ်ဝင်တစားနှင့် နားထောင်နေလေသည်လား မသိ။ သောကနိုပ်လွှမ်းနေသည့် မျက်ဝန်းအကြည့်များကမူ မရှိခဏစေတီတော်သို့မဟုတ် မဟိယင်္ဂဏစေတီတော်ကြီးဆီသို့သာ တွေတွေကြီး ငေးငိုင်ကြည့်လျက်ရှိသည်။

တပည့်ဖြစ်သူ၏ အရိပ်အကဲကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည့် လူသူတော်ကြီးဦးသြဘာကမူ မောင်ကျောက်ပုံ၏ ပခုံးကို ညင်ညင်သာသာ ပုတ်ခတ်လိုက်ရင်း …



''စိတ်အေးအေးထားပါ မောင်ကျောက်ပုံရယ်၊ အနာဂတ်ကံကြမ္မာဆိုတာ ဘယ်သူမှ တိကျရေရာအောင် သိနိုင်စွမ်းမရှိကြပါဘူး။ အင်းဝရာဇဝင်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ သူခိုးကြီးတောက်ပြားတောင်မှ သူ့ရဲ့ သိဒ္ဓိဝင်ကြောက်လက်စွပ်ကလေးရဲ့ အစွမ်းသတ္တိနဲ့ အင်းဝဘုရင် သတိုးမင်းဖျားရဲ့ သတ်မိန့်အောက်က လွတ်မြောက်သွားခဲ့ရသေးတာပဲ၊ ဒါ့အပြင် ဘုရင်ကတောင် သူကောင်းပြုခဲ့လို့ 'ရွှေတိုက်စိုး'ရယ်လို့ ရာထူးဌာနန္တရတွေ ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီး ဟောဒီ 'မဟိယင်္ဂဏ'ရယ်လို့ ဘွဲ့မည်သမုတ်ခဲ့တဲ့ 'မရှိခဏ'စေတီတော်ကြီးကိုတည်၊ ကောင်းမှုကုသိုလ်တွေနဲ့ ဆက်ပြီး ဘဝကို ရှင်သန်ခွင့်ရခဲ့သေးတာပဲ မောင်ကျောက်ပုံရယ် …၊

ဒါကြောင့် ဟောဒီသမီးလေး မြပန်းနွယ်ရဲ့ ရှေ့အနာဂတ်ဘဝကိုလည်း ကောင်းမှုကုသိုလ်တွေ, ကောင်းမြတ်တဲ့ ယတြာအဆောင်တွေ, ဂြိုဟ်နက္ခတ်တွေနဲ့ အတတ်နိုင်ဆုံး ပြုပြင်ထိန်းသိမ်းပေးကြမယ်ဆိုရင် အညံ့အဆိုးတွေပယ်ပျောက်ပြီး ကောင်းမွန်သင့်မြတ်တဲ့ သုခချမ်းသာဘဝကို ရောက်ရှိလာရမှာပေါ့ကွယ်''

''အဘရယ် … ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် ဘာသာရေးဘက်မှာရယ်, သမိုင်းကြောင်းတွေဘက်မှာရယ် တော်တော်လေး အားနည်းပါတယ်၊ နောက်ပြီး ကျွန်တော်ကျင်လည်ကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင်ကလည်း ကျောက်လောကစီးပွားရေးနယ်မြေထဲမှာဆိုတော့ အချိန်ရှိသရွေ့ ကျောက်တူးသမားတွေ, ကျောက်ကုန်သည်တွေနဲ့ပဲ နပန်းလုံးနေရတယ်လေ၊ အခု မမင်းဘုံနဲ့ ရေစက်ဆုံ အကြောင်းပါတော့မှပဲ ဗုဒ္ဓဘာသာထွန်းကားရာ သာသနာ့နယ်မြေဖြစ်တဲ့ စစ်ကိုင်းမြို့ကြီးကို ရောက်လာခဲ့ရတာပါ အဘရယ် …၊

ဒီတော့ ကျွန်တော့်သမီးလေးနဲ့ ပတ်သက်ဆက်နွယ်နေကြ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကြောင်မျက်ရှင်ဆိုတဲ့ သိဒ္ဓိစွမ်းအင်တွေအကြောင်း၊ နောက်ပြီး ယောဒီမရှိခထာဘုရားကို တည်ထားကိုးကွယ်ခဲ့တဲ့ သူ့နိုးကြီးတောက်ပြား ရဲ့ ရာဇဝင်ဇာတ်ကြောင်းတွေကို ကျွန်တော့်ကိုပြောပြပါလား အဘ ရယ်''

လူသူတော်ကြီးဦးညွှဘာမှာ မောင်ကျောက်ပုံ၏စကားများကို နားထောင်ရင်း ခရေပင်ကြီးတွင် အသာအယာ ကျောမှီကပ်လိုက်ပါ ၏။ မရှိခထာဘုရားကုန်းတော်ပေါ်မှာတော့ အခါကြီး ရက်ကြီးနေ့ များ မဟုတ်သဖြင့် အတန်ငယ် လူသူကင်းရှင်းနေပါ၏။

''အင်း ... ကြောင်မျက်ရှင်ဆိုတာကတော့ အင်မတန် ရှားပါးတဲ့ ဂမ္ဘီရအဆောင်ပစ္စည်းတစ်မျိုးပဲ မောင်ကျောက်ပုံ၊ ကြောင် အမြှုတေလို့လည်း ခေါ်ကြတယ်၊ အဲဒီလို ဂမ္ဘီရပစ္စည်းမျိုးဟာလည်း အင်မတန် ထူးခြားရှားပါးလှတဲ့ ကြောင်နက်ကြီးတွေရဲ့ ဦးခေါင်း ထဲမှာပဲ အမြှုတေအဖြစ်နဲ့ တွေ့ရှိရတတ်တယ်၊ မင်းနားလည်အောင် ပြောရရင်တော့ ကြောင်အမြှုတေလို့ခေါ်တဲ့ ကြောင်မျက်ရှင်ဆိုတာ ဟာ သိဒ္ဓိဝင်တဲ့ပစ္စည်းတစ်ခုပဲ မောင်ကျောက်ပုံ''

''အဲဒါက ဘယ်လိုကြောင်နက်မျိုးတွေမှာ ရှိတတ်တာလဲ အဘ၊ ဒီလို သာမန်တွေ့နေရတဲ့ ကြောင်နက်မျိုးတော့ ဟုတ်မှာ မဟုတ်ဘူးနော်''

''ဟင်း ဟင်း ဟင်း .. မဟုတ်ပါဘူးကွယ်၊ သိဒ္ဓိဝင်ကြောင် နက်ဆိုတာ အင်မတန်တွေ့ရခဲတာကွဲ့၊ သာမန်ရိုးရိုးကြောင်နက်လို မဟုတ်ဘူး ... တစ်ကိုယ်လုံး မဟုရာလို နက်မှောင်နေပြီး ခြေသည်း လက်သည်းတွေကအစ မျက်လုံးတွေ၊ လျှာတွေအဆုံး ရှိရှိသမျှ အားလုံးဟာ နက်မှောင်နေရတယ်၊ မျက်လုံးတွေဆိုရင် မျက်သားတွေ ထက် မျက်ဆန်က ပိုပြီးနက်မှောင်နေရတယ်လေ၊ တချို့သိဒ္ဓိဝင်



ကြောင်နက်မျိုးတွေဆိုရင် ခြေဖဝါး၊ လက်ဖဝါးလေးတွေမှာ 'စမဇဝ' ဆိုတဲ့ အက္ခရာကမ္ပည်းစာလုံးလေးတွေကအစ ထင်ထင်ရှားရှား ပါလာ တာတွေလည်း ရှိတယ်၊ အေး ... အဲဒီလိုကြောင်နက်မျိုးတွေမှာမှ ကြောင်မျက်ရှင်လို့ခေါ်ကြတဲ့ 'ကြောင်အမြှုတေ' ဆိုတာ ရှိတတ်တယ်၊ အဲဒီကြောင်အမြှုတေဟာ တကယ်တမ်း သိဒ္ဓိစွမ်းတွေပြလာပြီဆိုရင် ကောင်းကျိုးတွေပေးတတ်သလို ဆန့်ကျင်ဘက် ဆိုးကျိုးတွေကိုလည်း တစ်ပြိုင်တည်း ပေးစွမ်းနိုင်တယ် မောင်ကျောက်ပုံ''

''နေ ... နေပါဦး အဘ ... အဲဒီ 'ကြောင်အမြှုတေ' လို့ ခေါ်တဲ့ ကြောင်မျက်ရှင့်ဟာ ဘယ်လိုပုံသဏ္ဌာန်မျိုး ရှိတယ်ဆိုတာ လည်း ပြောပြပေးပါဦး''

''အင်း ... အဘသိရသလောက်ကတော့ သမီးလေးမြပန်း နှယ်ဆီမှာရှိတဲ့ ကြောင်မျက်ရှင်လေးဟာ သိဒ္ဓိဝင်ကြောင်အမြှုတေ အစစ်ပဲကွဲ့၊ အဲဒီလို ကြောင်အမြှုတေမျိုး ဒကာတစ်ယောက်ဆီမှာ တွေ့ဖူးသေးတယ်၊ သူကတော့ သမီးလေးလို လက်စွပ်ကွင်းပြီး ဝတ် ဆင်ထားတာမဟုတ်ဘူး၊ အကြီးအသေး နည်းနည်းပဲကွာခြားတယ်၊ သူ့ဆီက ကြောင်အမြှုတေကတော့ ဖန်ဂေါ်လီ အသေးလုံးလောက် ရှိတယ်၊ အရည်ကတော့ ထန်းသီးနုအရည်ကြည်လို့ရှိပြီး နေရောင် မှာ ထောင်ကြည့်လိုက်ရင် ကြောင်နက်လေးတစ်ကောင် ငုတ်တုတ် ထိုင်နေသလိုလို ထင်ထင်ရှားရှား တွေ့မြင်နေရတယ်၊ သိဒ္ဓိအစွမ်း ကတော့ အမျိုးမျိုးရှိကြတာပေါ့ကွယ်၊ တချို့ အဘတို့တောင် မသိနိုင် မမြင်နိုင်တဲ့ ဝိဇ္ဇာမရ ဂမ္ဘီရနယ်ပယ်တွေမှာလည်း ကြောင်မျက် ရှင်နဲ့ပတ်သက်တဲ့ သိဒ္ဓိထူး၊ ဗဟိဒ္ဓိထူးတွေ ရှိချင်လည်း ရှိနေနိုင် သေးတာပေါ့၊ ဒါပေမဲ့ မောင်ကျောက်ပုံကို အရေးတကြီးပြောချင်တာက ဥပါဒါန်ကြောင့် ဥပဒ်မရောက်စေချင်ဘူး၊ ပုဏ္ဏားရှင်တိုင်း၊ ပပေါဦး

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတိုင်းမှာ အဖြေဆိုတာရှိစမြဲမို့ စိတ်ဖြောင့်လက်ဖြောင့်နဲ့ပဲ လုပ်စရာကိုင်စရာရှိတာတွေကိုသာ ဆက်လုပ်ကြပေါ့ကွယ်''

နံနက်ခင်းလေပြည်အနေ့တွင် ကသုတ်ကရက် ကြွေလွင့်လာကြသည့် တရုတ်စံကားပွင့် ဖြူဖြူလေးများက မရှိခဏဘုရားပရဂုဏ်ထဲဝယ် ဟိုသည်ရှုပ်တိုက်ဆော့ကစားလျက် . . .။

မောင်ကျောက်ပုံမှာ သက်ပြင်းယဲ့ယဲ့ကို ညင်သာစွာချလိုက်ရင်းမှ သူ့ရှေ့ရှိ မရှိခဏဘုရားခေါ် မဟာယက်ဏဘုရားကြီးကိုသာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး, မတွေ့ဖူးသည့်နှယ် ငေးမောကြည့်နေပါ၏။ အတန်ကြာမှ . . .

''အဘရဲ့ဆုံးမစကားတွေကို ကျွန်တော် ကောင်းကောင်းနားလည်သဘောပေါက်ပါတယ် အဘရယ်၊ ဒါပေမဲ့ ယောက်ျားသားဖြစ်တဲ့ ကျွန်တော်တောင်မှ သမီးလေးအတွက် ဒီလောက်တောင်ခံစားနေရရင် မမင်းဘုံရော ဘယ်လောက်အထိ သောကတွေခံစားနေရမလဲဆိုတာ တွေးနေမိလို့ပါ၊ နောက်ပြီး အဲဒီအင်းဝရာဇဝင်ထဲက သူခိုးကြီးတောက်ပြားဟာ ဘုရင်မြှောက်စားထားလျက်နဲ့ ထပ်ပြီးသစ္စာဖောက်လို့ သေဒဏ်ပေးတာခံရပြီး နောက်ဆုံး အသေဆိုးနဲ့သေသွားရတယ်ဆိုတာ ဟုတ်ရဲ့လား အဘရယ် . . . ဟင်''

''အလိုလေး . . . ဘုရား ဘုရား . . . ဘယ်သမိုင်းဆရာ, ဘယ်ရာဇဝင်ထဲမှာမှ ရေးထိုးမထားခဲ့တဲ့ ထိုးဇာတ်တွေ, ဒဏ္ဍာရီဇာတ်လမ်းတွေကြောင့် ရာဇဝင်အနိုင်အမာရှိတဲ့ ပောဒိက နာမည်ဂုဏ်သတင်းတွေ ပျက်စီးရတော့မလို ဖြစ်နေပါပေါ့လား၊ မဟုတ်ရပါဘူး မောင်ကျောက်ပုံရယ် . . . အင်းဝဘုရင် သတိုးမင်းဖျားကိုယ်တိုင် သစ္စာရှိပြီး ရဲရင့်ဖျတ်လတ်တဲ့ လူစွမ်းကောင်း သူခိုးတောက်ပြားကို ဖမ်းမိတာတောင်မှ အမျက်တော်မရှဘဲ နောင်အရှည်ကိုကြည့်ပြီး 'ရွှေတိုက်စိုး'ဆိုတဲ့ ဂုဏ်ထူးဘွဲ့ထူးကြီးကိုတောင် ချီးမြှင့်ပြီး အရာထားခဲ့တာပဲ မောင်ကျောက်ပုံရယ် . . .။

အဲဒါကို သူခိုးကြီးတောက်ပြားတစ်ဖြစ်လဲ ရွှေတိုက်စိုးကြီးဦးတက်ပြားဟာ သူ့အရှင် ဘုရင်သတိုးမင်းဖျားရဲ့ ကျေးဇူးတော်ကို သက်ဆုံးတိုင် စောင့်သိရိုသေသွားခဲ့လို့ တံတားဦးမြို့ဘက်မှာ ခမ်းနားကြီးကျယ်တဲ့ ပြာသာဒ်ဆောင်ကြီးဆောက်ထားတဲ့ အုတ်ဂူကြီးမှာ တခမ်းတနားနဲ့ ဂူသွင်းပြီးသင်္ဂြိုဟ်ခဲ့တာ ခုချိန်ထိတောင် ရှိသေးမို့လားကွဲ့၊ အမှန်တော့ ရွှေတိုက်စိုးကြီးဦးတက်ပြားဟာ သူငယ်ရွယ်စဉ်အခါက စွဲထင်ခဲ့တဲ့ မကောင်းတဲ့အကျင့်စရိုက်ဆိုးတွေကို ဖျောက်ဖျက်ပစ်ပြီး ကတိသစ္စာကြီးကြီးမားမားနဲ့ ဦးခေါင်းခံမြည့်ထမ်းရွက်ခဲ့လို့ ဘုရင်မင်းမြတ်ကိုယ်တိုင် သူကောင်းပြု ချီးမြှောက်ခြင်းခံခဲ့ရတဲ့ သစ္စာရှိလူစွမ်းကောင်းကြီးတစ်ယောက်ပါကွယ်''

လူသူတော်ကြီးဦးဩဘာမှာ အသိအယူ အမှတ်လွဲနေရှာသည့် တပည့်သားဖြစ်သူ မောင်ကျောက်ပုံအား အင်းဝခေတ်က လွန်စွာ သတင်းကြီးကျော်ကြားခဲ့သော လူစွမ်းကောင်းသူခိုးကြီး တောက်ပြား၏ ရာဇဝင်ဇာတ်ကြောင်း၊ သမိုင်းအထ္ထုပ္ပတ္တိ အစစ်အမှန်ကို ထိုကဲ့သို့နိဒါန်းချီကာ ခရေစေ့တွင်းကျ ပြောပြလိုက်ပါလေတော့သည်။

မောင်ကျောက်ပုံမှာလည်း သမီးလေးမြပန်းနွယ်၏ မရေရာသော ရှေ့အနာဂတ်ခရီးလမ်းကြောင်းတွင် တစ်နည်းတစ်ဖုံနှင့် ဆက်နွယ်ပတ်သက်နေသော မဟာယက်ဏခေါ် မရှိခဏဘုရားဒကာကြီး လူစွမ်းကောင်း သူခိုးကြီးတောက်ပြား၏ ရင်သိမ့်တုန်ဖွယ်၊ အံ့ဩကျူးဖွယ်၊ သံဝေဂတရားရဖွယ် သမိုင်းအထ္ထုပ္ပတ္တိရေစီးတွင် စီးဝင်နစ်မျောသွားပါလေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com





## ဂန္ဓာရစာစု (၇)

### အင်းဝရာဇဝင်ထဲက လူစွမ်းကောင်းတောက်ပြား

အချိန်ကား ပုဂံသက္ကရာဇ် (၇၃၀) ပြည့်နှစ်။ ပုဂံမင်းဆက် ပြတ်၍ ပုဂံပျက်ပြီးနောက် ပင်းယ၊ အင်းဝ၊ စစ်ကိုင်းခေတ်သို့ ရောက်ရှိလာခဲ့သည့် အချိန်ကာလဖြစ်ပါ၏။

သက္ကရာဇ် (၇၂၆)ခုနှစ် ပထမအင်းဝခေတ်တွင် သတိုးမင်းဖျား နန်းတက်ခဲ့ပြီး ရောဝတီ၊ ဒုဌဝတီ၊ ပန်းလောင်၊ စမုံ၊ စမာ စသော မြစ်ငါးမြစ်ပေါင်းစုံဆုံစည်းရာ 'အင်းဝ'မြို့ကြီးကို နန်းစိုက် တည်ထောင်၍ စိုးစံခဲ့သည်။

ထိုအချိန်ကာလတွင် တောင်တွင်းကြီး၊ ငွေယံကုန်းနှင့် စကု မြို့တို့ စုစည်း၍ သတိုးမင်းဖျားကို ပုန်ကန်ထကြွကြသည်။

(မှတ်ချက်– ငွေယံကုန်းသည် ပျဉ်းမနားမြို့နယ်၊ ဝါးနွယ်ကုန်းဟုခေါ်သော လယ်ဝေးမြို့ဖြစ်သည်)

လယ်ဝေးဟုခေါ်တွင်လာမည့် ငွေယံကုန်းမြို့စား ဘယကျော်သူကိုယ်တိုင် တောင်တွင်းကြီး၊ စကုတို့မှ လူသူအင်အားများနှင့် အင်းဝဘုရင် သတိုးမင်းဖျားအား ပုန်ကန်ထကြွခဲ့သဖြင့် သတိုးမင်းဖျားကိုယ်တိုင် 'အောင်မြင်ရတနာ'ဆင်တော်စီး၍ သူပုန်သူကန်များအား တိုက်ခိုက်နှိမ်နင်းတော်မူခဲ့သည်။

ထိုတိုက်ပွဲတွင် ငွေယံကုန်းမြို့စား 'ဘယကျော်သူ'အား သတိုးမင်းဖျားကိုယ်တိုင် ဖမ်းဆီးရမိခဲ့သဖြင့် လုပ်တိုင်းတွင် ကားစင်တင်ကာ ကွပ်မျက်တော်မူခဲ့ပါသည်။

သို့သော် ... သတိုးမင်းဖျားသည် ဤမျှဖြင့် တင်းတိမ် ကျေနပ်ခြင်း မရှိခဲ့သေးပါ။

ဤပုန်ကန်ခြားနားကြသည့် နယ်တစ်ဝန်းလုံး နောက်နောင် သင်ခန်းစာရယူနိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မည်သူမျှမပြုလုပ်ဝံ့သော အမှုတစ်ခုကို စံနမူနာပြ၍ ရဲရင့်စွာ ပြုမူဆောင်ရွက်ခဲ့သည်။

ထိုအရာကား ...

ပုန်ကန်ခြားနားသူ ငွေယံကုန်းမြို့စား 'ဘယကျော်သူ' အား ကွပ်မျက်သုတ်သင်ခဲ့သည့် လုပ်တိုင်းမြေ (သင်္ချိုင်းကုန်း) မှာပင် ဘယကျော်သူ၏ ရုပ်အလောင်းကြီးအား ပြင်ဆင်စေလျက် ထိုအလောင်းကောင်ကြီးပေါ်တွင် ပွဲတော်စာပြင်ဆင်ကာ သတိုးမင်းဖျားကိုယ်တိုင် မြိန်မြိန်ကြီးပွဲတော်တည်ခဲ့သည်။

မကြုံစဖူး ထူးကဲလှသော အံ့မခန်းလုပ်ရပ်ကြီးကြောင့် အင်းဝဘုရင် သတိုးမင်းဖျားအား တောင်တွင်းကြီး၊ ငွေယံကုန်းနှင့် စကု ... စသောမြို့ကြီးများမှ ပြည်သူများအားလုံး ကြောက်ရွံ့ထိတ်လန့်သွားကြပါတော့သည်။

ထိုသည့်အချိန်မှစ၍ ပုန်ကန်ခြားနားသည့်နယ်မြေများသို့ သတိုးမင်းဖျားကိုယ်တိုင် သွားရောက်၍ တိုက်ခိုက်နှိမ်နင်းလိုက်သည်နှင့် လွယ်လင့်တကူပင် အောင်နိုင်ခဲ့သည်ချည်းသာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အင်းဝဘုရင်သတိုးမင်းဖျား၏ တစ်ကိုယ်တော် လက်ရုံးရည်၊ နှလုံးရည်ကြောင့် နောင်သော် ပုန်ကန်ခြားနားသူ လျော့နည်းသွားကြပါတော့သည်။

ဤသို့ဖြင့် အင်းဝနေပြည်တော်ကြီးတွင် သတိုးမင်းဖျား၏ လက်ရုံးရည်၊ နှလုံးရည် စသောဂုဏ်သတင်းတို့ဖြင့် ကျော်စောနေချိန်

စစ်ကိုင်းမြို့ဘက်အခြမ်းတွင်လည်း လူစွမ်းကောင်း သူခိုးတောက်ပြားသည် အင်းဝနေပြည်တော်ကြီးထိတိုင် ခိုးယူရာတွင် နာမည်သတင်းကြီးနေခဲ့ပါသည်။ သတိုးမင်းဖျား၏ အင်းဝနေပြည်တော်ကြီးတွင် ညစဉ် လှည့်လည်၍ ခိုးယူနေသည့်တိုင် မည်သို့မျှ ဖမ်းဆီးခြင်းမပြုနိုင်ခဲ့ကြပေ။

ထိုကဲ့သို့ ဖမ်းဆီးခြင်းမပြုနိုင်သည်မှာ သူခိုးတောက်ပြားသည် သူခိုးဖြစ်သည်မှန်သော်လည်း သစ္စာရှိသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

ဟုတ်သည် . . .။ သူခိုးကြီးတောက်ပြားသည် ကိုယ်တိုင်လည်း လက်ရုံးရည် နှလုံးရည် ပြည့်စုံ၏။ သူ့တွင် သိဒ္ဓိအစုံပြီးသော ကြောင်မျက်ရှင်လက်စွပ် အဆောင်ကောင်းလည်း ရှိ၏။ သစ္စာလည်း ရှိ၏။ ရဲရင့်တည်ကြည်၏။ သူခိုးကြီးတောက်ပြားသည် စစ်ကိုင်းမြို့ ရေဝန်းအရပ်သား ဖြစ်သည်။

ထို့ကြောင့်လည်း မိမိနေထိုင်ရာ စစ်ကိုင်းမြို့တွင် မည်သည့်အခါမျှ ခိုးယူခြင်းမပြုခဲ့။ သူဆင်းရဲအိမ်များကိုလည်း ခိုးယူခြင်းမပြု။ သူဌေးသူကြွယ်များနှင့် မှူးကြီးမတ်ရာနေအိမ်များမှသာ ခိုးယူခြင်းပြုသည်။

ထိုကဲ့သို့ခိုးယူရာတွင် ဥစ္စာရှင် အိမ်ရှင်ဖြစ်သူအား မည်သည့်အခါမျှ နိုင့်ထက်စီးနင်း အနာတရဖြစ်အောင် မပြုလုပ်ခဲ့။ ခိုးယူရရှိ



လာသော ပစ္စည်းဥစ္စာများကိုလည်း တစ်ဝက်မျှသာခိုးယူ၍ ကျန်သော ပစ္စည်းများကို လက်ဖျားနှင့်ပင် မထိတို့ပါ။

ခိုးယူရရှိသော ပစ္စည်းငွေကြေးများကိုလည်း သုံးပုံပုံ၍ တစ်ပုံကို မိမိအတွက်ယူငင်၍ ကျန်ရှိသောနှစ်ပုံအနက်မှ တစ်ပုံကို (ဘုရားတည်ရန်) အတွက် စုဆောင်းထားရှိပြီး ကျန်တစ်ပုံကို မရှိဆင်းရဲသားများအား ဝေငှပေးကမ်းလေ့ ရှိပါသည်။

ထို့မျှ သစ္စာရှိ ကတိတည်သော လူစွမ်းကောင်းကြီး သူခိုးကြီးတောက်ပြားကို မရှိဆင်းရဲသား များပြားလှသော လူတန်းစား အလွှာအသီးသီးက ချစ်ခင်အားကိုးကြသည်မှာ မဆန်းလှပါ။

ဤသို့ဖြင့် အင်းဝနေပြည်တော်တစ်လွှားတွင် လူစွမ်းကောင်း သူခိုးကြီးတောက်ပြား၏ ဂုဏ်သတင်းက အင်းဝဘုရင် သတိုးမင်းဖျားနှင့် အပြိုင် ဂုဏ်သတင်းကျော်ကြားလာခဲ့ပါလေ၏။ တစ်ကြိမ်တွင် အမတ်ကြီးတစ်ဦးအိမ်မှ ခိုးယူပြီးအပြန်တွင် သူခိုးကြီးတောက်ပြားက ဤသို့ ဟစ်ကြွေးတိုင်တည်ခဲ့ပြန်ပါသည်။

"ဟေး . . . အင်းဝဘုရင် သတိုးမင်းဖျားကိုယ်တိုင် ငါ့ကို ရလျှင်သာ သတ်ရအံ့၊ မရလျှင်ကား ငါ့ကို အသူ ရင်ဆိုင်ဝံ့အံ့နည်း"

ထိုကဲ့သို့ ကြိမ်းဝါးဟစ်ကြွေးသံသည် မှူးကြီးမတ်ရာ သေနာပတိများမှတစ်ဆင့် သတိုးမင်းဖျားဘုရင်မင်းမြတ်၏ နားတော်သို့တိုင် ပေါက်ကြားသွားခဲ့ပါ၏။

"အင်း . . . လူစွမ်းကောင်းတောက်ပြားရဲ့ သတင်းဟာ တစ်တိုင်းပြည်လုံး ပျံ့နှံ့ကျော်စောနေပြီ၊ သူဟာ ဘယ်လောက်ပဲ သစ္စာရှိ ကတိတည်တည်, ဘုရားတည် ကျောင်းဆောက်ဖို့ပဲစုစု, မရှိဆင်းရဲသားတွေကိုပဲ ဝေငှပေးပေး . . . သူတစ်ပါးရဲ့ပစ္စည်းကို မသိအောင် ခိုးဝှက်ယူငင်တာဟာ ပြစ်မှုကျူးလွန်တာပဲ၊ အခုဆိုရင် တောက်ပြားဟာ

www.burmeseclassic.com

www.burmeseclassic.com

တစ်စတစ်စနဲ့ အတင့်ရဲသည်ထက် ရဲလာပြီ၊ ငါကိုယ်တော်ကိုတောင် နှုတ်လှန်ထိုးပြီး ဝံ့စားလာခဲ့ပြီ၊ အင်း . . . ဒီအရေးကို ငါကိုယ်တော်တိုင် အလေးထားပြီး ဆောင်ရွက်တော်မူမှ သင့်တော့မယ်"

သတိုးမင်းဖျားမှာ ထိုကဲ့သို့ ဆင်ခြင်တွေးဆတော်မူပြီးနောက် တစ်ညဉ့်တွင် မည်သူ့ကိုမျှ အသိမပေးဘဲ ကိုယ်တော်တိုင် ရုပ်ဖျက်၍ မြို့တံခါးမြစ်ဆိပ်သို့ ဆင်းခဲ့လေတော့သည်။

"သူခိုးကြီးတေက်ပြားဟာ သန်းခေါင်ယံကျော်ရင် ဧရာဝတီမြစ်ကိုကူးပြီး အင်းဝနေပြည်တော်ကြီးကို ဝင်လာနေကျပဲ၊ မြစ်ဆိပ်ကမ်းကနေစောင့်ပြီး အခြေအနေကြည့်လို့ လှုပ်ရှားရမယ်"

သတိုးမင်းဖျားသည် ညဉ့်လူတစ်ယောက်ကဲ့သို့ ရုပ်ဖျက်ကာ ဧရာဝတီဆိပ်ကမ်း မြို့အဝင်ဝမှနေ၍ သူခိုးကြီးတေက်ပြားအလာကို စောင့်စားနေပါ၏။ မကြာမီ သန်းခေါင်ယံကျော်လာသည်နှင့် ဧရာဝတီမြစ်အတွင်းမှ ဟိတ်တဆိတ်လျော်ခတ်လာသည့် လှေငယ်တစ်စီးက မြို့အဝင်ဆိပ်ကမ်း ကုက္ကိုပင်ကြီး အရိပ်အောက်တွင် ညင်သာစွာ ထိုးဆိုက်လာသည်။

သူခိုးကြီးတေက်ပြား၏ စူးရှသော ညဉ့်မျက်လုံးများက ကုက္ကိုပင်ရိပ်တွင် ကွယ်ကပ်နေသည့် သတိုးမင်းဖျားကို တွေ့မြင်လိုက်ရသည်နှင့် . . .

"ဟေ့ . . . ဟိုကုက္ကိုပင်ရိပ်မှာ ကိုယ်ဖျောက်စောင့်နေတာ ဘယ်သူလဲဟေ့"

သတိုးမင်းဖျားက ညဉ့်အမှောင်တွင်ပင် မြင်နိုင်စွမ်းရှိသလောက် ပါးနပ်လှသော သူခိုးကြီးတေက်ပြားကို ကျိတ်၍ချီးကျူးလိုက်ပါ၏။ ထို့နောက် ကုက္ကိုပင်ရိပ်အောက်မှထွက်ကာ တေက်ပြားထင်သာမြင်သာအောင် လူလုံးထွက်ပြလိုက်သည်။



"ငါ ညဉ့်လူတစ်ယောက်ပါ၊ ဆရာက သူခိုးကြီးတေက်ပြား မဟုတ်လား၊ ဆရာ့ရဲ့အစွမ်းသတ္တိနဲ့ ကတိသစ္စာတည်ကြည်ပုံကို လေးစားလွန်းလို့ တပည့်ခံချင်လို့ ဒီနေရာက ကြိုတင်ပြီး စောင့်နေတာပါ"

သတိုးမင်းဖျားက သူကြိုတင်စီစဉ်ထားသည့်အတိုင်း သူခိုးကြီးတေက်ပြားထံ တပည့်အဖြစ်ခံယူရန် စည်းရုံးပြောဆိုလိုက်ပါ၏။

"အေး . . . ဒီလိုဆိုရင် ရှေ့ကိုထွက်လာခဲ့စမ်း။ မင်းရဲ့ လူလုံးလူဖန်နဲ့ ရုပ်ဆင်းအင်္ဂါရပ်ကို ငါ ကြည့်ဦးမယ်၊ ပြီးမှ တပည့်ခံသင့်၊ မခံသင့် စဉ်းစားရမယ်"

ဤသို့ဖြင့် အင်းဝဘုရင် သတိုးမင်းဖျားမှာ သူ၏ရုပ်ဖျက်ထားသည့် လက္ခဏာနှင့်ပင် သူခိုးကြီးတေက်ပြားရှေ့တွင် သူခိုးစာရင်းဝင်ရန် အစစ်ဆေးခံနေရပါတော့သည်။

"အင်း . . . ကြည့်ရတာ ယဲယဲရွှယ်ရွှယ်နဲ့ ဖျတ်ဖျတ်လတ်လတ်ရှိမယ့်ပုံပဲ၊ ကဲ . . . ဒီတစ်ည မင်းရဲ့အစွမ်းကို လက်တွေ့စစ်ဆေးမယ်၊ သဘောတူလို့ အစစ်ခံရဲတယ်ဆိုရင် ငါ့နောက်က လိုက်ခဲ့ပေတော့"

ထို့နောက်မှာတော့ သူခိုးကြီးတေက်ပြားမှာ မြို့ရိုး တံတိုင်း၊ အကာအရံ အတားအဆီးများကို ခုန်လွှားကျော်ဖြတ်၍ ရှေ့မှ ဦးဆောင်၍သွားသည်။ သတိုးမင်းဖျားကလည်း တေက်ပြားနည်းတူပင် လိုက်လံ၍ ခုန်ပျံကျော်လွှားပြသည်။

တေက်ပြားမှာ သူ၏နည်းတူ ခုန်ပျံကျော်လွှားရင်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာနိုင်သည့် သတိုးမင်းဖျားကို အံ့သြစွာ ငေးမောကြည့်နေရင်းမှ သဘောကျ နှစ်မြို့သွားပါလေ၏။

"အေး . . . မင်းလည်း ညဉ့်လူပီသပါပေတယ်ကွာ . . . တော်

www.burmeseclassic.com

www.burmeseclassic.com

တော်စွမ်းတာပဲကိုး၊ ဒါပေမဲ့ ဘယ်လောက်ပဲစွမ်းစွမ်း ကတိသစ္စာတစ်ချက်ဖောက်တာနဲ့ ပျက်စီးကိန်းပဲ ကြုံတွေ့ရမယ်ဆိုတာ မြဲမြဲသာ မှတ်ထားပေတော့ ငါ့တပည့်''

ဤသို့ဖြင့် ရက်တစ်ပတ်ခန့် သတိုးမင်းဖျားမှာ သူခိုးကြီးတောက်ပြားထံတွင် တပည့်ဝင်၍ခံယူရင်း အင်းဝနေပြည်တော်ကြီးအတွင်းရှိ မှူးမတ်သူကြွယ်များအိမ်မှ ရတနာပစ္စည်းနှင့် ငွေစင်အချို့ကို နှစ်ယောက်သား တိတ်တဆိတ် ခိုးယူခဲ့ကြပါသည်။

သူခိုးကြီးတောက်ပြား၏ စိတ်ဓာတ်နှင့် သစ္စာရှိပုံကို အနီးကပ်၍ ပေါင်းသင်းလုပ်ကိုင်သည့်ရက်များအတွင်း သတိုးမင်းဖျားမှာ ပိုမို၍ သိရှိလာရသည်။ ထို့ကြောင့်လည်း အမှန်တကယ်ပင် သစ္စာတရားကြီးမားလှသော သူခိုးကြီးတောက်ပြားအား ပို၍လေးစားသွားမိပါသည်။ ဤသို့နှင့် သတိုးမင်းဖျားကိုယ်တိုင် သူခိုးကြီးတောက်ပြားအား လက်ရဖမ်းဆီးတော့မည့်ညသို့ ရောက်ရှိလာခဲ့ပါသည်။

ထိုနေ့ညဉ့်က သန်းခေါင်ယံအချိန်သို့ ရောက်သည်ရှိသော် တွေ့ဆုံနေကျ မြစ်ဆိပ်ကမ်းအနီးမှ ကုက္ကိုပင်ကြီးအောက်တွင် ဆရာတပည့်နှစ်ယောက် တွေ့ဆုံကြသည်။

''ဆရာ . . . ဒီနေ့ညတော့ အင်းဝဘုရင် သတိုးမင်းဖျားရဲ့ နန်းတော်ကြီးထဲကို ဝင်ပြီးခိုးယူကြရအောင်၊ ဘုရင်ကြီးရဲ့ နန်းဆောင်ထဲမှာဆိုရင် ရွှေငွေရတနာတွေက ဒီ့ထက်ပိုပြီး အများကြီးရနိုင်တယ် ဆရာရဲ့''

သတိုးမင်းဖျား အကြံအစည်ရှိသူပီပီ သူခိုးကြီးတောက်ပြားအား နန်းတွင်းသို့ရောက်အောင် ဥပါယ်တံမျဉ်နှင့် စည်းရုံးပြောဆိုပါလေ၏။

''မလုပ်လေနဲ့ ငါ့တပည့်၊ ငါတို့ဟာ သူခိုးသူဝှက်တွေ ဖြစ်



နေပေမယ့် တိုင်းပြည်ကို အုပ်ချုပ်စိုးစံနေတဲ့ ဘုရင်မင်းမြတ်ရဲ့ ဥစ္စာပစ္စည်းတွေကိုတော့ မပြစ်မှား မကျူးလွန်သင့်ဘူးကွဲ့၊ အင်းဝဘုရင် သတိုးမင်းဖျားဟာ လက်ရုံးရည်ကော, နှလုံးရည်ပါ ပြည့်စုံတဲ့ မင်းတစ်ပါးအပြင် တရားမျှတမှုကိုလည်း လိုလားတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်တယ်၊ အဲဒီလို မင်းကောင်းမင်းမြတ်တွေဆီက ဥစ္စာပစ္စည်းတွေကို မခိုးဝှက်ချင်ပါနဲ့ တပည့်ရယ်''

အတူနီးကပ်ပေါင်းသင်းကြည့်မှ သစ္စာရှိသလောက် မြင့်မြတ်သော ယောကျ်ားကောင်းတို့၏ စိတ်ဓာတ်အပြည့်ရှိမှုန်းလည်း သိလာခဲ့ရပါ၏။ မည်သို့မျှ စည်းရုံးမရသဖြင့် သတိုးမင်းဖျားခမျာ လက်လျှော့လိုက်ရပါသည်။

စင်စစ် သူခိုးတောက်ပြား၏ အစွမ်းသတ္တိနှင့်သာဆိုလျှင် ဘုရင့်ဘဏ္ဍာတော်တိုက်ကိုပင် လွယ်လင့်တကူ ဖောက်ထွင်းခိုးယူနိုင်စွမ်းရှိပါချေ၏။

သို့တိုင်အောင် သစ္စာတရားကြီးမားလှသော သူခိုးကြီးတောက်ပြားက နန်းတွင်းဘဏ္ဍာတိုက်သို့ ယောင်၍မျှပင် ခြေဦးမလှည့်ပါ။

ထိုညတစ်ညလုံး မှူးမတ်ကြီးများအိမ်မှ ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်များကိုသာ ရွေးချယ်ခိုးယူကြပြီး မြို့တံခါးအနီးရှိ မီးသွေးတိုက်အမှောင်ရိပ်တွင် ဆရာတပည့်နှစ်ယောက် ခွေ့နားခိုကြပြန်သည်။

''ဆရာ . . . ဒီနေ့ တော်တော်အေးတယ်နော်၊ တပည့်မှာ အရက်ကောင်းကောင်းတစ်လုံး ရထားတာရှိတယ်၊ အဲဒါ မီးသွေးတိုက်နံဘေးမှာ ခဏနားရင်း နည်းနည်းပါးပါး သောက်ရအောင်လား ဆရာ''

''အေးကွဲ့ . . . လူကလည်း နည်းနည်းတော့ စိမ့်ချင်သလိုလိုဖျားချင်သလိုလို ဖြစ်နေတာနဲ့ အတော်ပဲ၊ အချမ်းပြေ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com

ပါးပါးလောက်တော့ ဆေးဖြစ်ဝါးဖြစ် သောက်ဦးမှထင်တယ်"

ဤသို့ဖြင့် လူစွမ်းကောင်းကြီး သူခိုးတောက်ပြားမှာ အင်းဝဘုရင် သတိုးမင်းဖျား၏ သေနင်္ဂဗျူဟာ ပရိယာယ်နှင့် ဖြားယောင်းသိမ်းသွင်းမှုအောက်တွင် ကျရှုံးသွားခဲ့ရပါတော့သည်။

သတိုးမင်းဖျားမှာ အရက်အမူးလွန်ကာ မေ့မြောနေရှာပြီဖြစ်သည့် ဆရာဖြစ်သူ သူခိုးကြီးတောက်ပြားအား လေးစားစွာဖြင့် ခြေကျင်းခတ်ကာ မီးသွေးတိုက်ထဲတွင် သော့ခတ်၍ထားလိုက်ပါတော့သည်။

နောက်တစ်နေ့ နံနက်ညီလာခံတွင် သတိုးမင်းဖျားသည် သူနှင့် သူခိုးကြီးတောက်ပြားတို့ ညက ခိုးဝှက်ယူငင်လာကြသည့် မှူးမတ်ကြီးများအိမ်မှ လည်ဆွဲရတနာများကို ကျကျနနဝတ်ဆင်ကာ ညီလာခံသို့ ဝင်လာခဲ့ပါ၏။

ဖြစ်ချင်တော့ ညီလာခံတွင်လည်း မှူးမတ်များသည် သူတို့၏ လက်ဝတ်ရတနာများ ပျောက်ဆုံးနေကြသဖြင့် ဘုရင်ကြီးအားလျှောက်တင်ကြရန် အုတ်အုတ်ကျက်ကျက်နှင့် တိုင်ပင်နေကြချိန်ဖြစ်သည်။

သတိုးမင်းဖျားဘုရင်ကြီးအား မော်၍ဖူးမြော်လိုက်ကြတော့ ဘုရင်ကြီးဝတ်ဆင်ထားသည့် လည်ဆွဲ၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်များမှာ အနိုးခံရသော မှူးမတ်များ၏ ပစ္စည်းများဖြစ်ကြောင်း အံ့သြစွာ တွေ့မြင်လိုက်ကြရသည်။ သို့ပါသော်လည်း ရေမြေသနင်း ပြည့်ရှင်မင်းကြီးဖြစ်သောကြောင့် မည်သူမျှ မယိုးစွပ်ရဲကြပေ။

"ဟဲ့ ... ဟိုဘက်က ပညာဇေယျအမတ်ကြီးနဲ့ သီဟသူ အမတ်ကြီးတို့ ... အမတ်မင်းနှစ်ပါး ခေါင်းချင်းဆိုင်ပြီး တွတ်ထိုးနေကြတာ ဘာများလျှောက်တင်စရာ ရှိကြလို့လဲ ... ရဲရဲတင်းတင်း လျှောက်တင်ကြစမ်း"

"ဟို .. ဟို ... ဟို ... အ ... အ ... အရှင်မင်းကြီး



ဝတ် ... ဝတ်ဆင်ထားတဲ့ လည်ဆွဲရတနာပစ္စည်းတွေ ... ဟာ ကျွန်တော်မျိုးတို့ရဲ့ အိမ်တော်တွေက အ ... အနိုးခံလိုက်ရတဲ့ ပစ္စည်း ... တွေနဲ့ တူ ... တူ ... တူ ... နေသလားလို့ ... လို့ ...."

"တော် ... တိတ် ... နင်တို့ မှူးမတ်စစ်သည်တွေဟာ တိုင်းပြည်ရဲ့ ရိက္ခာတော်တွေကိုတော့ စားထားကြပြီး ဒီ သူခိုးတစ်ယောက်ကိုတောင် ဖြစ်ဖြစ်မြောက်မြောက် မိအောင်မဖမ်းဆီးနိုင်ကြဘူး။ သွားကြ ... သူခိုးတောက်ပြားကို ညကတည်းက ငါ ကိုယ်တော်တိုင် ဖမ်းမိထားလို့ ဟိုမီးသွေးတိုက်ထဲမှာ ချုပ်နှောင်ထားခဲ့တယ်၊ သွားပြီး ရှေ့တော်ကို ခေါ်လာခဲ့ကြ"

ထိုအခါမှ မှူးမတ်သေနာပတိများမှာ ဖြစ်ကြောင်းကုန်စင်ကို သိရှိသွားကြပြီး အားလုံး ပျာယာခတ်မျှ လှုပ်ရှားသွားကြပါတော့သည်။

ထို့နောက်မှာတော့ သတိုးမင်းဖျားဘုရင်ကြီးကိုယ်တိုင် လက်ရဖမ်းမိထားသည့် လူစွမ်းကောင်း သူခိုးကြီးတောက်ပြားကို မီးသွေးတိုက်မှထုတ်၍ သတိုးမင်းဖျားဘုရင်ကြီး၏ ရှေ့တော်မှောက်သို့ ဖမ်းဆီးတုပ်နှောင်၍ ခေါ်ဆောင်လာခဲ့ကြပါလေ၏။

မှူးမတ်သေနာပတိများ၊ ရဲမက်စစ်သည်များနှင့် ဗိုလ်ပါစုံညီသည့် ညီလာခံအလယ်တွင် အချုပ်အနှောင်ဖြင့် ရောက်ရှိလာသည့် သူခိုးကြီးတောက်ပြားမှာ သတိုးမင်းဖျားဘုရင်ကြီး၏ မော်ဖူးစေ ... ဟူသော အခွင့်ကြောင့် ရာဇပလ္လင်ထက်သို့ လှမ်းမျှော်ကြည့်လိုက်မိစဉ်မှာတော့ ...

"ဟင် ..."

ပါးနပ်လိမ္မာလှသော တောက်ပြားသည် ဘုရင်မင်းမြတ်၏ ကိုယ်တွင် ဆင်မြန်းထားသည့် ပစ္စည်းများမှာ ယမန်နေ့ညက

www.burmeseclassic.com

www.burmeseclassic.com

ဆရာတပည့်နှစ်ယောက် နိုးယူထားသော ပစ္စည်းများဖြစ်ကြောင်းနှင့် ဘုရင်မင်းမြတ်၏ ရုပ်ဆင်းအင်္ဂါရပ်တို့ကို ပေါင်းစပ်၍ ပုံဖော်ကြည့်လိုက်သောအခါတွင် အဖြစ်အပျက်အမှန်ကို တန်းခနဲ သိရှိသွားရပါတော့သည်။

"ဘယ့်နှယ်လဲ ဆရာတေက်ပြား ... သင်ကြိမ်းဝါးဟစ်ကြွေးထားတာကို မှတ်မိသေးရဲ့လား။ 'အင်းဝဘုရင် သတိုးမင်းဖျား ကိုယ်တိုင် ငါ့ကိုရလျှင်သာ သတ်ရအံ့၊ မရလျှင်ကား ငါ့ကို အသူရင်ဆိုင်ဝံ့သနည်း' ... လို့ သင်ကြွေးကြော်ခဲ့တာလေ၊ အခု ငါ ကိုယ်တော်တိုင် သင့်ကို လက်ရဖမ်းမိပြီ၊ အဲဒီတော့ သင့်ရဲ့ရှေ့မှာရှိတဲ့ ရဲတင်း၊ ပုဆိန်၊ ဓား၊ လှံတွေနဲ့ တံကျင် ... စတဲ့ လူသတ်လက်နက်တွေထဲက သင် ဘယ်အရာကို အလိုရှိပါသနည်း ... ရဲဝံ့စွာ သံတော်ဦးတင်ပါလော့"

လှစွမ်းကောင်း သူခိုးကြီးတေက်ပြားသည် သတိုးမင်းဖျား ဘုရင်ကြီးကိုယ်တိုင် သူ့အား သေနင်္ဂဗျူဟာနည်းပရိယာယ်များဖြင့် လှည့်ဖြား၍ ဖမ်းဆီးခဲ့သည်ကို သိရှိသွားခဲ့ရသည်။

သတိုးမင်းဖျား ဘုရင်ကြီးကိုယ်တိုင် သူ့ထံတွင် တပည့်ခံ၍ ခုနစ်ည ခုနစ်လီတိုင်တိုင် အိမ်စဉ်လှည့်လည် နိုးယူခဲ့ကြဖူးသည်။ ခုနစ်ညခန့် အတူတကွ သေဖော်ရှင်ဖက် ပေါင်းဖော်လုပ်ကိုင်ခဲ့ကြသဖြင့် သတိုးမင်းဖျား၏ လက်ရုံးရည် နှလုံးရည်တို့ကိုလည်း အောက်မေ့ဆင်ခြင်နိုင်ခဲ့သည်။

ယခုလည်း တေက်ပြားမှာ သူ၏ရှေ့စင်မြင့်ပေါ်တွင် စီစီရီရီ တင်ထားသည့် ရဲတင်း၊ ပုဆိန်၊ ဓား၊ လှံရှည်များနှင့် တံကျင်စသော လူသတ်လက်နက်များကိုတစ်လှည့်၊ ရာဇပလ္လင်ထက်တွင် ယှဉ်တွဲထိုင်နေကြသည့် သတိုးမင်းဖျားဘုရင်မင်းမြတ်နှင့် မိဖုရားကြီး စောဥမ္မာတို့အား တစ်လှည့် အပြန်ပြန်အလှန်လှန်ကြည့်ရင်း သူ၏လိုလားချက်ကို ရဲဝံ့စွာ လျှောက်တင်လိုက်သည်။

"အို ... လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံလှသည့် အရှင်မင်းမြတ် ... ကျွန်ုပ်၏စကားအတိုင်း အရှင်ကိုယ်တိုင် ကျွန်ုပ်ကို ဖမ်းဆီးရမိခဲ့ပါပြီ၊ သည့်အတွက် အရှင်မင်းမြတ်ကိုယ်တော်တိုင် အလိုရှိသလို သတ်ဖြတ်တော်မူပါလော့၊ ကျွန်ုပ်၏အလိုကိုသာ လျှောက်တင်ရမည်ဆိုလျှင် အရှင်၏မိဖုရားကြီး စောဥမ္မာကိုသာ အလိုရှိပါသည် အရှင်မင်းမြတ်"

ရဲဝံ့ပြတ်သားစွာ လျှောက်တင်လိုက်သော လှစွမ်းကောင်း သူခိုးကြီးတေက်ပြား၏ လျှောက်တင်စကားကြောင့် ညီလာခံကြီး တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သို့သော် ကာယကံရှင် တေက်ပြားကမူ ရဲဝံ့တည်ကြည်သော မျက်နှာဖြင့်သာ သတိုးမင်းဖျားဘုရင်ကြီးကို မော်ကြည့်နေပါလေ၏။

မှူးမတ်ဗိုလ်ပါစုံလင်လှသော အင်းဝပြည့်ရှင်၏ ညီလာခံသည် အပ်ကျသံပင်ကြားရလောက်အောင် ချောက်ချားစွာ တိတ်ဆိတ်ငြိမ်သက်လျက် ...။

သတိုးမင်းဖျားဘုရင်ကြီး၏ တစ်ချက်လွှတ်ထွက်ပေါ်လာမည့် အမိန့်ရာဇသံကိုပင် နားရွက်မခတ်စတမ်း နားစွင့်နေကြသည်။

ထိုတစ်ခဏအတွင်းမှာပင် သတိုးမင်းဖျားဘုရင်ကြီးနှင့် လှစွမ်းကောင်း သူခိုးကြီးတေက်ပြားတို့ မျက်လုံးအကြည့်ချင်း အားပြိုင်နေကြသည်သို့ ...။

နောက်ဆုံး သတ္တိရှိသူ၊ ရဲရင့်သူ၊ ကတိသစ္စာတည်ကြည်သော ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ကို လွန်စွာမှ နှစ်သက်အားထားတော်မူသော အင်းဝဘုရင် သတိုးမင်းဖျားသည် လှစွမ်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း သူနိုးကြီးတောက်ပြား၏ မကြောက်မရွံ့ ရဲရဲရင့်ရင့်စွာ လျှောက်တင်ချက်ကို မည်သို့မျှ အမျက်တော်မထားဘဲ ကြည်သာရွှင်ပျစွာနှင့်ပင် အမိန့်တော်ချမှတ်လိုက်ပါတော့သည်။

"ဤလူစွမ်းကောင်း သူနိုးကြီးတောက်ပြားသည် ငါကဲ့သို့သော ဘုရင်မင်းမြတ်ကိုပင်ယှဉ်လျက် ဤသို့သောစကားမျိုးကို မရွံ့မကြောက် ရဲရင့်စွာလျှောက်တင်ဝံ့သူဖြစ်သည်၊ ဤသူမျိုးကိုသာ ငါ့ထံတွင် သူကောင်းပြုလိုက်မည်ဆိုလျှင် နောက်နောင်တွင် အင်းဝနေပြည်တော်ကြီးအတွက် အားထားရမည့် လူစွမ်းကောင်းတစ်ဦးဖြစ်တည်လာလိမ့်မည်၊ ဤသို့ ရဲရင့်စွာ စကားကိုဆိုတတ်သောသူတို့သည်လည်း အကျိုးမဲ့ အချည်းနှီး မသေကောင်း။ နောက်နောင်တိုက်ပွဲရှိလာခဲ့လျှင် အမှုတော်ထမ်းရွက်စေရမည်"

တိုင်းပြည်အကျိုး၊ ရေရှည်အကျိုးကို မြော်မြင်တွေးဆတတ်သော သတိုးမင်းဖျားဘုရင်ကြီးက သူနိုးကြီးတောက်ပြားအား သတ်ဖြတ်ခြင်းမပြုတော့သည့်အပြင် 'ရွှေတိုက်စိုး'အရာ ချီးမြှောက်လျက် အရာပေးကာ မြှောက်စားတော်မူခဲ့ပါသည်။

လူစွမ်းကောင်း ကြီးတောက်ပြားသည်လည်း သူရရှိထားသည့် 'ရွှေတိုက်စိုး'ဟူသော ရာထူးနှင့် ထိုက်တန်အောင်ပင် ကြိုးကြိုးပမ်းပမ်းနှင့် အမှုတော်ကို ထမ်းရွက်ခဲ့သည်။

သတိုးမင်းဖျားဘုရင်ကြီးကလည်း တောက်ပြား၏ လက်ရုံးရည် နှလုံးရည်တို့ကို သဘောကျနှစ်မြို့က်တော်မူလှသဖြင့် ပိုမို၍ ချီးမြှင့်မြှောက်စားကာ အရေးပေးခဲ့သည်။

သက္ကရာဇ် (၇၂၈)ခုနှစ် တောင်တွင်းကြီးမှ ပုန်ကန်ထကြွမှုကြီးဖြစ်ခဲ့ရာ သတိုးမင်းဖျားသည် သူကိုယ်တိုင်အားထားရသည့် သူနိုးကြီးတောက်ပြား (ရွှေတိုက်စိုး)ကို ဗိုလ်မှူးအရာ တစ်ဆင့်တိုး ချီးမြှင့်၍ တောင်တွင်းကြီးကို လုပ်ကြံနိုင်းရာတွင် အောင်မြင်စွာ နှိမ်နင်းတိုက်ခိုက်နိုင်ခဲ့သည်။

ထို့ကြောင့် ကျေနပ်အားရတော်မူသဖြင့် ဆုလာဘ်များပေးသနားကာ ချီးမြှင့်မြှောက်စားတော်မူခဲ့ပါသည်။

ဤသို့ဖြင့် အင်းဝနေပြည်တော်ကြီးအား ထောင်ထားခြားနားသည့် ရန်သူများ၊ သူပုန်သူကန်များ ပေါ်ပေါက်လာတိုင်း သူနိုးကြီးလူစွမ်းကောင်းတောက်ပြားကိုသာ စေလွှတ်နှိမ်နင်းစေရာ အမြဲပင်အောင်မြင်မှုများ ရရှိခဲ့ပါသည်။

သူနိုးကြီး လူစွမ်းကောင်းတောက်ပြားကလည်း လက်ရှိ(ရွှေတိုက်စိုး)ဟူသော ဘွဲ့ထူးဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေစေရန် သူ၏ငယ်စဉ်က ဗီဇစရိုက်များကို ပယ်ဖျောက်ကာ ကတိသစ္စာတစ်ခုကို ဦးထိပ်ပန်ဆင်လျက် ဘုရင်မင်းမြတ်ကိုယ်တိုင် သူကောင်းပြုတော်မူလိုက်ခြင်းကို ဂုဏ်သရေမညှိုးစေရဘဲ တိုင်းပြည်၏တာဝန်များကို ဦးလည်မသုန် ရှေ့တန်းမှ ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သည့် လူစွမ်းကောင်းကြီးတစ်ဦးဖြစ်ရာ ရာဇဝင်တွင် မှတ်တမ်းတင် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

ထို့အပြင် တောက်ပြားသည် သူ၏ မူလရည်ရွယ်ချက်အတိုင်း စစ်ကိုင်းမြို့တွင် မဟိယင်္ဂဏာ (မရှိခဏ)ဘုရားကိုလည်း သူ နိုးယူရရှိစုဆောင်းထားသော ငွေကြေးများဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ ဘုရားတည်စဉ်က ငွေလို၍ မရှိခဲ့လျှင် ခဏမျှသာဖြစ်သည်။ သွားရောက်နိုးယူခဲ့လျှင် ရရှိခဲ့သည်ချည်းသာ ဖြစ်သောကြောင့် 'မရှိခဏဘုရား'ဟု ကမ္ဘည်းတွင်ခဲ့ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာရစာစု (၈)

## ရွှေတိုက်စိုးဘွဲ့ရ သူနိုးကြီးတောက်ပြားရှင်းတမ်း

မရှိခဏာဘုရားမှ ဆည်းလည်းလှုပ်ခတ်သံလေးများက နံနက်ခင်းလေပြည်ထဲတွင် တချွင်ချွင်ဖြင့် ဓမ္မတေးပဒ္ဒင်တစ်ပုဒ်ကို သီကျူးရွတ်ဆိုနေကြသည်သို့။

လူသူတော်ကြီးဘိုးညြဘာက အင်းဝခေတ်မှ လူစွမ်းကောင်းသူနိုးကြီးတောက်ပြား၏ ရာဇဝင်ဇာတ်ကြောင်းကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်သည့်တိုင် မောင်ကျောက်ပုံကမူ ထိုဇာတ်ကြောင်းတွင် စိမ့်ဝင်စီးမျောနေသည် ထင့်။ ဇာတ်ကြောင်းပြီးဆုံးသွားသည့်တိုင် တစ်စုံတစ်ရာကို စူးစူးနစ်နစ် စဉ်းစားတွေးတောနေသည်သို့။

"ဘယ်လိုလဲ မောင်ကျောက်ပုံ ... လူစွမ်းကောင်း သူနိုးကြီးတောက်ပြားရဲ့ ဘဝဇာတ်ကြောင်းကို ကြားသိရပြီး ဘာတွေများ တွေးနေရတာလဲကွဲ့"

"ဩော် ... ဒီ ... ဒီလိုပါ အဘရယ်၊ အဘပြောပြနေတဲ့ သူနိုးကြီးတောက်ပြားအကြောင်းနဲ့ ကျွန်တော် နားစွန်နားဖျား ကြား



ခဲ့ဖူးတဲ့ တောက်ပြားဇာတ်ကြောင်းနဲ့ နည်းနည်းများ ကွဲနေသလားလို့"

"ဟင်း ဟင်း ဟင်း .. ကေန္တတော့ မောင်ကျောက်ပုံ သူနိုးကြီးတောက်ပြားရဲ့ ဖတ်ကောင်းအောင်ရေးထားတဲ့ ဒဏ္ဍာရီဇာတ်ကြောင်းတွေက နားထဲကို အရင်ရောက်နှင့်နေပုံရတယ်၊ ဒီမှာ မောင်ကျောက်ပုံ ... တချို့သမိုင်းရေးဆရာတွေက သမိုင်းရာဇဝင်ထဲမှာ အမှန်တကယ်ရှိခဲ့တဲ့ ဇာတ်လမ်းဇာတ်ကွက်ကို အခြေပြုပြီး မိမိတို့ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ မပျက်မယွင်းအောင် ချဲ့ထွင်ရေးသားကြတယ် ...၊

အဲ ... တချို့ကတော့ အဲဒီလိုမဟုတ်ကြပြန်ဘူးကွဲ့၊ သမိုင်းရာဇဝင်ထဲမှာ မရှိတဲ့ အချက်အလက်တွေကို မိမိရဲ့ 'အတ္တနောမတိ'နဲ့ ဇာတ်လမ်းဇာတ်ကွက်တွေကို လုပ်ကြံဖန်တီးပြီး ရေးသားကြပြန်တယ်၊ အဲဒီလိုအခါမျိုးကျပြန်တော့ မြန်မာရာဇဝင်မှာ အမှန်တကယ် ဘုရင်မင်းမြတ်ကိုယ်တိုင် သူကောင်းပြုခြင်းခံရတဲ့ ဘုရားဒကာ လူစွမ်းကောင်းကြီးတွေရဲ့ ရာဇဝင်ဟာ ပေါ့ပျက်ပျက်ဖြစ်သွားစေခဲ့ရတာပေါ့ကွယ်"

လူသူတော်ကြီးဦးညြဘာ၏ အရိပ်နိမိတ် စကားအသွားအလာများကြောင့် မောင်ကျောက်ပုံမှာ ဘာကိုရည်ညွှန်းဆိုလိုကြောင်း သိရှိသွားသည်ထင့်၊ သူ သိခဲ့ဖူး၊ ကြားခဲ့ဖူးသော သူနိုးကြီးတောက်ပြားရာဇဝင်ကို မရဲတရဲနှင့် တင်ပြလာခဲ့သည်။

"ဟို ... ဟို ... အတိအကျတော့ မသိဘူးပေါ့ အဘရယ်၊ ကျောက်လောကမှာ သွားရင်းလာရင်းနဲ့ သူနိုးကြီးတောက်ပြားရာဇဝင်ကို ကျွန်တော်က အခုလိုကြားဖူးထားခဲ့တယ်လေ၊ အဘပြောတဲ့အတိုင်း သူနိုးကြီးတောက်ပြားကို သတိုးမင်းဖျားက (ရွှေတိုက်စိုး) ရာထူးကို ပေးသနားချီးမြှင့်တယ်ဆိုတာအထိတော့ မှန်နေသေးတယ်၊ သူတို့ပြောကြတာကတော့ တောက်ပြားဟာ သူ့ရဲ့ ငယ်စဉ်ကာဖိဖနဲ့ အကျင့်စရိုက်

www.burmeseclassic.com

ဆိုးကြီးကို မပယ်ဖျောက်နိုင်ခဲ့ဘူးတဲ့၊ သူ့ကို ဘုရင်ကိုယ်တိုင်က (ရွှေတိုက်စိုး) ဆိုတဲ့ မတန်မရာရာထူးကြီးကို ချီးမြှင့်ထားတာကိုမှ အားမနာ၊ မျက်နှာမထောက်ဘဲ သူ့ရဲ့ကျေးဇူးရှင်အဘကို ကျေးဇူးဆပ်ဖို့ဆိုပြီး စိန်ကြီးကို ပြန်ပြီးခိုးယူဖို့ ကြိုးစားခဲ့တယ်တဲ့ . . .၊

အဲဒါကို ဘုရင်ကြီးက လက်ပူးလက်ကြပ်ဖမ်းမိတာနဲ့ အရမ်းလည်း အရှက်ရ၊ အရမ်းလည်း ဒေါသထွက်တော့တာပေါ့၊ 'မင်းဟာ သူခိုးပီပီ ငါကိုယ်တော် ချီးမြှင့်မြှောက်စားထားခဲ့တာကိုမှ မထောက်ထားမဆင်ခြင်ဘဲ မကျူးလွန်သင့်တဲ့အရာကို ကျူးလွန်စော်ကားခိုးယူခဲ့တယ်၊ မင်းရဲ့အကျင့်ဆိုးကြီးတွေကလည်း သေမှပဲ ပျောက်တော့မှာ' ဆိုပြီး သေဒဏ်ပေးလိုက်လို့ သူသတ်ကုန်းမှာ အာဏာပါးကွက်သားတွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်တဲ့ အဘရယ် . . .၊

နောက်ပြီး တောက်ပြားဟာ မသေခင်မှာလည်း ဟို . . . ဟို . . . သုံးဆယ့်ခုနစ်မင်းနတ်တွေထဲက အဆဲကြမ်း အဆိုကြမ်းတဲ့ နတ်ဝသီသရမ်းတဲ့ မကျွမ်း (အမေကျွမ်း)နဲ့လည်း ထိမ်းမြားလက်ထပ်ခဲ့သေးတယ်တဲ့၊ အဲ . . . အဲဒါရော ဟုတ်ရဲ့လားအဘရယ်၊ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် သမီးလေးမြပန်းနွယ်နဲ့ ပဌာန်းဆက်, ဘဝဆက်ရှိခဲ့တယ်ဆိုတဲ့ လူစွမ်းကောင်းကြီး သူခိုးကြီးတောက်ပြားရဲ့ ဘဝမှန်ရာဇဝင်ဇာတ်ကြောင်းအမှန်ကိုပဲ သိချင်တာပါ အဘရယ်''

မောင်ကျော်ကျော်ပုံမှာ သူ၏သမီးဖြစ်သူ မြပန်းနွယ်လေးနှင့် ပဌာန်းဆက်၊ ဘဝဆက် နွယ်ယှက်နေသည့် သူခိုးကြီးတောက်ပြားကို လူစွမ်းကောင်းကြီး ဘုရားဒကာကြီးတစ်ယောက်အဖြစ်သာ မြင်ချင်၊ လက်ခံချင်ဟန် တူပါ၏။

ထို့ကြောင့်လည်း အင်းဝရာဇဝင်ထဲမှ သူခိုးကြီးတောက်ပြားနှင့် မရှိခဏဘုရားကြီး၏ သမိုင်းအမှန်၊ ရာဇဝင်ဇာတ်ကြောင်းအမှန်ကိုသာ ရှင်းရှင်းလင်းလင်း သိရှိလိုသဖြင့် လူသူတော်ကြီးဘိုးသြဘာအား မေးမြန်းစူးစမ်းနေခြင်း ဖြစ်ပါသည်။



လူသူတော်ကြီးဦးသြဘာမှာလည်း မောင်ကျော်ပုံ ပြောပြနေသည့် ရာဇဝင်ထဲတွင် အမှန်တကယ်ရှိခဲ့သော လူစွမ်းကောင်းသူခိုးကြီးတောက်ပြားအကြောင်းကို ကြားသိရသောအခါ မျက်လုံးများပင်ပြူးကာ အကြီးအကျယ်ပင် တုန်လှုပ်အံ့သြသွားပါလေ၏။

''ဘုရား . . . ဘုရား . . . ဒီလို မဟုတ်တမ်းတရား ပါးစပ်ရာဇဝင်တွေကို မောင်ကျော်ပုံ ဘယ်လိုများ သိခဲ့ ကြားခဲ့ရတာလဲကွယ်၊ အင်းလေ . . . မင်းတို့ရဲ့ ကျောက်လောကဆိုတာကလည်း စီးပွားရေးနဲ့ ငွေကြေးအမြတ်အစွန်းသာ အဓိကထားပြီး တွက်ချက်နေရတဲ့ နယ်မြေဆိုတော့လည်း သမိုင်းတို့, ရာဇဝင်တို့ဆိုတာ ဘယ်မှာသိပ်ပြီး အဓိကထားကြမှာတဲ့လဲကွယ်၊ ဟိုလူပြော, ဒီလူပြောနဲ့ ခရီးသွားဟန်လွှဲ သိလိုက်, ကြားလိုက်, ဖတ်လိုက်ရတဲ့ သမိုင်းတစ်ဝက်တစ်ပျက်, ရာဇဝင်ကမောက်ကမတွေက ငါတို့ရဲ့ အထွတ်အမြတ်ထားအလေးဂရုပြုကြရမယ့် တကယ့်သမိုင်းအစစ် သမိုင်းအမှန်တွေကို ပျက်စီးသွားစေတော့တာပေါ့ကွယ်''

''ဒီလိုဆိုရင် ကျွန်တော် သိခဲ့ကြားခဲ့ရတဲ့ သူခိုးကြီးတောက်ပြားရဲ့ ရာဇဝင်သမိုင်းဟာ တကယ့်သမိုင်းအစစ် မဟုတ်ဘူးပေါ့နော် အဘ''

''ဘယ်ကလာဟုတ်ရမှာလဲ မောင်ကျော်ပုံရယ်၊ သတိုးမင်းဖျားဆီမှာ တောက်ပြားဟာ နတ်ကသာ မိဖုရားကို တောင်းခံမယ့် တကယ်လက်တွေ့ဘဝမှာ သူ ကွယ်လွန်တိမ်းပါးသွားတဲ့အခါ ဘယ်နန်းတွင်းသူ, ဘယ်အမျိုးသမီးနဲ့မှ အိမ်ထောင်မပြုခဲ့ပါဘူး မောင်ကျော်ပုံရယ်၊ နောက်ပြီး သတိုးမင်းဖျားဘုရင်ကြီးဟာ လူစွမ်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

တွေကို နှစ်သက်မြတ်နိုးတဲ့ ဘုရင်တစ်ပါးမို့ တောက်ပြားကိုလည်း ရွှေတိုက်စိုးဆိုတဲ့ရာထူး ချီးမြှင့်ပေးခဲ့ပြီး အပါးတော်မှာပဲ ခစားခိုင်းခဲ့တာပါ၊ အင်း . . . နောင်ဖြစ်ပေါ်လာမယ့် တိုက်ပွဲကြီးတွေမှာ အမှုတော်ထမ်းဖို့ဆိုပြီး ညည်ရှယ်ချက်ကောင်းကောင်းနဲ့ သူ့ရဲကောင်းတွေ၊ လူစွမ်းလူစရှိတဲ့သူတွေကို သီးသန့် ချီးမြှောက်ထားခဲ့တာပါကွယ် . . .။

ဒါကြောင့်လည်း သက္ကရာဇ် (၅၂၈)ခုနှစ်မှာ ပုန်ကန်ထကြွခဲ့တဲ့ တောင်တွင်းကြီးက သူပုန်သူကန်တွေကို သူခိုးတောက်ပြားကို ဗိုလ်မှူးအရာခန့်အပ်ပြီး နှိမ်နင်းတိုက်ခိုက်စေခဲ့တာကလား၊ နောက်နောင်မှာလည်း ထောင်ထားခြားနားတဲ့ သူပုန်သူကန်တွေ ပုန်ကန်ထကြွတိုင်း လူစွမ်းကောင်းကြီးတောက်ပြားကိုပဲ သင့်တော်တဲ့ရာထူးကြီးတွေ ချီးမြှင့်ပြီး တိုက်ခိုက်နှိမ်နင်းစေခဲ့တာဟာ သတိုးမင်းဖျားရဲ့ လူစွမ်းကောင်းတွေကို ချီးမြှင့်မြှောက်စားတတ်တဲ့ အကျိုးကျေးဇူးတွေကြောင့်ပဲ မဟုတ်လား . . .။

အဲဒီလို တောက်ပြားဟာ အမှုတော်ကို ဦးခေါင်းခံမြည့် ထမ်းရွက်ခဲ့တာကြောင့် အင်းဝဘုရင် သတိုးမင်းဖျားကိုယ်တိုင် ထိုက်ထိုက်တန်တန် မြှောက်စားချီးမြှင့်ခဲ့လို့ အင်းဝနေပြည်တော်ကြီးမှာပဲ သက်ဆုံးတိုင် နေထိုင်သွားခဲ့ရတယ်ဆိုတာ ရာဇဝင်သမိုင်းတွေမှာ အခိုင်အမာရေးထိုးထားခဲ့ကြတာပေါ့၊ ယခုအချိန်ထိ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ဟောဒီတံတားဦးနယ်မြေထဲမှာပဲ ခမ်းနားကြီးကျယ်လှတဲ့ ပြာသာဒ်ဆောင်ဖောက်ထားတဲ့ အုတ်ဂူကြီးမှာ လူစွမ်းကောင်းကြီး ရွှေတိုက်စိုးဘွဲ့ရ သူခိုးကြီး တောက်ပြားရဲ့ရုပ်ကြွင်းကို ဂူသွင်းသင်္ဂြိုဟ်ထားခဲ့တာ အခုချိန်ထိတောင် အထင်အရှားရှိနေဆဲပါ မောင်ကျောက်ပုံရယ်''

လူသူတော်ကြီးဘိုးသြဘာမှာ တစ်ခေတ်တွင် တစ်ယောက်



အင်းဝရာဇဝင်တွင် သူခိုးကြီးတောက်ပြားဟူသော အမည်နာမဆိုးဖြင့် ကျော်ကြားခဲ့သည်မှန်သော်လည်း အင်းဝဘုရင် သတိုးမင်းဖျား၏ ဉာဏ်အမြော်အမြင်ကြီးမှုကြောင့် ရွှေတိုက်စိုးဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည့် လူစွမ်းကောင်းတောက်ပြား။ မရှိခထာဘုရားခေါ် မဟာယက်ထာဘုရားကြီး၏ ဘုရားဒကာကြီး ဦးတောက်ပြား၏ ကောင်းသတင်းများကို ချီးကျူးထောပနာပြုနေပါလေ၏။

မောင်ကျောက်ပုံခမျာမှာလည်း ယခုမှပင် သက်ပြင်းမောကြီးကို ချနိုင်ပါတော့သည်။ သူ့အယူအဆမှာလည်း သမီးငယ်လေးနှင့် ပါရမီဆက်၊ ပဋ္ဌာန်းဆက်ကြီးခဲ့သော သူခိုးတောက်ပြား၊ ဂန္ဓာရ ကြောင်မျက်ရှင်လက်စွပ်၊ မရှိခထာဘုရား စသည်တို့၏ အတိတ်သမိုင်းကြောင်းလှပကောင်းမွန်ခဲ့ပါမှ ယခု အနာဂတ်ခရီးကြောင်းတွင် လျှောက်လှမ်းရမည့် သမီးငယ်လေး၏ ဘဝခရီးမှာလည်း ကောင်းမွန်အေးချမ်းနိုင်လိမ့်မည်ဟု လက်ခံယုံကြည်နေခြင်းကြောင့်ပင် ဖြစ်ပါ၏။

ထိုနေ့က မရှိခထာဘုရားတွင် လူသူတော်ကြီးဦးသြဘာနှင့် မောင်ကျောက်ပုံတို့နှစ်ယောက်မှာ ကြောင်မျက်ရှင်ခေါ် ကြောင်အမြဲတေနှင့် သူခိုးကြီးတောက်ပြားအကြောင်းတို့ကို ပြောဆိုဆွေးနွေးကြရင်း တစ်နေကုန်သွားခဲ့ပါတော့သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရစာစု (၉)

## မြပန်းနွယ်၏ ငယ်ဘဝပုံရိပ်များ

မြပန်းနွယ် . . . သို့မဟုတ် . . . ။

ထူးခြားသော တိုက်ဆိုင်မှုပေါင်းများစွာဖြင့် လူ့ဘဝထဲသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပါသော မိန်းကလေးငယ်တစ်ဦး။ အထူးသဖြင့် 'မြပန်းနွယ်' လေးကို မွေးဖွားသည့်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင်ဝင်လာသော စိန်ပွင့်ကြီးတစ်ပွင့်မှ စတင်၍ မောင်ကျောက်ပုံနှင့် မမင်းဘုံတို့၏ လုပ်ငန်းကိုင်ငန်းများမှာ သိသိသာသာ ထူးခြားတိုးတက်လာသည်မှာ မယုံချင်နိုင်စရာပါပင်တည်း။

"ဘယ်လိုလဲ ကိုကျောက်ပုံ . . . အခုတစ်လော ကျောက်ကောင်းကျောက်ကြီး၊ ပွင့်ကြီးကျောက်တွေဟာ မြို့တွင်းက တာ့ပွဲတွေဆီကို ရောက်မလာကြတော့ဘဲ ဘယ့်နှယ်လုပ်ပြီး ခင်ဗျား တစ်ဦးတည်းမှာပဲ ချွန်ပြီးရောက်နေရတာလဲဗျ။ ကြည့်တော့ ကိုကျောက်ပုံ မိုးကုတ်ဘိုးဘိုးကြီးနဲ့များ ပဋ္ဌာန်းဆက်ကြီးခဲ့သလားဗျာ . . . ဟင်း ဟင်း ဟင်း"



"ဟာ . . . မဟုတ်ကဟုတ်ကတွေတော့ ပြောရေးမယ် မင်းနိုင်ရယ်၊ အပွင့်ကြီးတွေက သူ့လမ်းကြောင်းနဲ့သူ သွားနေကြတာပါ။ တစ်ခုပဲရှိတယ် . . . လေလံကနေ ရလာတဲ့ အထုပ်လိုက်ကို အထုပ်လိုက်ပဲ လေလံရတဲ့လူဆီက အမြတ်ပေးပြီး ယူကြတာရှိတယ်၊ ဆိုပါတော့ဗျာ . . . သူများတွေက သိန်း(၁၀၀)နဲ့ရသွားပေမဲ့ ကျောက်ထုပ်ကို ကိုယ်က (၉၈)သိန်းနဲ့ပေးမိလို့ လက်လွှတ်သွားခဲ့ရတာမျိုးတွေပေါ့၊ အဲဒီနေရာမှာ အရေးကြီးတာက ဆုံးဖြတ်ချက်မှန်ဖို့နဲ့ မျက်စိကောင်းရင်ကောင်းသလောက် သူများရသွားတဲ့ ကျောက်ထုပ်ကို ဈေးပိုပေးပြီး အချင်းချင်း ပြန်ပြီးယူကြရာက အပွင့်ကြီးတွေ ရသွားခဲ့တာလည်း ရှိတာပေါ့ မင်းနိုင်ရယ်"

ကိုကျောက်ပုံက မိုးကုတ်တာပွဲတန်းမှ သူငယ်ချင်းဖြစ်သူ မင်းနိုင်၏ ကောက်ချက်ချစကားကို ပြန်လည်၍ ရှင်းပြနေခြင်းဖြစ်ပါ၏။

"အိုကွာ . . . ဘာပဲဖြစ်ဖြစ် ဒီအပတ်ထဲမှာ မင်း ကံထနေတာတော့ အမှန်ပဲ သူငယ်ချင်း၊ ကြည့်တော့ မဟုတ်မှလွဲရော . . . မင်းရဲ့သမီးလေး မွေးလာတဲ့အချိန်ကစပြီး မင်းရဲ့ကံဇာတာ တက်လာတာဆိုတော့ ဒီသမီးလေးဟာ မင်းတို့ကို အကျိုးပေးမယ့်ကလေးပဲ ကျောက်ပုံရေ . . ဟင်း . . ဟင်း"

မင်းနိုင်နှင့်အတူပါလာသည့် သူငယ်ချင်းအောင်ကောင်းကလည်း ဤရက်ပိုင်းအတွင်း ကျောက်ကြီးအပွင့်ကြီးများနှင့်ပတ်သက်၍ ကံထနေသော သူငယ်ချင်းကျောက်ပုံအား သမီးလေးနှင့်အတူပါရှိလာသည့် ကံကောင်းခြင်းလက်ဆောင်များအကြောင်းကို အားတက်သရော ပြောပြနေပြန်ပါသည်။

"ဟိုးတစ်လောကလည်း ဘာကြာသေးလို့ . . . ဘယ်လိုမှ အရောင်းအဝယ်မဖြစ်နိုင်တဲ့ ပစ္စည်းတစ်ခုကို တာ့ပွဲပေါ်မှာ အမှတ်တမဲ့

www.burmeseclassic.com

www.burmeseclassic.com

တင်ထားတုန်း သူ့သမီးလေးက ဆွဲကိုင်သော့ကစားသလိုနဲ့ ကိုင်ကြည့်မိလိုက်တယ်လေ၊ အဲဒါနဲ့ ကျောက်ပုံက သမီးလေးကို ပွေ့ချီလိုက်ပြီး သမီးလေးလက်ထဲက ပစ္စည်းလေးကို ပြန်ယူလိုက်တယ်၊ အဲ . . အင်း . . ထူးဆန်းလိုက်တာကွာ၊ ဘယ်လိုမှ ဈေးမတည့် အရောင်းအဝယ်မဖြစ်လို့ ထပြန်တော့မယ့်ဝယ်လက်က ဘယ်လိုကဘယ်လို စိတ်ပြောင်းသွားတာလဲမသိဘူး . . . ချက်ချင်း အဲဒီပစ္စည်းကို လုံးဝ ဈေးမဆစ်တော့ဘဲ ယူသွားလို့ ငါတို့တောင် အံ့သြနေခဲ့ရတယ် မင်းနိုင်ရေ”

အောင်ကောင်းနှင့် မင်းနိုင်တို့ ပြောမည်ဆိုလျှင်လည်း ပြောစရာပင်။ ထိုနေ့က ပစ္စည်းကောင်းကောင်းလိုချင်သည်ဆိုသော ဝယ်လက်ကို အောင်ကောင်းက မောင်ကျောက်ပုံထံသို့ ခေါ်လာခဲ့သည်။ ဖြစ်ချင်တော့ ပြီးခဲ့သည့်ရက်ကမှ အပွင့်ကြီးများနှင့် ကျောက်ကြီးများကို ထုတ်ပြီးချိန်မို့ မောင်ကျောက်ပုံ၏လက်ထဲဝယ် ပစ္စည်းကောင်းများ သိပ်မကျန်တော့။

လာဝယ်သည့် ဝယ်လက်က ပတ္တမြားအစင် လိုချင်သည်။ သူ့တွင် ပတ္တမြားအစင်ရှိပြီးသားများက အပွင့်သေးတွေချည်းသာ ကျန်နေ၏။ အကြီးတော့ ရှိသည် . . . သို့သော် ထိုအပွင့်ကြီး၏ ကျောက်ကြီးက ပတ္တမြားအစင်မဟုတ်။ ဂေါ်စားဖြစ်နေပါ၏။ ထို့ကြောင့် အောင်ကောင်းကို မျက်ရိပ်ပြကာ အတွင်းခန်းထဲသို့ ခေါ်လာခဲ့သည်။

“အဲဒါမှ ပြဿနာပဲ အောင်ကောင်းရေ . . . ငါ့ဆီမှာရှိတဲ့ ပတ္တမြားအစင်တွေက အပွင့်သေးတွေပဲ ကျန်တော့တယ်ကွ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် . . . ကျောက်ကြီးအပွင့်ကြီးဆိုရင်တော့ ဂေါ်စားတော့ ရှိတယ်၊ ငါကိုယ်တိုင်မီးပေးပြီး စိတ်ကြိုက်ပြုပြင်ထားတာကွ၊ ဂေါ်ထုတ်ပစ်လိုက်ပြီး လုံးဝအစင်လုပ်ယူပြီးသား၊ မင်း လူကြိုက်ရင် ပြကြည့်လိုက်ပေါ့၊ ဈေးကတော့ ငါမပြောချင်ဘူး . . . မင်း သင့်သလို



ပြောကြည့်လိုက်”

“အေးလေ . . . မင်းကိုယ်တိုင် စင်ပြီးသားဆိုရင်တော့ ငါစိတ်ချတယ်၊ ဝယ်လက်ကို ပြကြည့်လိုက်မယ်လေ . . . ကဲတရေးပဲပေါ့ကွယ်”

ဤသို့ဖြင့် အောင်ကောင်းခေါ်လာသည့် ဝယ်လက်အား ဂေါ်ထုတ်ပြီး ပတ္တမြားအစင် ကျောက်ကြီးသုံးလေးပွင့်ကို ပြကြည့်ကြသည်။ ထိုအထဲမှ တစ်ပွင့်ကို ဝယ်လက်ကသာ သဘောကျသည့်ထင့်။ ဈေးစကား ပြောကြသည်။ အောင်ကောင်းက မောင်ကျောက်ပုံနှင့် ခေါင်းချင်းဆိုင်၍ ဈေးဖြတ်သည်။

အောင်ကောင်းဖြတ်သော ဈေးနှုန်းက မောင်ကျောက်ပုံပင် ထင်မှတ်မထားသည့် အမြင့်ဆုံးဈေး ဖြစ်နေသည်။ သို့သော် အောင်ကောင်းအား လွှဲအပ်ထားပြီးပြီမို့ မောင်ကျောက်ပုံ စကားတစ်ခွန်းမျှ မဟပါလေတော့။ စိတ်ထဲမှာတော့ ထင်နေမိသည်။ အောင်ကောင်းခေါ်သောဈေးသည် မြင့်လွန်းသည်။ အလုပ်မဖြစ်နိုင်ဟု သိနေသည်။ ထင်သည့်အတိုင်းပင် ဝယ်လက်တို့ ခေါင်းခါ၍ နေရာမှထကြပြီ။

ထိုအချိန်တွင် . . .

“ဖေဖေရေ . . . ဖေဖေရေ . . .”

သမီးလေးမြပန်းနွယ် ညှိခန်းအတွင်းသို့ တကြော်ကြော်ခေါ်ရင်း ပြေးဝင်လာကာ စားပွဲပေါ်မှ မသိမ်းဆည်းရသေးသည့် ပတ္တမြားဘူးလေးကို ဆွဲယူကိုင်လိုက်သည်။

“ဟဲ့ ဟဲ့ . . . သမီးလေး . . . ဘယ်လိုဖြစ်လို့ ဖေဖေ့ဆီ ပြေးဝင်လာရတာလဲကွဲ့၊ ပေး ပေး . . . ဖေဖေ့ကို ပတ္တမြားဘူးလေးပေးနော် သမီး”

သမီးလေးမှာ ပတ္တမြားဘူးလေးကို ကစားစရာတစ်ခုသဖွယ်

www.burmeseclassic.com

www.burmeseclassic.com

လှည့်ပတ်ကိုင်ကြည့်နေပြီးမှ သူ့အားပေ့ရိုထားသည့် ဖခင်ကြီး၏ လက်ထဲသို့ ရှောရှောရှူရှူပင် ပြန်၍ပေးလိုက်ပါ၏။

ထိုတဒင်္ဂမျှသော အချိန်လေးအတွင်းမှာပင် အရာအားလုံးသည် ထင်မှတ်မထားဘဲ မယုံကြည်နိုင်ဖွယ်ကောင်းလောက်အောင်ပင် ပြောင်းလဲသွားပါလေတော့သည်။

စောစောပိုင်းက ဆိုဖာထက်ကထ၍ ပြန်ကြမည့်ဟန် ပြင်ဆင်နေကြသည့် ဝယ်လက်များသည် မည်ကဲ့သို့ စိတ်ပြောင်းသွားကြလေသည် မသိ။ စားပွဲဝိုင်းတွင် အသီးသီးပြန်၍ထိုင်ကြကာ မောင်ကျောက်ပုံလက်တွင်းမှ ပတ္တမြားဘူးကိုပြန်တောင်း၍ ကြည့်ကြပြန်သည်။ အတန်ကြာမျှ ကြည့်ရှုစစ်ဆေးပြီးကြသည်နှင့် . . .

"ကိုင်း . . . ကိုအောင်ကောင်းပြောတဲ့ဈေးနဲ့ပဲ ဖြတ်ကြတာပေါ့၊ ဒီကျောက်ကို ကျုပ်တို့ယူမယ် ကိုကျောက်ပုံ"

ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက်ကြားလိုက်ရသော စကားကြောင့် မောင်ကျောက်ပုံနှင့် အောင်ကောင်းတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ မည်သို့မျှ မဖြစ်နိုင်သည့်ဈေးကို ဝယ်လက်များက တစ်ပြားမှဈေးမဆစ်ဘဲ ငွေပေးချေသွားကြခြင်းမှာ ပတ္တမြားဘူးလေးကို သမီးလေးမြပန်းနွယ် လက်များဖြင့် ထိတွေ့ခွင့်ရလိုက်ခြင်းကြောင့်လေလား။ သို့တည်းမဟုတ် သမီးငယ်လေးနှင့်အတူ ပဋ္ဌာန်းဆက်တစ်ခုဆီက ကံကောင်းခြင်းလက်ဆောင်များ ပါလာခဲ့လေသလား ဆိုသည်ကိုတော့ မည်သူမျှ မသိနိုင်ကြပါချေပြီတည်း။

မည်သို့ပင်ဖြစ်စေ အယူသီး အစွဲကြီးလှသော ကျောက်လောက၏ ထုံးစံအတိုင်းပင် မောင်ကျောက်ပုံတို့ဇနီးမောင်နှံမှာ ကျောက်အရောင်းအဝယ်တစ်ခုဖြစ်တိုင်း သမီးလေးမြပန်းနွယ်လက်နှင့်ထိတွေ့ကိုင်တွယ်စေပြီးမှ ယင်းကျောက်ကို လက်လွှတ်သော



ဖလေ့အကျင့်ကောင်းတစ်ခု ရရှိသွားခဲ့ပါသည်။

ထိုကဲ့သို့သောဖြစ်စဉ်များကို လေးငါးကြိမ်ခန့် ကြုံတွေ့လာခဲ့ရသောအခါမှာတော့ မောင်ကျောက်ပုံတို့လင်မယားမှာ သမီးငယ်လေးမြပန်းနွယ်ကို လက်ကမချ၊ ရင်ခွင်မှမခွာဘဲ တယုတယနှင့် ပိုးမွေးသလို မွေးမြူစောင့်ရှောက်လာခဲ့ကြပါတော့သည်။

ဤသို့ဖြင့် မြပန်းနွယ်လေးမှာ လေးနှစ်ကျော် ငါးနှစ်သမီးအရွယ်သို့ ရောက်ရှိလာခဲ့ပါသည်။ မောင်ကျောက်ပုံတို့ဇနီးမောင်နှံမှာ သမီးငယ်လေး၏ နှစ်စဉ်နှစ်တိုင်း ကျရောက်ခဲ့သော မွေးနေ့မွေးရက်များတွင် အလှူဒါနများနှင့် ကုသိုလ်ကောင်းမှုများကို လုပ်ကိုင်ဆောင်ရွက်ပေးလေ့ရှိပါသည်။

ယခုနှစ်တွင်မူ သမီးလေးမြပန်းနွယ် ငါးနှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်ဖြင့် သီးသီးသန့်သန့် ပြုလုပ်ပေးချင်သဖြင့် လင်မယားနှစ်ယောက် ဧည့်ခန်းတွင် ခေါင်းချင်းဆိုင်လျက်ရှိ ကြပါ၏။

"ကိုကျောက်ပုံ . . . ကျွန်မတို့မှာ ဒီသမီးလေးမွေးလာမှ အရောင်းအဝယ်လုပ်ငန်းအာက်မှာရော၊ စီးပွားရေးဘက်မှာရော ထူးထူးခြားခြားကို တိုးတက်လာခဲ့တယ်နော်၊ အဲဒါ အခုလာမယ့် တန်ဆောင်မုန်းလပြည့်နေ့ဆိုရင် သမီးလေး ငါးနှစ်တင်းတင်းပြည့်ပြီ ကိုကျောက်ပုံ"

"အေးလေ . . . ဟိုတစ်လောက အဘနဲ့တွေ့လို့တောင် ကိုယ့်ကို သတိပေးလိုက်သေးတယ်၊ ဟင်း ဟင်း . . မင်းက စီးပွားရေးဘက်မှာ နာမည်လေးတစ်လုံးရလာတော့ သတိလက်လွှတ်ဖြစ်သွားမှာစိုးလို့ ပြောရတာတဲ့လေ . . ဟင်း ဟင်း"

"အင်း . . . ဟုတ်တယ်နော်၊ သမီးလေးတောင် ဘာလိုလိုနဲ့ အဘဘိုးသြဘာရဲ့ အုပ်ထိန်းပဲ့ပြင်လာမှုအောက်မှာ ငါးနှစ်နီးပါးတောင်

www.burmeseclassic.com

www.burmeseclassic.com

ရှိလာပေါ့လားရှင်၊ ကျွန်မလည်း အဲဒါ ရှင့်ကိုပြောမလို့ အဘအစီအွာန် ဝင်လေ့ရှိတဲ့ ကျောက်ဂူကြီးနဲ့ မလှမ်းမကမ်းမှာ မြေပြန့်ကွက်လပ်ကြီး တစ်ခုရှိတယ်၊ အနုရုဒ္ဓါချောင်နဲ့လည်း သိပ်မဝေးဘူးလေ၊ အဲဒီမြေ ကွက်လပ်ရဲ့အပေါ် ကုန်းကမူပေါ်မှာလည်း ရှေးဟောင်းဘုရားတစ်ဆူ ကလည်း ရှိနေတော့ အဲဒီမြေပေါ်မှာ မွှာရုံကြီးတစ်ဆောင် ဆောက် လုပ်ပြီး သမီးလေးနာမည်နဲ့ လှူဒါန်းချင်လို့ ရှင့်ကိုတိုင်ပင်တာ ကို ကျောက်ပုံ''

မမင်းဘုံမှာ ဖနီးမယားကောင်းတစ်ဦး ဖြစ်သည်။ လင် ယောက်ျားဖြစ်သူ ကိုကျောက်ပုံမှာ မိုးကုတ်သားစစ်စစ် စီးပွားရေး သမားတစ်ဦး ဖြစ်စေကာမူ ဥပုသ်နေ့တစ်နေ့ကိုတော့ (ခရီးထွက် ရခြင်းများမရှိလျှင်) လုပ်ငန်းခွင်မှ အနားယူစေခဲ့သည်။

စင်စစ်မူ စစ်ကိုင်းသူ စစ်ကိုင်းသားများမှာ သာသနာ့နယ် မြေနှင့် အနီးကပ်နေထိုင်ကြသူများပီပီ သာသနာဘာသာအရေးတွင် သူတကာထက် ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ကြသလောက် လိုက်နာကျင့်ကြံကြသူများ ဖြစ်သည်။

အထူးသဖြင့် ဝါတွင်းကာလများဆိုလျှင် သာသနာအရေး ကိစ္စများကို ပိုမို၍ အလေးထားလုပ်ကိုင်လေ့ရှိကြပါ၏။ အခါကြီး ရက်ကြီးများနှင့် လပြည့်လကွယ် ဥပုသ်သီတင်းနေ့များတွင် လုပ်ငန်း ကိုင်ငန်းများကို ရပ်နားကြသောအလေ့ ရှိကြသည်။

ထိုသို့သောနေ့များတွင် လူငယ်လူလတ်ပိုင်းများက ဘာသာ ရေးလုပ်ငန်းများဖြစ်ကြသည့် ဆွမ်းဆန်စိမ်းများ လှည့်လည်ခံယူကြခြင်း နှင့် ဘာသာရေးပွဲများ လုပ်ကိုင်ကြသလို လူကြီးများနှင့် သက်ကြီးရွယ် အိုများကလည်း ဘုရားကျောင်းကန်များသို့သွားရောက်ကာ ဥပုသ်သီ တင်းသီလ ဆောက်တည်ကြသည်မှာ အလေးထားမြတ်နိုးစရာ မြင်မှာ့



မလေ့စရိုက်တစ်ခုပင် မဟုတ်ပါလား။

ယခုလည်း မမင်းဘုံမှာ လင်ယောက်ျားဖြစ်သူ အလုပ်နား သည့် ဥပုသ်နေ့တစ်နေ့တွင် သမီးလေးနှင့် ပတ်သက်သည့် ဘာသာ ရေးလုပ်ငန်းကြီးတစ်ခု ပြုလုပ်ကြရန် အသိပေးတိုင်ပင်နေခြင်း ဖြစ်ပါ သည်။

''ဩော် ... မင်းဘုံရယ် ... အခုလို လုပ်ငန်းမှာရော, စီးပွား ရေးမှာပါ တိုးတက်လာခဲ့တာဟာ ငါတို့သမီး မြပန်းနွယ်လေးကြောင့် ဆိုတာ မင်းရောငါရော အသိဆုံးပဲဟာ၊ တချို့ကိစ္စတွေမှာ ငါ့ကို စောင့်ပြီး တိုင်ပင်မနေပါနဲ့၊ မင်းရဲ့စိတ်ကြိုက်သာ အဘဘိုးသြဘာနဲ့ တိုင်ပင်ပြီးတော့ သမီးလေးအတွက် ကောင်းမှုကုသိုလ်တွေကို စိတ် ချမ်းသာစွာနဲ့ လုပ်ဆောင်ပါကွယ် ...၊

အခု အနုရုဒ္ဓါချောင်နားမှာ မွှာရုံကြီးတစ်ဆောင် ဆောက် လုပ်လှူဒါန်းချင်တယ် မဟုတ်လား၊ ငါဖြစ်စေချင်တာကို ပြောရရင် အခုလာမယ့် တန်ဆောင်မုန်းလပြည့် သမီးလေးရဲ့မွေးနေ့အမီ ပြီးစီး ချင်တယ် မင်းဘုံ၊ အဲဒါ အဘဦးသြဘာနဲ့တိုင်ပင်ပြီး အမြန်ဆုံးသာ အကောင်အထည်ဖော်ပါတော့ကွယ်''

သမီးလေးအတွက်နှင့် ကုသိုလ်ကောင်းမှု ဘာသာရေးလုပ် ငန်းများတွင် အမြဲတမ်း နောက်တွန့်လေ့မရှိသော မောင်ကျောက်ပုံတို့ ဖနီးမောင်နှံမှာ သူတို့၏ အဘဆရာသမား လှူသူတော်ကြီး ဘိုးသြ ဘာနှင့် တိုင်ပင်ကာ အနုရုဒ္ဓါချောင်အနီးတွင် မွှာရုံကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းလိုက်ကြပါတော့သည်။

ထို့အပြင် စစ်ကိုင်းတောင်ရိုးတွင်လည်း မြပန်းနွယ်ဟူသော သမီးလေး၏အမည်နာမကို ကမ္ပည်းထိုး၍ ဘုန်းကြီးကျောင်း၊ သီလရှင် ကျောင်းများသို့ ဆွမ်းဆန်အိတ်များ လှူဒါန်းခြင်း၊ ဆေးဝါးပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခြင်းအမှုတို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြပါသေးသည်။

“သာဓုကျွန်ုပ် သာဓု သာဓု . . အခုလို ဘာသာ သာသနာမှာ အထောက်အပံ့ဖြစ်စေတဲ့ ပစ္စည်းလေးပါးတွေ လှူဒါန်းရတဲ့ အကျိုးက သမီးလေးမြပန်းနွယ်အတွက် အထောက်အကူ ရပါလိမ့်မယ်ကွယ်၊ ငါတို့ဘုရားရှင်လက်ထက်တော်တုန်းကတောင် ခုနစ်ရက် အတွင်းမှာ သေဆုံးရမယ်ဆိုတဲ့ အိမ်ရှေ့စံ မင်းသားငယ်တစ်ပါးတောင် မှ ကုသိုလ်ဒါန ကောင်းမှုအစုစုတွေနဲ့ ပဌာန်းကံတွေ ဆက်ပေးခဲ့လို့ အသက်ဘေးကနေ လွှန်မြောက်ခဲ့တဲ့ သာဓကသက်သေတွေ ရှိခဲ့သေးတာပဲကလား . . . ၊

အခုလည်း သမီးလေးအတွက် ရည်စူးပြီးပြုလုပ်ခဲ့ကြတဲ့ ကုသိုလ်ဒါနတွေဟာလည်း လွဲချော်တိမ်းစောင်းသွားမယ့် သမီးလေး မြပန်းနွယ်ရဲ့ ကံဇာတာကို အနည်းနဲ့အများဆိုသလို ထိန်းကျောင်းကာကွယ်သွားနိုင်ပါလိမ့်မယ် မင်းဘုံရယ်”

လူသူတော်ကြီးဘိုးသြဘာမှာ တန်ဆောင်မုန်းလပြည့်နေ့ကစပြီး ပြီးမြောက်အောင်မြင်ခဲ့သော မွှာချုံကြီးတစ်ဆောင်နှင့် သမီးလေးအတွက် ရည်စူး၍ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့အတွက် မောင်ကျောက်ပုံနှင့် မမင်းဘုံတို့အား သာဓုခေါ်ပေးခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် လူသူတော်ကြီးဘိုးသြဘာမှာ သမီးလေးမြပန်းနွယ်အတွက် ဘေးဆီးရန်ကာဆိုသလို ဘုရားယတြာတချို့ကို မောင်ကျောက်ပုံတို့လင်မယားအား လိုအပ်လျှင် လိုအပ်သလို ခိုင်းစေလေ့ရှိသည်။ တချို့ကိစ္စရပ်များတွင် မမင်းဘုံ မသိသင့် မသိအပ်သည့် အရာများကို မောင်ကျောက်ပုံအား ခေါ်ယူ၍ တိုးတိုးကျိတ်ကျိတ်သာ စီစဉ်လုပ်ကိုင်ပေးခဲ့သည် ဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ . . . ရွှေမရှားငွေမရှားဖြင့် ရွှေဘုံပေါ်တွင် ရွှေဖိနပ်ကို ရုပ်တိုက်စီးပြီး ရွှေသရဖူဆောင်းနိုင်သည်အထိ စည်းစိမ်ဥစ္စာများ ပြည့်စုံကြွယ်ဝခဲ့ပါသော်လည်း အတိတ်ဝဋ်ကြွေးကံ ပါလာသဖြင့် အချင်းမျက်နှာဖုံးစွပ်နှင့် စောရနက္ခတ်တွင် ယှဉ်၍ မွေးဖွားလာခဲ့ရရှာသည့် မြပန်းနွယ်။

အင်းဝခေတ်ရာဇဝင်မှ လူစွမ်းကောင်း သူခိုးကြီးငတက်ပြားကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့သော မဟာယက္ခဘုရားခေါ် မရှိခဏဘုရားတွင် ကမ္မဇလေခ၍ သိဒ္ဓိအစုံပြီးမြောက်သော ‘ကြောင်မျက်ရှင်’ လက်စွပ်ကလေးကို ပဌာန်းဆက် ပါရမီဆက်နှင့် အိပ်မက်နိမိတ်ထူးများမှတစ်ဆင့် ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါသော မြပန်းနွယ်။

‘ဤသို့သော အတိတ်ကံကြမ္မာနိမိတ်ထူးများဖြင့် ရရှိပိုင်ဆိုင်လာခဲ့သော ဂန္ဓာရကြောင်မျက်ရှင်လက်စွပ်ကလေးကြောင့် ရှေ့အနာဂတ်တွင် ဖြစ်တည်ပုံဖော်လာမည့် မြပန်းနွယ်၏ ထူးခြားသောကံကြမ္မာလမ်းကြောင်းသည် . . .

အချုပ်ဆိုရပါမူ တန်ဆောင်မုန်းလပြည့်ည (၁၂)နာရီတိတိတွင် စောရနက္ခတ်ခေါ် သူခိုးနက္ခတ်နှင့်ယှဉ်၍ မွေးဖွားလာခဲ့ရသော ဓာရကြောင်မျက်ရှင်လက်စွပ်ပိုင်ရှင် မြပန်းနွယ်လေး၏ ရှေ့အနာဂတ်ဝခရီးသည် မည်သည့်ကံကြမ္မာလမ်းကြောင်းပေါ်တွင် မည်ကဲ့သို့လျှောက်လှမ်းရမည်ဆိုသည်ကိုတော့ မည်သူမျှ မခန့်မှန်း မတွေးဆတတ်နိုင်ပါချေပြီတည်း။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com





ဂမ္ဘီရစာစု (၁၀)

## သိဒ္ဓိဝင်ကြောင်မျက်ရှင်နှင့် စမပြန်ဂါထာတော်ကြီး

ထိုနေ့နံနက်က မမင်းဘုံတို့တစ်အိမ်သားလုံး များယာခတ်
လှုပ်ရှားကုန်ကြရသည်။ ဖြစ်ချင်တော့ မောင်ကျောက်ပုံမှာ ထိုနေ့မှ
စောစောမှာပင် အလုပ်ကိစ္စတစ်ခုနှင့် ပြင်ဦးလွင်ဘက်သို့ ထွက်သွားခဲ့
သည်။ မောင်ကျောက်ပုံထွက်သွားပြီး မကြာမီမှာပင် အကောင်းပကတိ
ရှိနေသည့် သမီးငယ်မြပန်းနွယ်လေးမှာ ရုတ်တရက် ကိုယ်ပူရှိန်တက်
လာကာ အဖျားဝင်လာခဲ့ခြင်းဖြစ်ပါတော့။

"ဘုရား ဘုရား … ကိုကျောက် လည်းမရှိဘူး၊ ဟဲ့ မိသ
… မိသက် … မြို့လယ်ကဆရာဝန်လေးဆီကို မောင်အေး နဲ့လို
သွားပြီး အမြန်ဆုံး ပင့်လာခဲ့စမ်း"

မမင်းဘုံတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်က
သွေးရူးသွေးတန်းနှယ် ဖြစ်နေပါတော့။ သမီးလေးမှာ မွေးဖွားလာ
ကတည်းက ချူချာခြင်းမရှိ။ ဖျားနာခြင်းလည်း သိပ်မကြုံခဲ့ဖူးသဖြ
ယခုကဲ့သို့ ရုတ်တရက်ပြောင်းလဲသွားသည့် သမီးလေး၏ကျန်း

ရေးကြောင့် စိတ်ပူပန်သွားမိခြင်း ဖြစ်သည်။

မြို့လယ်ဆေးခန်းမှ သူတို့၏ မိသားစုဆရာဝန်လေး
ဒေါက်တာကျော်စွာ ရောက်ရှိလာခဲ့သည့်တိုင် သမီးလေးမြပန်းနွယ်မှာ
အပူမကျဘဲ တက်မလိုချက်မလို ဖြစ်နေသဖြင့် ဒေါက်တာကျော်စွာ
ကိုယ်တိုင် ဆေးထိုးဆေးတိုက်ပြုလုပ်ပေးပါ၏။ သို့သော် မည်သို့မျှ
ထူးခြားမလာသဖြင့် နောက်ဆုံး မန္တလေးဆေးရုံကြီးသို့ပင် တင်ပို့ကြ
ရပါတော့သည်။

ထိုအကြောင်း မောင်ကျောက်ပုံသိရှိသွားသည့်အခါမှာတော့
ချာချာလည် ရူးသွပ်လုခမန်း ခံစားသွားရပါသည်။ တစ်ညနေလုံး
တစ်ညလုံး သမီးလေးအပါးမှ တစ်ဖဝါးမှ မခွာပါလေတော့။ သူတို့၏
ဆရာသခင် လူသူတော်ကြီး ဘိုးသြဘာပင် မနေနိုင်၊ မောင်ကျောက်ပုံ
ကိုယ်တိုင် ကားနှင့်သွားရောက်ပင့်နိုင်းသဖြင့် ဘိုးသြဘာကိုယ်တိုင်
လိုက်ပါလာခဲ့ရသည်။

ဘိုးသြဘာကိုယ်တိုင်ပင် မျက်စိမျက်နှာမကောင်းလှ။ သို့
သော် ဆေးရုံပေါ်မှာဆိုတော့ မည်သို့မျှ မေးမြန်းစူးစမ်း၍မကောင်း
သဖြင့် မောင်ကျောက်ပုံ နှုတ်ဆိတ်နေရသည်။

"ကဲ … ရော့ မင်းဘုံ … ဟောဒီရေမန်းလေးကို သမီး
လေးပါးစပ်ထဲကို ဝင်အောင် ဂရုစိုက်ပြီး တိုက်ပေးလိုက်ပါ၊ သိပ်ပြီး
တော့လည်း စိတ်သောကရောက်မနေပါနဲ့ကွယ်၊ သတ္တဝါရယ်လို့ ဖြစ်
တည်လာတာနဲ့ သုခဒုက္ခဆိုတာ သံသရာလည်သလို ကြုံတွေ့နေကြ
ရတာကလား၊ တစ်ရက်နှစ်ရက်ဆိုရင် သက်သာသွားပါလိမ့်မယ်"

ဘိုးသြဘာမှာ သမီးလေးမြပန်းနွယ်အား ရေမန်းတိုက်ပေးပြီး
အဖျားအတော်ကြောင့် မိန်းမောနေရှာသည့် မြပန်းနွယ်၏လက်ကလေးကို
အသာအယာ မယူလိုက်သည်။ ပြီးလျှင် လက်သူကြွယ်၌ဝတ်ဆင်

www.burmeseclassic.com

ထားသည့် 'ကြောင်မျက်ရှင်လက်စွပ်' ကလေးကို သူ၏လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ကာ တစ်စုံတစ်ရာကို မျက်စိမှိတ်လျက် အတန်ကြာမျှ ရွတ်ဆိုနေပါ၏။

"အင်း ... မစိုးရိမ်ပါနဲ့ မောင်ကျောက်ပုံ၊ ဆေးရုံမှာဆိုတော့ ဆရာဝန်ကြီးတွေနဲ့ နီးနီးကပ်ကပ်ရှိတာပေါ့၊ အရေးကြုံလာရင် ဆေးဝါးကအစ ပြည့်စုံနေတော့ အဘာစိတ်ထင် တစ်ရက်နှစ်ရက်လောက်ပဲ ဝေဒနာခံစားရမှာပါကွယ်"

ထိုနေ့က လူသူတော်ကြီး၏ မျက်နှာရိပ်မျက်နှာကဲနှင့် စကားပြောဆိုနေပုံများကိုကြည့်ကာ မောင်ကျောက်ပုံ သိပ်အားရကျေနပ်မှု မရှိပါ။ သူ၏ဆရာသခင် ဘိုးသြဘာ၏ရင်တွင်းဝယ် လျှို့ဝှက်သော အကြောင်းအရာတစ်ခုကို မျှသိပ်ထားပုံရသည်။ ထိုအရာသည် သမီးလေးနှင့် မည်သို့သက်ဆိုင်နေမည်နည်း။

ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ကာ ရွတ်ဆိုနေသည့် အဘာဘိုးသြဘာ၏မျက်နှာက သိပ်မကြည်လင်၊ တစ်စုံတစ်ရာကို စိုးရွံ့နေဟန်ရှိသည်။ ထို့ကြောင့် နောက်တစ်နေ့နံနက် သမီးငယ်လေး အနည်းငယ်သက်သာလာသည်နှင့် မမင်းဘုံအား တိုးတိုးတိတ်တိတ်အသိပေးကာ စစ်ကိုင်းတောင်ရှိ အန ရုဒ္ဓါချောင်ရှိရာသို့ ကားကိုကိုယ်တိုင်မောင်းနှင်၍ ထွက်လာခဲ့ပါတော့သည်။

သူတွေ့ချင်လှသော လူသူတော်ကြီးဘိုးသြဘာကို ဘုရားခန်းတွင် အဆင်သင့်တွေ့လိုက်ရသဖြင့် မောင်ကျောက်ပုံ အတန်ငယ် စိတ်အေးသွားရပါ၏။

"အချိန်ကိုက်ကို ရောက်လာတာပဲ မောင်ကျောက်ပုံ အကယ်၍များ မောင်ကျောက်ပုံ ရောက်မလာခဲ့ဘူးဆိုရင်လည်း ဒီကို



ကို အဘာကိုယ်တိုင် ဆောင်ရွက်ရမှာပဲလေ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကာယကံရှင်တစ်ဦးဦးကိုယ်တိုင် လုပ်ဆောင်မယ်ဆိုရင်တော့ ထိရောက်မှုပိုရှိတာပေါ့ကွယ်"

"ခင်ဗျာ ... ကျွန် ... ကျွန်တော် ရောက် ... ရောက်လာမယ်ဆိုတာ အဘာ ... အဘာ .. ကြိုပြီး .. သိ ... သိနေသလိုပါလား"

အဘာဘိုးသြဘာ၏ စကားများကြောင့် မောင်ကျောက်ပုံ အံ့အားသင့်ကာ ပြန်လည်၍ပင် မေးခွန်းထုတ်လိုက်မိပါ၏။ ယခုမှပင် ဘုရားစင်ရှေ့မှ ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် အဆင်သင့်စိုက်ထူထားသော ဖယောင်းတိုင်ကြီးငါးတိုင်၊ အမွှေးတိုင်များနှင့် ရေခွက်ငါးခွက်ကို မောင်ကျောက်ပုံ တွေ့မြင်လိုက်ပါ၏။

"ဟင်း ... ဟင်း ... ဟင်း ... ကိုယ့်တပည့်အကြောင်းကို ကိုယ်သိတာပေါ့ကွယ်၊ မနေ့က အဘာရဲ့အမူအရာနဲ့ အပြောအဆိုတွေကိုကြည့်ပြီး မောင်ကျောက်ပုံရဲ့စိတ်ထဲမှာ အားမရဘူးဆိုတာ အဘာ သိတာပေါ့ကွယ်၊ ဒါပေမဲ့ မမေးသင့်မမေးအပ်တဲ့နေရာမို့ အဘာကို မင်း ဘာမှမမေးနိုင်ခဲ့ဘူး မဟုတ်လား၊ ဒီနေ့မနက်ဆိုရင် သမီးလေး မြန်းနွယ်ဟာ ဆေးအရှိန်နဲ့ရယ်၊ အဘာရွတ်ဖတ်ခဲ့တဲ့ 'စမဂါထာပြန်' တန်ခိုးနဲ့ပါကြောင့် သက်သာလာလိမ့်မယ်၊ အေး ... အဲဒီအခါကျရင် မနေ့က မမေးဖြစ်ခဲ့တဲ့ မေးခွန်းတွေမေးဖို့ အဘာဆီကို မောင်ကျောက်ပုံ ရောက်လာမယ်ဆိုတာ ..."

"ဪ ... အဘာရယ် ... ဒီလောက်တောင် ကျွန်တော်တို့ အပေါ်မှာ ဂရုတစိုက်ရှိလှချည်လားခင်ဗျာ၊ ဟုတ်ပါတယ် အဘာ ... မနေ့ကတည်းက ကျွန်တော် အဘာကိုမေးချင်နေတာပါ၊ အဘာရဲ့ ရင်ထဲမှာ တခြားသူမသိစေချင်တဲ့ လျှို့ဝှက်ကိစ္စတစ်ခု ရှိနေပြီလို့ ကျွန်တော့်စိတ်ထဲမှာ သိနေလို့ပဲ အဘာ၊ အဲဒီလျှို့ဝှက်တဲ့ကိစ္စရပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့သမီးလေး မြပန်းနွယ်အတွက် သိပ်ပြီးအရေးကြီးနိုင်မယ့် လို့လည်း ယူဆမိတာနဲ့ မင်းဆီကို တိုးတိုးတိတ်တိတ်မှာချီပြီး အဘဆီကို ရောက်အောင်လာခဲ့တာပါ ခင်ဗျာ''

မောင်ကျော့ပုံမှာ သူတို့မိသားစုအပေါ် ... အထူးသဖြင့် သမီးငယ်လေးအပေါ်တွင် ဂရုတစိုက်ရှိလွန်းလှသော လူသူတော်ကြီး ဘိုးညြဘာကို ပိုမို၍ လေးစားသွားမိပါလေ၏။

''မောင်ကျော့ပုံကို အဘပြောခဲ့သားပဲကွယ်၊ သိဒ္ဓိဝင် ကျောက်မျက်ရတနာတွေတိုင်းဟာ သူ့ရဲ့အစွမ်းသတ္တိနဲ့ သူ့ရဲ့ဂုဏ်သိဒ္ဓိ ထူးတွေ ရှိနေကြတာချည်းပဲကွဲ့၊ အထူးသဖြင့် သမီးလေးရဲ့လက်မှာ စွပ်ထားတဲ့ 'ကြောင်'မျိုးဟာ အဘစိတ်ထင် စခေဗဝသိဒ္ဓိပါပြီးတဲ့ ကြောင် နက်အမြှုတေဖြစ်ဖို့ပါ များသွားပြီ၊ အဲဒီကြောင်နက်ရှင်အမြှုတေဟာ အစွမ်းသိဒ္ဓိထူးတွေ မြူးလာပြီဆိုရင် ကောင်းကျိုးလည်းပေးတတ်သလို ဆိုးကျိုးတွေကိုလည်း ယူဆောင်လာလေ့ရှိတယ်၊ ရှင်းအောင်ပြောရရင် သုခပေးတာရှိသလို ဒုက္ခပေးတာမျိုးလည်း ဖြစ်လာတတ်တယ် မောင်ကျော့ပုံ''

''ဟင် ... ဒီ ... ဒီ ... ဒီလိုဆိုရင် အ ... အခု သ ... သမီးလေး သေကောင်ပေါင်းလည်း အဖျားကြီးခဲ့တာဟာ ဒီ ... ဒီ ... ဒီလက်စွပ်ကြောင့်ပေါ့ ... ဟုတ်လားအဘ၊ ဒါ ... ဒါဆိုရင် ဒီ ကြောင်မျက်ရှင် လက် ... လက်စွပ်ကလေး မ ... မရှိတော့ရင်ကော အဘ ... ဟင်''

သည်တစ်ကြိမ်တော့ ဘိုးညြဘာက ချက်ချင်းမဖြေသေးဘဲ ပြင်လက်စ,ကန့်တော့ပွဲထဲသို့ ဆေးကွမ်းယာ၊ အောင်သပြေ ... စသည်တို့ကို ဂရုတစိုက် ထည့်နေပါလေ၏။ အတန်ကြာမှ ...

''အင်း ... အဲဒီလို အလွယ်တကူလုပ်ပစ်လို့လည်း မဖြစ် သေးဘူးကွဲ့၊ နောက်ပြီး တစ်ခုသတိထားရမယ့်အချက်က အဲဒီကမ္ဘာ့ရ ကြောင်မျက်ရှင်လက်စွပ်ကလေးဟာ သမီးလေးမြပန်းနွယ်ရဲ့ ကြီးမား လှတဲ့ ပဋ္ဌာန်းဆက်ပစ္စည်းဆိုတာလည်း မေ့ပစ်လို့မရဘူးကွဲ့၊ ဒါပေမဲ့ အဲဒီစခေဗဝကြောင်နက်အမြှုတေကို 'စခေဗဝ'စမဂါထာပြန်နဲ့ ပြန်ပြီး အုပ်ပေးလိုက်မယ်ဆိုရင်တော့ သမီးလေးမြပန်းနွယ်အတွက် အဟန့် အတား စည်းလေးတစ်ခုတော့ ဖြစ်သွားတာပေါ့ကွယ်''

ယခုမှပင် လူသူတော်ကြီးဦးညြဘာ၏ဘုရားခန်းမှ ကန့်တော့ ပွဲများနှင့် အစီအရင်များများကို မောင်ကျော့ပုံ နားလည်သဘော ပေါက်သွားရပါတော့သည်။

ဘိုးညြဘာက ကန့်တော့ပွဲများကို နေသားတကျစီစဉ်ပြီး သည်နှင့် မောင်ကျော့ပုံနှင့် မျက်နှာချင်းဆိုင် တင်ပျဉ်ခွေလျက် ထိုင်လိုက်ပါ၏။

ထို့နောက် ကွမ်းအစ်ကြီးထဲမှ ကွမ်းရွက်နှစ်ရွက်ကိုထုတ်ယူ ၍ ထုံးအနည်းငယ်ဖြင့် ကွမ်းရွက်များကို သုတ်လိမ်းလိုက်သည်။ ပြီးလျှင် ကွမ်းသီးခြမ်းစေ့လေးများကို လေးငါးစိတ်ခန့်ထည့်ကာ လက်မ တက်ခန့် ဗမာဆေးများကို ဖြတ်ထည့်လိုက်ပြီး တစ်ယာကို သူကိုယ်တိုင် ဝါးသည်။ ကျန်တစ်ယာကို မောင်ကျော့ပုံအား လှမ်းပေးရင်း စကား ကိုဆက်လိုက်ပါ၏။

''အမှန်တော့ 'စမလေးလုံး'ဂါထာပြန်ကို သမီးလေးမြပန်း နွယ်ရဲ့ သက်စေ့ရွတ်ဖတ်သရဇ္ဈာယ်ပေးရမှာကွဲ့၊ ဒီနေရာမှာ မောင် ကျော့ပုံ နားရှင်းအောင်ပြောရရင် 'စခေဗဝ' ဆိုတဲ့ 'စမ'ကြီး လေး လုံးဂါထာဆိုတာရှိသလို၊ စမကြီးလေးလုံးရဲ့ ဂါထာပြန်ဆိုတာလည်း ရှိတယ်ကွဲ့၊ အဲဒီစမလေးလုံးဂါထာပြန်ကို ရွတ်ဖတ်ပြီး ကျင့်ကြံ များမယ်ဆိုရင် ကျန်းမာရေး စီးပွားရေးစတဲ့ လောကီအကျိုးစီးပွား

www.burmeseclassic.com

ခံစားရသလို လောကုတ္တရာသာသနာအတွက်ရော နှစ်ဖြာသော အကျိုး ကျေးဇူးတွေ ရလာလိမ့်မယ် မောင်ကျော်ကပ်ပုံ''

ထို့နောက်မှာတော့ လွန်စွာမှ လှသိနည်းလှသည့် 'စမ လေးလုံးဂါထာတော်ကြီး' နှင့် 'စမဂါထာပြန်' ဟူသော ဂါထာနှစ်ပိုဒ်ကို ပါဠိရော,အနက်ပါ လူသူတော်ကြီးဘိုးသြဘာက မောင်ကျော်ကပ်ပုံအား နှုတ်တိုက်အာဂုံဆောင်စေပါတော့သည်။

(စကားချပ်–'စမလေးလုံးဂါထာတော်'နှင့် 'စမပြန်ဂါထာ တော်' နှစ်ပုဒ်ကို ဤဝတ္ထု၏ နိဂုံးပိုင်းတွင် ပါဠိရော,အနက်ပါ ပြန်ဆို၍ ဖော်ပြထားပါသည်။ စာဖတ်သူတို့ နှစ်သက်သဘောကျပါက သက်ဆိုင် ရွတ်ဖတ်သရဇ္ဈာယ်၍ ပွားများကျင့်ကြံခြင်းဖြင့် ကျန်းမာရေး၊ စီးပွားရေး လောကီလောကုတ္တရာနှစ်ဖြာ ကြွယ်ဝချမ်းသာနိုင်ကြပါစေသတည်း.. စာရေးသူ)

''ဒီမှာမောင်ကျော်ကပ်ပုံ 'စ' ဆိုတဲ့စကားလုံးဟာ အရမ်းကို အရေးပါတယ်ကွဲ့၊ လူ့ဘဝမှာ ဘာကိုပဲလုပ်လုပ် အစ,မကောင်းခဲ့ရင် အနှောင်းမသေချာနိုင်ဘူးလေ၊ အဲဒီတော့ အစ,ကောင်းအောင် လုပ်ရ မယ်၊ 'စိတ်' ကို အရင်ဦးဆုံး လေ့ကျင့်ပေးရမယ် မောင်ကျော်ကပ်ပုံ''

''အေး ... အဲဒီလိုပဲ 'မ' ဆိုတဲ့စကားလုံးဟာလည်း အရေး ပါတာပဲ၊ 'မ' ဆိုတဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးရမယ်၊ အဲဒီစိတ်ဓာတ် ဆိုတာကြီး ကျ,မသွားဖို့လိုတယ်၊ ရှင်းရှင်းပြောရရင် ကိုယ့်ရဲ့နဂိုမူလ ဓာတ်ခံကောင်းဖို့ အများကြီးလိုအပ်တယ်၊ မင်းတို့ခေတ်စကားနဲ့ပြောရ ရင် ဓာတ်အားကောင်းဖို့လိုတယ်၊ နောက်ပြီး ဓာတ်အားများများလည်း ကိုယ့်မှာဖြည့်နေဖို့ လိုတယ်နော်''

''အဲဒီအခါမှာ 'ဗ' ဆိုတဲ့စကားလုံးဟာ အစလည်းကောင်းပြီ ဓာတ်အားလည်း ပြည့်ဝနေပြီဆိုရင် 'ဗ' ဆိုတဲ့ ဗိုအားများများ၊ ဗိုအား



ပြီးပြီးနဲ့ လည်ပတ်ပေတော့ မောင်ကျော်ကပ်ပုံရေ၊ နောက်ဆုံးမှာ တော့ အဲဒီလိုကျင့်ကြံလုပ်ကိုင်လာတဲ့ လူတစ်ယောက်ဟာ 'ဝ' ဆိုတဲ့ ကျန်းမာရေး စီးပွားရေးတွေဟာ ကြွယ်ဝပြည့်စုံလာပြီး ဘဝရဲ့ကံကြမ္မာ လမ်းကြောင်းပေါ်မှာ ဘေးအန္တရာယ်ကင်းဝေးစွာနဲ့ လျှောက်လှမ်းနိုင် မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ မောင်ကျော်ကပ်ပုံ''

ဤသို့ဖြင့် လူသူတော်ကြီးဘိုးသြဘာ ပြောပြရှင်းပြနေသည့် 'စမဗဝ' နှင့်ပတ်သက်သော အမြင်သဘောများကို မောင်ကျော်ကပ်ပုံ စိတ်ဝင်စားစွာဖြင့် နားထောင်ရင်း သူကိုယ်တိုင် သမီးလေးမြပန်းနွယ် ၏ကိုယ်စား ရွတ်ဖတ်သရဇ္ဈာယ်ရမည့် 'စမပြန်' ဂါထာတော်ကြီးကို နှလုံး သွင်း၍ နေပါတော့သည်။

ထိုနေ့က လူသူတော်ကြီး ဘိုးသြဘာနှင့်အတူ ဘုရားစင် ရှေ့တွင် တစ်နာရီနီးပါးမျှ 'စမဂါထာပြန်တော်' ကြီးကို ရွတ်ဖတ်သရဇ္ဈာယ် ခြင်း၊ သမီးလေးမြပန်းနွယ်အတွက် ကုသိုလ်ဒါနများ ဆက်၍ပေးခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်ပြီးစီးမှ အနုရုဒ္ဓါချောင်မှ မောင်ကျော်ကပ်ပုံ ပြန်လာခဲ့ပါတော့သည်။

ထိုအချိန်သည် နေ့လယ်တစ်နာရီခွဲသာသာခန့် ရှိပြီဖြစ်ပါ၏။ မန္တလေးဆေးရုံကြီးသို့ မောင်ကျော်ကပ်ပုံ ပြန်ရောက်လာသောအချိန် မှာတော့ သမီးငယ်မြပန်းနွယ်လေးမှာ စိုးရိမ်ရသောအခြေအနေမှ အောင်မြင်စွာကျော်ဖြတ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းကောင်း ကြား လိုက်ရပါတော့သတည်း။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## ဂမ္ဘီရစာစု (၁၁)



### သုခနှင့်ဒုက္ခအကြား ဗျာများနေသူတစ်ယောက်

ဤသို့ဖြင့် မြပန်းနွယ်လေးမှာ လူသူတော်ကြီးဘိုးသြဘာ၏ 'စမပြန်ဂါထာတော်'တန်ခိုးကြောင့် သေမင်းနှင့် အလူးအလဲ စစ်ခင်းခဲ့ရသည့် နေ့ရက်များမှ လွတ်မြောက်လာခဲ့ပါ၏။

ကလေးသူငယ်များ၏အသည်း ပန်းနှင့်တူ၏ဆိုသောစကားမှာ မှန်သည်ဟု ဆိုရမည်။ ပန်းကဲ့သို့ပင် ညှိုးလွယ်၊ လန်းဆန်းလွယ်ပါ၏။ ယခုလည်း ဆေးရုံမှဆင်းလာသည်မှာ ရက်ပေါင်းနှစ်ဆယ်ပင် မပြည့်တတ်သေး။ မြပန်းနွယ်လေးမှာ နဂိုမူလအသားအရေအတိုင်း ဖိုပြည့်ဝဖြိုး၍ အလှများပင် တိုးလာခဲ့သည်ထင့် . . .။ စကားတီတီတာတာနှင့် သွက်လက်ချက်ချာ၍ ပို၍ပင် ချစ်ဖွယ်ကောင်းလာသည်။

မိခင်ဖြစ်သူ မမင်းဘုံ နှုတ်တိုက်အာဂုံသင်ပေးနေသည့် 'စမပြန်ဂါထာတော်'ကြီးကို မရအရ ကျက်မှတ်ရွတ်ဆိုနေပါ၏။

"အဟဲ . . . တပည့်တော်သည်၊ ဝရဲ . . . မြတ်သော၊ လာဘသိဒ္ဓိ သံယုတ္တလာဘ်ကိုပြီးစီးခြင်းနှင့် ယှဉ်စပ်ထသော . . ."



မြောက်နှစ်သမီးအရွယ်တစ်ယောက်၏စာအံသံ၊ စာရွတ်သံလေးများက မောင်ကျောက်ပုံနှင့် မမင်းဘုံတို့၏ အိမ်ဂေဟာထဲတွင် သံစဉ်မညီမညာနှင့် ပွဲတင်စီးမျောလျက်ရှိပါသည်။ နောက်တစ်လကျော်ခန့်အကြာမှာတော့ မိုးကုတ်မြို့မှ အဘိုးအဘွားတို့၏ ဖိတ်ခေါ်မှုကြောင့် မောင်ကျောက်ပုံတို့မိသားစုသုံးယောက် သွားရောက်လည်ပတ်ကြသည်။ မောင်ကျောက်ပုံ၏မိဘများက မိုးကုတ်မြို့မှ ကျောက်သူဌေးများ ဖြစ်ကြသည်။ မြေးငယ်လေး မြပန်းနွယ် အလည်အပတ်ရောက်ရှိနေကြစဉ် မိုးကုတ်မြို့တစ်ဝိုက် လှည့်လည်၍ ပြသကြပါ၏။

"ကိုင်း . . . ဒီနေ့တော့ ဖောင်တော်ဦးဘုရားကို ငါ့မြေးကို ပို့ပေးကြမယ်ဟေ့၊ ပြီးရင် မင်းဘုရားတောင်က ချမ်းသာကြီးဘုရားနဲ့ ကျောက်ပြာသာဒ်ရွာက ကျောက်ပြာသာဒ်ဘုရားတွေဆီမှာ အချိန်ရရင် ပို့ပေးဦးမယ်၊ အပြန်ကျမှ ကျောက်တွင်းတွေဘက်က လှည့်ပြီးပြန်ကြမယ် သမီးရေ"

မောင်ကျောက်ပုံတို့မှာ သမီးငယ်လေး ပျော်ရွှင်ကြည်နူးနေသည်မို့ လွန်စွာမှပင် စိတ်ချမ်းသာနေကြသည်။ ထိုနေ့ညနေခင်း ကျောက်တွင်းများရှိရာသို့ မမင်းဘုံတို့သားအမိအား လိုက်လံပြသကြသည်။ အချိန်က ညနေပိုင်း ကျောက်တွင်းပြန်ချိန်နှင့် တိုက်ဆိုင်သွားသဖြင့် တွင်းကျောတစ်လျှောက် ယောကျ်ားမိန်းမတချို့ အလုပ်သိမ်း၍ ပြန်လာကြသည်ကို တွေ့မြင်လိုက်ကြရပါ၏။

"မေမေရေ ဟိုအနားက လူစုစုနဲ့ ဘာတွေလုပ်နေကြတာလဲဟင်"

သမီးလေးမြပန်းနွယ်က မိခင်ကြီးကိုမေးသဖြင့် မမင်းဘုံက မောင်ကျောက်ပုံထံသို့ စကားလွှဲလိုက်သည်။

"ဩော် . . . အဲဒီအုပ်စုက ကျောက်တွင်းက ပြန်လာကြတဲ့

www.burmeseclassic.com

သူတွေဆီက ပါလာတတ်ကြတဲ့ ကျောက်သေးသေး ကျောက်မွှားလေးတွေကို စောင့်ပြီးဝယ်နေကြတာလေ၊ ဟို 'ကနယ်မြေ' ကို ဆေးလို့ရလာတဲ့ ကျောက်ကလေးတွေရယ်၊ ခနဲ့ဆေးလို့ရလာကြတာတွေနဲ့ တချို့ ခဲစာမှာကပ်ကျန်နေတတ်တဲ့ ကျောက်ကလေးတွေကို စောင့်ပြီး ဝယ်ကြတာလေ သမီးရဲ့"

"ဟင် ... အဲဒါ ဘိုးဘိုးတို့ကျောက်တွင်းထဲကရလာတဲ့ ကျောက်ကလေးမဟုတ်ဘူးလား ဖေဖေ၊ အဲဒီကျောက်ကလေးတွေကို ဘိုးဘိုးတို့က သူတို့ကို ပေးလိုက်တာလားဟင်"

သမီးမြပန်းနွယ်၏ ပေါက်ပေါက်ရှာရှာမေးခွန်းကြောင့် မောင်ကျောက်ပုံ ပြုံးမိလိုက်သည်။ စင်စစ် သမီးမြပန်းနွယ်နှင့် ဇနီးသည် မမင်းဘုံတို့မှာ မိုးကုတ်နှင့်စိမ်းသူများ ဖြစ်ကြသည် မဟုတ်ပါလား။ မိုးကုတ်နှင့်ပတ်သက်သည့် အထူးသဖြင့် ကျောက်လောကနှင့်ပတ်သက်သည့် အတွေ့အကြုံများ လုံးဝမရှိကြသေးသူများ ဖြစ်ကြပါ၏။

"ဟင်း ဟင်း ... ဒီလိုရှိတယ် မင်းဘုံရဲ့၊ ကျောက်တွင်းတွေကနေပြီး တရားဝင်စွန့်ထုတ်လိုက်တဲ့ ရေထဲကနေ ရေအားနဲ့ပါလာတဲ့ ကျောက်အမှုန်အမွှားကလေးတွေကို အမျိုးသမီးတွေက ခနဲ့နဲ့ဆေးပြီး ယူလေ့ရှိကြတယ်၊ ရလည်း ရတတ်ကြပါတယ်၊ ကျောက်တွင်းတွေက မြုန်းဆေး၊ ဆန်ခါတွေပေါက်နေလို့ ဒါမှမဟုတ် ကျဲနေလို့၊ သူတို့တစ်တွေ အကြိမ်ကြိမ်အဆင့်ဆင့် ဆန်ခါချပြီး စစ်ကြသည့်တိုင်အောင် တစ်ခါတစ်ရံတော့လည်း ကံကောင်းကံမ,ဆိုသလို ကျောက်ပွင့်ကြီးကြီးတွေ ရတတ်ကြတာမျိုးလည်း ရှိကြတယ် မင်းဘုံ ...၊

ဒါပေမဲ့ ဒီမှာက စည်းရှိတယ်လေ၊ ခနဲ့ဆေးရာက ရလို့ပဲဖြစ်ဖြစ်, စွန့်ပစ်ခဲတွေက ခဲစာမှာ ကပ်ကျန်နေခဲ့လို့ ရတာမျိုးဖြစ်ဖြစ် ရလာခဲ့တဲ့ကျောက်ဟာ သိန်းကျောက်ဖြစ်နေဦးတော့ တွင်းပိုင်တွေ,



ပေါလန်တွေက ပြန်ပြီးသိမ်းယူခွင့်မရှိဘူး မမင်းဘုံရေ၊ စွန့်ပစ်ပစ္စည်းတွေထဲကနေ သူ့ရဲ့ကံကြောင့်ရတာဆိုပြီး ခွင့်ပြုပေးရတယ်ကွဲ့"

မောင်ကျောက်ပုံက မမင်းဘုံတို့သားအမိအား ရှင်းပြနေစဉ် မြပန်းနွယ်လေး၏ အဘိုးအဘွားတို့ ရောက်ရှိလာကြသည်။

"ဒီသားအမိတတွေ ဘာတွေများ အမေးအမြန်းထူနေကြတာလဲ သားရေ၊ မိုးချုပ်တော့မယ်လေ ပြန်ကြရအောင်၊ ကိုင်း ငါ့မြေးရေ နောက်နေ့ကျမှ အဘိုးကိုယ်တိုင် ဟောဒီမိုးကုတ်တစ်မြို့လုံးကို ပတ်ပြီးလိုက်ပြပေးမယ်၊ ဒီနေ့တော့ ပြန်ကြ,နားကြဦးစို့ကွယ်"

"ဪ ... သမီးလေးနဲ့ မမင်းဘုံတို့ကို ခနဲ့ဆေးတာတို့၊ ခဲစာတို့အကြောင်းကို ရှင်းပြနေတာပါ ဖေဖေ၊ အဖေ့မြေးက သိပ်ပြီးစပ်စုတာ၊ သူသိချင်ပြီဆိုရင် ဖွတ်အတင်း မဖြေမချင်း မေးနေတာ ဖေဖေရေ ဟင်း ... ဟင်း ..."

ခြောက်နှစ်ကျော်ကျော်မျှသာရှိသေးသည့် မြပန်းနွယ်လေးကမူ သူ၏ရှေ့ ခဲစာပုံကြီးထဲမှ ခဲစာအချို့ကို ဟိုကိုင်,သည်ကိုင်နှင့် လှန်လှောကြည့်နေရာမှ အမှတ်မထင် သူ၏လက်သီးဆုပ်နီးပါးခန့်ရှိသော ခဲစာ ခဲတစ်ခဲကို ကောက်ယူလိုက်သည်။ ထို့နောက် ကားဆီသို့ ထွက်ခွာသွားနှင့်ကြပြီဖြစ်သော ဖခင်ကြီးတို့နောက်သို့ မိခင်ကြီး၏ လက်ကိုဆွဲကာ ခဲစာကျောက်ကလေးကို မြှောက်ပင့်ဆော့ကစားရင်း လိုက်လာခဲ့ပါတော့သည်။

ကံကြမ္မာသည် လွန်စွာမှ ထူးဆန်းအံ့သြဖွယ်ရာများကို မမွှ လက်ဆန်ဆန် ပြသတတ်ပါ၏။ ယခုလည်း မြပန်းနွယ် တစ်လမ်းလုံး မြှောက်ကာ,ပင့်ကာဖြင့် ဆော့ကစားလာခဲ့သည့် (ခဲစာကျောက်) ကို အိမ်သို့ရောက်သည်နှင့် မောင်ကျောက်ပုံ အမှတ်မထင် စစ်ဆေးကြည့်လိုက်သည်တွင် သိန်းရာချီတန်သော ပတ္တမြားကျောက်ဖြစ်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com

မယုံကြည်နိုင်ဖွယ် အံ့သြဘနန်း ဖြစ်သွားရပါချေပြီတည်း။

"ဘုရား . . . ဘုရား သမီးလေးရဲ့ကံဇာတာဟာ အပြောင်းအလှည့် အဆစ်အချိုးတွေဟာ မယုံကြည်နိုင်စရာကောင်းလောက်အောင် မြန်ဆန်လွန်းလှပါကလား။ အဘပြောခဲ့တဲ့စကားတွေဟာ သွေးထွက်အောင်ကို မှန်နေတော့တာပဲ မင်းဘုံရေ"

လင်မယားနှစ်ယောက်မှာ သိန်းရာချီတန်သော ပတ္တမြားကျောက်ကြီးကို သမီးငယ်လေး မြပန်းနွယ်မှတစ်ဆင့် ပိုင်ဆိုင်ခွင့်ရရှိခဲ့သည့်တိုင် ကျယ်ကျယ်လောင်လောင် မပြောရဲကြ၊ ပီပီပြင်ပြင်လည်း ဝမ်းမသာနိုင်ခဲ့ကြပါ။ သမီးလေးမြပန်းနွယ်၏ဇာတ်ကြောင်းကို အမှမ်းမကျန် သိရှိထားခဲ့သဖြင့်လည်း တစ်မျိုးတစ်ဖုံ ဖန်တီးလာသည့် ကံကြမ္မာမျက်လှည့်ဆရာကြီးကို ကြိုတင်၍ သွေးလန့်နေကြသည်သို့။

သို့သော် သမီးငယ်၏ လျှို့ဝှက်ဇာတ်ကြောင်းကို မသိရှိသည့် မောင်ကျောက်ပုံ၏မိဘနှစ်ပါးမှာမူ ကံထူးရှင်မြေးမလေး မြပန်းနွယ်လေးကို လက်က,မချပါလေတော့။ သူတို့မိသားစုတွင် ကျောက်နှင့်အကျိုးပေးသည့် မျိုးဆက်သစ်တစ်ယောက် မွေးဖွားလာပြီ၊ နောင်တွင်အဘိုးအဘွားတို့ကိုသာမက မိုးကုတ်တစ်မြို့လုံးရှိ တွင်းပိုင်များ၊ ပေါလန်များပင် မိန့်မိန့်တုန်သွားစေမည့် ကျောက်ဘုရင်မတစ်ပါး ပေါ်ထွက်လာပြီဟုဆိုကာ မြပန်းနွယ်ကို ဖူးဖူးမှုတ်မတတ် ရှိနေပါချေသည်ကော။

"ဟိုးတစ်ခေတ်တစ်ခါက ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို ကြားဖူးနားဝရှိခဲ့ဖူးတယ်၊ အဲဒါက ဘာလဲဆိုတော့ 'ကျောက်ရိုင်းသခင်မ'လို့ခေါ်တဲ့ ကျောက်မှော်အောင်တဲ့ ဘုရင်မတစ်ပါး ရှိခဲ့တယ်တဲ့၊ ခဲစာဖြစ်ဖြစ်, ကျောက်ရိုင်းတုံးတွေပဲဖြစ်ဖြစ် သူ့ရဲ့လက်နဲ့ ကိုင်တွယ်ထိတွေ့ပြီး ယှက်ပေးလိုက်တာနဲ့ အဲဒီကျောက်ရိုင်းတုံးဟာ သောင်းကျောက်၊ သိန်းကျောက်နဲ့ သိန်းရာချီတန်တဲ့ ကျောက်ကြီးတွေ ဖြစ်သွားလေ့ရှိ



တယ်လို့ ငါကြားဖူးတယ်၊ အခု ငါ့ရဲ့တစ်ဦးတည်းသော မြေးမလေး မြပန်းနွယ်ဟာ အဲဒီလို ကျောက်ရိုင်းသခင်မရဲ့ သဏ္ဍာန်မျိုးသာဖြစ်ခဲ့ရင်တော့လား မိုးကုတ်တစ်နယ်လုံးကို ထမင်းရေချောင်းစီး မောင်းတီးပြီး လှူပစ်မယ်ဟေ့ . . . ဟင်း ဟင်း ဟင်း"

မောင်ကျောက်ပုံ၏ဖခင်ကြီးမှာ သူ၏မြေးမလေး၏ ထူးခြားသော ကံကြမ္မာကြောင့် ထူးထူးခြားခြားရရှိလာခဲ့သည့် သိန်းရာချီတန်သော ပတ္တမြားကျောက်ကြီးကို မိုးကုတ်မြို့လယ်ရှိ 'ကျောက်ကုလားဘိုးဘိုးကြီး' နတ်နန်းတွင် 'ပြ'၍ မိုးကုတ်ဘိုးဘိုးကြီးကိုပင် အပ်နှံလိုက်ပါသည်။

ပြီးလျှင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ အုန်းငှက်ပျောပွဲများနှင့် မိုးကုတ်ဘိုးဘိုးကြီးကို ပူဇော်ပသစေခဲ့သည်။

"ဘိုးဘိုးကြီးခင်ဗျား ကျွန်ုပ်၏မြေးတော်လေး မြပန်းနွယ်၏ ပါရမီဆက်ကုသိုလ် ဘိုးဘိုးတို့ကိုယ်တိုင် စောင့်ရှောက်မစတော်မူခဲ့သဖြင့် ယခုကဲ့သို့ စွန့်ပစ်ခဲစာထဲမှ ထူးခြားလှသည့် သိန်းကျော်တန်ကျောက်ကြီးတစ်လုံး အောင်ခဲ့ပါသည်။ ဘိုးဘိုးအားလည်း ပူဇော်ပြီးပါပြီ၊ ကျွန်ုပ်၏မြေးတော်လေး၏ကျန်းမာရေး, စီးပွားရေးစသည့် လူမှုကိစ္စအဝဝအား ဘိုးဘိုးကြီးထံ အပ်နှံပါသည်၊ စောင့်ရှောက်ကူညီပေးတော်မူပါ"

ထို့အပြင် သမီးလေးမြပန်းနွယ်၏ဆန္ဒ၊ မောင်ကျောက်ပုံတို့ဇနီးမောင်နှံတို့၏ အစီအစဉ်ဖြင့် မိုးကုတ်မြို့ ဒီပါရာမကျောင်းတိုက်တွင်လည်း 'မြပန်းနွယ်ကောင်းမှု'ဟု ကမ္ပည်းထိုး၍ မှော်ရုံကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါလေတော့သတည်း။

✥ ✥ ✥

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရစာစု (၁၂)

## သူငယ်ချင်းလေးရဲ့ ကိုယ်ရံတော်သက်တော်စောင့်

မြပန်းနွယ်လေး၏အသက် ခုနစ်နှစ်ကျော် ရှစ်နှစ်အတွင်းသို့ ရောက်ရှိလာချိန်မှာတော့ ကံကြမ္မာလမ်းကြောင်းက တစ်မျိုးတစ်ဖုံ ဖြစ်တည်လာခဲ့ပြန်ပါသည်။ အိမ်နီးချင်းမှဆိုးမကြီးတစ်ယောက်၏ သား ဖြစ်သူ သူမ,ထက် နှစ်နှစ်,သုံးနှစ်ခန့်ကြီးသော မင်းမောင်ဆိုသည့် သူငယ်ချင်းတစ်ယောက် တိုးလာခဲ့ပါသည်။

မင်းမောင်နှင့် အသိအကျွမ်းဖြစ်ရသည်မှာလည်း မမျှော်လင့်ဘဲ ကြုံကြိုက်တိုက်ဆိုင်မှုတစ်ခုကြောင့်ဆိုလျှင် မှားအံ့မထင်ပါ။ ဟုတ်သည်။ မြပန်းနွယ်ကလေးကဲ့သို့ စိန်မရှား, ရွှေမရှား, ငွေမရှားသည့် ရွှေဘုံစံမင်းသမီးလေးတစ်ပါးနှင့် မုဆိုးမအထက်တန်းပြ ကျောင်းဆရာ မတစ်ဦး၏သား 'မင်းမောင်'ဆိုသူနှင့် ဆုံတွေ့ရင်းနှီးနိုင်ခွင့်ရေးက အိပ်မက်မှုပင် မက်ဖို့မလွယ်ပါ။

သို့သော် ကံဇာတ်ဆရာက ဘဝဇာတ်ခုံပေါ်တွင် ချိန်ခွင်လျှာ မညီမျှနိုင်သည့် လူသားနှစ်ဦးကို ဘဝတစ်ဆစ်ချိုးတစ်ကွေ့တွင်



သည်းထိတ်ရင်ဖိုမှု ဆုံတွေ့ခွင့်ပေးခဲ့ပါသည်ဟုဆိုလျှင် . . .

ထိုနေ့က မှတ်မှတ်ရရ ကဆုန်လပြည့်နေ့ သို့မဟုတ် ညောင်ရေသွန်းလောင်းပွဲ အခါတော်နေ့။

ဤကဲ့သို့သော ဘာသာရေးပွဲတော်များက စစ်ကိုင်း၊ မန္တလေး၊ ရွှေကြက်ယက် စသောမြို့ကြီးများတွင် နှစ်စဉ်ပွဲတော်ကြီး အဖြစ်သတ်မှတ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိခဲ့သည်မှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် ဖြစ်ပါ၏။ နီးစပ်ရာ မြို့ငယ်၊ ရွာငယ်လေးများမှ လှေ၊ လှည်း၊ သမ္ဗန်၊ မော်တော်များနှင့်လည်းကောင်း၊ မီးရထား၊ ကားများဖြင့်လည်းကောင်း၊ နီးစပ်ရာ ဘုရား ညောင်ရေသွန်းလောင်းပွဲသို့ လာရောက်လေ့ရှိကြသည်။ ထိုအထဲတွင် စစ်ကိုင်းမြို့နှင့် ဧရာဝတီမြစ်သာခြားသည့် 'ရွှေကြက်ယက်, ရွှေကြက်ကျ' ကြက်မင်းမောင်နှံဘုရားပွဲက ပိုမိုကြီးကျယ်စည်ကားသော ဘုရားပွဲကြီးဖြစ်ပါ၏။

ထိုရွှေကြက်ယက်, ရွှေကြက်ကျဘုရားမှ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးသို့ မမင်းဘုံတို့မိသားစုမှာလည်း နှစ်စဉ်မပျက် လာရောက်ဖူးမြော်နေကြဖြစ်သည်။ သို့သော် ဤနှစ်မှာမူ မိုးကုတ်ဘက်သို့ လုပ်ကိုင်စွဖြင့် ခရီးထွက်သည့် မောင်ကျော်ဘုံမှာ ကဆုန်လပြည့်နေ့အမီ ပြန်လည်၍ မရောက်ရှိလာခဲ့ပါ။ သို့အတွက်ကြောင့် မမင်းဘုံမှာ သမီးလေးနှင့်အတူ အိမ်မှအခြွေအရံများဖြစ်ကြသည့် ဒေါ်သက်တို့ ညီအစ်မနှစ်ယောက်ကို အဖော်ပြုကာ ဧရာဝတီတစ်ဖက်ကမ်းရှိ ရွှေကြက်ယက်ညောင်ရေသွန်းပွဲတော်သို့ ထွက်လာခဲ့ကြပါ၏။

ရွှေကြက်ယက်ဘုရားပွဲမှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များနှင့် ကြက်ပျံမကျ စည်ကားနေချိန်တွင် ရောက်ရှိသွားကြသဖြင့် ကားရပ်ရန်နေရာကိုပင် မနည်းရှာယူကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟူး ... မလွယ်ဘူး မိသက်ရေ သမီးလေးကို ဘုရား
လည်းဖူးရင်း ညောင်ရေသွန်းတာတွေလည်း ပြရင်းမို့လို့သာ ထွက်
လာခဲ့တာ၊ ဒီလောက် လူတွေကျိတ်ကျိတ်တိုးစည်ကားမှန်းသိရင်
မလာတော့ပါဘူးဟယ်"

"လာ ... လာ ... မမ ... ရင်ပြင်ပေါ်မှာ လူတွေက
ပြည့်လျှံနေပြီ၊ အေးအေးလူလူထိုင်ကြရအောင် မြစ်ကမ်းနဖူးက ရွှေ
ကြက်ကျဘုရားကုန်းတော်ပေါ်ကို သွားကြမယ်၊ ကိုင်း ... လာ
သမီးလေးမြပန်းနွယ် ဒေါ်ကြီးလက်ကိုဆွဲထား မြဲမြဲကိုင်ထားနော်
သမီး"

ဤသို့ဖြင့် ဆိုင်းသံ၊ မုံသံ၊ လူသံများနှင့် ဆူညံနေသည့်
ကဆုန်ညောင်ရေသွန်းအဖွဲ့များအနီးမှ ဖယ်ခွာ၍ ရွှေကြက်ကျ ဘုရား
ကြီးကုန်းပေါ်သို့ တက်လာခဲ့ကြပါတော့သည်။ ကဆုန်ညောင်ရေသွန်း
ပွဲလှည့်ချိန်နီးပြီမို့ အောက်ဘက်ဘုရားအဝင်လမ်း မတန်းတစ်လျှောက်
လွန်စွာမှစည်ကားရှုပ်ထွေးလျက် ရှိပါပြီ။ ထို့ကြောင့် ထင်ပါ၏။ ရွှေ
ကြက်ကျဘုရားကန်းပေါ်တွင် အနည်းငယ် လူရှင်းလျက်ရှိသည်
မမင်းဘုံမှာ သမီးငယ်လေးနှင့်အတူ ရွှေကြက်ကျဆုတောင်းပြည့်ဘုရား
ကြီးအား အေးအေးဆေးဆေးပင် ဝတ်ပြုဆုတောင်းနေပါသည်။

ရွှေကြက်ကျဘုရားသည် ရောဝတီမြစ်ကမ်းနဖူးထိပ်တွင်
တည်ရှိနေသည်မို့ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေ
အေးလေးများက ဘုရားဖူးသူများ၏ရင်ကို အေးမြလန်းဆန်းစေပါ
"လာ ... သမီးလေး ဒေါ်ကြီးသက်ဆီလာ၊ မေမေ အေး
အေးဆေးဆေး ဘုရားဝတ်ပြုပါစေ၊ မြစ်ကမ်းဘက်ကို သွား
ကြည့်ရအောင်နော်"

မြင်ကွင်းက တစ်မျိုးပြောင်းသွားပါ၏။ မြစ်ကမ်းနဖူး



တွေ့မြင်ရသောမြင်ကွင်းချင်းက တူသော်လည်း ယခုတစ်ကြိမ်မှ ရွှေကြက်ယက်ဘုရားဘက်မှ စစ်ကိုင်းတောင်နှင့် စစ်ကိုင်းတံတားကြီးအား မြင်တွေ့ရသည့်မြင်ကွင်းမျိုးမှ ရုတ်ခြည်းပြောင်းလဲသွားသဖြင့် မြပန်းနွယ်၏စိတ်အာရုံတွင် တစ်မျိုးတဖုံ ခံစားရပါ၏။ များပြားလှသော စေတီပုထိုးများက စစ်ကိုင်းတောင်ပေါ်တွင် ထုံးဖြူဖြူဖွေးလျက်၊ နေခြည်အောက်တွင် စိန်ရောင်,မှန်ရောင် တလက်လက်နှင့်၊ အမြင့်ဆုံးဟုထင်မှတ်ရသော ပတ္တမြားစေတီကိုမူ ခပ်ရေးရေးမျှသာ ဖူးတွေ့နေရပါ၏။

"ဟယ် ... လှလိုက်တာ ဒေါ်ကြီးသက်ရယ်၊ ဒီရွှေကြက်ယက်ဘုရားကြီးပေါ်ကနေ စစ်ကိုင်းတောင်ကိုမြင်ရတာ စိတ်ထဲမှာကို တစ်မျိုးတစ်ဖုံ ခံစားနေရသလိုပဲ၊ ဟင် ... အောက်မှာလည်း ရေချိုးနေလိုက်ကြတာ ပျော်စရာကြီးနော် ဒေါ်ကြီး"

ရွှေကြက်ကျမြစ်ဆိပ်ကမ်းတွင်လည်း ရပ်ဝေးရပ်နီးမှ ရောက်လာကြသော ဘုရားဖူးဧည့်သည်များက တပျော်တပါး ရေချိုးနေကြသည်မှာ မြင်ရသူ၏စိတ်ကိုပင် ကြည်နူးပျော်ရွှင်စေသည့်လေလား။

"ဒေါ်ကြီးရေ ... သူတို့ရေချိုးနေကြတာ ပျော်စရာကြီးနော်၊ သမီး သွားကြည့်ချင်လိုက်တာ၊ လိုက်ပို့ပေးပါနော် ဒေါ်ကြီး"

"ဟာ ... သမီးရယ် ရေချိုးနေတာကိုများ အထူးအဆန်းလုပ်ပြီး ကြည့်ချင်ရတယ်လို့၊ ဟို ... ဟိုလေ မေမေကြီးဘုရားရှိခိုးလို့ပြီးမှ အတူတူသွားကြရအောင်နော်"

မမင်းဘုံမှာ ဘုရားရှိခိုးဝတ်ပြုလျှင် စိတ်အာရုံကိုနှစ်၍ မှဇော်ကန်တော့လေ့ရှိသဖြင့် အနည်းငယ်အချိန်ကြာမြင့်တတ်သည် မဟုတ်ပါလား။ ထိုအကြောင်းပြချက်ဖြင့် မြပန်းနွယ်လေးကို မြစ်ဆိပ်သို့

www.burmeseclassic.com

www.burmeseclassic.com

မသွားစေရန် ချော့မော့နေခြင်းဖြစ်သည်။

"မေမေက ကြာဦးမှာဒေါ်ကြီးရဲ့၊ လာပါ ပန်းနွယ်ကို ခဏလေးပဲ လိုက်ပြပေးပါ ဒေါ်ကြီးရယ် လာ . . . လာပါ"

မြပန်းနွယ်က ဒေါ်သက်ဆိုလျှင် ငယ်နိုင်လို့ဖြစ်နေသကဲ့သို့ ဒေါ်သက်ကလည်း သူ့ဆရာသခင်တို့၏ သမီးငယ်လေးကို အမြဲတစေ အလိုလိုက်လေ့ရှိသည်မို့ မကြာမီ ဒေါ်သက်တို့အဖျားကြီးနှစ်ယောက်နှင့် မြပန်းနွယ်တို့မှာ ရွှေကြက်ကျုံးရာဝတီမြစ်ကမ်းစပ်သို့တိုင် ရောက်ရှိနေကြပါပြီ။

မြပန်းနွယ်မှာ ရေစပ်နှင့်မနီးမဝေး ကျောက်တုံးကြီးထက်ဝယ် ထိုင်၍ မြစ်ရေတွင် တပျော်တပါး ရေချိုးသော့ကစားနေကြသူများကို အားကျကြည်နူးစွာ ငေးမောကြည့်နေပါ၏။

"ပေါး . . . ဟိုး . . . ဝါး . . . ပေါး ဒီကိုလာပော့"

'ဝုန်း . . ဗွမ်း . . ဗွမ်း'

မော်တော်များပေါ်မှနေ၍ ရေထဲသို့ ဒိုင်ဗင်ထိုးချသူများ၊ ခုန်ချသူများ၏ ပျော်ရွှင်စွာ ဟစ်အော်ရယ်မောသံများက မြစ်ကမ်းတစ်လျှောက် ဆူညံလျက်ရှိပါသည်။ ကမ်းခြေတစ်လျှောက် လှပသော ကျောက်စရစ်ခဲငယ်လေးများကိုလည်း မြပန်းနွယ် တွေ့မြင်နေရသည်။ မြစ်ကမ်းတစ်လျှောက် ဖြတ်တိုက်လာသော လေပြည်ညင်းက မြပန်းနွယ်လေး၏ အဖြူရောင်စကပ်ဂါဝန်လှလှလေးကို တဖျပ်ဖျပ်နှင့် ရိုက်ခတ်သော့ကစားနေပါ၏။ မြစ်လေနုအေးကြောင့် ဆံနွယ်စလေးများကလည်း လူးလွန့်လှုပ်ရှားလျက်။

ထိုအချိန်လေးတွင် မြပန်းနွယ်၏စိတ်အာရုံတို့က လွတ်လပ်ပေါ့ပါးစွာ လေဟုန်စီး၍ ပျံသန်းနေသည့် ငှက်တစ်ကောင်နှယ်၊ ထိမ်းချုပ်မှုစိတ်အစဉ်တို့မှာ အသိစိတ်မှ လွတ်ထွက်သွားကြသည့်နှယ်၊



"ဟယ် . . . ဟို . . . ဟိုမှာ ကျောက်စရစ်ခဲလှလှလေးတွေ ရေ . . . ရေစပ်မှာ"

ရုတ်တရက် မြပန်းနွယ်လေးမှာ ကျောက်တုံးထက်တွင် ထိုင်နေရာမှ ရေစပ်သို့ စိတ်မှတ်မဲ့ ပြေးထွက်သွားပါတော့သည်။ ထိုအဖြစ်အပျက်ကို ဘုရားကုန်းထိပ်အပေါ်မှ မိခင်ဖြစ်သူ မမင်းဘုံကလည်း တွေ့မြင်လိုက်ရသည်မို့ အံ့ဩတုန်လှုပ်သွားသည်။

"ဟာ . . . သမီး . . . သမီးလေး"

"ပေါး . . . သမီးပန်းနွယ် . . . ရေစပ်ဘက်ကို မသွားနဲ့လေ မသွားနဲ့"

"အ . . အ . . ဟာ . ."

'ဝုန်း'

မြပန်းနွယ်လေးမှာ ကျောက်စရစ်ခဲလေးများ ကောက်ယူရန် ထ,အပြေး ကမ်းစပ်ကျောက်တုံးထက်မှ ခြေချော်ကာ ရာဝတီမြစ်ထဲသို့ ဝုန်းခနဲ ပြုတ်ကျသွားပါလေတော့သည်။

"ဟာ . . . သ . . . သမီးလေး ရေထဲကျ . . . ကျသွားပြီ၊ လုပ် . . . လုပ် . . . လုပ်ကြပါဦး"

"ဟာ . . . ပန်းနွယ် . . . ပန်းနွယ်လေး ရေထဲကျသွားပြီ . . . ကယ် . . . ကယ်ကြပါဦးရှင် ကယ်ကြပါဦး"

ရုတ်တရက် ကမ်းစပ်တွင် အော်သံဟစ်သံများနှင့် ရှုပ်ထွေးသွားပါသည်။ ဖြစ်ချင်တော့ မြပန်းနွယ်လေး ရေထဲသို့ပြုတ်ကျသွားသောနေရာသည် နာမည်ကျော် ရွှေကြက်ယက်ဝဲကြီးနှင့် မလှမ်းမကမ်းတွင် ဖြစ်နေခြင်းက မမင်းဘုံ၏ရင်ကို ပူလောင်ဆူပွက်သွားစေသည်သို့။ ဘုရားကုန်းထက်မှ အောက်ခြေမြစ်ကမ်းပါးစပ်သို့ မည်သို့မည်ပုံ ရောက်ရှိသွားသည်ကိုပင် မမင်းဘုံ မသိပါလေတော့။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် . . . မမင်းဘုံရှေ့မှ လူငယ်တစ်ယောက် ဖြတ်ပြေးသွားပြီး မြစ်ရေစီးတွင် မြုပ်ချီ ပေါ်ချီဖြစ်နေရှာသည့် မြပန်းနွယ်ထံသို့ ဝုန်းခနဲခုန်ချကာ ကူးခတ်သွားပါလေ၏။

ထိုစဉ်မှာပင် . . . မမင်းဘုံရှိရာသို့ မိသက်တို့ညီအစ်မနှစ်ဦး အပြေးအလွှား ရောက်လာကြသည်။

"မမကြီး . . . မမကြီး . . . ဟို . . . ဟိုမှာ သ . . . သမီးလေး"

"သမီး . . . သမီးရေ . . . မြပန်းနွယ် . . . အ . . . အင့်"

အရေးထဲ မြွေပူရာ ကင်းမှောင့်လေပြီထင့်။ သမီးငယ်လေး၏အဖြစ်ဆိုး ဘုရားကုန်းထက်မှ ဒရာသောပါးပြေးဆင်းလာသည့် အရှိန်နှုန်းတို့နှင့် ရင်တွင်းမှ အပူသောကတို့ပေါင်းဆုံထိတွေ့လိုက်သည့် အချိန်မှာတော့ မမင်းဘုံတစ်ယောက် မိသက်၏ရင်ခွင်ထဲတွင် အပူလုံးဆိုက်ကာ သတိလစ်မေ့မြောသွားပါလေတော့သည်။

ထိုနေ့က မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသည့် အဖြစ်ဆိုးကြီးကို နိဂုံးချုပ်လိုက်တော့ မြပန်းနွယ်လေးနှင့် သူ့အား သက်စွန့်ဆံဖျား ဆယ်ယူပေးခဲ့သည့် မင်းမောင်ဆိုသော လူငယ်လေးတို့ကို စစ်ကိုင်း ဆေးရုံတွင် အရေးပေါ်ကုသပေးနေရသည်။ မိခင်ကြီးမမင်းဘုံမှာလည်း အပူလုံးရိုက်ကာ သတိလစ်မေ့မြောသွားသဖြင့် နေအိမ်မှာပင် ဒေါက်တာကျော်စွာနှင့် ကုသနေရပါ၏။

ထိုအနိဋ္ဌာရုံအဖြစ်ဆိုးကြီးကို မောင်ကျောက်ပုံ သိရှိလိုက်ချိန်မှာတော့ အကြီးအကျယ် ပေါက်ကွဲပါလေတော့သည်။ စိတ်ရင်းရိုးဖြောင့်သူတစ်ယောက်၊ မိသားစုအပေါ် သံယောဇဉ်အကြီးမားဆုံး လူသားတစ်ယောက်၏ပဋ္ဌာမြေလူးခန်းနှင့် ဒေါသမီးတောင် ပေါက်ကွဲမှုက အမြင့်မားဆုံးအရှိန်သို့ ရောက်ရှိနေချိန်တွင် လူသူတော်ကြီး ဘိုးညြဘာ ရောက်ရှိလာခဲ့ပါ၏။



"ဘယ်လိုဖြစ်နေတာလဲ မောင်ကျောက်ပုံ၊ ဒေါသမီးဆိုတာ အရင်ဦးဆုံး ကိုယ့်ကိုယ်ကိုယ် လောင်မြိုက်ပြီးမှ တခြားသူကို လောင်မြိုက်စေတာကွဲ့နော်၊ အင်း . . . ပညာရှိသတိဖြစ်ခဲ့တဲ့၊ ရင်ထဲက သောကနဲ့ ဒေါသကို အသိတရားနဲ့ ထိန်းမှပေါ့ကွယ်"

လူသူတော်ကြီးဘိုးညြဘာ၏ ခရီးရောက်မဆိုက် ဆုံးမစကားအောက်တွင် မောင်ကျောက်ပုံ၏ သောကမီးနှင့် ဒေါသမီးလျှံတို့မှာ တစ်စတစ်စ ငြိမ်းသေခဲ့လေပြီထင့်။ မျက်လုံးအစုံမှ စီးကျနေသော မျက်ရည်စများနှင့် တင်းနေအောင်အံကြိတ်ထားသည့် ဒေါသအပူများက မောင်ကျောက်ပုံ၏နှလုံးသားကို ထုရိုက်ချေမွှက်ထားကြသည်သို့။

"မင်းလို ယောက်ျားရင့်မာကြီးတစ်ယောက်တောင် အဲသလောက် အပူသောကမီးတွေ တောက်လောင်နေမယ်ဆိုရင် မိန်းမသားဖြစ်တဲ့ မင်းဘုံဆိုရင် ပိုပြီးတော့ဆိုးပြီပေါ့ကွယ်၊ အခုဆိုရင် သမီးလေး မြပန်းနွယ်ရော မင်းဘုံတို့ပါ အန္တရာယ်အရိပ်ဆိုးကြီးအောက်က လွန်မြောက်လာကြပါပြီ အေး . . သူတော်ကောင်း နတ်ကောင်းမ,ဆိုသလို သမီးလေးရဲ့အသက်ကို ဝင်ပြီးကယ်တင်ပေးလိုက်တာက မင်းတို့တစ်ဖက်ခြံက ကျောင်းဆရာမကြီး ဒေါ်လှဲ့မွန်ရဲ့သားလေးပဲ၊ အသက်က ရှိလှမှ ဆယ်နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမယ်ထင်တယ်၊ အခုချိန်ထိ ဆေးရုံပေါ်မှာပဲ ရှိသေးတယ်၊ အဲဒါ သမီးလေးဆီဝင်ရင်း သူ့ကိုပါ မင်းတွေ့လိုက်ပါ မောင်ကျောက်ပုံ"

"ဟုတ် . . . ဟုတ်ကဲ့ပါ အဘရယ်၊ ကျွန် . . ကျွန်တော်လည်း ရုတ်တရက်မို့ သမီးဇောနဲ့ သတိလက်လွတ်ဖြစ်သွားခဲ့ရတာပါခင်ဗျာ၊ ကျွန်တော် အခုပဲ ဆေးရုံကိုလိုက်သွားပါ့မယ်"

ဆေးရုံထက်တွင် သမီးလေး၏ ဖြူဖျော့နေသောမျက်နှာသွင်ပြင်လေးက မောင်ကျောက်ပုံ၏နှလုံးသားအစုံကို ခွဲကိုင်ဖျစ်ညှစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်သို့။

"သ ... သမီး ... သမီးလေးရယ် မသေကောင်း မပျောက်ကောင်း ဖေဖေ ရင်ထိတ်လိုက်တာကွယ်၊ အခုရော နေရတာ သက်သာပြီလားဟင်"

သမီးငယ်၏နံဘေးတွင် ကြောက်လန့်စိုးရိမ်မှုမျက်နှာများဖြင့် မောင်ကျော်ကိုကို ကြည့်နေကြသည့် မိသက်တို့ညီအစ်မကို မမင်းဘုံကပင် အားပေးနှစ်သိမ့်နေပါ၏။

"ဖေဖေ ... မေမေ သ ... သမီးရဲ့အပြစ်ပါ၊ သမီး မြစ်ဆိပ်ကမ်းစပ်ကို ဖွတ်ဆင်းလို့ ဒေါ်ကြီးသက်တို့က လိုက်လာရတာပါ၊ ဒေါ်ကြီးသက်တို့ကို မ ... မဆူပါနဲ့နော် ဖေဖေ"

သနားစဖွယ် တိုးတိုးတာတာပြောဆိုနေရှာသည့် သမီးလေး မြပန်းနွယ်၏ လက်ကလေးကို မောင်ကျော်ပိုက အသာအယာ ဖျစ်ညှစ်အားပေးလိုက်ရင်း ...

"ဖေဖေ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူးကွယ်၊ ကံကြမ္မာ အတိမ်းအစောင်းတစ်ခုပဲလို့ မှတ်ယူလိုက်ပြီး နောက်နောင် ဆင်ခြင်သင့်တာတွေ ဆင်ခြင်ရမှာပေါ့ကွယ်၊ မိသက်တို့ကလည်း သမီးလေးကို သိပ်ပြီး အလိုမလိုက်ကြနဲ့တော့၊ အင်း ... သမီးလေးကလည်း နောက်ဆို ကိုယ့်ရဲ့ဆန္ဒတစ်ခုတည်းကြောင့် သူတစ်ပါး ဒုက္ခမရောက်ပါစေနဲ့ကွယ်၊ အော် ... ဟို ... ဟို ... သမီးလေးရဲ့အသက်ကို ကယ် ... ကယ်တင်ပေးခဲ့တဲ့ ဘယ်သူ ..."

"သြော် ... ဆရာမကြီးရဲ့သားလေးပါ ကိုကျော်ပုံ၊ ဟိုဘက်က အဆောင်မှာရှိတယ်၊ စောစောကမှ သတိရလာတယ်လို့ ကြားတယ်"

ထို့နောက် မောင်ကျော်ပုံတို့လင်မယား သမီးငယ်လေး



အား ရေထဲမှကယ်ဆယ်ပေးခဲ့သည့် လူငယ်လေးရှိရာသို့ ရောက်ရှိလာခဲ့ကြသည်။

ဝင်ဝင်ချင်း ဆေးရုံခုတင်ထက်မှ အပြစ်ကင်းစင်သည့် မျက်နှာဝင်းဝင်းလေးနှင့် ဆယ်နှစ်ကျော်ကျော် ယောက်ျားလေးတစ်ယောက်ကို မောင်ကျော်ပုံ သတိထားမိလိုက်သည်။ ကောင်လေး၏ နံဘေးမှာတော့ သူ၏မိခင် ကျောင်းဆရာမကြီး ဒေါ်လှဲ့မွန်ကို တွေ့လိုက်ရသဖြင့် မောင်ကျော်ပုံကပင် တရိုတသေနှင့် နှုတ်ဆက်လိုက်သည်။

"သားလေးရော သက်သာပါရဲ့လားခင်ဗျာ၊ ဆရာမကြီးရဲ့ သားကို ဘယ်လိုကျေးဇူးတင်စကားတောင် ပြောရမယ်မှန်း မသိတော့ပါဘူးခင်ဗျာ"

"သြော် ... ကိုကျော်ပုံတို့ လင်မယားပါလား။ စောစောကပဲ သတိပြန်ရလာပါတယ်ရှင်၊ ဆရာဝန်ကြီးတွေကလည်း ဂရုစိုက်ကြပါတယ်၊ အခု ဆေးထိုးပေးလိုက်တာနဲ့ ပြန်ပြီးမှိန်းသွားတယ်နဲ့ တူတယ်၊ ရပါတယ် ကိုကျော်ပုံရယ် ... အချင်းချင်းတွေပဲဟာ၊ သားလေးကတော့ ဘယ်သူ့ဘယ်ဝါမှန်း သိမှာမဟုတ်ပါဘူး။ ရေနစ်တယ်ဆိုလို့ ခုန်ချပြီးသာ ကယ်တင်လိုက်တာ၊ ကံကောင်းပါတယ်ရှင်၊ ကိုကျော်ပုံရဲ့သမီးလေးရော, ကျွန်မရဲ့သားလေးပါ အသက်ရှင်သန်ခွင့် ရခဲ့တာကိုပါ"

ကျောင်းဆရာမပီပီ စကားအပြောအဆို လိမ္မာညက်ညောသော ဒေါ်လှဲ့မွန်ကြောင့် ကိုကျော်ပုံတို့လင်မယားမှာ အသာအယာ သက်ပြင်းချလိုက်ကြပါသည်။

ထိုနေ့က တစ်နေ့လုံး သမီးလေးအခန်းနှင့် ကယ်တင်ရှင် မင်းမောင်ဆိုသော လူငယ်လေး၏အခန်းတို့တွင် ကူးချည်သန်းချည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

သာ လင်မယားနှစ်ယောက်တို့ အချိန်ကုန်လွန်ခဲ့ကြပါတော့သည်။

သုံးရက်ခန့် ဆေးရုံတွင် ဆေးထိုးဆေးတိုက်ခြင်း ကုသမှုများ ခံယူ၍ မြပန်းနွယ်နှင့် ကျောင်းဆရာမကြီး၏သား မင်းမောင်တို့ အိမ် ပြန်ခွင့် ရခဲ့ကြပါသည်။

မောင်ကျော့ပိုတို့ ဇနီးမောင်နှံမှာ ဆရာမကြီး ဒေါ်လှဲ့မှိုန်တို့ သားအမိ အတန်တန်ငြင်းဆန်နေကြသည့်ကြားမှ သမီးလေးမြပန်းနွယ် ၏ အသက်သခင် မောင်မင်းမောင်၏ တစ်သက်စာ ပညာသင်စရိတ် အားလုံး ပညာဒါနဟူသော စကားအလိမ္မာနှင့် တာဝန်ယူသွားကြပါ လေတော့သည်။

မည်သို့ပင်ဖြစ်စေ ငယ်ငယ်ရွယ်ရွယ်နှင့် ခံရဲ့ထက်မြက်သော မင်းမောင်ဆိုသော လူငယ်လေးတစ်ယောက်သည် သူ၏သမီးလေး မြပန်းနွယ်အတွက် အသင့်တော်ဆုံးသော သူငယ်ချင်းကောင်း ကိုယ်ရံ တော် သက်တော်စောင့်တစ်ယောက် ဖြစ်သင့်သည်၊ ဖြစ်ထိုက်သည် ဟူသော ယုံကြည်ချက်ဖြင့် ...

## ဂန္ဓရစာစု (၁၃)

## ကြောင်မျက်ရှင်အား ပထမအကြိမ်စွန့်ပစ်ခြင်း

ညနေခင်း၏ ဝင်လုဆဲနေခြည်က စက်ကိုင်းတောင်ရိုးထက်ရှိ ဘုရားစေတီပုထိုးများပေါ်သို့ မှုန်ဆီရောင်ပြေပြေလေး ဖျန်းပက်ပေး ထားသဖြင့် ရှားပါးသော သဘာဝအဖိုးတန်ပန်းချီကားတစ်ချပ်နှယ်။

ကုန်းမြင့်ထက်တွင်တည်ရှိသည့် တစ်ခုသော အနုရုဒ္ဓါချောင် မှာတော့ သက်ရှိလူသားနှစ်ယောက်က ဝင်လုဆဲနေလုံးနီနီကြီးကို ငေးမောကြည့်ကာ သက်မဲ့ကျောက်ချပ်ကြီးများနှယ် ငြိမ်သက်တိတ် ဆိတ်စွာ ရပ်နေကြသည်။ ထိုလူသားနှစ်ယောက်တို့မှာ လူသူတော်ကြီး ဘိုးဩဘာနှင့် မောင်ကျော့ပိုတို့ပင်တည်း။

သည်တစ်ကြိမ်တော့ လူသူတော်ကြီးဦးဩဘာပင် စကား မဟနိုင်ရှာသေးပါ။ ကံကြမ္မာလမ်းကြောင်းပေါ်တွင် သူခန့်ခွဲသည့် တစ် လှည့်စီကို သည်းထိတ်ရင်ဖို ခံစားနေရရှာသည့် သမီးလေးလေးမြပန်း နွယ်အတွက် ရင်မောနေရသောကာလများက ကြာရှည်လှပါဘိ တောင်း။

www.burmeseclassic.com

www.burmeseclassic.com

. အတန်ကြာမှ သက်ပြင်းတစ်ချက်ကို အသာအယာချလိုက်ရင်းမှ ...

"အင်း ... ဖြစ်နိုင်မယ်ဆိုရင်တော့ တစ်ကြိမ်တစ်ခါလောက် ကြောင်မျက်ရှင်လက်စွပ်ကလေးနဲ့ စိန်ခေါ်ကစားလိုက်ချင်ပါရဲ့ကွယ်၊ ဒါပေမဲ့ ပဌာန်းဆက်၊ ပါရမီဆက်တွေက ဘယ်လောက်ထိမြင့်မှန်း မသိနိုင်လေတော့လည်း စိတ်ကိုချုပ်တည်းထားလိုက်ရတယ်၊ အမှန်ကတော့ သုခဒုက္ခတွေ အမျိုးမျိုးပေးနေတဲ့ ဂန္ဓီရကြောင်မျက်ရှင် လက်စွပ်ကလေးကို စွန့်ပစ်တာ အကောင်းဆုံးပဲကွဲ့၊ ဘာကြောင့်လဲဆိုတော့ ဒီလက်စွပ်လေးဟာ ဂန္ဓီရဂန္ဓာရီပညာရပ်တွေနဲ့ သိဒ္ဓိအစုံပြီးမြောက်နေတဲ့ လက်စွပ်ဖြစ်နေလို့ပဲ မောင်ကျော်ကံပုံရေ"

တစ်ကြိမ်တစ်ခါမျှ မပြောခဲ့ဖူးသောစကားရပ်မို့ မောင်ကျော်ပုံတစ်ယောက် ပြန်လည်၍ပင် မေးမြန်းခြင်းမပြုဘဲ စိတ်ဝင်တစားနှင့်သာ နားထောင်နေပါ၏။

"ဟုတ်တယ်ကွဲ့၊ နဂိုမူလကတည်းက စောရနုကွတ်နဲ့ ယှဉ်အချင်းမျက်နှာဖုံးလေးကလည်း မွေးဖွားကတည်းက ပါလာတဲ့အပြင် ဒီလိုသိဒ္ဓိအစုံပြီးမြောက်နေတဲ့ ဂန္ဓီရကြောင်မျက်ရှင် လက်စွပ်ကလေးကိုပါ လက်ခံထားလိုက်မယ်ဆိုရင် သမီးလေးအတွက် ကျားကို အတောင်တစ်ပေးလိုက်သလို ဖြစ်သွားနိုင်တယ်ကွဲ့"

ဟုတ်သည် ...။ လူသူတော်ကြီး ဘိုးသြဘာပြောနေသည်များမှာ သမီးငယ်လေး၏ တကယ့်ဘဝသရုပ်မှန်ပင် ဖြစ်သည်။

ဤကဲ့သို့သော အမှန်တရားကို စောစောပိုင်းလောက်ကတည်းက သူသိသင့်သည်။ ဘိုးသြဘာပြောသကဲ့သို့ ဂန္ဓီရကြောင်မျက်ရှင်လက်စွပ်ကလေးကိုသာ စွန့်ပစ်နိုင်ခဲ့မည်ဆိုလျှင် ...။

"အင်း ... အရှင်းဆုံးပြောရရင် ပဌာန်းဆက်, ပါရမီဆက်



သိဒ္ဓိအစုံပြီးမြောက်နေတဲ့ သမီးငယ်လေးရဲ့ စောရနုကွတ်နဲ့ ဂန္ဓီရလက်စွပ်ကလေးဟာ သိပ်ပြီးမြင့်လွန်းနေတယ်၊ အဲဒီကိစ္စအတွက်ပဲ ရည်စူးပြီး သမီးလေးအတွက် အကာအကွယ်ရပါစေဆိုပြီး 'စမပြန် ဂါထာတော်ကြီး' ကို အဘပေးခဲ့တာ မင်းမှတ်မိဦးမှာပေါ့။ အဘတို့ရဲ့ တာဝန်က သိပ်မြင့်လွန်းနေတဲ့ စောရနုကွတ်ကို ဇာတာနိမ့်ပါးသွားအောင် တဖြည်းဖြည်း ပပျောက်သွားအောင် အတတ်နိုင်ဆုံး ကြိုးစားပေးရမှာ မောင်ကျော်ပုံရေ"

ထိုနေ့က လူသူတော်ကြီးဘိုးသြဘာ ပြောဆိုခဲ့မနေသည့် သတိပေးစကားများကိုသာ နားထောင်၍ မောင်ကျော်ပုံ ပြန်လာခဲ့သည်။ စိတ်ညစ်ညူးမှု၊ စိတ်ဖိစီးနေမှုများကတော့ သိသိသာသာ လျော့ပါးမလာသေးပါ။

တိမ်ရောင်စုံတောက်နေသည့် ဆည်းဆာနေဝင်ချိန်အောက်မှ ရှားပါးလှသော သဘာဝပန်းချီကားတစ်ချပ်ဖြစ်သည့် စစ်ကိုင်းတောင် ညိုညို့နှင့် ဧရာဝတီမြစ်တို့က မောင်ကျော်ပုံ၏စိတ်သောကတို့ကို ပြေပျောက်အောင် မစွမ်းဆောင်နိုင်လေပြီထင့်။

တမွဲမွဲကြွေလွင့်ကျနေကြသော တရုတ်စံကားပွင့်လေးများက ညနေခင်းလေပြည်အနေ့တွင် ဝဲလှည့်စီးမျောကာ မောင်ကျော်ပုံ၏ခြေရင်းသို့ ချာချာလည်၍ သက်ဆင်းနေကြသည်။

သမီးလေးမြပန်းနွယ်၏ ခုနစ်နှစ်, ရှစ်နှစ်တာ ဖြတ်သန်းလာခဲ့သော ဘဝခရီးလမ်း နိဒါန်းအစမှာပင် အရွယ်နှင့်မလိုက်ဖက်အောင်ပင် သေမင်းနှင့် စစ်ခင်းခဲ့ရသည့်ကာလများ။ အချိန်ကာလ အနည်းငယ် အတွင်းမှာပင် သမီးလေးနှင့်ပတ်သက်၍ တိုးတက်များပြားလာသော ရည်စိမ်းဥစ္စာများနှင့် လူ့ဘဝတွင် သုခနှင့် ဒုက္ခတရားတို့ကို ဖြစ်ပျက်မြန်စွာဖြင့် လျင်လျင်မြန်မြန်ကြီး ပြောင်းလဲနေခြင်းကြောင့် မောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ပုံတို့ဖနီးမောင်နှံမှာ အိပ်မပျော်ညဥ့်များက တာရှည်ခဲ့ပါပြီကော။

ယခု ထိုအိပ်မပျော်နိုင်သောညများကို ရပ်တန့်သွားစေမည့် နည်းလမ်းတစ်ခုကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရပြီ မဟုတ်ပါလား။

"အင်း ... ဟုတ်ပြီ အဘဖွင့်ပြီးပြောခဲ့တဲ့ အကြံအစည်ကို ဒီနေ့ညပဲ အပြန်ဆုံးအကောင်အထည်ဖော်တော့မယ်၊ နို့မို့ဆိုရင် ဟိုသမီးလေးအတွက် နေ့နေ့ညည စိတ်သောကတွေ ရောက်နေရတာ ဒါ ...ဒါပေမဲ့ ဒီကိစ္စကို မင်းဘုံတောင် ဖွင့်မပြောဘဲနဲ့ ငါတစ်ယောက်တည်း ကျိတ်ပြီးစီစဉ်မှဖြစ်မယ်၊ တော်တော်ကြာ တစ်စုံ တစ်ခုများ ဖြစ်ခဲ့ရင်"

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်နိုင်ခဲ့ပြီမို့ မောင်ကျောက်ပုံ၏ အိပ်အပြန်ခြေလှမ်းများသည် သွက်လက်ပေ့ါပါးနေပါတော့သည်။

✦

'ဒင် .. ဒင် .. ဒင် .. ဒင် ..'

ဧည့်ခန်းထဲရှိ သံတိုနာရီကြီးမှ ထွက်ပေါ်လာသော နာရီဝက်မြည်သံကြီးက ဆယ်ချက်တိတိ တီးခတ်ပြီးသည်နှင့် တိတ်ဆိတ်ငြိမ်သက်သွားပြန်ပါ၏။ ညဥ့်ဆယ်နာရီထိုးပါပြီ။

ထိုအချိန်အထိ စာကြည့်ခန်းထဲတွင် စာကြည့်ရင်း စောင့်ဆိုင်းနေသည့် မောင်ကျောက်ပုံမှာ ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ပြီး စာကြည့်စားပွဲမှ ထလိုက်သည်။ ရုတ်တရက် အခန်းထဲသို့ဝင်လာသည့် ညဥ့်လေအေးနှင့် လွင့်ပျံသွားသော ခန်းဆီးစတို့ကြောင့် ပြတင်းပေါက်



သို့သွားကာ ပွင့်ဟနေသော ပြတင်းပေါက်ကို သေချာစွာ ဂျက်ထိုး၍ ပိတ်လိုက်ပါ၏။

"အင်း ... ဘာလိုလိုနဲ့ ဆယ်နာရီတောင်ထိုးသွားပြီ၊ ဒီအချိန်လောက်ဆို သမီးလေးမြပန်းနွယ် အိပ်ပျော်သွားလောက်ပြီ ထင်တယ်၊ သွားပြီးကြည့်ဦးမှ"

မောင်ကျောက်ပုံမှာ စာကြည့်ခန်းထဲမှထွက်ကာ ဦးစွာပထမ သူတို့လင်မယားအိပ်ခန်းဝမှ အထဲသို့ စောင်းငဲ့ကြည့်လိုက်သည်။ မမင်းဘုံတစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိသည်ကို တွေ့မြင်လိုက်ရပါ၏။ ပြီးမှ သမီးငယ်လေး၏ အိပ်ခန်းအတွင်းသို့ မောင်ကျောက်ပုံ ဝင်လာခဲ့သည်။

အဖြူရောင်များနှင့်သာ လွှမ်းခြုံလျက်ရှိသော သမီးငယ်မြပန်းနွယ်လေး၏ အိပ်ခန်းလေးက သင်းသင်းလေး မွှေးပျံ့လျက်။

သမီးလေးမှာ သိတတ်စအရွယ်ကတည်းက အဖြူရောင်ကိုသာ အရူးအမူး စွဲလမ်းနှစ်သက်သူဖြစ်သည်။ သူ၏ ဂါဝန်လှလှလေးများ၊ အင်္ကျီလှလှလေးများသည် အဖြူရောင်များသာဖြစ်သည်။ ယုတ်စွအဆုံး အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ လက်ကိုင်ပဝါမှစ၍ အဖြူရောင်ကိုသာ နှစ်ခြိုက်စွာ သုံးစွဲသူဖြစ်ပါ၏။

ယခုလည်း သန့်စင်မွှေးပျံ့လျက်ရှိသည့် အဖြူရောင်အိပ်ရာထက်ဝယ် အပြစ်ကင်းစင်သော အဖြူရောင်နတ်သမီးလေးတစ်ပါးနှယ် အိပ်ပျော်လျက်ရှိပါချေပြီ။

နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိသည့် ရှစ်နှစ်အရွယ်ခန့်ရှိပြီဖြစ်သော သမီးလေးမြပန်းနွယ်ကို ကြင်နာစွာငေးမျှော်ကြည့်ရင်း လှသူတော်ကြီးဘိုးသြဘာ၏စကားအချို့ကို ပြန်လည်၍ ကြားယောင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမှန်ကတော့ သုခ၊ဒုက္ခတွေ အမျိုးမျိုးပေးနေတဲ့ ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကို စွန့်ပစ်တာ အကောင်းဆုံးပဲကွဲ၊ ဘာကြောင့်လဲဆိုတော့ ဒီလက်စွပ်လေးဟာ ဂမ္ဘီရဂန္ဓာရီပညာရပ်တွေနဲ့ သိဒ္ဓိအစုံပြီးမြောက်နေတဲ့ လက်စွပ်ဖြစ်နေလို့ပဲ မောင်ကျောက်ပုံရေ"

"ဟုတ်တယ် အဘပြောသလိုပဲ ဒီလက်စွပ်လေးဟာ ငါ့သမီးလေးအတွက် သုခတွေရော၊ ဒုက္ခတွေကိုရော ရောပြွမ်းနေတဲ့ ပစ္စည်းတစ်ခုပဲ၊ ငါ့သမီးလေးရဲ့လက်ထဲမှာ ကြာကြာထားလေ အန္တရာယ်များလေလေမို့ အခုချက်ချင်းပဲ ဒီလက်စွပ်လေးကို ချွတ်ယူမှဖြစ်မယ်၊ ပြီးရင် တစ်ခါတည်း လက်စဖျောက်, မြေကြီးထဲမှာ တူးပြီး မြှုပ်ပစ်ရမယ်၊ ဒါမှ ဒီပြင်လူတွေလည်း ဘယ်သူမှ ရှာလို့တွေ့ကြမှာ မဟုတ်တော့ဘူး"

မောင်ကျောက်ပုံမှာ တစ်ယောက်တည်း စဉ်းစားတွေးတောရင်း အိပ်ပျော်နေရှာသည့် သမီးငယ်၏လက်မှ ကြောင်မျက်ရှင်လက်စွပ်ကလေးကို တိတ်တဆိတ် ညင်သာစွာ ချွတ်ယူလိုက်ပါ၏။

"အား . . . ရပြီ ရပြီ တော်ပါသေးရဲ့ . . . သမီးလေးမနိုးလို့ . . . ဟင်း"

ကြောင်မျက်ရှင်လက်စွပ်ကလေးကို လက်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားလိုက်သည်။ ယခုတော့ သိဒ္ဓိအစုံပြီးမြောက်ပါသည်ဆိုသော နာမည်ကျော် ဂမ္ဘီရကြောင်မျက်ရှင် လက်စွပ်ကလေးသည် မောင်ကျောက်ပုံ၏လက်ဝယ်သို့ ရောက်ရှိလာပြီမဟုတ်ပါလား။

"အင်း . . . ဘယ်နေရာမှာ သွားပြီးဖျောက်ဖျက်ပစ်ရမှာလဲ၊ ဪ . . . သိပြီ သိပြီ အိမ်နောက်ဖေးခြံထောင့်က ပိတောက်ပင်ကြီးရဲ့အောက်မှာ သွားပြီးမြေမြှုပ်ပစ်ရမယ်၊ အို . . ရှုပ်ပါတယ်၊ ဘယ်သူမှ မသိခင် အခုညတွင်းချင်းပဲ ငါကိုယ်တိုင်သွားပြီးမြှုပ်မယ်"



လျှို့ဝှက်အပ်သောကိစ္စရပ်တိုင်း မိမိကိုယ်တိုင်လုပ်ဆောင်ပါဟူသော ဆောင်ပုဒ်အတိုင်း မောင်ကျောက်ပုံမှာ ဤကိစ္စကို မည်သူ့ကိုမျှ အသိပေးတိုင်ပင်မနေတော့ဘဲ မိမိသဘောနှင့်မိမိ လုပ်ကိုင်ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။ ဤသို့ဖြင့် နောက်ဖေးစတိုခန်းထဲမှ တူးရွင်းနှင့်ပြားတစ်လက်ကို အသာယူကာ ခြံနောက်ဖေးဘက်သို့ ဆင်းလာခဲ့ပါ၏။

လပျောက်နေသည့်ညဉ့်သည် ကြယ်ရောင်များဖြင့်သာ လင်းလက်လျက်ရှိသည်။ ညဉ့်ကောင်းကင်ထက်မှာတော့ စစ်ကိုင်းတောင်ဘုရားများမှ ပူဇော်ထားသော မီးရောင်များက အလင်းပြန်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

ခြံနောက်ဖေး ပိတောက်ပင်အောက်မှာတော့ အနည်းငယ်မှောင်ရိပ်သမ်းနေပါ၏။ သို့သော် ကြယ်ရောင်များ၏အလင်းနှင့် ပိတောက်ပင်အောက်တွင် မြေကျင်းတစ်ကျင်းကို စတင်၍ တူးဆွနေပါတော့သည်။ သူလိုချင်သောအနက်လောက်သို့ရောက်သည်နှင့် မောင်ကျောက်ပုံမှာ ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကို ပလတ်စတစ်နှင့်ထုပ်ကာ မြေကြီးထဲတွင် ကျကျနန မြှုပ်နှံလိုက်ပါတော့၏။

"ဟူး . . . အခုမှပဲ စိတ်အေးရတော့တယ်၊ အခုဆိုရင် သမီးလေးရဲ့နောင်ရေးဟာ စိုးရိမ်စရာမရှိတော့ဘူး။ နို့မို့ဆိုရင် ဒီကြောင်မျက်ရှင်လက်စွပ်ကြောင့် ငါတို့လင်မယား စိတ်သောကရောက်ရတယ်၊ အခုတော့ ဒီဝဋ်တွေက ကျွတ်သွားပြီပေါ့"

အားလုံးပြီးစီးသွားသည်နှင့် မြေကြီးများကို သပ်ရပ်စွာဖို့၍ ဖို့ကာ အပေါ်မှသစ်ရွက်ခြောက်များအား ဟန်မပျက်ဖြန့်၍ ချခင်းထားလိုက်ပြန်ပါ၏။ ပြီးလျှင် ပို၍သေချာစေရန် ခြံဝင်းအနီးမှ ရွက်လှပန်းအိုးကြီးနှစ်လုံးကို ရွှေ့ပြောင်းကာ စီတန်းဖုံးအုပ်ထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံညဉ့်တွင် မောင်ကျောက်ပုံတစ်ဦးတည်းသာ အိပ်မပျော်နိုင်ဘဲ လှုပ်ရှားနေခြင်း ဖြစ်ပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် သူငယ်ချင်းဖြစ်သူအောင်ကောင်းရောက်လာကာ အရေးပေါ် အရောင်းအဝယ်ကိစ္စတစ်ခုဖြင့် မောင်ကျောက်ပုံကိုခေါ်ယူကာ မိုးကုတ်သို့ အရေးတကြီး ထွက်ခွာသွားကြပါတော့သတည်း။

✦ ✦ ✦



ဂမ္ဘီရစာစု (၁၄)

## ဤအရာကား စွန့်ပစ်၍မရပါ

BURMESE CLASSIC .com

သို့သော် ... တစ်ရက်,နှစ်ရက်ခန့်သာဟု ခန့်မှန်းထားသည့် အလုပ်ကိစ္စများသည် ရက်တစ်ပတ်ခန့်ကျော်လာသည့်တိုင် မပြီးပြတ်နိုင်သေးသဖြင့် မောင်ကျောက်ပုံ နေမထိ,ထိုင်မရ ဖြစ်၍နေပါချေ၏။

ခက်ခဲကြန့်ကြာစရာမရှိသောလုပ်ငန်းများသည် ယခုမှပင် အနှောင့်အယှက်အမျိုးမျိုးနှင့်ကြုံကာ မကြန့်ကြာသင့်ဘဲ ကြန့်ကြာနေခြင်း ဖြစ်သည်ကို သိလျက်နှင့် မည်သို့မျှဆောင်ရွက်၍မရနိုင်ခဲ့ပါ။

"ဟေး ... ဒီတစ်ခေါက်ကျမှ ဘယ်လိုများဖြစ်ရတာလဲ အောင်ကောင်းရေ အားလုံးကလည်း သေသေချာချာ ချိန်းဆိုထားကြပြီးမှ စရန်တွေဆုံး ကတိတွေပျက်နဲ့ ဟူး ... ရှုးတောင်ရှုးချင်လာပြီဟေ့"

"ဟုတ်တယ် မောင်ကျောက်ပုံ၊ ဖက်စပ်ကုမ္ပဏီကြီးတွေကလည်း လေလံပွဲတွေကို ရက်ထပ်ရွှေ့လိုက်ပြန်တော့ ငါတို့မှာ စောင့်ရမှာလည်းအခက်၊ ပြန်ရမှာလည်းအခက်နဲ့ ... အင်း ... ဒီတစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com

လေလံပွဲက အပွင့်ကြီးတွေ၊ ကျောက်ကြီးတွေလည်း ရောပြီးပါတာမို့ ငါတို့ လက်လွှတ်ခံလို့လည်း မဖြစ်ဘူးနော်၊ နောက်ပြီး ကျောက်တွေကို ပြန်ပြီးယူမယ့် ဝယ်လက်တွေကိုလည်း ငါချိတ်ထားပြီးပြီ မောင်ကျောက်ပုံ''

အောင်ကောင်းက စိတ်ချရသော သူငယ်ချင်းလူယုံကောင်းဖြစ်သည်။ လုပ်ငန်းလုပ်ရာတွင် တိကျသည်။ ပြတ်သားသည်။ သစ္စာရှိပြီ။ နောက်ပြီး ကျောက်လောကတွင် ကျောက်အောင်ကောင်းဟူသော နာမည်တစ်လုံးနှင့် ရိုးသားလည်ပတ်စွာ လုပ်ကိုင်ခဲ့သူလည်းဖြစ်သည်မို့ မောင်ကျောက်ပုံ ရေရှည်လက်တွဲ၍ လုပ်ကိုင်နေခြင်းဖြစ်ပါ၏။

''အေး ... အဲဒါကြောင့်ခက်နေတာပေါ့ကွာ၊ တစ်ဖက်မှာလည်း ချိန်းထားတဲ့လုပ်ငန်းတစ်ခုက ဖျက်ပစ်လိုက်ရပြီ၊ ငါ့တစ်သက်မှာ အဲဒီလိုပျက်ကွက်တာမျိုး တစ်ခါမှမရှိခဲ့ဘူးဆိုတာလည်း မင်းအသိပဲမဟုတ်လား''

''ဟင်း .. ဟင်း .. ဟင်း .. မင်းကိုယ်တိုင် ဆန္ဒတွေစောနေလို့ပါ သူငယ်ချင်းရာ၊ ခါတိုင်း လေလံပွဲတွေလည်း တစ်ခါတလေ အကြောင်းအမျိုးမျိုးကြောင့် လေလံရက်တွေ နောက်ဆုတ်သွားကြတာ ရှိတာပဲဟာ၊ ဟိုဘက်ကလည်း ဒါတွေ နားလည်နိုင်ပါတယ်ကွာ၊ မင်းဟာမင်း အိမ်ကိုမြန်မြန်မပြန်ရလို့ ကဂျီကဂျောင်ဖြစ်နေတဲ့ဥစ္စာ .. ဟင်း .. ဟင်း .. ငါမသိတာကျနေတာပဲ''

အတွင်းသိအစင်းသိဖြစ်သော အောင်ကောင်း၏စကားကြောင့် မောင်ကျောက်ပုံ မည်သို့မျှ ပြန်မပြောသာတော့။ သို့သော် သူ၏ထင်မြင်ချက်ကိုတော့ ပြောဖြစ်အောင် ပြောလိုက်ပါသေးသည်။

''အင်း ... ဘာပဲဖြစ်ဖြစ် ဒီတစ်ခေါက်ကတော့ ခါတိုင်း



အခေါက်တွေလို အဆင်မပြေဘူးဆိုတာတော့ မင်းလက်ခံရလိမ့်မယ် အောင်ကောင်း၊ ချိန်းထားတဲ့ရက်တွေလည်း အဆင်မပြေ၊ ပေးထားတဲ့ ကတိတွေလည်း ပျက်ဆိုတော့ ငါတောင် ငါ့ကိုယ်ငါ သံသယဝင်နေမိတယ်''

မောင်ကျောက်ပုံမှာ သမီးငယ်လေး၏အဆောင်ဖြစ်သည့် ဂမ္ဘီရကြောင်မျက်ရှင်လေးကို သူကိုယ်တိုင်ဖျောက်ဖျက်ခဲ့သည်မို့ ယခုကဲ့သို့ လုပ်ငန်းကိစ္စများတွင် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်လားဟု သံသယဝင်နေခြင်းဖြစ်သည်။ သို့သော် သူ၏နောက်ဆုံးစကားကိုမူ အောင်ကောင်းတစ်ယောက် ကြားလိုက်ဟန်မတူ၍ တော်သေးသည်။ နို့မို့ဆိုလျှင် သူ့ကို ရှင်းပြနေရပေဦးမည်။

အောင်ကောင်းကမူ မောင်ကျောက်ပုံ၏စကားများကို အမှန်တကယ်ပင် နားမဝင်ပါလေတော့။ သူ၏ဘူးလေးထဲမှ ကျောက်များကိုသာ တစ်လုံးပြီးတစ်လုံး မှန်ဘီလူးဖြင့် သေချာစစ်ဆေးကြည့်ရှုနေပါလေ၏။

မောင်ကျောက်ပုံတစ်ယောက်သာ ပြတင်းပေါက်မှ မြင်တွေ့နေရသည့် မိုးကုတ်မြို့၏ညရှုခင်းကို စိတ်မှတ်မဲ့ငေးမောကြည့်နေမိသည်

တောင်မြင့်ကမ်းပါးစောင်းထက်ရှိ စေတီပုထိုးများတွင် ပူဇော်ထားသည့် ရောင်စုံမီးပွင့်များက တောင်စောင်းတစ်လျှောက် ထိန်ထိန်ညီးလျက်။ မြို့တွင်းမှမီးရောင်များကမူ တောရိပ်တောင်ရိပ် မည်းမည်းထဲတွင် တလက်လက်နှင့် မိုးကုတ်မြို့၏ သဘာဝအလှကို ထူးထူးခြားခြား အလှဆင်နေကြသည့်နှယ်ပါတည်း။

ဤသို့ဖြင့် ကိုးရက်ခန့်မျှ အလွဲလွဲအချော်ချော်များ ဖြစ်ခဲ့ပြီး ဆယ်ရက်မြောက်သောနေ့ ...။

www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရဆိုရလျှင် ဒီဖင်ဘာလဆန်း တစ်ရက်နေ့ နံနက် ကိုးနာရီခန့်မှာတော့ ချိန်းဆိုထားသည့် ကျောက်အရောင်းအဝယ်ကိစ္စ ရော၊ လေလံပွဲကိစ္စပါ လုပ်ငန်းများအားလုံးသည် ဆက်တိုက်ဆိုသလို ပင် တစ်ခုပြီးတစ်ခု ချောမောစွာ အောင်မြင်ပြီးဆုံးသွားခဲ့ပါလေတော့ သည်။

"ဟ ... ဒီတစ်ခါလုပ်ငန်းက ဘယ်လိုကြီးလဲ သူငယ်ချင်း ရေ မင်းပြောသလို အဆင်မပြေမှုတွေ၊ ကတိပျက်မှုတွေ၊ လွဲချော်မှု တွေနဲ့ တစ်ပတ်ကျော်လုံးလုံး ဘယ်လိုမှစီစဉ်လို့မရတဲ့လုပ်ငန်းတွေဟာ အဆင်ပြေချင်တော့လည်း ဒီနေ့တစ်ရက်တည်းကို စုပြုံပြီး ပြီးသွား တာပါပဲလား"

ရုတ်တရက် ချက်ချင်းကြီးဆိုသလို ပြီးမြောက်အောင်မြင်သွား သော လုပ်ငန်းများကြောင့် အောင်ကောင်းပင် အံ့ဩဘနန်း ဖြစ်သွားရ ပါလေ၏။

မောင်ကျောက်ပုံကမူ ထူးခြားသောဖြစ်ရပ်တစ်ခုဟုသာ ရင်ထဲတွင်တေးမှတ်ထားလိုက်ရင်း မိုးကုတ်မြေကိုကျောခိုင်းကာ စစ် ကိုင်းသို့ အလျင်အမြန် ပြန်လာခဲ့ကြပါတော့သည်။

"မင်းဟာက မလွန်လွန်းဘူးလား မောင်ကျောက်ပုံရယ်၊ တစ်ရက်တလေလေး နားပြီးတော့မှ ပြန်တာမဟုတ်ဘူး။ မင်းကိစ္စတွေ အားလုံးလည်းပြီးရော တစ်ခါတည်း ကားပေါ်တက်ပြီး စစ်ကိုင်းကို လစ်တော့တာပဲ၊ မင်းရဲ့သမီးလေးက ဘယ်ကိုမှ ထွက်မပြေးပါဘူးကွာ၊ တကတဲ အဖြစ်ကိုသည်းလွန်းတယ်"

"ဟား ဟား ဟား .. မင်းမှာမှ မိန်းမမရှိ၊ သားသမီးမရှိနဲ့ဆို တော့ ဘယ်မှာကိုယ်ချင်းစာတတ်မှာလဲကွာ၊ ငါကတော့ မင်းဘုံရော၊ ငါ့သမီးလေးကိုရော လွမ်းလှပြီ အောင်ကောင်းရေ .. ဟင်း ဟင်း"



သူငယ်ချင်းနှစ်ယောက်မှာ ရည်ရွယ်ထားသည့် လုပ်ငန်းများ အားလုံး ရက်အနည်းငယ်ကြာသွားသည်မှအပ အဆင်ပြေချောမောစွာ အောင်မြင်ပြီးမြောက်ခဲ့သဖြင့် ပျော်ရွှင်နေကြခြင်းဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်ကြ ကား ကိုတစ်လှည့်စီ မောင်းလိုက်ကြနှင့် နောက်ဆုံး စစ်ကိုင်းသို့ ရှောရှော ရှုရှု ရောက်ရှိလာခဲ့ကြပါတော့သည်။

စစ်ကိုင်းတံတားကြီးအဆင်းအနီးတွင်သာရှိသော အောင် ကောင်းအား နေအိမ်တွင် အရင်ချထားခဲ့ပြီးမှ သူနေထိုင်ရာ လေးကျွန်း မြေရပ်ဘက်သို့ ကားလေးကို မောင်းနှင်လာခဲ့သည်။

ဖနီးသည်မမင်းဘုံနှင့် သမီးလေးမြပန်းနွယ်တို့ နေလို့များ ကောင်းပါလေစ။ ကြောင်မျက်ရှင်လက်စွပ်ကလေး မရှိတော့ပြီမို့ သမီး ငယ်လေး၏အခြေအနေသည် အဆင်မပြေပါလေစ ... ဟူသော ပဟေဠိအတွေးများ ဆူဝေလျက် ...။

မောင်ကျောက်ပုံ သူ၏ကားလေးကို ခြံထဲသို့ကွေ့ဝင် မောင်း တက်လိုက်သည်နှင့် ... ပန်းခြံထဲတွင် ပန်းခူးနေသည့် ဖနီးသည် မင်းဘုံက ဦးစွာမြင်တွေ့လိုက်သည်။

"ဟော ... ကိုကျောက်ပုံပြန်လာပြီ"

လက်ထဲမှ ပန်းခြင်းကြီးတန်းလန်းနှင့်ပင် အိမ်ရှေ့ဆင်ဝင် အောက်သို့ ထိုးဆိုက်လာသည့် လင်တော်မောင် ကိုကျောက်ပုံအား ထီးကြိုလိုက်ပါ၏။

"ဩော် ... ကိုကျောက်ပုံရယ် ဒီတစ်ခေါက် ကြာလိုက်တာ ရှင်၊ သမီးလေးက သူ့အဖေကြီးကိုပဲ ခဏခဏမေးနေတာရှင့် ဟော ... မိသက်တို့၊ မောင်အေးတို့ ဒီမှာ နင်တို့အစ်ကို ပြန်လာပြီဟေ့၊ ပစ္စည်းတွေ လာပြီးသယ်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် သမီး ... သမီးလေးရေ ဖေဖေကြီးပြန်လာပြီဟေ့"

မမင်းဘုံတစ်ယောက် ချက်ချင်းပင် အလုပ်များသွားပါလေ၏။ လင်တော်မောင်အား ခရီးဦးကြိုပြုရ အိမ်နောက်ဖေးမှ မီးသက်တို့ကိုလည်းခေါ်ရ ညေ့ခန်းဆီမှ သမီးလေးမြပန်းနွယ်ကိုလည်း ဟစ်အော်ခေါ်ငင်ရနှင့် အနည်းငယ်မျှ ဗျာယာခတ်လှုပ်ရှားသွားရသည်။ စင်စစ်လင်ယောကျ်ားဟူသည် မိသားစုတစ်ခုလုံး၏ အိမ်ဦး နတ်ပင် မဟုတ်ပါလား။ ထိုစဉ် ...

"ဖေဖေရေ ... ဖေဖေ ... ဖေဖေပြန်လာပြီနော်၊ ကြာလိုက်တာဖေဖေရာ၊ ဒီတစ်ခေါက် ဖေဖေ့ကို သမီးမျှော်ရတာ လည်ပင်းကြီးတောင် ရှည်ထွက်လာသလားတောင် မသိဘူး။ သမီးဖြင့် ဖေဖေ့ကို လွမ်းလိုက်ရတာ"

ဂါဝန်အဖြူလှလှလေးကို လက်နှစ်ဖက်ဖြင့် အသာအယာဆွဲကိုင်ကာ ဖခင်ကြီးမောင်ကျောက်ပုံရှိရာသို့ ပြေးဝင်လာပြီး ဖက်တွယ်လိုက်သည်။ သူ့ထံ ဝမ်းသာအားရဖြင့် ပြေးဝင်လာသည့် သမီးလေးမြပန်းနွယ်ကို မောင်ကျောက်ပုံ ပွေ့ချီချော့မြူလိုက်ပါ၏။

မောပန်းလာသမျှ သောကဟူသမျှတို့သည် ဇနီးသည်နှင့်သမီးငယ်လေးတို့၏ အပျော်မျက်နှာလေးများကို မြင်တွေ့လိုက်ရသည်နှင့် လွင့်စဉ်ကွယ်ပျောက်သွားကြပါချေပြီတည်း။

"ဖေဖေကလည်း လွမ်းတာပေါ့ သမီးလေးရယ်၊ ဒါကြောင့်လည်း အလုပ်တွေအားလုံး ပြီးစီးသွားတာနဲ့ တစ်ခါတည်း တန်းပြီးပြန်လာခဲ့တာပေါ့၊ သမီးလေးအတွက် ဂါဝန်အကျီလှလှလေးတွေနဲ့ အရုပ်ကလေးတွေရော မုန့်တွေရော အများကြီးပါလာခဲ့တယ်၊ လာလာ ... ညေ့ခန်းထဲမှာကျရင် ဖေဖေကိုယ်တိုင် သမီးလေးကိုပြမယ်နော်"



သမီးငယ်မြပန်းနွယ်၏ လက်ကလေးနှစ်ဖက်ကို ကြင်နာစွာဆွဲယူနမ်းရှိုက်လိုက်သည့် မောင်ကျောက်ပုံခမျာ ရုတ်တရက် မယုံနိုင်စရာ မြင်ကွင်းတစ်ခုကြောင့် နှုတ်ဖျားမှ တအံ့တဩ အာမေဍိတ်သံတစ်ခု လွှတ်ခနဲ လွင့်စဉ်ပြုတ်ကျသွားပါ၏။

"ဟင် ... ဘုရား ဘုရား"

"အို ... ဘာ ... ဘာ ... ဘာဖြစ်သွားတာလဲဟင် ကိုကျောက်ပုံ"

မမင်းဘုံ၏ စိုးရိမ်တကြီးမေးမြန်းသံကြောင့် မောင်ကျောက်ပုံသတိရသွားပြီး ကမျာကယာပင် ပျက်ယွင်းသွားသည့် သူ၏မျက်နှာကို အချိန်မီပြင်လိုက်ရပါ၏။

"ဩော် ... ဘာ ... ဘာမှ မ ... မဖြစ်ပါဘူး မင်းဘုံရယ်၊ အင်း ... အဲ ... ခ ... ခရီးပန်းလာလို့ ခေါင်းနည်းနည်းမူးချင်သလိုဖြစ်သွားတာပါ၊ စိုးရိမ်စရာမရှိပါဘူး"

စင်စစ် မောင်ကျောက်ပုံမှာ သမီးငယ်မြပန်းနွယ်လေး၏လက်တွင် ပြန်လည်တွေ့မြင်နေရပါသော ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကြောင့် အထိတ်တလန့် ဖြစ်သွားရခြင်းပါပင်တည်း။

"ဘုရား ဘုရား ... ငါ့မျက်စိများ မှားနေတာများလား။ ငါကိုယ်တိုင် မြေကြီးထဲမှာ မြှုပ်ထားပစ်ခဲ့တဲ့ ဒီ ... ဒီကြောင်မျက်ရှင်လက်စွပ်ကလေးက ဘယ်လိုကြောင့် ငါ့သမီးရဲ့လက်ထဲကို ပြန်ရောက်နေရတာလဲ၊ ငါ ... ငါ မေးလို့ကလည်း မ ... မဖြစ်၊ အင်း ... ငါ ဘယ်လိုများလုပ်ပြီး မေးရမှာပါလိမ့်နော်"

မောင်ကျောက်ပုံ၏ စိတ်အတွေးတို့သည် သမီးငယ်လေး၏လက်တွင် ပြန်လည်ရောက်ရှိနေသည့် ကြောင်မျက်ရှင်လက်စွပ်ကလေးကြောင့် အထိတ်တလန့်ဖြစ်သွားရခြင်းပါပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟန်မပျက်ပင်ထိန်း၍ သမီးငယ်လေးကိုပွေ့ချီကာ ညည်းခန်းဆောင်ထဲထိတိုင် ဝင်ရောက်ကာ ဆိုဖာထက်တွင် ထိုင်ချလိုက်သည်။ ထို့နောက် သောက်ရေအေးတစ်ခွက်မှာယူကာ မောင်ကျော်ပုံသောက်လိုက်ပါ၏။ အေးမြသော ရေအေးအေးက မောင်ကျော်ပုံလည်ချောင်းတလျှောက် စီးဝင်သွားသည့်တိုင် ရင်ထဲမှ သောကအပူကိုမူ ပြေပျောက်ခြင်းငှာ မတတ်နိုင်ပါချေ။

မမင်းဘုံမှာ မောင်ကျော်ပုံ ကမ်းပေးလိုက်သည့် သောက်ရေဖန်ခွက်ကို လှမ်းယူလိုက်ရင်းမှ ...

"သြော် ... ဒါ့ထက် ရှင့်ကို ခရီးရောက်မဆိုက် ပြောရဦးမယ်၊ သမီးလေးရဲ့လက်စွပ်ကလေးလေ ... ရှင်သွားတဲ့နေ့ကတည်းက ပြိုးပျောက်သွားလိုက်တာ၊ ဘယ်မှာမှ ရှာလို့မတွေ့တော့ဘူးရှင့်၊ အဲဒါ သမီးလေးကလည်း နေ့တိုင်း တငိုငိုတရယ်ရယ်နဲ့ သူ့ရဲ့လက်စွပ်ကလေး ပျောက်သွားလို့ဆိုပြီး ငိုချည်းနေလို့ ကျွန်မတို့ မနည်းကြီးကို ချော့မော့ဖျောင်းဖျထားရတယ်"

အမှတ်မထင် မမေးရပါဘဲနှင့် ထွက်ကျလာသော မမင်းဘုံ၏ စကားများကို မောင်ကျော်ပုံ ကျွေမပျက် နားစွင့်နေပါ၏။ ရင်တွင်းမှာမူ ဗလောင်ဆူစွာ လှုပ်ရှားလျက်။

"အဲဒါ ကျွန်မမှာလေ ဘုရားမှာဆုတောင်း၊ သူ့အတွက် အဓိဋ္ဌာန်ပုတီးတွေလည်းစိတ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကိုလည်း အမျှအတန်းတွေ့ဘာတွေ ပေးဝေနဲ့ အလုပ်များနေတုန်း တစ်ရက်တော့ ကံကောင်းချင်လို့လားမသိဘူး၊ အိမ်ရှေ့က ပန်းခင်းအတွက် မြေဩဇာလိုတာနဲ့ မောင်အေးနဲ့မာလီကို အိမ်နောက်ဖေးခြံထောင့်က ဗိတောက်ပင်ကြီးအောက်မှာ မြေဆွေးတွေရှိတယ်ဆိုပြီး တူးခိုင်းလိုက်တာ"

မောင်ကျော်ပုံတစ်ယောက် အိမ်နောက်ဖေးခြံထောင့်မှ ဗိတောက်ပင်ကြီးအောက်မှဆိုသည်နှင့် မျက်မှောင်များပင် ကုပ်ကျသွားလေသည်သို့။ ရှေ့ဆက်ပြောလာမည့် စကားများကိုသာ ငံ့လင့်စောင့်စားနေပါလေတော့။

"ဘယ်လိုဖြစ်တယ် မသိရပါဘူး။ မြေဆွေးတွေအောက်က ပျောဒီပျောက်ခုံးသွားတဲ့ လက်စွပ်ကလေးကို ပြန်ပြီးတွေ့ရတယ်လေ၊ ကို ... ဟို ... ပလတ်စတစ်လေးနဲ့တောင် သေသေချာချာထုပ်ပြီး မြေကြီးထဲမှာ မြှုပ်ထားတာနေမှာပေါ့၊ ကိုင်း ... ဘယ်လောက်အံ့ဩစရာ ကောင်းလိုက်သလဲ၊ သမီးလေးနဲ့ ပတ်သက်တဲ့အရာမှန်သမျှ ထူးထူးဆန်းဆန်းတွေနဲ့ချည်း တွေ့ကြုံနေရတာလဲ ကိုကျော်ပုံ၊ ဘယ့်နှယ်ရှင် ... လက်ထဲမှာစွပ်ထားတဲ့လက်စွပ်က ပေါက်ပေါက်ရှာရှာ ဘယ်လိုက,ဘယ်လို မြေကြီးထဲကို ရောက်သွားရတာလဲဆိုတာ ကျွန်မဖြင့် တွေးလို့ကိုမရပါဘူးရှင်"

မမင်းဘုံမှာ ရိုးရိုးသားသားနှင့် စက်ကိုင်းသူပီပီ သူ၏စိတ်ထဲရှိ သမျှအရာများကို ဘွင်းဘွင်းရှင်းရှင်းကြီး ပြောဆိုလိုက်သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ အပြစ်ကျူးလွန်ခဲ့သူ မောင်ကျော်ပုံကမူ ဆိတ်ဆိတ်နေရင်း ငြိမ်သက်စွာပင် နားထောင်နေပါလေတော့။

သို့သော် သူ၏ရင်တွင်းမှာတော့ ကျွဲရှုကြောင်မျက်ရှင် လက်စွပ်လေးနှင့်ပတ်သက်၍ ပဟေဠိပုစ္ဆာများက ယောက်ယက်ခတ်မျှ လှုပ်ခတ်ဆူပွက်လျက်။ အတန်ကြာမှ မေးချင်လွန်းသည့် မေးခွန်းတစ်ခုကို မမေးရဲမေးရဲနှင့် မေးမြန်းလိုက်ပါ၏။

"အဲဒီလက်စွပ်လေးကို ဘယ်နေ့က ပြန်ပြီးတွေ့ရတာလဲ မမင်းဘုံ"

"ဟော ... မှတ်မှတ်ရရပါပဲရှင်၊ တစ်နေ့ကပေါ့ ဒီဇင်ဘာ တစ်ရက်၊ ကျွန်မရဲ့မွေးနေ့မှာပဲ၊ အင်း ... အချိန်က .. အချိန်က

www.burmeseclassic.com

www.burmeseclassic.com

မနက် . . မနက်ကိုးနာရီ၊ ဟုတ်တယ် . . . မနက်ကိုးနာရီလောက်မှာ အဲဒီကြောင်မျက်ရှင်လက်စွပ်ကလေးကို ပြန်ပြီးတွေ့ရလို့ သမီးရဲ့လက်မှာ ပြန်ပြီးဝတ်ဆင်ပေးထားတာပဲ ကိုကျောက်ပုံရေ"

သည့်တစ်ကြိမ်တော့ မောင်ကျောက်ပုံ ဆံပင်မွေးများကပင် ထောင်ထလာပြီး မျက်လုံးများကလည်း ပြူးကျယ်သွားပါချေ၏။ ထို့အပြင် ပါးစပ်မှလည်း ဟိုက်ခနဲပင် လန့်ဖျပ်ကာ အော်ဟစ်လုမတတ် သတိလက်လွတ်ဖြစ်သွားမိပါသည်။

တိုက်ဆိုင်မှုလေလား . . .၊ မယုံကြည်နိုင်စရာ ပဋ္ဌာန်းဆက်တစ်ခုနှင့် ဆက်နွယ်မှုလေလား။ သို့မဟုတ် ကြောင်မျက်ရှင်၏ အစွမ်းသတ္တိထူးများကြောင့်လေလား . . . ဟူသည်ကိုတော့ မောင်ကျောက်ပုံ မတွေးဆတတ်ပါလေတော့။ သူ၏ပစ္စည်းများအားလုံးမှာလည်း ဒီဇင်ဘာလ တစ်ရက်၊ နံနက်ကိုးနာရီလောက်မှာပင် အရောင်းအဝယ်ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ထူးထူးခြားခြား တိုက်ဆိုင်လွန်းလှသည့် ကံကြမ္မာကို မောင်ကျောက်ပုံ သံသယဖြစ်နေမိသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

တစ်ပတ်ကျော်မျှ လွဲချော်နေခဲ့သည့် သူ၏လုပ်ငန်းကိစ္စကြီးများသည် ထိုနေ့၊ ထိုရက်၊ ထိုအချိန်သို့ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာပါမှ အဆင်ပြေအောင်မြင်ပြီးမြောက်သွားရခြင်းမှာ ထူးခြားသော သိဒ္ဓိစွမ်းရည်များဖြင့် ပြီးပြည့်စုံသော ကြောင်မျက်ရှင်လက်စွပ်လေးနှင့် ဆက်နွယ်နေလေသည်လား ဆိုသည်ကိုတော့ . . .

ထိုနေ့ ညတစ်ညလုံး ဖြေရှင်း၍မရနိုင်သော ပဟေဠိ ဝက်ပါထဲတွင် မောင်ကျောက်ပုံတစ်ယောက် ဇဝေဇဝါ မရေမရာသော စိတ်သောကများစွာနှင့် နပမ်းလုံးရင်း အချိန်ကုန်လွန်နေပါတော့သည်။



"အင်း . . . ဒီပဟေဠိပုစ္ဆာတွေကိုတော့ မနက်ကျမှပဲ အဘဘိုးသြဘာဆီကိုသွားပြီး တိုင်ပင်ဆွေးနွေးမှဖြစ်တော့မယ်၊ ဘုရား . . . ဘုရား သမီးလေးရဲ့ပဋ္ဌာန်းဆက်ဖြစ်တဲ့ ကြောင်မျက်ရှင်လက်စွပ်ကလေးဟာ အဘဘိုးသြဘာပြောသလို သိဒ္ဓိအစုံများ အမှန်တကယ်ပြီးမြောက်နေပြီလား"

အတွေးပေါင်းစုံဖြင့် ချာချာလည်နေသည့် မောင်ကျောက်ပုံတစ်ယောက် အိပ်ရာထက်တွင် ဘယ်ညာလူးလိမ့်ရင်း နောက်ဆုံးမျက်စိဖွင့်မှိတ်ကာ အိပ်ပျော်သွားပါလေတော့သည်။

✥ ✥ ✥

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ရစာရ (၁၅)

### ဝရလောကမှ မမြင်နိုင်သော စွမ်းအားသိဒ္ဓိများ

လူသူတော်ကြီးဘိုးသြဘာမှာ သူ့ရှေ့မှ ကြေးညိုများပင် တက်နေသည့် ကွမ်းအစ်ကြီးကိုဖွင့်ကာ ကွမ်းရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး အညှာခြွေကာ ထုံးအနည်းငယ်မျှ သုတ်လိမ်းလိုက်သည်။ ပြီးမှ ကွမ်းသီးစိတ်သုံးလေးစိတ်နှင့် ဇာမဆေးအနည်းငယ်တို့ထည့်ကာ သူ့ပါးစောင်ထဲသို့ ထိုးထည့်လိုက်ပါ၏။ အတန်ကြာမျှ ကွမ်းမြုံ့နေပြီးမှ...

"အင်း ... ဒီလိုကိစ္စမျိုးတွေ ဖြစ်ရပ်မျိုးတွေဟာ မယုံကြည်လို့မရဘူး မောင်ကျောက်ပုံ၊ မင်းကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကိုပဲ ပြန်ကြည့်စမ်း။ ဘယ်လောက်မယုံကြည်နိုင်စရာကောင်းအောင် ထူးဆန်းနေသလဲဆိုတာ"

ဘိုးသြဘာ စကားပြောရင်းမှ အနီးရှိ ကွမ်းတံတွေးခွက်ထဲသို့ ကွမ်းသွေးအချို့ကို ပျစ်ခနဲထွေးထုတ်လိုက်သည်။

"သမီးလေးမှာရှိနေတဲ့ လက်စွပ်ဟာ သိဒ္ဓိအစုံရှိပြီးမြောက်ထားတဲ့ ကမ္ဘာ့ရကြောင်းမျက်ရှင်လက်စွပ်ပဲကွဲ၊ နှယ်နှယ်ရရ မဟုတ်ဘူး



ဘဝအဆက်ဆက်၊ ပဋ္ဌာန်းအဆက်ဆက်၊ သံသရာအဆက်ဆက်တွေကို ကျော်လွှားဖြတ်သန်းလာခဲ့ပြီးမှ ထိုက်တန်သူလက်ထဲကို ရောက်လာခဲ့ရတာ မောင်ကျောက်ပုံ"

"အင်း ... အဘပြောသလိုသာဆိုရင် ဒီကြောင်းမျက်ရှင်လက်စွပ်ဟာ ကျုန်တော့်ရဲ့သမီးလေး အရွယ်ရောက်လာလို့ ကြီးပြင်းလာတဲ့အခါမှာ အရှက်တကွဲ အကျိုးနည်းစရာကိစ္စတွေနဲ့များ ကြုံတွေ့လာရဦးမှာလား အဘရယ်"

သနားစဖွယ် စိတ်ပျက်အားလျော့စွာ ပြည်တမ်းရေရွတ်နေရှာသည့် မောင်ကျောက်ပုံကိုကြည့်ကာ လူသူတော်ကြီးဘိုးသြဘာမှာ သက်ပြင်းယဲ့ယဲ့ကိုသာ ချလိုက်သည်။

"အင်း ... မွေးဖွားလာစဉ်ကတည်းက အခုအသက်အရွယ်အထိ ကြုံတွေ့ခဲ့ရတဲ့ သမီးလေးမြပန်းနွယ်ရဲ့ သုခ,ဒုက္ခတွေကို ပေါင်းစပ်ပြီး အဖြေထုတ်ကြည့်လိုက်မယ်ဆိုရင်တော့ ကမ္ဘာ့ရကြောင်းမျက်ရှင်လက်စွပ်ရဲ့ ပဋ္ဌာန်းဆက်ပိုင်ရှင်ဖြစ်တဲ့ သမီးလေးရဲ့ရှေ့အနာဂတ်ဘဝခရီးဟာ တကယ့်ကို မတွေးရဲစရာတွေဖြစ်ပြီပေါ့ မောင်ကျောက်ပုံရယ်၊ ဒါပေမဲ့ အကုသိုလ်ကို ကုသိုလ်နဲ့ အစားထိုးဖျောက်ဖျက်ပစ်ရမယ်၊ ငါတို့တစ်တွေဟာလည်း သမီးလေးမြပန်းနွယ်အတွက် ကောင်းမှုကုသိုလ်တွေ များများပြုလုပ်ပေးရမယ်၊ အင်း ... အတိတ်ဘဝဘဝတွေက ကုသိုလ်,အကုသိုလ် ပဋ္ဌာန်းဆက်တွေကို ပယ်ဖျက်လို့မရနိုင်ပေမယ့် ပိုပြီးဆိုးဆိုးဝါးဝါး ဖြစ်မသွားအောင်တော့ အဘတို့ ကာကွယ်ပေးလို့ ရနိုင်လောက်မယ် ထင်ပါရဲ့ကွယ်"

နံနက်ခင်းလေပြည်အောက်တွင် အနုရုဒ္ဓါခေါင်းအောက်ဘက်မှ မေတ္တာပို့သံလေးများနှင့် ကြေးစည်ထုခတ်သံလေးများက စီစီဝေမျှ ကြားနေရသည်။ သံသရာသည် ရှည်လျား၍ ဘဝသည်

www.burmeseclassic.com

www.burmeseclassic.com

ရှုပ်ထွေးလွန်းလှပါတကား။ ထိုအရှုပ်သံသရာဝဲဩဃထဲမှ ရုန်းမထွက်နိုင်ကြသော လူသားများစွာတို့သည် လူ့ဘဝသမုဒ္ဒရာဝယ် မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်နှင့် စုန်ဆန်ကူးခတ်နေကြရင်း . . .

မောင်ကျောက်ပုံ၏ စိတ်အာရုံတို့သည်လည်း ချစ်သမီးလေး၏ဇော်ဖြင့် ပြင်းစွာစိတ်သောကတို့ဖြင့် ဖိစီးနေသည်မဟုတ်ပါလား။

"ဟင်း . . . ကျွန်တော်တော့ သိပ်ပြီးစိတ်မရှည်ချင်တော့ဘူး အဘာရယ်၊ သမီးလေးရဲ့လက်စွပ်ကလေးကို ရေဝတီမြစ်ထဲ တစ်ခါတည်းကို နှစ်မြှုပ်ပစ်လိုက်ချင်ပြီ၊ သမီးလေးအတွက် အန္တရာယ်ရှိလာမယ်ဆိုရင်တော့ ဒီကိစ္စကို မဖြစ်မနေ လုပ်သင့်တယ်ထင်ရင် မျက်စိမှိတ်ပြီး လုပ်ရမှာပဲ အဘာ"

သားသမီးဇောကပ်လာပြီမို့ ဘာမဆို ရင်ဆိုင်ဖြေရှင်းရန် အသင့်ဟူသော ဆုံးဖြတ်ချက်နှင့် မိုက်မိုက်မဲမဲ စိန်ခေါ်လာသည့် မောင်ကျောက်ပုံကိုကြည့်ကာ ဘိုးဩဘာ ခေါင်းတညိတ်ညိတ် ရှိနေပါ၏။

"ဟင်း ဟင်း ဟင်း . . . မောင်ကျောက်ပုံလည်း တော်တော်ခေါင်းမာသားပဲနော်၊ အခုအချိန်ထိ ပရလောကရဲ့ အစွမ်းတွေကို မယုံကြည်နိုင်သေးဘဲကိုး။ အေး . . . အဘာ မင်းကို ကြောင်မျက်ရှင်တို့ ကြောင်နက်အမြုတေတို့လို အစွမ်းသတ္တိထူးမျိုးရှိတဲ့ 'မွေးရာပါ ကြောင်နက်' ရုပ်ကလေးပါလာတဲ့ လူတစ်ယောက်အကြောင်းနဲ့ ပရလောကရဲ့စွမ်းအင်သိဒ္ဓိထူးတွေကို အလျဉ်းသင့်တုန်း အဘာ ပြောပြမယ်၊ ဟောဒီလောကကြီးမှာ မယုံကြည်နိုင်တာတွေ ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှတဲ့ ဖြစ်ရပ်တွေဟာ အနန္တဂုဏ်မရှိကြတယ်၊ ဒါတွေကို မယုံကြည်ဘူးဆိုတဲ့ သူဟာ တကယ်လက်တွေ့ မကြုံဖူးသေးလို့ပါကွယ်၊ အဘာ အသက်နှစ်ဆယ်လောက်က 'မွေးရာပါကြောင်



နက်ရုပ်' ကလေးပါလာတဲ့ ကြောင်မ,လို့ခေါ်တဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ကြုံခဲ့ရဖူးတယ် မောင်ကျောက်ပုံ"

သူ၏သမီး မြပန်းနွယ်ကဲ့သို့ ကြောင်မျက်ရှင်နှင့် ခပ်ဆင်ဆင်တူသည့် မွေးရာပါကြောင်နက်ရုပ်ပါသည့် မိန်းကလေးတစ်ယောက်၏ အကြောင်း မောင်ကျောက်ပုံ စိတ်ဝင်တစားနှင့် နားထောင်လျက် ရှိပါလေ၏။

"ဒီလိုကွဲ့ မောင်ကျောက်ပုံ . . . ထူးထူးခြားခြား မွေးဖွားလာကြတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ 'ကြောင်နက်' ပါရှိပြီး မွေးဖွားလာတဲ့သူတွေကိုလည်း ရှားရှားပါးပါး တွေ့ကြုံခဲ့ရတယ်လေ၊ တကယ်တော့ 'မွေးရာပါကြောင်နက်' ဆိုတာ လူတစ်ဦးတစ်ယောက်မှာ မွေးဖွားလာစဉ်ကတည်းက ကြောင်နက်ရုပ် အမှတ်အသားတစ်ခု အရေပြားပေါ်မှာ ထင်ထင်ရှားရှားပါရှိလာတာကို ခေါ်တာကွဲ့"

"အဲဒီ မွေးရာပါကြောင်နက်ရှင်တွေဟာ သိဒ္ဓိစွမ်းရည်တွေ တစ်မျိုးတစ်ဖုံဆီရှိကြတယ်၊ အဲ . . . သူတို့ရဲ့ ဗီဇစွမ်းရည် ဒါမှမဟုတ် မွေးဖွားလာစဉ်အခါက နက္ခတ်နဲ့အခါကွာခြားမှု၊ ဒါမှမဟုတ် တခြား တခြားသော အကြောင်းတွေကြောင့် စွမ်းရည်ကွာခြားမှုတွေ အမျိုးမျိုးရှိတတ်ကြတယ် မောင်ကျောက်ပုံ၊ အဲဒီမှာ အဆင်းကြောင်၊ အတက်ကြောင်၊ စောရကြောင်ဆိုပြီး သူတို့ရဲ့စွမ်းရည်ကိုကြည့်ပြီး ခေါ်ဆိုသတ်မှတ်ကြတယ်၊ အင်း . . . ဘာဘရဲ့ သူငယ်ချင်းမလေးကို သူ့ရဲ့အိမ်က 'ကြောင်မ' လို့ခေါ်ကြတယ်၊ သူ့ရဲ့လက်ဝဲဘက်တံတောင်ဆစ်ရဲ့ အတွင်းဘက်လက်ဖျံပေါ်မှာ ကြောင်နက်ရုပ်ကလေးဟာ မွေးလာကတည်းက ထင်ထင်ရှားရှားပါလာခဲ့တယ်လေ"

"တကယ့်ကြောင်ရုပ်ကလေးအတိုင်းပဲ အမြီးက အတွင်းဘက်မှာရှိပြီး ခေါင်းက အပြင်ဘက်ကို ဦးလှည့်နေတယ်ကွဲ့၊ ဆေး

www.burmeseclassic.com

www.burmeseclassic.com

မှင်ကြောင်ထိုးထားသလို စိမ်းဖန့်ဖန့်အရောင်မဟုတ်ဘဲ နက်မှောင်နေတဲ့ အနက်ရောင်ကြောင်နက်ရုပ်လေးက သူ့ရဲ့ အမှတ်အသားတစ်ခုလို ဖြစ်နေတယ်လေ''

လူသူတော်ကြီးဘိုးသြဘာ၏ စကားများကိုနားထောင်ရင်း ရုပ်တွေးပွေလီသလောက် လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ရောပြွန်းနေသည့် လူ့ဘဝကြီးကို တစ်စတစ်စဖြင့် ကြောက်ရွံ့ထိတ်လန့်လာသလိုပင် ဖြစ်နေမိသည်။ သည်ကြားထဲ မမြင်နိုင်သောပရနယ်မြေမှ ပုဂ္ဂိုလ်များကတစ်မျိုး ပါရမီဆက်, ပဋ္ဌာန်းဆက်နွယ်သော အဆက်အနွယ်များက တစ်မျိုးနှင့် ရုပ်တွေးနေသည့် ပဟေဠိပုစ္ဆာများကြောင့် အတော်ပင် စိတ်ညစ်ညူးနေသည့်ကြားမှ မွေးရာပါကြောင်နက်ရှင်မလေး၏ အကြောင်းကို စိတ်ဝင်တစားဖြင့် နားထောင်နေမိသည်။

''သူကျတော့ တစ်မျိုးကွဲ၊ ညလူခြေတိတ်ပြီဆိုရင် အဲဒီကြောင်ရုပ်လေးက မအိပ်နိုင်,မနေနိုင်အောင်ကို ယားလာလေ့ရှိတယ်ကွဲ၊ အဲဒီလိုအခါမျိုးကျရင် ကြောင်မတစ်ယောက် ဂနာမငြိမ်ဖြစ်လာပြီး တစ်စုံတစ်ခုကို ရယူချင်တဲ့စိတ်တွေ ပေါ်လာတယ်တဲ့လေ၊ နောက်ပြီး အရှယ်နဲ့မလိုက်အောင် လျင်မြန်ဖျတ်လတ်တယ်၊ ကြောင်မ,ဆိုတဲ့ နာမည်နဲ့လိုက်အောင် သစ်ပင်အတက်အဆင်းကလည်း ကျွမ်းကျင်ပါဘိကွယ်၊ အနံ့ခံတာကလည်း ကောင်းမှကောင်းတော့ ကျောင်းကအတန်းဖော်တွေရဲ့ ထမင်းချိုင့်ထဲက ဟင်းတွေကို ချိုင့်ဖွင့်မကြည့်ဘဲနဲ့ ဟင်းအမည်တွေကို ကြောင်မက တပ်အပ်သေချာပြောနိုင်တယ်၊ တစ်ခါတလေ ညှိနက်သန်းခေါင်မှာ ပျောက်ပျောက်သွားလေ့ရှိတယ်၊ နောက်ကျမှသိရတာက သူဟာ ကြောင်နက်ရုပ်ကလေး ယားယံလာရင်း မနေနိုင်တဲ့အကြောင်းနဲ့ အနည်းဆုံး ထမင်းကျန်,ဟင်းကျန်လောက်တော့ ခိုးစားလိုက်ရမှ နေသာထိုင်သာရှိသွားတယ်တဲ့လေ၊



ကိုင်း ... ဘယ်လောက်များ အံ့သြစရာကောင်းလိုက်သလဲဆိုတာ''

''ဟင် ... ဒီလိုဆို အဲဒီကြောင်မဆိုတဲ့ ကောင်မလေးဟာ အသက်အရွယ်ရလာခဲ့ရင် ဘယ်လိုလုပ်မလဲဟင် အဘ၊ အဲဒီလို ညှိနက်သန်းခေါင်တွေများ အပြင်ထွက်လမ်းလျှောက်ရင် မဖွယ်မရာကိစ္စတွေများ ဖြစ်သွားခဲ့ရင် ဒုက္ခရောက်ပြီပေါ့''

''အေး ... အဲဒါပြောနေတာပေါ့ မောင်ကျောက်ပုံရယ်၊ ဒါပေမဲ့ ကြောင်မ,အတွက် မမြင်နိုင်တဲ့ ပရလောကနယ်မြေနဲ့ ကြောင်နက်ရုပ်ကလေးက အစွမ်းသတ္တိထူးတွေပေးထားတယ် ထင်ပါရဲ့ကွယ်၊ သူ့အကြောင်း အတွင်းသိ,အစင်းသိဖြစ်တဲ့ ဆွေမျိုးတချို့က ကြောင်မ,မသိအောင် ပစ္စည်းအချို့ကို အခန်းထဲမှာ ထည့်ထားကြပြီး တစ်နေရာကနေ အလစ်မပေးကြဘဲ စောင့်ကြည့်ကြတယ်လေ ...၊

အိမ်က နှစ်ထပ်အိမ် ပျဉ်ထောင်အိမ်၊ တံခါးတွေအားလုံးကို အသေပိတ်ပြီးထားတဲ့ အခန်းထဲမှာ ပစ္စည်းကို စားပွဲပေါ်မှာ တင်ထားခဲ့တယ်၊ အဲဒါ တံခါးတွေလုံးဝမဖွင့်ဘဲနဲ့ စားပွဲပေါ်က ပစ္စည်းတွေကို ဘယ်အချိန်ကနေ ဘယ်လိုလုပ်ပြီး ယူသွားတာလဲမသိဘူး၊ တစ်အောင့်နေကြတော့ အဲဒီပစ္စည်းဟာ ကြောင်မရဲ့လက်ထဲကို ရောက်နေပြီတဲ့လေ၊ အဲဒါဟာ မွေးရာပါကြောင်နက်ရုပ်ပါတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အကြောင်းပဲကွဲ၊ တစ်ခုထူးဆန်းတာက ကြောင်မဟာ သစ်ပင်တက်ရင် ကြောင်လိုတက်လေ့ရှိပြီး ဆင်းရင်လည်း ကြောင်လိုပဲ ပြန်ပြီးဆင်းလေ့ရှိတယ် မောင်ကျောက်ပုံ''

လူသူတော်ကြီးဘိုးသြဘာ ပြောပြနေသည့် 'မွေးရာပါကြောင်နက်ရုပ်' ပါရှိသော လူသားတစ်ယောက်၏ မယုံကြည်နိုင်ဖွယ်တကယ့်ဖြစ်ရပ်တစ်ခုကို မောင်ကျောက်ပုံ အံ့သြမှင်တက်စွာ ကြားနေရပါသည်ကော။

www.burmeseclassic.com

www.burmeseclassic.com

မောင်ကျောက်ပုံ၏အတွေးအာရုံမှာတော့ သိဒ္ဓိဝင် ကြောင်
မျက်ရှင်လက်စွပ်နှင့် မွေးရာပါကြောင်နက်ရုပ်ကလေးတို့ဖြစ်ရပ် ပဟေ
ဠိပုစ္ဆာများကို ဉာဏ်မီသလောက် စဉ်းစားဆင်ခြင်ကြည့်နေမိပါ၏။

သူ၏သမီးငယ်လေးတွင်ရှိနေသော ကျိန်ရသိဒ္ဓိဝင် ကြောင်မျက်
ရှင်လက်စွပ်လေးနှင့် မွေးရာပါကြောင်နက်ရှင်များ၏ စွမ်းရည်များသည်
အဘယ်ကြောင့် အစွမ်းထက်ကြပါသနည်း။ တစ်ကိုယ်လုံး နက်မှော
နေပြီး ခြေဖဝါး၊ လက်ဖဝါးလေးများတွင် 'စ၊ဓ၊ဗ၊ဝ' အက္ခရာစဉ်မျ
ထင်ရှားစွာပါဝင်သည့် ကြောင်နက်ရှင်များ ဝင်စားခြင်းလေလား။

သို့မဟုတ် သိဒ္ဓိအစီရင်များ ပြီးမြောက်အောင်မြင်ခဲ့သည
ဆေမှင်ကြောင်ထိုးထားသူများ ဝင်စားခြင်းလေလား။ မည်သည
တွက်ကြောင့် လူ့ခန္ဓာကိုယ်တွင် ကြောင်နက်ရုပ်ကလေး ပါရှိလာရပါ
နည်း ... စသည်,စသည်ဖြင့် မောင်ကျောက်ပုံ၏ ပဟေဠိအတေ
ဝက်ဘာများက မိုးမဆုံးမြေမဆုံး ဝဲလှည့်စီးမျောလျက် ...။

"အေး ... ဒါပေမဲ့ အဘရဲ့သူငယ်ချင်း ကြောင်မကတေ
က်ကောင်းသွားတယ်လို့ ဆိုရမလားမသိဘူး။ အသက်ဆယ့်ငါး
အရွယ်လောက်မှာ ဆရာကောင်းသမားကောင်းနဲ့တွေ့သွားလို့ 'မွေ
ပါကြောင်နက်ရှင်' ရုပ်ကလေးရဲ့ သိဒ္ဓိအစွမ်းတွေကို အချိန်မီ ပ,ပျော
သွားအောင် လုပ်ဆောင်ပေးနိုင်ခဲ့တယ် မောင်ကျောက်ပုံ"

"ခင်ဗျာ ... အဲ ... အဲဒီ မွေးရာပါကြောင်နက်ရှင်ရဲ့
ထူးတွေ၊ အစွမ်းသတ္တိတွေကို ဖျောက်ဖျက်ပစ်နိုင်တယ် ...ဟု
လား အဘ"

သတင်းကောင်းတစ်ခုဖြစ်သဖြင့် မောင်ကျောက်ပုံမှာ
သာအားရနှင့် အဘဘိုးသြဘာအား မေးမြန်းလိုက်ပါ၏။

"ဟုတ်တယ် မောင်ကျောက်ပုံ၊ အဲဒီဆရာက မွေ



ကြောင်နက်ရုပ်ကလေးပါတဲ့ ကြောင်မကို ဘုရားစင်ရှေ့မှာ ဘုရားရှိခိုး
ငါးပါးသီလခံယူနိုင်းလိုက်ပြီး တန်ဆောင်မုန်းလပြည့်ညဆယ့်နှစ်
နာရီတိတိ စောရနက္ခတ်နဲ့ယှဉ်တဲ့အချိန်မှာ မွေးရာပါကြောင်နက်ရုပ်
ကလေးရဲ့ မျက်စိနှစ်လုံးနေရာကို သိဒ္ဓိဝင်အပ်နဲ့ သုံးချက်စီ ထိုးဖောက်
ပေးလိုက်တာနဲ့ သိဒ္ဓိအစွမ်းတွေအားလုံး ပျက်ပြယ်သွားတော့တယ်တဲ့
လေ"

"ဒါ ... ဒါ ... ဒါဆိုရင် သမီး ... သမီးလေးမြပန်းနွယ်ရဲ့
သိဒ္ဓိဝင်ကြောင်မျက်ရှင်လက်စွပ်ကလေးကျတော့ရော အဲ ... အဲဒီလို
နည်းလမ်းမျိုးတွေနဲ့ လုပ်လို့မရဘူးလားဟင် အဘ၊ ဖြစ် ... ဖြစ်
နိုင်ရင် နည်းလမ်းကောင်းလေးတွေရှာပြီး သမီးလေးကို ကယ်တင်ပေး
ပါလား အဘရယ်"

ကြေကွဲဝမ်းနည်းစွာ ပြောကြားနေသည့် မောင်ကျောက်ပုံ
ကိုကြည့်ကာ လူသူတော်ကြီးဘိုးသြဘာမှာ သက်ပြင်းတစ်ခုကို
ပယ်ယှဲ့ယှဲ့ချလိုက်ပါလေ၏။ •

"အဘ နားလည်ပါတယ်ကွယ်၊ မိဘတွေရဲ့ရင်ထဲမှာ သား
သမီးနဲ့ပတ်သက်ပြီး ခံစားနေရတဲ့ သောကဝေဒနာတွေကို ခံစားနား
လည်နိုင်ပါတယ်ကွယ်၊ ဒါပေမဲ့ အဘ စောစောက ပြောခဲ့သလိုပဲ
သိဒ္ဓိစွမ်းရည်တွေဟာ တစ်ယောက်နဲ့တစ်ယောက် တစ်မျိုးတစ်ဖုံဆီ
ကွဲပြားကြတယ်၊ သူတို့ရဲ့ဗီဇစွမ်းရည်ဟာ မွေးဖွားစဉ်အခါက နက္ခတ်
တွေ၊ ဂြိုဟ်သွားဂြိုဟ်လာတွေ အခါကွာခြားမှုတွေရှိကြလေတော့
ဘယ်အရာဟာ ဘာနဲ့အစွမ်းသတ္တိညီသလဲ၊ ဘယ်လိုကွာခြားမှုတွေ
ရှိနိုင်မလဲဆိုတာ မသိနိုင်လေတော့ ခန့်မှန်းရခက်တာပေါ့ မောင်
ကျောက်ပုံရယ်"

"ဒီလိုဆိုရင်တော့ ကျွန်တော့်နည်း ကျွန်တော့်ဟာနဲ့ပဲ သမီး

www.burmeseclassic.com

www.burmeseclassic.com

ဆီက ကြောင်မျက်ရှင်လက်စွပ်ကလေးကို အပြတ်ရှင်းပစ်လိုက်တော့မယ် အဘရယ်''

မောင်ကျောက်ပုံမှာ သမီးလေးအတွက် တစ်နေ့တခြား အန္တရာယ်ပို၍များလာသည့် ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကို စွန့်ပစ်ရန်သာ ခွင့်တောင်းနေသဖြင့် ဘိုးသြဘာတစ်ယောက် မနေသာပါလေတော့။

''သြော် . . . မောင်ကျောက်ပုံရယ် အခုချိန်ထိတောင် ဒီဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးရဲ့ မမြင်နိုင်တဲ့ ပရနယ်သားတွေ စွမ်းအားကို မသိလေရော့သလားကွယ်၊ ကိုင်း . . . မင်းစိတ်ကျေနပ်သွားအောင် အဘ ဒုတိယအကြိမ် ခွင့်ပေးလိုက်ဦးမယ်၊ ဒါပေမဲ့ မင်း အဘကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်ကွဲ့''

''ဟုတ် . . . ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ဘယ်လိုကတိမျိုး ပေးရမှာလဲဆိုတာ သိပါရစေ''

လွန်စွာမှ စိတ်အားတက်ကြွလာသည့် မောင်ကျောက်ပုံကို ကြည့်ကာ လူသူတော်ကြီးဘိုးသြဘာ ခေါင်းတဆတ်ဆတ် ညိတ်နေပါ၏။ အတန်ကြာမှ . . .

''အဲဒီ ကြောင်မျက်ရှင်လက်စွပ်ကို ဒီတစ်ခါထပ်ပြီး မင်းစိတ်ကြိုက်စွန့်ပစ်ပြီးပြီဆိုရင် တကယ်လို့များ အဲဒီကြောင်မျက်ရှင်လက်စွပ်ကလေးဟာ သမီးလေးဆီကိုများ ဒုတိယအကြိမ်မြောက် ပြန်ပြီးရောက်ရှိလာခဲ့ဦးမယ်ဆိုရင် နောက်ထပ် အဲဒီကြောင်မျက်ရှင်လက်စွပ်နဲ့ ပတ်သက်ပြီး ဘာမှထပ်ပြီးမကြိုးစားတော့ပါဘူးဆိုတဲ့ ကတိပဲကွဲ့ မောင်ကျောက်ပုံ''

ဘိုးသြဘာထံမှ မည်သို့မျှမျှော်လင့်မထားသော တောင်းဆိုမှုကြောင့် မောင်ကျောက်ပုံမှာ အံ့အားသင့်သွားပါ၏။



''ဟင် . . . အဘရဲ့စကားအတိုင်းဆိုရင် ဒီတစ်ကြိမ် ကျွန်တော်ကိုယ်တိုင် လက်စွပ်ကလေးကို စွန့်ပစ်ဦးမယ်ဆိုရင်လည်း သမီးလေးဆီကို ပြန်ပြီးရောက်လာဦးမှာပဲလို့ ဆိုလိုချင်တာလား ခင်ဗျာ''

သည်မေးခွန်းကိုတော့ လူသူတော်ကြီးဘိုးသြဘာ ချက်ချင်းမဖြေကြားသေးပါ။ ပြတင်းဝမှတွေ့မြင်နေရသည့် တောင်ကုန်းထိပ်ရှိ ထီးဖြူဖြူနှင့် စေတီတစ်ဆူရှိရာသို့ ငေးမျှော်ကြည့်နေပါသည်။ အတန်ကြာမှ . . .

''အင်း . . . မမြင်နိုင်မတွေ့နိုင်တဲ့ ပရလောကရဲ့ လျှို့ဝှက်ဆန်းကြယ်လှတဲ့ ဖြစ်ရပ်တွေဟာ မယုံကြည်နိုင်စရာတွေနဲ့ ပြည့်နှက်နေကြတာကလား မောင်ကျောက်ပုံရဲ့၊ အဲဒီတော့ မင်းလည်းပဲ ဒုတိယအကြိမ်မြောက် သိဒ္ဓိဝင်ကြောင်မျက်ရှင်လက်စွပ်လေးနဲ့ ယှဉ်ပြိုင်ပြီး ကစားကြည့်ဦးပေါ့ကွယ်၊ ကဲ ကဲ . . . အချိန် တောင်တော်တော်လင့်သွားပြီ၊ အဘလည်း ကျင့်စဉ်စခန်း ဝင်ရဦးမှာမို့ သွားပေဦးတော့ကွယ်''

လူသူတော်ကြီးဘိုးသြဘာ၏ အဆုံးသတ်ဆုံးမစကားများကို ထိုစဉ်အချိန်က မောင်ကျောက်ပုံ ဘဝင်မကျလှပါ။ တစ်စုံတစ်ရာကို ကြိုတင်၍ သိရှိနေသည့်နှယ်။ မည်သို့ပင်ဖြစ်စေ မောင်ကျောက်ပုံကမူ သမီးလေးအား သုခဒုက္ခမျိုးစုံပေးနေသည့် ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကို ဒုတိယအကြိမ်စွန့်ပစ်ရန်သာ ကြံစည်စိတ်ကူးရင်းပြန်လာခဲ့ပါတော့သည်။

✣ ✣ ✣

www.burmeseclassic.com



## ဂမ္ဘီရစာစု (၁၆)

### ကြောင်မျက်ရှင်လက်စွပ်အား ဒုတိယအကြိမ်စွန့်ပစ်ခြင်း

နံနက်ခင်း၏ ထွက်ပြူစနေခြည်အလင်းတန်းများသည် ဧရာဝတီမြစ်ကြီးပေါ်သို့ ဘော်ငွေရောင်တလက်လက်ဖြင့် ဖြန့်ကြက်ခင်းကျင်းလျက် ရှိပါချေပြီ။

အတန်ငယ် စောသေးသဖြင့်လည်း စစ်ကိုင်းတံတားကြီးပေါ်တွင် ကားသွားကားလာနှင့် လူသွားလူလာတို့ အနည်းငယ်ကင်းရှင်းနေပါ၏။

မောင်ကျောက်ပုံတစ်ယောက်သာ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ နံနက်ခင်းလေပြည်ကို ရှူရှိုက်ရင်း စစ်ကိုင်းတံတားပေါ်တွင် လမ်းလျှောက်လျက်ရှိသည်။

အချိန်က ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလ ဖြစ်နေသည်မို့ ဧရာဝတီမြစ်ရေသည် ခပ်လှမ်းလှမ်းတွင် ပေါင်းစုံလာသည့် ဒုဋ္ဌဝတီမြစ်ရေနှင့်ပူးပေါင်းကာ မြစ်ပြင်ကျယ်ကြီးဖြစ်လျက် ရှိနေပါ၏။ တံတားခုံးကြီးနှစ်ခုံးခန့်အကျော်တွင် မောင်ကျောက်ပုံ တံတားသံဘောင်တစ်ခု



www.burmeseclassic.com

ကိုမှီကာ ခဏရပ်နားလိုက်သည်။

"အင်း ... လူသွားလူလာကတော့ တစ်ယောက်စ, နှစ်ယောက်စပဲ ရှိတယ်၊ စိတ်ချလက်ချဖြစ်အောင် ရေလယ်ခေါင်ရောက်တဲ့အထိ သွားလိုက်ဦးမယ်၊ ဒီတစ်ကြိမ်တော့ ပိုင်ပိုင်နိုင်နိုင်နဲ့ အပြီးအပြတ်ကို လုပ်မှဖြစ်မှာ"

ထို့နောက် အင်္ကျီအိတ်ကပ်ထဲသို့ လက်နှိုက်ကာ ကြောင်မျက်ရှင်လက်စွပ်ကလေးကို ထုတ်ယူကြည့်လိုက်မိပါ၏။ သမီးငယ်မြပန်းနွယ်မနိုးခင် တိတ်တဆိတ်ချွတ်ယူလာခဲ့သည့် ကြောင်မျက်ရှင်လက်စွပ်ကလေးက နေခြည်တွင် ဝင်းခနဲလက်သွားသည်သို့။

မောင်ကျောက်ပုံမှာ လက်စွပ်လေးကို အိတ်ကပ်တွင် ပြန်လည်၍မထည့်တော့ဘဲ လက်ထဲတွင်ပင်ဆုပ်ကိုင်ကာ တံတားခုံးလေးပါခုံး ကျော်လွန်သည်အထိ လျှောက်လာခဲ့ပါ၏။ စိတ်ကြိုက်နေရာသို့ရောက်သည်နှင့် တံတားသံပေါင်ကြီးများအနီးသို့ တိုးကပ်လိုက်သည်။

ကြောင်မျက်ရှင်လေးကို မစွန့်ပစ်မီ နောက်ဆုံးအကြိမ်အဖြစ် မောင်ကျောက်ပုံ ကြည့်လိုက်ပြန်ပါ၏။ နံနက်ခင်း၏ အတောက်ပဆုံးသော နေခြည်အောက်တွင် ဂမ္ဘီရကြောင်မျက်ရှင် လက်စွပ်လေးက မောင်ကျောက်ပုံအား စိန်ခေါ်နေသည်သို့။

"ဟင်း ... ဟင်း ငါ့သမီးလေးကို သုခဒုက္ခတွေ အမျိုးမျိုးပေးနေတဲ့ ကြောင်မျက်ရှင်လက်စွပ်လေးရေ ဒီတစ်ခါတော့ ဘယ်လိုမှ ပြန်ရောက်မလာနိုင်တော့ဘဲ ဟောဒီဧရာဝတီမြစ်ကြီးထဲကို မင်းကို အပြီးပိုင်မျှောလိုက်တော့မှာမို့ မင်းကို ငါ နှုတ်ဆက်လိုက်ပါတယ်ကွယ်၊ ကိုင်း ... သွားပေတော့ ကြောင်မျက်ရှင်ရေ"

မောင်ကျောက်ပုံမှာ တံတားသံပေါင်များကြားမှ ဧရာဝတီမြစ်ကြီးထဲသို့ ကြောင်မျက်ရှင်လက်စွပ်လေးအား တအားလွှဲ၍ပစ်ချလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ဝင်းခနဲလက်သွားသည့် လက်စွပ်ကလေးက လေထဲတွင် အတန်ကြာဝဲလွင့်နေရာမှ နောက်ဆုံး စီးဆင်းနေသည့် ရေဝဝေါ်မြစ် ရေထဲသို့ ရေပွက်တစ်ခုနှင့်အတူ စုံးစုံးနစ်မြုပ်သွားပါချေတော့သည်။

"ဟင်း ဟင်း ဟင်း ...အခုမှပဲ ငါ့သမီးလေးအတွက် စိတ်အေးသွားရတော့တယ်၊ နို့မို့ရင် ဒီကြောင်မျက်ရှင်လက်စွပ်လေး က စောရနကွတ်နဲ့ပေါင်းပြီး ငါ့သမီးလေးကို ဒုက္ခတွေ တောက် လျှောက်ပေးနေဦးမှာ ... ဟင်း ဟင်း"

မောင်ကျောက်ပုံမှာ လက်စွပ်ကလေး ပျောက်ကွယ်နစ်မြုပ် သွားသည်အထိ သေချာစွာစောင့်ကြည့်နေပြီးမှ အိမ်သို့ပြန်ရန်အတွက် လှည့်သွားစကြီမှ တစ်ဖက်သို့ လှည့်အဆင်းတွင် ဝေါခနဲအရှိန်ဖြင့် သူ့ထံ သို့ပြေးဝင်လာသည့် အရိပ်မည်းကြီးကြောင့် ရုတ်တရက် လန့်ဖျပ်သွား ကာ ခုန်ရှောင်လိုက်သည်တွင် ...

"ဟာ"

"ဒုန်း ... အ ..."

ခြေချော်ထွက်သွားကာ အရှိန်ကိုမထိန်းနိုင်တော့ဘဲရှိစဉ် သူ၏ဦးခေါင်းပေါ်သို့ တစ်စုံတစ်ရာနှင့် ထုရိုက်ခံလိုက်ရသည့်နှယ် ခံစားလိုက်ရပြီး မောင်ကျောက်ပုံတစ်ယောက် မည်းမှောင်နက်ရှိုင်း လှသော အမှောင်ကမ္ဘာကြီးထဲသို့ ဦးစိုက်ကျွမ်းပြန်ထိုးကျသွားပါ လေတော့သတည်း။

မောင်ကျောက်ပုံတစ်ယောက် ကားတိုက်မှုဖြစ်ပွား၍ ဆေးရုံ



တွင် နှစ်ရက်တိတိ သတိလေ့မေ့မြောနေပါ၏။ သုံးရက်ပြည့်မြောက် သည့် နံနက်ကိုးနာရီခန့်မှာတော့ မောင်ကျောက်ပုံ သတိပြန်လည် ရရှိလာခဲ့သည်။ ဖြစ်ပျက်ပုံမှာ မောင်ကျောက်ပုံ၏ ပေါ့ဆမှုအမှားသာ ဖြစ်ပါချေ၏။

လက်စွပ်ကလေး ရေထဲသို့နစ်မြုပ်သွားသည်ကို သတိလက် လွတ် ငေးမောကြည့်နေရာမှ ရုတ်တရက် ပလက်ဖောင်းစကြီထက်မှ နောက်သို့လှည့်၍ ဆင်းလိုက်မိသည်။ ထိုအခိုက် သူ၏နောက်ဘက်မှ ကပ်၍မောင်းနှင်လာသည့် ကားကြီးတစ်စင်းနှင့် မျက်နှာချင်းဆိုင် တိုက်မိကြသည်တွင် ...

"ဟာ"

'ကျွီ .. ကျွီ ..'

ရုတ်တရက် သူ့ထံသို့ပြေးဝင်လာသည့် အရိပ်မည်းကြီး ကြောင့် မောင်ကျောက်ပုံက လန့်ဖျပ်ပြီး နောက်သို့အခုန် ကျွီခနဲ ကျယ်လောင်စွာထွက်ပေါ်လာသော ဘရိတ်အုပ်သံကြီးကို ကြားလိုက်ရ သည်။

သို့သော် ကုသိုလ်ကံက ဆိုးချင်တော့ မောင်ကျောက်ပုံ ခြေချော်ကာလဲအကျတွင် တံတားသံပေါင်ကြီးနှင့် ဦးခေါင်းရိုက်မိကာ သတိလစ်မေ့မြောသွားခြင်းပင် ဖြစ်ပါချေ၏။

ဤသို့ဖြင့် မောင်ကျောက်ပုံ ဆေးရုံတွင် နှစ်ရက်ကြာ သတိ လစ်မေ့မြောနေခြင်းပင် ဖြစ်ပါသည်။

"မသေကောင်းမပျောက်ကောင်း ကိုကျောက်ပုံရယ်၊ ငေး လျှောက်ထွက်တာများ ခါတိုင်းလို စင်္ကြံတောင်ခြေမှာ မလျှောက်ဘဲ ဘယ့်နှယ် စင်္ကြံတံတားပေါ်တက်ပြီးများ လျှောက်ရတာယ်လို့ရှင်"

မမင်းဘုံ၏ စိုးရိမ်ပူပန်တင် ကြင်နာသံလေးများက နားထဲသို့

www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးချင်း စီးမျောဝင်ရောက်လာသည်မို့ မောင်ကျော်ကံပုံ မှိန်းနေရာမှ မျက်လုံးဖွင့်ကြည့်လိုက်ပါ၏။

"သြော် ... အင်း ဘာရယ်မဟုတ်ပါဘူး၊ မနက်စောစော မြစ်လေညင်းလေးကိုရှူပြီး လမ်းလျှောက်ချင်တဲ့စိတ် ပေါ်လာတာနဲ့ တံတားဘက်ကို ထွက်လာခဲ့တာပါ၊ ဒါ့ထက် သ ... သမီး ... သမီးလေးရော မပါဘူးလား မမင်းဘုံ"

သမီးလေးမြပန်းနွယ်ကို မတွေ့ရသဖြင့် မောင်ကျော်ကံပုံ မေးလိုက်ခြင်းဖြစ်ပါ၏။

"အင်း ... သမီးလေးလည်း နည်းနည်းလေး ကိုယ်တွေပူနေလို့ ဒေါက်တာကျော်စွာကိုခေါ်ပြီး ဆေးထိုးပေးထားခဲ့တယ်၊ သမီးလေးကလည်း ရှင့်ကိုပဲ တမေးတည်းမေးနေတာ"

သမီးငယ်လေးမြပန်းနွယ် ဖျားနေသည်ဆိုသောကြောင့် မောင်ကျော်ကံပုံမှာ ထိတ်ခနဲ ရင်ခုန်သွားပါ၏။ သူ၏ ပဋ္ဌာန်းဆက် ကြောင်မျက်ရှင်လက်စွပ်ကလေးကို တိတ်တဆိတ် ချွတ်ယူမိခဲ့သဖြင့် မောင်ကျော်ကံပုံမှာ မလုံမလဲဖြစ်သွားခဲ့သည်။

"အင်း ... ငါ ... ငါ သမီးလေးရဲ့ ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်လေးကို မသိအောင်များ ချွတ်ယူလိုက်မိလို့လား ဘုရား ... ဘုရား ... သမီး ... သမီးလေး ဘာတစ်ခုမှ မ ... မ ... မဖြစ်ပါစေနဲ့"

အတွေးထဲမှာပင် မောင်ကျော်ကံပုံ ပူလောင်လှုန်းလှုပ်ပါချေ၏။ သမီးအတွက် ပူပန်သောကစိတ်များက ယ်ထိပ်ထိတိုင် ရောက်ရှိနေလေပြီလား။ ထိုအခိုက် ဇနီးဖြစ်သူ မမင်းဘုံထံမှ ထွက်ကျလာသော စကားများကြောင့် မောင်ကျော်ကံပုံ မျက်နှာပျက်မသွားအောင် မနည်းထိန်းကျောင်းပြုပြင်လိုက်ရသည်။



"အင်း ... သူ့ရဲ့လက်စွပ်ကလေးကလည်း ထူးထူးဆန်းဆန်းနဲ့ ပျောက်သွားရပြန်ပြီလေ၊ အဲဒါ ရှင့်ကိုပြောပြရဦးမယ်ဆိုပြီး တပိုပိုတရိရိနဲ့ အဲဒီနေ့ကစပြီး သမီးလေးလည်း ဖျားတော့တာပါပဲရှင်၊ ကျောင်းကိုတောင် မောင်မင်းမောင်လေးနဲ့ ခွင့်စာတိုင်ထားလိုက်ရတယ် ကိုကျော်ကံပုံ"

မောင်ကျော်ကံပုံမှာ မမင်းဘုံ၏စကားကို မကြားတစ်ချက်ကြားတစ်ချက်နှင့်။ သူ၏စိတ်အတွေးထဲမှာတော့ ကြောင်မျက်ရှင်လက်စွပ်လေးကို သမီးငယ်မသိအောင် ချွတ်ယူမိခဲ့သဖြင့် စိတ်ထဲတွင် အနည်းငယ်မျှ ထင့်သွားမိပါ၏။

"ဘုရား ... ဘုရား ငါ့ကြောင့်များ ငါ့သမီးလေး ဒုက္ခဖြစ်ပြီထင်တယ်၊ မဖြစ်ဘူး ... မဖြစ်ဘူး ငါကိုယ်တိုင် သမီးလေးဆီသွားပြီး အားပေးချော့မော့မှဖြစ်မယ်၊ အင်း ... တစ်သက်လုံး ဒုက္ခအန္တရာယ်တွေပေးမယ့် ကြောင်မျက်ရှင်လက်စွပ်လေးကတော့ ဒီတစ်ခါတကယ်ပဲ လမ်းဆုံးကိုရောက်သွားပြီမို့ သမီးလေးနောင်ရေးတော့ စိတ်အေးသွားရပါပြီလေ"

မောင်ကျော်ကံပုံ၏ စိတ်အတွေးအာရုံများကလည်း ကြောင်မျက်ရှင်နှင့်ပတ်သက်၍ စိတ်အေးသွားရသည့်တိုင် နေမကောင်းဖြစ်နေသည့် သမီးငယ်လေးအတွက်မူ စိတ်စနိုးစနောင့် ဖြစ်နေရသည်။

"ကဲ ... မမင်းဘုံ ငါလည်း သက်သာသွားပြီပဲ၊ သမီးလေးကို စိတ်မချဘူး၊ ငါ ဆေးရုံကဆင်းပြီး အိမ်မှာပဲကုချင်တယ်၊ အဲဒါ ဆရာဝန်ကြီးဆီမှာ သွားပြီးဆွေးနွေးပါ မမင်းဘုံ"

သမီးလေးမြပန်းနွယ်နှင့် ပတ်သက်လာလျှင် ဘာကိုမျှ အလေးမထား ဂရုမစိုက်တတ်သော မောင်ကျော်ကံပုံမှာ သူ၏ဆန္ဒအတိုင်း အကောင်အထည်ဖော်ရန်သာ အားထုတ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ဆေးရုံအုပ်ကြီးကိုယ်တိုင် ရောက်ရှိလာပြီး မောင်ကျော်ပုံအား ဆေးကုသမှုစစ်ဆေးခဲ့သည်။ စင်စစ် ရုတ်တရက် ထိတ်လန့်မှုကြောင့် ရှော့ခ်ဖြစ်ကာ သတိလစ်သွားခြင်းသာဖြစ်သည်။ ဦးခေါင်းမှ ဒဏ်ရာကလည်း စိုးရိမ်စရာမရှိသဖြင့် ထိုနေ့ညနေမှာပင် မောင်ကျော်ပုံအား ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပါသည်။

✦ ✦ ✦

ဂမ္ဘီရစာစု (၁၇)

## တစ်ကျော့ပြန်ရောက်ရှိလာသော ကြောင်မျက်ရှင်

ဆင်ဝင်အောက်တွင် ကားထိုးရပ်လိုက်သည်နှင့် အဖြူရောင်ဂါဝန်လေးနှင့် အပြေးလေးဆင်းကာ ကြိုလာသည့် သမီးလေးကို တွေ့မြင်လိုက်ရသဖြင့် လင်မယားနှစ်ယောက်သား အံ့အားသင့်သွားကြပါသည်။

"ဖေဖေရေ ဖေဖေရေ ... ဖေဖေကြီး ပြန်လာပြီနော်၊ မေမေ သမီး ... သမီးလေ နေကောင်းသွားပြီ မေမေရဲ့၊ ဖေဖေကြီးကို လှမ်းလိုက်ရတာ ဖေဖေရယ်"

ပြုံးကာရယ်ကာနှင့် တွတ်တီးတွတ်တာ ချစ်စဖွယ်ပြောဆိုရင်း ဖခင်ကြီး၏ရင်ခွင်ထဲသို့ တိုးဝင်ပွေ့ဖက်လာသည့် သမီးငယ်မြပန်းနွယ်ကိုကြည့်ကာ မိခင်ဖြစ်သူမမင်းဘုံမှာ အံ့ဩမှင်တက်နေပါတော့၏။

ဟုတ်သည်။ မနက်ကပင် မမင်းဘုံ ဆေးရုံသို့ထွက်လာမည်ပြုစဉ်ကတည်းက ကိုယ်မှာမှိန်းမြင့်နေသေးသဖြင့် ဒေါက်တာကျော်စွာကိုပင့်ကာ ဆေးထိုးဆေးတိုက် ပြုလုပ်ခဲ့သေးသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ကိုယ်ပူရှိန်အဖျားများ ချက်ချင်းကျသွားပြီး လုံးဝပျောက်ကင်းသွားသည့် သမီးငယ်မြပန်းနွယ်လေးကို မယုံနိုင်စရာ ငေးမောကြည့်နေရင်းမှ တစ်စုံတစ်ရာတော့ ထူးခြားနေပြီဟု တွေးထင်လိုက်မိသည်။

လင်ယောကျ်ားဖြစ်သူ မောင်ကျောက်ပုံက အိပ်ခန်းထဲသို့မသွားချင်သေးဟုဆိုသဖြင့် ဧည့်ခန်းဆိုဖာက်တွင်သာ ဒဏ်ရာအရှိန်ဖြင့်မှိန်းနေစေပါ၏။ မမင်းဘုံကမူ နောက်ဖေးဆောင်ဘက်သို့လှည့်ကာ မိသက်ကို တကြော်ကြော်ခေါ်ငင်လိုက်သည်။

"မိသက်ရေ ... ဟေ့ မိသက်"

"ရှင် လာပါပြီ မမကြီး"

မမင်းဘုံ ခေါ်ငင်မှုကြောင့် မိသက်တစ်ယောက် ဧည့်ခန်းထဲသို့ ရောက်ရှိလာခဲ့သည်။

"ဟဲ့ ... ဒီမှာမိသက် ဒီနေ့ အိမ်ကို ငါမရှိတုန်း ဘယ်သူတွေလာကြသေးလဲ၊ ပြီးတော့ အိမ်မှာ ဘာတွေဖြစ်နေတာလဲ၊ သမီးလေးကလည်း အိပ်ရာပေါ်မှာလဲပြီး ဖျားနာနေတာက ချက်ချင်းကြီးအကောင်းပကတိဖြစ်သွားတယ်၊ ဘာတွေထူးလဲဆိုတာ ငါ့ကိုမြန်မြန်ပြောစမ်း မိသက်"

"ဟုတ် ဟုတ်ကဲ့ ... မ ... မကြီး အဲ ... အဲ ... အဲဒီထူး ... ထူးခြားတာတွေ မ ... မကြီးကို ပြောပြချင်လွန်းလို့ပါးစပ်ကိုယားနေတာ ကြာလှပြီ ဟင်း ... ဟင်း"

မြူးထူးသွက်လက်နေသည့် မိသက်၏အပြောစကားကလည်းပဟေဠိများစွာနှင့်မို့ မမင်းဘုံတစ်ယောက် မျက်မှောင်ကုတ်ကာနားထောင်နေပါ၏။

"ဟို ... ဟိုနေ့လေ မမ ... မမကြီး ဆေးရုံကိုထွက်သွားပြီးကတည်းက သမီးလေးလည်း အိပ်ရာပေါ်မှာ ဆေးတိုက်ပြီးလို့ မှိန်း

တာနဲ့ ကျွန်မ မီးဖိုဆောင်ဝင်ခဲ့တယ်လေ၊ ဒါပေမဲ့ မနေ့ညနေကဈေးမသွားမိခဲ့လို့ အခုမနက်စာ ဘာဟင်းချက်ရမလဲလို့ စဉ်းစားနေတုန်း အိမ်ရှေ့လမ်းမပေါ်က ငါးသည်မအော်သံ ကြားလိုက်ရတယ်၊ ဒါနဲ့ ကျွန်မလည်း ငါးသည်ကို သွားပြီးကြည့်တယ်၊ ငါးတွေက အခုမှတံငါသည်သူ့ယောကျ်ားလှေထဲက ယူလာတာမို့ လတ်ဆတ်နေတာပဲမမကြီးရဲ့"

သူမ,မရှိခိုက် အိမ်တွင်ထူးခြားမှုရှိမရှိ မေးမြန်းနေသည်ကိုသူငါးဝယ်နေသည့်အကြောင်းကို ငြိတာချဲ့၍ပြောနေသည့် မိသက်ကိုမမင်းဘုံ စိတ်မရှည်စွာဖြင့် အော်ငေါက်လိုက်ပါ၏။

"ဟဲ့ ... မိသက် ငါမေးတော နင်ငါးဝယ်နေတာကို မေးနေတာမဟုတ်ဘူးဟဲ့၊ သမီးလေးနဲ့ပတ်သက်ပြီး မေးနေတာလေ၊ တယ်လေ ... ငါ"

"ဟာ ... ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် မမကြီးရဲ့၊ ခ ... ခ ... ခဏလေးပဲ သည်းခံပေးပါ၊ ဟို ... ဟို ... ဟိုလေကျွန်မလည်း ငါးကြီးတစ်ကောင်ကို ဈေးဖြတ်ပြီးဝယ် ဝယ်လိုက်တယ်၊ အဲဒါ ငါးဟင်းချက်မယ်ဆိုပြီး နောက်ဖေးမီးဖိုချောင်မှာ ငါးကြီးကိုဖိုက်ခွဲလိုက်တော့ ငါးကြီးရဲ့ဝမ်းဗိုက်ထဲမှာ ဘာ ... ဘာတွေ့ရတယ်ထင်သလဲ မမကြီး ဟင်"

"ဟဲ့ ... ငါးဗိုက်ကိုခွဲလိုက်မှတော့ အူတို့ အသည်းတို့ ကလီစာတို့ပဲ တွေ့ရမှာပေါ့ မိသက်ရဲ့၊ နင် ... နင်ဟာလေ ..."

ထူးခြားမှုကိုမေးမြန်းနေတာမှ ငါးဝယ်ဗိုက်ခွဲခြင်းအကြောင်းများကို မဆီမဆိုင်ပြောနေသည့် မိသက်ကို မမင်းဘုံ စိတ်မရှည်နိုင်တော့ပြီထင်။ ဘုတောပစ်လိုက်သည်။ သို့တိုင်အောင် စကားတောင်စားမကာ အပြုံးမပျက် ...

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ... ဟင်း ဘယ်ကလာ အရူတွေ့, ကလီစာတွေ တွေ့ရမှာလဲ မမကြီးရဲ့ အဲ ... အဲဒီငါးကြီးရဲ့ဗိုက်ထဲမှာ မမကြီး သမီးလေးမြပန်းနွယ်ရဲ့ ပျောက်သွားတဲ့လက်စွပ်ကလေးကို ထူးထူး ဆန်းဆန်း ပြန်ပြီးတွေ့လိုက်ရတယ် မမကြီးရေ ဟင်း ... ဟင်း ... ဟင်း"

"ဟင်"

"ဟာ"

မမင်းဘုံ၏ အာမေဋိတ်အသံကို မောင်ကျောက်ပုံ၏ ထိတ်လန့်ကြား အော်ဟစ်လိုက်သည့် 'ဟာ' ဆိုသော အော်ဟစ်လိုက်သံကြီး က ကျယ်လောင်စွာဖုံးအုပ်သွားသဖြင့် အားလုံး လန့်ဖျပ်၍သွားကြ သည်။

"ဘာ ... ဘာ ... ဘာဖြစ်တာလဲဟင် ကိုကျောက်ပုံ"

"နေ ... နေ ... နေစမ်း မမင်းဘုံ၊ ငါ ... ငါ ... ဘာမှမဖြစ်ဘူး။ မိသက် ... မိသက် ... ဟို ... ဟိုငါးကြီးရဲ့ဗိုက် ... ဗိုက်ထဲကနေ ... ဟို သမီးလေးရဲ့လက် ... လက်စွပ်ကို ပြန်တွေ့ ရတယ် ဟုတ်လား"

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် ကိုကိုကြီး"

မောင်ကျောက်ပုံ၏ ဘီလူးသရဲစီးသလို မျက်နှာကြီးဖြင့် ကောက်ကာငင်ကာ မေးလိုက်သဖြင့် နဂိုကတည်းက ကိုကျောက်ပုံ အား ကြောက်ရွံ့ရှိသေနေရသည့် မိသက်မှာ ထစ်ထစ်ငေါ့ငေါ့နှင့်ပယ် ဖြေကြားလိုက်ပါ၏။

"ဒါ ... ဒါဆို နင် သေသေချာချာစဉ်းစားပြီး ပြန်ဖြေစမ်း နင် ငါးကြီးရဲ့ဗိုက်ထဲက လက်စွပ်လေးကို ပြန်ပြီးတွေ့ရတဲ့အချိန်ဟာ ဘယ်အချိန်လောက်ရှိပြီလဲ"



သည်တစ်ကြိမ်တော့ မိသက်မှာ ချက်ချင်းမဖြေနိုင်။ အတန် ကြာမျှ ပြူးကြောင်ကြောင်ဖြင့် အချိန်ကာလကို တွက်ချက်ကြည့်နေ ရာမှ ...

"ဟာ ... သိ ... သိ ... သိပြီ ကိုကိုကြီး၊ ဟို ... ဟို ... ကျွန်မ ... လေ ငါးဗိုက်ထဲကနေပြီး လက်စွပ်လေးကိုရတော့ မီးဖိုထဲကနေ ဝမ်းသာအားရနဲ့ ပြေးထွက်လာတယ်၊ အဲ ... အဲဒီ အချိန်မှာ ညေ့ခန်းထဲက ဟို ... ဟို ... သံစုံနာရီကြီးက ကိုးချက် ဟုတ် ... ဟုတ်တယ် ကိုးချက်တိတိ မြည်သံကြားလိုက်ရပါသည် ကိုကိုကြီး"

"ဟာ"

မိသက်၏အဖြေစကားသံ ဆုံးသည်နှင့် ဟာခနဲ ပါးစပ် အဟောင်းသားဖြစ်သွားကာ မောင်ကျောက်ပုံတစ်ယောက် ဆိုဖာထက် ဝယ် ခြေပစ်လက်ပစ် ဖြစ်သွားပါတော့သည်။ မမင်းဘုံကမူ လင် ယောက်ျား၏ မှုပျက်နေသော မျက်နှာကြီးကိုတစ်လှည့်၊ မိသက်၏ ထိတ်ထိတ်လန့်လန့်ဖြေကြားနေသည့် မျက်နှာလေးကို တစ်လှည့်စီ ကြည့်ရင်း မည်သို့မျှ နားမလည်နိုင်အောင် ရှိနေပါချေ၏။

မောင်ကျောက်ပုံကမူ ဆိုဖာထက်ဝယ် ခေါင်းကိုမှီတင်လိုက် ပြီး မျက်စိစုံမှိတ်ကာ ကျိုးကြောင်းများကို ဆက်စပ်ဆင်ခြင် ကြည့်နေမိ သည်။ သူ့ ခေးရုံတွင် နှစ်ရက်တိတိ သတိလစ်မေ့မြောနေပြီး သုံးရက် မြောက်နေ့ ပြန်လည်၍ သတိရလာချိန်သည် ကြောင်မျက်ရှင်လက်စွပ် ကလေးကို ပြန်လည်တွေ့ရှိရသည့်အချိန်နှင့် ဒုတိယအကြိမ်မြောက် တိုက်တိုက်ဆိုင်ဆိုင် တူညီနေပြန်ပါပြီကော။

သမီးငယ်မြပန်းနွယ်နှင့် ဤကျွန်ုပ်ကြောင်မျက်ရှင်လက်စွပ် ကလေးတို့၏ မယုံကြည်နိုင်ဖွယ်ရာ ထူးခြားလှသည့်ပဋ္ဌာန်းဆက်ပါရမီ

www.burmeseclassic.com

www.burmeseclassic.com

ကို မောင်ကျောက်ပုံ အံ့ဩဘနန်းဖြစ်ခဲ့ရပါပြီ။ သူ မည်ကဲ့သို့ပင် လက်စွပ်ကလေးကို စွန့်ပစ်စွန့်ပစ် ဤသိဒ္ဓိအစုံ ပြီးမြောက်နေသည့် ကြောင်မျက်ရှင်လက်စွပ်ကလေးသည် နောက်ဆုံးတော့ သူ၏ပဋ္ဌာန်း ဆက်ရှိရာ သမီးငယ်မြပန်းနွယ်လေးထံသို့ပင် တစ်နည်းနည်းဖြင့် ပြန် လည်၍ ရောက်ရှိလာစမြဲပါတည်း။

တစ်ဆက်တည်းမှာပင် မောင်ကျောက်ပုံ၏ အကြားအာရုံတွင် လူသူတော်ကြီးဘိုးဩဘာ၏ စကားသံများကို ပဲ့တင်ကြားနေရပြန်ပါ ချေပြီကော။

"အင်း . . . မမြင်နိုင် မတွေ့နိုင်တဲ့ ပရလောကရဲ့ လျှို့ဝှက် ဆန်းကြယ်လှတဲ့ ဖြစ်ရပ်ဆန်းတွေဟာ မယုံကြည်နိုင်စရာတွေ အများ ကြီးပဲကွဲ့. မောင်ကျောက်ပုံ၊ ဒါပေမဲ့ မင်းကိုတော့ ချွင်းချက်အဖြစ်နဲ့ အခွင့်အရေးတစ်ခု ထပ်ပြီးပေးလိုက်ဦးမယ်၊ အေး . . . ဒါကိုမှ မင်းက မယုံကြည်နိုင်သေးပါဘူးဆိုရင်တော့ သိဒ္ဓိဝင်ကြောင်မျက်ရှင်လက်စွ လေးနဲ့ ဒုတိယအကြိမ်မြောက် ယှဉ်ပြိုင်ကစားကြည့်လိုက်ဦးပေါ့ကွယ်

ဒါပေမဲ့ အဘကို မောင်ကျောက်ပုံ ကတိတစ်ခုတော့ ပေး လိမ့်မယ် . . . ကြောင်မျက်ရှင်လက်စွပ်လေးကို ဒီလို ဒုတိယအကြိ မြောက် စွန့်ပစ်ပြီးခဲ့လို့ နောက်တစ်ကြိမ်များ သမီးလေးဆီကို တစ်နည် နည်းနဲ့ ပြန်ပြီးရောက်လာခဲ့ဦးမယ်ဆိုရင် နောက်ထပ် ကြောင်မျက် လက်စွပ်နဲ့ပတ်သက်ပြီး မင်း ဘာတစ်ခုမှ မကြိုးစားတော့ပါဘူးဆို ကတိတစ်ခုပဲကွဲ့."

လူသူတော်ကြီးဘိုးဩဘာ၏ စကားသံများက အကြားအ ဝယ် ဝေ့ဝဲလွင့်ပျံလျက် ပဲ့တင်ထပ်မျှ ကြားယောင်နေဆဲ။

"ဟုတ် . . . ကျွန်တော်အရှုံးပေးလိုက်ပါပြီ အဘရယ်၊ ဖျ ဆန်းကြယ်လှတဲ့ သိဒ္ဓိဝင်ကြောင်မျက်ရှင်လက်စွပ်လေးကို နော



နောင် ဘယ်တော့မှ မဖျောက်ဖျက်တော့ပါဘူးလို့ ကတိပေးလိုက်ပါ တယ် အဘရယ်"

မောင်ကျောက်ပုံ၏ စိတ်အာရုံများက ကစဉ့်ကလျား ပြေး လွှားနေကြသည့်တိုင် ခန္ဓာကိုယ်ကြီးကမူ ဆိုဖာထက်တွင် ခေါင်းတင် လျက် မှေးမှိတ်ကာ ငြိမ်သက်လျက်ရှိနေဆဲ . . .။

www.burmeseclassic.com

www.burmeseclassic.com

## ဂမ္ဘီရစာစု (၁၈)

## ငြိမ်းအေးခြင်းနောက်ကွယ်မှ အမုန်းတရားများ

အချိန်ကာလတို့က တရွေ့ရွေ့နှင့် ကုန်ဆုံးလာကြသည်၊ နွေမိုးဆောင်း ဥတုရာသီသုံးပါးတို့ကလည်း အချိုးညီညီဖြင့် အလှည့်ကျ ရွေ့ပြောင်းလည်ပတ်နေကြပါ၏။

ထိုအတူ စစ်ကိုင်းမြို့ လေးကျွန်းမြေရပ်တွင် နေထိုင်လျက် ရှိကြသော ကိုကျောက်ပုံတို့ ဇနီးမောင်နှံနှင့် သမီးရတနာလေး မြပန်း နွယ် သို့မဟုတ် 'မြပန်းနွယ်' လေးတို့သည်လည်း ကာလတစ်ခုကို ငြိမ်းချမ်းစွာ ဖြတ်သန်းလာနိုင်ခဲ့ကြပါသည်။ ယခုဆိုလျှင် မြပန်းနွယ် လေး၏အသက်အရွယ်သည်ပင် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါ၏။

မောင်ကျောက်ပုံတို့မိသားစု၏ စီးပွားရေးမှာလည်း တရိပ်ရိပ် ဖြင့်သာ တိုးတက်မြဲ တိုးတက်လာခဲ့သည်။ လူသူတော်ကြီး ဘိုးဩဘာ ၏ သွန်သင်ဆုံးမ လမ်းပြမှုတို့အောက်တွင် အလှူဒါနများ ပြုလုပ်ခြင်း များအပြင် ပရဟိတလူမှုရေးလုပ်ငန်းများတွင်လည်း ပါဝင်လှူဒါန်းရင်



မိဘမဲ့ဂေဟာ၊ ဘိုးဘွားရိပ်သာများနှင့် စာသင်ကျောင်းများကိုလည်း 'မြပန်းနွယ်'ဟူသော ကမ္ပည်းစာများရေးထိုးကာ လှူဒါန်းခဲ့ကြပါသည်။

ဤသို့ဖြင့် မြပန်းနွယ်လေးဘဝတွင် ကြမ္မာငြိုဟ်စီးခဲ့သည့် အကုသိုလ်အရိပ်မည်းကြီးကို ကုသိုလ်တရားနှင့် တိုက်ဖျက်သည်။ မကောင်းမှုကို ကောင်းမှုဒါနတို့ဖြင့် ချေဖျက်ခဲ့ပါလေ၏။ ထို့ကြောင့်လေ လားမသိ မြပန်းနွယ်ဆယ့်ခြောက်နှစ်အရွယ်ထိ ကြီးပြင်းလာခဲ့သည့် တိုင် မြပန်းနွယ်၏ တကယ့်ဘဝဖြစ်စဉ်ကို သိရှိခဲ့ကြသူမှာ သုံးဦးသာ ရှိခဲ့ပါသည်။ လူသူတော်ကြီးဘိုးဩဘာနှင့် သူ၏မိဘနှစ်ပါးမှလွဲ၍ ဖုံးဖိထားခဲ့သည့် မြပန်းနွယ်၏ဘဝကို မည်သူမျှ သိရှိနိုင်ခဲ့ခြင်း မရှိခဲ့ပါ ချေ။

မြပန်းနွယ်လေးမှာလည်း ယခုအချိန်တွင် သူငယ်ချင်း ကောင်း၊ မိတ်ဆွေကောင်းပီသသော မင်းမောင်နှင့်အတူ ရေအေး ဆိုသည့် ကျောင်းနေဖော်သူငယ်ချင်းတစ်ဦးပါ တိုးပွားလာခဲ့ပါပြီ ကော။

ထို့အတူ အခွင့်မသာ အချိန်မသင့်သေးသဖြင့် ဝင်ရောက်ဖိစီး ခြင်း မပြုနိုင်ခဲ့သေးသည့် အကုသိုလ်အရိပ်မည်းကြီးကလည်း လူ့ဘဝ ၏ တစ်ထောင့်တစ်နေရာမှ ကြိုတင်၍ စောင့်ဆိုင်းနေသည်ကိုသာ မြပန်းနွယ်တို့မိသားစု သိရှိနိုင်ခဲ့ကြမည်ဆိုပါလျှင် . . .

ဟုတ်သည်။ မောင်ကျောက်ပုံနှင့် စီးပွားပြိုင်ဘက်ဖြစ်သော သူတို့နှင့် လမ်းမတစ်ဖက်သာခြားသည့် မျက်စောင်းထိုးအိမ်မှ ကျောက် ပွဲစား၊ စိန်ပွဲစား ဒေါ်စိန်ရွှေမှာ တစ်နေ့တခြား မယုံနိုင်ဖွယ်ကောင်း လောက်အောင် စီးပွားတက်လာသည့် မောင်ကျောက်ပုံတို့မိသားစုအား အတွင်းကျိတ်၍ မနာလိုမရှုစိမ့် ဖြစ်နေခြင်းပင်တည်း။

"နဂိုက ဘာမှရှိတာမဟုတ်ဘူး။ ဟို. . . မြပန်းနွယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေး မွေးလာမှ စီးပွားရေးက မယုံနိုင်လောက်အောင် ထိုးတက်လာခဲ့တာပါ ဆရာကြီး။ အခုဆိုရင် ကျွန်မဆီက ဝယ်လက်တွေတောင် သူတို့ဆီကို ရောက်သွားကြပြီ၊ ဒီအတိုင်းသာဆိုရင် ကျွန်မတို့ရဲ့ ရှိပြီးသားစည်းစိမ်တောင်မှ သူတို့ကြောင့် ပြုတ်ပြုတ်ပြုန်းသွားနိုင်ပါတယ် ဆရာကြီး''

ဒေါ်စိန်ရွှေမှာ နောက်ဆုံး ကြံရာမရတော့ပြီမို့ အမှောင့်အဖျက် ပယောဂတို့တွင် နာမည်ကြီးသော ဆရာကြီးဦးကြူးမောင်ကိုပင့်ကာ တိုင်ပင်ဆွေးနွေးရပါတော့သည်။

''အင်း . . . ပွဲစားကြီးပြောသလိုဆိုရင်တော့ ဒီကောင်မလေးမှာ ထူးခြားတာတစ်ခုခုတော့ ရှိရမယ်၊ သူ့မှာ အဆောင်လိုမျိုး ဒါမှမဟုတ် လက်ဖွဲ့တစ်ခုခုရှိရမယ်၊ သူ့ကြောင့် သူ့ကိုမှီပြီးမှ စီးပွားတက်လာတယ်ဆိုတာ သေချာရင် အဲဒီအမှိုက်ကို လှဲဖြိုပစ်ရမယ်၊ အဲဒီကိစ္စကို ပွဲစားကြီးသိသလား''

ဆရာကြီးဦးကြူးမောင်၏စကားကြောင့် ဒေါ်စိန်ရွှေ ခဏမျှ စဉ်းစားနေမိသည်။ လုပ်ငန်းချင်းက ဆက်နွယ်နေသည်မို့ စိတ်တွင်းမှ မနာလိုမရှုစိမ့်နိုင်သည့်တိုင် မောင်ကျောက်ပုံနေအိမ်သို့ ဒေါ်စိန်ရွှေ မကြာခဏဆိုသလို ဝင်ထွက်သွားလာနေရပါ၏။ သမီးဖြစ်သူ မြပန်းနွယ်လေးနှင့်လည်း ကြုံကြိုက်ခဲ့ဖူးပါသည်။ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝသော်လည်း ရိုးရှင်းစွာနေထိုင်လေ့ရှိသော မြပန်းနွယ်လေး၏ ရုပ်ပုံလွှာကို မျက်စိထဲတွင် ပုံဖော်ကြည့်နေမိသည်။

''အင်း . . . ကျွန်မသိသလောက်, မြင်သလောက်ကတော့ မြပန်းနွယ်မှာ အဆောင်တို့ လက်ဖွဲ့တို့ဆိုတာ မရှိသလောက်ပဲ ဆရာကြီး၊ လည်ပင်းမှာလည်း ဆွဲကြိုးမျှင်မျှင်လေးနဲ့ ပတ္တမြားလုံးလေးကိုလော့ကက်သီးသဏ္ဌာန် ဆွဲကြိုးမှာဆွဲထားတာပဲ တွေ့ရတယ်၊ အဲ



တစ်ခုတော့ရှိတယ်၊ သူ့ရဲ့လက်မှာစွပ်ထားတဲ့ ငွေလက်စွပ်လေးတစ်ကွင်းတော့ တွေ့တယ်၊ ဘာကျောက်ကို ကွင်းထားတာလဲတော့ မသိဘူး ဆရာကြီး''

''အင်း . . . ဒီလိုဆိုရင် အဲဒီလက်စွပ်ကိုပဲ ကျုပ်တို့ အဓိကထားရလိမ့်မယ်၊ အဲဒီလက်စွပ်ရဲ့ဇစ်မြစ်၊ ကျောက်ဆိုရင် ဘာကျောက်နဲ့ ကွင်းထားတယ်ဆိုတာ သိရရင်ကောင်းမယ် ပွဲစားကြီးရေ၊ လောလောဆယ်တော့ 'မြပန်းနွယ်'ဆိုတဲ့ သူ့ရဲ့ နဂိုမူလဓာတ်ကို နိမ့်ကျသွားအောင်၊ ယုတ်ညံ့သွားအောင်၊ ဒါမှမဟုတ် ဓာတ်ပျက်သွားအောင် လုပ်ဆောင်ရလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဆရာကြီး သင့်တော်သလိုသာ စီမံပေးပါရှင်၊ လက်စွပ်ကိစ္စကိုလည်း ကျွန်မသိရအောင် စုံစမ်းပေးပါ့မယ် ဆရာကြီး''

ဤသို့ဖြင့် ဦးကြူးမောင်၏ရှေ့မှ ကန်တော့ပွဲကြီးထဲသို့ ငွေစက္ကူအထပ်လိုက်ကို ဒေါ်စိန်ရွှေက ထည့်လိုက်သလို လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆရာကြီးဦးကြူးမောင်က ဒေါ်စိန်ရွှေအား ပြောပြနေပါတော့သည်။

ထိုသည့်နောက်မှာတော့ ဒေါ်စိန်ရွှေမှာ မောင်ကျောက်ပုံတို့နေအိမ်သို့ အဝင်အထွက် အနည်းငယ်စိတ်လာပါ၏။ ဒေါ်စိန်ရွှေမှာ မြေခွေးကဲ့သို့ ကောက်ကျစ်သောအစီအစဉ်ဖြင့် ဝင်ထွက်သွားလာနေသည့်တိုင် ရိုးသားဖြူစင်လှသည့် မောင်ကျောက်ပုံတို့ မိသားစုကမူ လုပ်ငန်းချင်းလည်း ဆက်နွယ်ပတ်သက်နေကြသူများမို့လို့ ရိုးရိုးသားသားပင်ထင်မှတ်ကာ ဆက်ဆံခဲ့ကြပါသည်။

''ဩော် . . . ကိုကျောက်ပုံ အခုတစ်လော ဒေါ်စိန်ရွှေကြီးကျောက်အရောင်းအဝယ် အဆင်ပြေနေတယ်ထင်တယ်၊ အိမ်ကိုလည်း အဝင်အထွက် ပိုများလာတယ်နော်''

www.burmeseclassic.com

www.burmeseclassic.com

"အေးကွဲ့ မမင်းဘုံ … သူလိုချင်တဲ့ကျောက်နဲ့ ဝယ်လက်တွေကလည်း ငါတို့ဆီမှာရှိနေလေတော့ ဒီလိုပဲဖြစ်လာရမှာပေါ့၊ မဆိုးပါဘူး သူနဲ့ကလည်း အဆင်ပြေပါတယ်၊ ပြီးတော့လည်း တစ်ရပ်ကွက်ထဲသား အိမ်နီးနားချင်းတွေဆိုတော့ တစ်ခုခုကြုံကြိုက်လာရင် တစ်ယောက်နဲ့တစ်ယောက် အားကိုးလို့ရတာပေါ့ကွယ်"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့က စိတ်ရင်းစေတနာကောင်းနှင့် ပြောဆိုဆက်ဆံနေကြသည့်တိုင် ဒေါ်စိန်ရွှေကတော့ အမြဲတစေ မကောင်းကြံစည်ရန်ပင် စိတ်စောနေသည် မဟုတ်ပါလား။

သို့သော် ဒေါ်စိန်ရွှေကြီးက ပွဲစားပီပီ စကားပြော အလွန်ကောင်းသူတစ်ယောက်လည်း ဖြစ်သည်။ ရံဖန်ရံခါ မြပန်းနွယ်လေးအားလည်း ပုံတိုပတ်စများ၊ ဒဏ္ဍာရီပုံပြင်များကို စိတ်ရှည်လက်ရှည် ပြောပြလေ့ရှိသည်။ သို့တိုင်အောင် မြပန်းနွယ်မှာ ဒေါ်စိန်ရွှေကြီးအပေါ် ကြည်ကြည်ဖြူဖြူမရှိလှ။ နတ်သိကြားများနှင့် ကိုယ်စောင့်နတ်များက မြပန်းနွယ်ကို သတိပေးထားကြလေသည်ထင့်။

"ဟုတ်တယ် ဒေါ်ကြီးသက်ရယ်၊ တစ်ခါတလေ အဲဒီ ဒေါ်စိန်ရွှေကြီး ဆက်ဆံပုံက ပိုင်စိုးပိုင်နင်းကြီးလိုပဲ၊ သမီးက အဲဒါတွေမျိုး မကြိုက်ဘူး ဒေါ်ကြီးသက်"

"အေး … ဒီနေရာမှာတော့ သမီးနဲ့ ဒေါ်ကြီးက စိတ်ချင်းတူသွားကြပြီ၊ ဒေါ်ကြီးကလည်း သမီးလိုပဲ၊ အဲဒီဒေါ်စိန်ရွှေကြီးကိုကြည့်ပြီး တစ်ခုခုကိုကြောက်လန့်လာသလို ခံစားနေရတယ်၊ ဒါပေမဲ့ သမီးလေးအဖေနဲ့ လုပ်ငန်းကိစ္စတွေ ပတ်သက်နေလို့ ဒေါ်ကြီးက အသာလေးဆက်ဆံနေရတာကွဲ့"

ဟုတ်သည် … ဒေါ်စိန်ရွှေကလည်း ဒေါ်စိန်ရွှေပင်၊ တစ်ခါတစ်ရံ နောက်ဖေးမီးဖိုချောင်ထဲအထိ ဝင်လာတတ်ပြီး ဆိုးခန့်ဆတ်ခန့်



ဝင်ရောက်လုပ်ကိုင်လေ့ရှိသည်။ ဒါကို စနစ်ကြီးသော အပျိုကြီး ဒေါ်သက်က မကြိုက်။

"ဟင်း … ညှော်သည်က ညှော်သည်လိုမနေဘူး၊ ဟိုနေရာစပ်စု၊ သည်နေရာစပ်စုနဲ့ တော်တော်အလိုက်ကမ်းဆိုးမသိတဲ့ ညှော်သည်ပဲ"

ဟုတ်လည်းဟုတ်သည်။ တစ်နေ့က အဖေနှင့်အမေတို့ ညှော်ခန်းတွင် လက်ဖက်သုပ်စားနေခိုက် ဒေါ်စိန်ရွှေကြီး ကျောက်တချို့နှင့် ရောက်ရှိလာသည်။ ထုံးစံအတိုင်း အလုပ်ခန်းသို့ မသွားကြတော့ဘဲ ညှော်ခန်းမှာပင် လက်ဖက်သုပ် ဝိုင်းဖွဲ့စားကြရင်း စကားလက်ဆုံကျနေကြပါ၏။

မြပန်းနွယ်လေးမှာ စကားဝိုင်းမှထွက်လာခဲ့ပြီး မလှမ်းမကမ်းတွင်ထိုင်ကာ ဘိုးဘိုးဦးဩဘာ သင်ပေးထားခဲ့သည့် 'စမပြန်ဂါထာတော်ကြီး' ကို ရွတ်ဖတ်နေမိသည်။

မြပန်းနွယ်တို့မိသားစုသည် ဘာသာရေးတွင် တစိုက်မတ်မတ် လုပ်ဆောင်နေကြသည့် ချစ်စဖွယ် မြန်မာမိသားစုလေးဖြစ်ပါ၏။ တစ်အိမ်သားလုံး ဗုဒ္ဓဘာသာစစ်စစ်ကဲ့သို့ နေထိုင်ကျင့်ကြံလျက်ရှိကြပြီး အမြဲတစေ ဘုရားတရားအလုပ်ကို လုပ်ကိုင်နေကြလေ့ရှိပါသည်။

ယခုလည်း မြပန်းနွယ်မှာ အလဟဿ အချိန်မဖြုန်းတီးဘဲ 'စမပြန်ဂါထာတော်ကြီး'ကို ရွတ်ဆိုနေခြင်းဖြစ်ပါ၏။

"ဝရဲ လာဘသိဒ္ဓိ … သံယုတ္တံ …၊
ဗဟုဓညေ … ပုညေ ပုဏ္ဏံ …၊
ဓမ္မောဘာသောဟိ လလိတံ၊
စက္ကံဝန္ဒာမိ သမ္ဗုဒ္ဓံ …။"

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ရုတ်တရက် ဒေါ်စိန်ရွှေကြီးမှာ မြပန်းနွယ်လေးဆာက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ခထာလောက် မရှုတ်ဘဲနေပါလား သမီးရယ်"

"ရှင်"

"ဩော် ... ဒီမှာလေ အန်တီကြီးတို့ စကားကောင်းနေကြလို့ ခထာလောက် နားပါဦးလားလို့ သမီးလေးကိုပြောတာပါကွယ်"

ဒေါ်စိန်ရွှေကြီးမှာ ပါးစပ်ကသာ ချိုချိုလေးနှင့်ပြောဆိုနေပေမယ့် သူ၏မျက်လုံးကြီးနှစ်လုံးက မြပန်းနွယ်၏မျက်နှာကို စူးစူးဝါးဝါးကြီးစိုက်ကြည့်ကာ ဘုရားစာရွတ်ဖတ်နေခြင်းမှ ဟန့်တားပိတ်ပင်နေပါ၏။ သို့သော် ဘာကြောင့်ရယ်မသိ။ ဒေါ်စိန်ရွှေ တားမြစ်ခြင်းကို မသိကျိုးကျွန်ပြုကာ ဆက်လက်၍ပင် ရွတ်ဖတ်သရဇ္ဈာယ်နေမိသည်။ ထို့ကြောင့် မြပန်းနွယ်ကို မသိမသာစောင်ကြည့်ကာ မကျေမချမ်းဖြစ်နေသည်သို့။

အတန်ကြာမှ စိတ်ပြေသွားသည်ထင့်။ စကားဝိုင်းမှ ထလာကာ မြပန်းနွယ်အနီးသို့ တိုးကပ်လာကာ ...

"ဟယ် ... သမီးလေးလက်က လက်စွပ်လေးက တစ်မျိုးပါလား။ လှလိုက်တာ၊ ချစ်စရာလေးဟဲ့၊ မှန်း ... အန်တီကြီးကို ခထာလောက်ပြစမ်း"

ရုတ်တရက် ပိုင်စိုးပိုင်နင်းနှင့် ဘယ်လက်ကလေးကို ဆွဲကိုင်လိုက်သည်မို့ မြပန်းနွယ်က သူ၏လက်ကို ဆတ်ခနဲ ပြန်ဆွဲယူကာ လက်စွပ်ပါသည့်လက်ကလေးကို နောက်ဘက်သို့ကွယ်ကာ ထရပ်လိုက်သည်။ အခြေအနေ ပို၍ဆိုးသွားမည်စိုးသည့် မမင်းဘုံမှာ ကြားမှဝင်၍ ဖာဖာထေးထေး ပြောလိုက်ပါ၏။

"ဩော် ... ရိုးရိုးကျောက်ဖြူလေးပါ ဒေါ်စိန်ရွှေရယ်၊ သမီး



ရေ မိသက်ကိုပြောလိုက်ပါဦး။ မေမေ့အတွက် ကော်ဖီတစ်ခွက်လောက် လာပို့ပေးပါလို့၊ ဒေါ်စိန်ရွှေရော သောက်သွားပါဦးလား"

"တော်ပါပြီ မမင်းဘုံရယ် ... လက်ဖက်တွေနဲ့ ဗိုက်ပြည့်နေပါပြီ၊ ကိုင်း ... ကိုကျောက်ပုံရဲ့ ကျောက်ကလေးတွေကို ထားခဲ့လိုက်မယ်နော်၊ ဟို ... အောင်ကောင်းကြီးလာရင်လည်း ပြကြည့်လိုက်ပါဦး"

ပွဲစားပီပီ အပြုံးမပျက် နှုတ်ဆက်စကားဆိုရင်း ပြန်လာခဲ့သည့် ဒေါ်စိန်ရွှေကြီး၏ရင်ထဲမှာတော့ လက်စွပ်ကိစ္စက လိပ်ခဲတည်းလဲ ပဟေဠိများစွာနှင့် တွယ်ငင်ရစ်ပတ်လျက် ပါလာခဲ့ပါတော့သည်။

"ဟင်း ... လက်စွပ်ကလေးကိုကြည့်တာများ ဒင်းက အဖြစ်သည်းနေလိုက်တာ၊ အမေလုပ်တဲ့သူကလည်း ဆက်ပြီးလက်စွပ်ကိစ္စ ပြောမှာစိုးလို့ထင်ပါရဲ့၊ ငါ့ကို သာမန်ကာလျှံကာ ပြောလိုက်ပြီး သမီးကို ညှို့ခန်းထဲကနေ နှင်လိုက်တာ ပညာပါ့ပါပေ့၊ ဟင်း သိမယ်ကွေ့ အဲဒီလက်စွပ်ဟာ အဆောင်ပစ္စည်းဖြစ်ရမယ်၊ ငါ အဝေးကနေမြင်တွေ့ရတာတော့ ငွေဖြူနဲ့ကွင်းထားတဲ့လက်စွပ်ဟာ ကျောက်တော့မဖြစ်နိုင်ဘူး။ အင်း ... ဒီကိစ္စကို ဆရာကြီးဦးကြူးမောင်နဲ့ တိုင်ပင်မှဖြစ်မယ်"

ဒေါ်စိန်ရွှေမှာ အပြန်လမ်းတစ်လျှောက်လုံး မြပန်းနွယ်၏ လက်စွပ်ကိစ္စလေးကသာ စိုးမိုးနေသဖြင့် သူ၏နေအိမ်သို့ မည်သို့မည်ပုံ ရောက်လာခဲ့မှန်းပင် မသိနိုင်တော့ပါတကား။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရစာစု (၁၉)

## ကြောင်မျက်ရှင်နှင့် ပြောင်းလဲလာသောကံကြမ္မာ

ဤသို့ဖြင့် ကြောင်မျက်ရှင်နှင့် မြပန်းနွယ်တို့၏ ပဋ္ဌာန်းဆက်ကံကြမ္မာသည် နှစ်အတန်ကြာမျှ မုန်တိုင်းမထန်၊ လှိုင်းမထန်ပါဘဲနှင့် ငြိမ်သက်အေးချမ်းနေခဲ့ရာမှ နောက်ကွယ်တွင် မသိစိတ်ကြီးကိုင်ချုယ်လှုယ်ရာသို့ လွင့်မျောလိုက်ပါရင်း ကကွက်ကြီး ပြောင်းကနေရရှာသည့် မြပန်းနွယ်လေး၏ လျှို့ဝှက်ချက် သို့မဟုတ် ကြောင်မျက်ရှင်၏ သိဒ္ဓိအစွမ်းက တစ်ခုသောလပြည့်ညတစ်ညတွင် ဘွားခနဲပေါ်ပေါက်လာခဲ့ရပါသည်။

မြပန်းနွယ်သည် ငယ်စဉ်ကလေးဘဝကတည်းက လှန်စွာမှ အသန့်အပြန့်ကြိုက်နှစ်သက်သူ ဖြစ်သည်။ အရောင်ထဲတွင်လည်း အဖြူရောင်ကိုသာ မက်မက်မောမော မြတ်နိုးသူတစ်ယောက်လည်း ဖြစ်သည်။ သူ၏အိပ်ခန်းသည် အမြဲပင် ဖြူစင်သန့်ရှင်းနေပါ၏။ ဆွတ်ဆွတ်ဖြူနေသော အိပ်ရာအခင်းအနား၊ အဖြူရောင်ခေါင်းအုံးလေးများနှင့် လေအဝှေ့တွင် လွင့်မျောနေသည့် အဖြူရောင်ခန်းဆီးလှလှ



www.burmeseclassic.com

လေးများက မြင်ရသူတိုင်း၏ဘဝင်နှလုံးကို ရွှင်လန်းအေးမြသွားစေပါသည်။

အိပ်ရာဝင်ခါနီးတိုင်း ခြေလက်များကို စနစ်တကျ ဆေးကြောခြင်း၊ ကိုယ်လက်သန့်စင်ခြင်းတို့ကို ဂရုတစိုက်ပြုလုပ်ပြီးမှ ဘုရားခန်းဝင် ဘုရားရှိခိုးကာ အိပ်စက်ခြင်းအမှုကို ပြုလုပ်လေ့ရှိပါ၏။ အချုပ်ဆိုရပါမူ မြပန်းနွယ်လေး၏ အပျိုစင်အိပ်ခန်းလေးက အဖြူရောင်အရိပ်များနှင့် ထာဝစဉ် ဖြူဖွေးသန့်ရှင်းလျက် ရှိပါသည်။

သို့သော် .. ထိုကဲ့သို့ အမြဲတစေ သပ်ရပ်သန့်ရှင်း ဖြူဖွေးလျက်ရှိသော အိပ်ရာခင်းဖြူဖြူထက်တွင် မြေနီမှုန့်အစအနများကို စတင်တွေ့ရှိခဲ့ရာမှ မြပန်းနွယ်နှင့် လျှို့ဝှက်ဆန်းကြယ်လှသော ပရလောက၏ဆက်နွယ်မှု၊ ဂမ္ဘီရဖြစ်စဉ်များကို ရင်သပ်လှိုက်မောဖွယ် သိရှိခဲ့ရပါတော့သည်။

စတင်၍သိရှိသူမှာ မြပန်းနွယ်၏မိခင် မမင်းဘုံဖြစ်ပါသည်။ ထိုမှတစ်ဆင့် မမင်းဘုံ ဉာဏ်မမီနိုင်သဖြင့် လင်ယောကျ်ားကိုကျောက်ပုံအား ပြန်လည်၍ ပြောပြခဲ့ခြင်းဖြစ်ပါ၏။ သို့သော် မောင်ကျောက်ပုံမှာလည်း ထိုမြေနီမှုန့်အစအနများကို စက္ကူဖြူတစ်ချပ်ထဲသို့ ပြောင်းရွှေ့ထည့်ပြီး စစ်ဆေးကြည့်သော်လည်း အဖြေက လုံးဝထွက်မလာခဲ့။

"ဒါဟာ မြေနီမှုန့်အစအနတွေပဲ မင်းဘုံ၊ ငါတို့ခြံထဲမှာလည်း မြေနီမှုန့်မရှိဘူး၊ ငါ့သမီးလေးကလည်း ဘယ်ကိုမှမသွားဘဲနဲ့ ဘာကြောင့် သမီးလေးရဲ့ခုတင်ပေါ်က အိပ်ရာခင်းပေါ်မှာ မြေနီမှုန့်တွေ ရောက်နေရတာလဲ"

"ဟုတ်တယ် ကိုကျောက်ပုံ၊ သမီးလေးက အိပ်ရာဝင်ခါနီးတိုင်း ခြေလက်တွေဆေးကြောပြီးမှ အိပ်တတ်တာ ရှင်လည်းအသိမဟုတ်လား၊ ဒီမြေနီမှုန့်အစအနတွေ အိပ်ရာခင်းပေါ်ကို ရောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com

ဟာ မရှိသားဘူးထင်တယ် ကိုကျောက်ပုံ၊ တစ်ခုခုတော့ တစ်ခုခုပဲရှင့်"

မမင်းဘုံ၏စကားကို ကိုကျောက်ပုံ လက်ခံစဉ်းစားနေပါ၏။ အထပ်ထပ်ပိတ်ဆို့ထားသည့် အပျိုမလေးတစ်ယောက်၏ အိပ်ခန်း အိပ်ရာထက်သို့ မြေနီမှုန့်အစအနများ ထင်ကျန်နေခဲ့ခြင်းသည် ...

"အင်း ... ဒီကိစ္စကို ငါတို့သမီးလေး မသိဘူးနဲ့တူတယ်၊ ကိစ္စမရှိဘူး မင်းဘုံ၊ သမီးလေးကို ဘာတစ်ခုမှ ဖွင့်ဟမပြောလိုက်နဲ့၊ ဒီကိစ္စကို ငါတို့လင်မယား တိုးတိုးတိတ်တိတ် စုံစမ်းကြည့်ကြမယ်"

ဤကဲ့သို့ဖြစ်နေခြင်းကိုမူ ကာယကံရှင်မြပန်းနွယ်ကတော့ လုံးဝမသိရှာပါ။ လိမ္မာယဉ်ကျေးသော မိန်းကလေးပီပီ ဘုရားဝတ်ပြုခြင်း၊ အိမ်မှုကိစ္စများပြုလုပ်ခြင်း၊ နေ့စဉ်ကျောင်းသွားခြင်းများဖြင့်သာ အချိန်ကုန်လွန်နေပါ၏။ ထို့ကြောင့်လည်း ယင်းကိစ္စကို သမီးငယ်လေး အား အသိမပေးဘဲ လင်မယားနှစ်ယောက်တည်းသာ ကိုယ်တိုင်စုံစမ်းနေ ကြပါတော့သည်။

တစ်နေ့ သမီးမြပန်းနွယ် ကျောင်းသွားနေခိုက် မောင် ကျောက်ပုံတို့ ဇနီးမောင်နှံ သမီးငယ်၏အိပ်ခန်းထဲသို့ ဝင်ရောက်ရှာ ဖွေကြပါတော့သည်။ စင်စစ် သမီးငယ်လေး၏အိပ်ခန်းတွင်းသို့ အပြင် လူဝင်ရောက်ရန် လုံးဝမဖြစ်နိုင်ပါ။ ခိုင်ခန့်၍ စနစ်တကျဆောက်လုပ် ထားသည့် အိမ်ကြီးဖြစ်သဖြင့် သူခိုးတစ်ရံဆံ ဝင်ရောက်နိုင်ရေးမှ မည်သို့မျှမလွယ်ကူသော အခြေအနေဖြစ်သည်။

ဤသို့ဆိုလျှင် ဤမြေနီမှုန့်အစအနများသည် မြပန်းနွယ်၏ အိပ်ရာထက်သို့ မည်ကဲ့သို့ ရောက်ရှိလာကြပါသနည်း။ သေသေချာချာ အချိန်ပေး၍ စောင့်ကြည့်သောအခါတွင်မူ ပို၍သိရှိလာရပါ၏။ ဤ မြေနီမှုန့်များသည် နေ့စဉ်ကျန်နေခဲ့ခြင်း မဟုတ်ပါ။ လပြည့်ည၏ နောက်တစ်မနက်ခင်းတစ်ရက်တွင်သာ တွေ့ရှိရခြင်းဖြစ်ကြောင်း



သေချာစွာ သိရှိခဲ့ရပါတော့သည်။ ထို့ကြောင့်လည်း မောင်ကျောက်ပုံတို့ လင်မယားမှာ မှန်ဘီလူးများစွာဖြင့် သမီးငယ်၏အိပ်ခန်းကို စစ်ဆေးနေကြ ခြင်းဖြစ်သည်။

ရှာသာရှာဖွေစစ်ဆေးနေရသည်။ အားမရှိလှပါ။ စနစ်တကျ သိမ်းဆည်းရှင်းလင်းတတ်သည့် မြပန်းနွယ်၏အိပ်ခန်းသည် သပ်ရပ် သန့်ရှင်းလျက်ရှိသည်မို့ မည်သည့်နေရာမှစ၍ ရှာဖွေရမည်မသိ ဖြစ်နေ ပါ၏။ ဗီရို၊ သေတ္တာ၊ စာကြည့်စားပွဲ စသည်တို့ကို စနစ်တကျရှာဖွေခဲ့ ပြီး နောက်ဆုံး ခုတင်ခေါင်းရင်းဘက်သို့ရောက်မှ ထူးခြားမှုတစ်ခုကို မောင်ကျောက်ပုံ တွေ့ရှိလိုက်ရသည်။ နီညိုရောင် မဟော်ဂနီခုတင် ခေါင်းရင်းမှ စပ်ထားသည့် ပျဉ်ချပ်သည် အနည်းငယ်ကွာဟနေသည် ကို တွေ့လိုက်ရသဖြင့် ...

"ဟင် ... ဒီခုတင်ကို ငါကိုယ်တိုင် သေသေချာချာကြည့် ပြီး ဝယ်လာခဲ့တာပါ၊ ဟောဒီခေါင်းရင်းပိုင်းပျဉ်စပ်က ဘာဖြစ်လို့ ဒီလောက်တောင် ကွာဟနေရတာလဲ"

အနီးကပ် သေချာစွာ စစ်ဆေးကြည့်လိုက်သည့်အခါမှာတော့ မောင်ကျောက်ပုံ ပါးစပ်အဟောင်းသား ဖြစ်သွားရပါတော့၏။

"ဟာ ... ဒါ ... ဒါ ... လျှို့ဝှက်အံဝှက်တံခါးမျိုး လုပ်ထား တာပဲ၊ အင်း ... ဝယ်လာတုန်းက ငါ သေသေချာချာ မကြည့်ခဲ့မိတာ ထင်တယ်၊ ဒီမှာကြည့်စမ်း မင်းဘုံ၊ ခုတင်ခေါင်းရင်းတိုင်နားမှာ မြုပ်ပြီး အံဝှက်လျှာထိုးထည့်ပေးထားတာ တွေ့လား"

"ဟင် ... ဒီလိုဆို အထဲမှာ ဘာတွေရှိသလဲဆိုတာ ဖွင့် ကြည့်ပါလား ကိုကျောက်ပုံ"

မောင်ကျောက်ပုံတို့ လင်မယားနှစ်ယောက်မှာ စိတ်ဝင်စား လာပြီဖြစ်သဖြင့် ပျဉ်ချပ်အံဝှက်တံခါးကို အသာအယာ ဖွင့်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။ အထဲတွင် ရှစ်လက်မသာသာခန့် သေတ္တာပြားလေးတစ်လုံးကို တွေ့လိုက်ရသဖြင့် ဖွင့်ကြည့်လိုက်ကြသည်တွင် . . .

"ဟင်"

"ဟာ"

သေတ္တာငယ်လေးထဲတွင် တဝင်းဝင်းတလက်လက်နှင့် ရွှေထည်စိန်ထည်ပစ္စည်းများကို အံ့သြစွာတွေ့မြင်လိုက်ကြရပါတော့သည်။

"ဟင် . . . ဘုရား ဘုရား . . . နည်းတဲ့ရွှေထည်ပစ္စည်းတွေ မဟုတ်ဘူး၊ စိန်လုံးလေးတွေလည်း ပါတယ်၊ ဒါ . . . ဒါ . . . သမီးလေးရဲ့ပစ္စည်းတွေလည်း မဟုတ်ဘူး၊ ငါတို့ရဲ့ပစ္စည်းတွေလည်း မဟုတ်ဘူး၊ ဒါတွေကို သမီးလေး ဘယ်ကနေ ရလာတာပါလိမ့်"

"ဘုရား ဘုရား . . . လုပ် . . . လုပ်ပါဦး ကိုကျော်ပုံရယ်၊ ဒီပစ္စည်းတွေဟာ ကျုပ်မတို့ရဲ့ပစ္စည်းတွေလည်း မဟုတ်ဘူး၊ နောက်ပြီး တန်ဖိုးကလည်း နည်းမှာမဟုတ်ဘူး၊ ကယ် . . . ကယ်ပါဦး၊ ကျုပ်မသမီးလေးကို ကယ်ပါဦးရှင်၊ ဒုက္ခတော့ ရောက်တော့မယ်နဲ့တူတယ်"

"စိတ်အေးအေးထားစမ်း မင်းဘုံ၊ သိပ်ပြီးအရေးကြီးတဲ့အချိန်ကို ရောက်နေပြီ၊ ဒီ . . . ဒီကိစ္စကို အဘဆီမှာသွားပြီး အသိပေးတိုင်ပင်မှဖြစ်မယ်၊ ငါတို့ရဲ့သိက္ခာနဲ့ သမီးလေးရဲ့ရှေ့ရေးမှာ အရက်တကွဲ အကျိုးနည်းရမယ့်ကိစ္စကြီးပဲ မင်းဘုံ"

မောင်ကျော်ပုံ သေသေချာချာ စဉ်းစားရလေပြီ။ သူတို့မိသားစုပိုင်ပစ္စည်းမဟုတ်သော ရတနာပစ္စည်းများသည် သမီးငယ်၏ အိပ်ခန်းထဲရှိ လျှို့ဝှက်အံ့ဝှက်ထဲသို့ ထူးခြားစွာရောက်ရှိနေသည်မှာ ဤဆယ့်ငါးရက်တစ်ကြိမ် တွေ့ရလေ့ရှိသည့် အိပ်ရာထက်မှ မြေနီမှုန့်အစအနများနှင့် ဆက်နွယ်ကောင်း ဆက်နွယ်နေပေလိမ့်မည်။ တစ်ခုပဲ မောင်ကျော်ပုံ စိုးရိမ်မိသည်။



လူသူတော်ကြီးဘိုးသြဘာ ပြောပြထားသည့် စာရနကွတ်နှင့် ဂန္ဓာရသိဒ္ဓိဝင် ကြောင်မျက်ရှင်တို့ပေါင်းစည်း၍ မမြင်နိုင်၊ မတွေ့နိုင်သည့် ပရလောက၏အဆက်အနွယ်များက သမီးငယ်လေးမြပန်းနွယ်၏ ကံကြမ္မာလမ်းကြောင်းထဲသို့ မိုက်မိုက်မဲမဲဖြင့် တိုးဝင်လာနေကြပြီလေလား . . . ဟု။

ထိုနေ့ညနေပိုင်းမှာပင် လူသူတော်ကြီးဘိုးသြဘာ နေထိုင်သည့် အနုရုဒ္ဓါချောင်သို့ မောင်ကျော်ပုံတို့လင်မယား ရောက်ရှိလာခဲ့ကြသည်။ အဆင်သင့်ပင် ဘိုးသြဘာကို တွေ့ရှိလိုက်ကြရသဖြင့် သမီးငယ်နှင့် ရှုပ်ထွေးနေသည့် ပဟေဠိပုစ္ဆာများကို ရှင်းလင်းပြောပြရင်း အကူအညီ တောင်းခံကြပါလေတော့၏။

လူသူတော်ကြီးဘိုးသြဘာမှာ မောင်ကျော်ပုံ ခရေစေ့တွင်းကျ ရှင်းပြနေသည်များကို ခေါင်းတညိတ်ညိတ်ဖြင့် သေချာစွာ နားထောင်နေပါ၏။ အတန်ကြာမှ . . .

"အင်း . . . တစ်နေ့နေ့မှာ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့လာရမယ်ဆိုတာသိလို့ မင်းဘုံကိုယ်ဝန်ရှိစဉ်ကတည်းက မနူဟာဘုရားကိုမသွားဖို့ အဘကိုယ်တိုင် သေသေချာချာ တားမြစ်ပိတ်ပင်ခဲ့တာကလား၊ ဒါပေမဲ့ . . . ပါရမီဆက် ပဋ္ဌာန်းဆက်တွေက မြင့်လွန်းနေလေတော့ အဘတို့ ပိတ်ပင်တားဆီးလို့ မရခဲ့ဘူး မဟုတ်လား၊ ဒီကြားထဲ စာရနကွတ်နဲ့လည်း ယှဉ်ပြီးမွေးပြန်၊ ကြောင်မျက်ရှင်လက်စွပ်ကိုလည်း ရရှိလာခဲ့ပြန်တော့ မင်းတို့ရဲ့သမီး မြပန်းနွယ်ဟာ သိဒ္ဓိပြီးသလိုဖြစ်သွားတော့တာပေါ့ကွယ်"

လူသူတော်ကြီးဘိုးသြဘာ ပြောဆိုနေသည့် စကားသံများကြားမှ မမင်းဘုံ၏ တစ်ချက်တစ်ချက် ကျိတ်၍ငိုရှိုက်နေသံလေးက ညနေခင်းလေပြည်ထဲတွင် ပဲ့တင်စီးမျောလျက်။

www.burmeseclassic.com

www.burmeseclassic.com

"ခက်နေတာက သမီးလေးနဲ့ပတ်သက်ဆက်နွယ်နေတဲ့ ကိစ္စအရာအားလုံးဟာ မင်းတို့ငါတို့တွေရဲ့ဉာဏ်နဲ့ လိုက်မမီနိုင်ကြဘူးဖြစ်နေတယ်၊ ယုတ်စွအဆုံး ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ကလေးကိုပဲကြည့်၊ မောင်ကျောက်ပုံကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခဲ့တာတောင်မှ သမီးလေးမြပန်းနွယ်ရဲ့လက်ထဲကို နည်းမျိုးစုံနဲ့ ပြန်ပြီးရောက်လာရတယ် မဟုတ်လား။ အဲဒီကတည်းက မြပန်းနွယ်ရဲ့အနာဂတ်ကို အဘ တွက်ဆပြီးသားပါကွယ်၊ အဲဒါတွေကြောင့် မင်းတို့ဇနီးမောင်နှံကို ကုသိုလ်ကောင်းမှုတွေ, အလှူဒါနတွေကို များများပြုလုပ်ခိုင်းနေတာပေါ့"

မောင်ကျောက်ပုံတို့ဇနီးမောင်နှံမှာ လူသူတော်ကြီး ဘိုးသြဘာပြောနေသည့် သမီးငယ်လေးနှင့် ကြောင်မျက်ရှင်လက်စွပ်အကြောင်းများကို နားထောင်နေရင်းမှ ကြက်သီးမွေးညင်းများပင် ထလာမိပါ၏။ သမီးငယ်မြပန်းနွယ်နှင့် ဆက်နွယ်နေသောဖြစ်ရပ်များက ထူးဆန်းအံ့သြဖွယ်ရာများနှင့် ပြည့်နှက်နေခဲ့သည် မဟုတ်ပါလား။

"အိမ်း ... တစ်ခုကံကောင်းသွားတာက သူရောက်ရှိနေတဲ့အဆင့်၊ သူရရှိနေတဲ့ သိဒ္ဓိစွမ်းအားတွေကို မင်းတို့ရဲ့သမီးလေး မြပန်းနွယ်ကိုယ်တိုင် လုံးဝမသိရှိသေးတဲ့အချက်ပဲ၊ ဒါတွေဟာ တို့တစ်တွေက သမီးလေးအတွက် ပြုလုပ်ပေးခဲ့ကြတဲ့ အလှူဒါနတွေ၊ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးဆက်ကြောင့်ပဲပေါ့ကွယ်၊ အေး ... ဒါပေမဲ့ကြယ်တာရာနက္ခတ်တွေ စုံလင်တဲ့ညမျိုးမှာတော့ မြပန်းနွယ်ရဲ့မသိစိတ်မှာ အမြဲတောက်နှိုးအောင်းနေကြတဲ့ စောရနက္ခတ်နဲ့ကြောင်မျက်ရှင်လက်စွပ်ကလေးဟာ သိဒ္ဓိစုံ၊ နက္ခတ်စုံနဲ့ သွားယှဉ်မိကြလို့ အဲဒီလိုညတွေမှာ တစ်ခုခုထူးခြားမှုတွေ ဖြစ်လာတတ်တယ်"

"ဒီ ... ဒီလိုဆိုရင် သမီးလေးဟာ နက္ခတ်တာရာစုံလင်တဲ့လပြည့်ညလိုညဉ့်မျိုးတွေမှာ မသိစိတ်နဲ့ သွားလာလှုပ်ရှားတတ်တယ်လို့ ဆိုလိုတာလား အဘရယ်"



မောင်ကျောက်ပုံ၏ အမေးစကားကို လူသူတော်ကြီးဘိုးသြဘာက ချက်ချင်းမဖြေသေးဘဲ ရေနွေးကရားအိုးထဲမှ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့ကာ သောက်နေပါ၏။ ပြီးမှ ...

"အင်း ... သိပ်ပြီးသေချာတာပေါ့ မောင်ကျောက်ပုံရယ်၊ အဲဒီတော့ မြေနီမှုန့်အစအနတွေနဲ့ ရတနာပစ္စည်းတွေ ဘယ်လိုကဘယ်လို မြပန်းနွယ်ရဲ့အခန်းထဲကို ရောက်ရှိလာတာလဲဆိုတာ သိချင်တယ်ဆိုရင်တော့ အခုလာမယ့်လပြည့်ညကို စောင့်ကြည့်ကြပေတော့၊ အေး ... တစ်ခုတော့ သတိပေးရဦးမယ်၊ အခုဖြစ်ပျက်ခဲ့တဲ့ ကိစ္စရပ်တွေအားလုံးဟာ မြပန်းနွယ်စိတ်ဆန္ဒအမှန်နဲ့ လုပ်ကိုင်နေတာတော့ မဟုတ်ဘူးဆိုတာတော့ အဘ ကျိန်တွယ်သစ္စာဆိုပြီး ပြောရဲတယ်၊ အဲဒီတော့ လပြည့်ညမှာ မင်းတို့လင်မယား ဘာကိုပဲတွေ့ရတွေ့ရ သမီးလေးကို လုံးဝအသိမပေးဖို့ အဘ မေတ္တာရပ်ခံလိုက်ပါတယ်ကွယ်၊ ကိုင်း ပြန်ကြပေဦးတော့၊ အဘလည်း တရားစခန်းဝင်ချိန်ရောက်ပြီ၊ သမီးလေးမြပန်းနွယ်အတွက်သာ ကောင်းမှုကုသိုလ်နဲ့အလှူဒါနတွေ များများပေးလှူပြီး ဆုတောင်းကာကွယ်ကြတာပေါ့ကွယ်"

မောင်ကျောက်ပုံတို့လင်မယားမှာ လူသူတော်ကြီးဘိုးသြဘာအား ရှိခိုးကန်တော့ကာ အနုရုဒ္ဓါချောင်မှ ထွက်ခွာလာခဲ့ကြပါ၏။ အပြန်ခရီးတစ်လျှောက်လုံးမှာတော့ တရှုပ်ရှုပ်နှင့်ကျိတ်ကာ ငိုရှိုက်မှုသည့်ဇနီးသည်ကို ချော့မော့ဖျောင်းဖျကာ ခေါ်ငင်လာခဲ့ပါတော့သည်။

ထိုအချိန်တွင် ဝင်လုဆဲနေလုံးနီနီက ရောဝတီမြစ်ရေပြင်ထက်တွင် မေးတင်ခိုနားစပြုနေပါပြီတည်း။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရစာစု (၂၀)

## သံသရာခရီးကြမ်းမှ အမှောင့်ပယောဂများ

'မြွေပူရာကင်းမှောင့်' ဆိုသည့်စကားပုံက မမင်းဘုံတို့၏ 'မရှိခဏစံအိမ်' ကြီးသို့ ဆိုင်းမဆင့်၊ ဗုံမဆင့် ရောက်ရှိလာခဲ့လေသည် ထင့်။ ထိုနေ့နံနက်ခင်း ကိုကျောက်ပုံ အိမ်တွင်ရှိမနေပါ။ သူငယ်ချင်း ဖြစ်သူအောင်ကောင်း လာရောက်ခေါ်ငင်သဖြင့် နံနက်ကိုးနာရီခန့် တည်းက မန္တလေးသို့ ထွက်သွားခဲ့ကြသည်။

မမင်းဘုံက သမီးငယ်လေး၏ သောကအပူကြောင့် ဘုရားခန်းတွင် ဘုရားပန်းများလဲလှယ်၍ ကပ်လှူနေသည့်အချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် နေအိမ်သို့ ဒေါ်စိန်ရွှေကြီး ရောက်လာခဲ့ပါ၏။

"မမင်းဘုံရေ ... မမင်းဘုံ"

"သြော် ... ဒေါ်ကြီးစိန်ပါလား၊ မေမေ ဘုရားခန်းထဲမှာ ဘုရားပန်းတွေလဲရင်း ဘုရားရှိခိုးနေတယ်ထင်တယ်၊ ကိစ္စရှိလို့လား ဒေါ်ကြီးစိန်"

"သမီးလေး ဒီနေ့ ကျောင်းမသွားဘူးလားကွဲ့၊ အဲ ... အင်း



မေ့နေလိုက်တာ ဒီနေ့က တနင်္ဂနွေနေ့ပဲဥစ္စာ၊ သြော် ... မင်းမောင် လည်း ရောက်နေတာကိုး"

"ဟုတ်တယ် ဒေါ်ကြီးစိန်ရွှေ၊ ဦးလေးကျောက်မှာထားလို့ မြပန်းနွယ်နဲ့အတူ စာလာပြီးကျက်နေကြတာ"

မင်းမောင်က သွက်သွက်လက်လက် ဖြေကြားလိုက်သည့်တိုင် မြပန်းနွယ်နှင့် အတူတကွရှိနေခြင်းကိုတော့ မနှစ်မြို့သလိုဖြင့် ဒေါ်စိန်ရွှေက စူးစူးရဲရဲကြည့်နေပါ၏။ စင်စစ် မနက်ခင်းက မောင်ကျောက်ပုံတို့ မန္တလေးသို့ထွက်သွားကြသည်ကို တွေ့ရှိလိုက်ရသဖြင့် ဒေါ်စိန်ရွှေတစ်ယောက် အကြံအစည်ဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

"သြော် ... စာမေးပွဲနီးနေလို့ထင်တယ်၊ စာကျက်တာတို့၊ စာမှတ်တာတို့ဆိုတာ တစ်ယောက်တည်း ကျက်မှ၊မှတ်မှ ကောင်းတာ မို့လား။ အနှိတိတို့ငယ်ငယ်ကတော့ တစ်ယောက်တည်းပဲ ကျက်မှတ်တယ်လေ ဟင်း ... ဟင်း ..."

ဒေါ်စိန်ရွှေကြီးမှာ ထုံးစံအတိုင်း စကားပေါက်ပေါက် ဖောက်ရင်း အနီးရှိကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်စဉ်မှာပင် ...

"ဟဲ့ ဟဲ့ ... မြ .. မြပန်းနွယ် ... ဟို .. ဟိုမှာ မြွေ .. မြွေ"

ဒေါ်စိန်ရွှေမှာ ကုန်းကုန်းကွကွနှင့်ပင် မြပန်းနွယ်၏ နောက်ဘက်သို့ လက်ညှိုးကြီးထိုးကာ ကြောက်လန့်တကြား ဟစ်အော်လိုက် ပါ၏။ သို့သော် မြပန်းနွယ်လေးကမူ ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ ဒေါ်စိန်ရွှေ ညွှန်ပြရာဘက်သို့ လှည့်ကြည့်လိုက်သည့် နောက်ဖေးသို့ ထွက်သည့် တံခါးဝခန်းဆီးအနီးတွင် မြွေတစ်ကောင်နယ်ခွေနေသည့် ကြိုးတစ်ချောင်းကိုသာ တွေ့လိုက်ရသဖြင့် ...

"ဒေါ်ကြီးရွှေရယ် ... မျက်စိမကောင်းတော့ဘူးထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာ ကြိုးခွေလေးတစ်ခွေကျနေတာပါ၊ ဘယ်ကလာ မြွေဟုတ်ရမှာလဲ''

မြပန်းနွယ်ခန္ဓာကိုယ်ကြီးက ကွယ်နေသဖြင့် မင်းမောင်မှာ ရုတ်တရက် မမြင်ရပါ။ သို့သော် မြွေဟုဆိုသောအသံကြောင့် ထိုင်နေရာမှ ရုတ်ခနဲထ,ရပ်လိုက်သည်။ ထိုအချိန်တွင် . . .

''အား . . . အမယ်လေး . . . မြွေ . . . မြွေကြီး''

''ဝုန်း . . ချလွမ်'

နောက်ဖေးမီးဖိုဆောင်ဖက်ဆီမှ ပန်းကန်အချို့ ကွဲရှသံများနှင့်အတူ ဒေါ်သက်၏ အလန့်တကြားအော်ဟစ်သံကြီးကို ကြားလိုက်ရသဖြင့် အပေါ်ထပ်ဘုရားခန်းမှ မမင်းဘုံပင် ကပျာကယာ ဆင်းလာခဲ့သည်။

''မိသက်.မိသက် . . . ဘာ . . . ဘာဖြစ်တာလဲ''

''ဒေါ်ကြီးသက် . . ဒေါ်ကြီးသက်''

မင်းမောင်နှင့် မြပန်းနွယ်တို့ပါ အော်သံထွက်ပေါ်လာသည့် နောက်ဖေးဆောင်မှ ဒေါ်ကြီးသက်ထံသို့ အပြေးအလွှား ရောက်ရှိလာကြသည်။

''အား . . . လာ . . လာကြပါဦး၊ ဟို . . ဟို . . ဟိုမှာ မြွေ . . မြွေ . . မြွေဟောက်ကြီး၊ လုပ် . . လုပ်ပါဦး မင်းမောင်ရယ်''

သူမရှေ့တွင် ကွဲကြေနေသည့် ကြွေပန်းကန်အပိုင်းအစများနှင့် မျက်လုံးကြီးပြူးကာ ကြောင်အိမ်ကြီးတစ်လုံး၏ အောက်ခြေဘက်သို့ ကြောက်လန့်တကြား ညွှန်ပြနေပါ၏။ မင်းမောင် လှမ်းကြည့်လိုက်တော့ ကြောင်အိမ်ထောင့်တွင် ပါးပျဉ်းကြီးထောင်လျက် မာန်ဖီနေသည့် ဇာတ်ခဲလုံးခန့် မြွေဟောက်တစ်ကောင်ကို တွေ့မြင်လိုက်ရသည်။

''ဖယ် ဖယ် . . . ဒေါ်ကြီးသက်နဲ့ မြပန်းနွယ်တို့ နောက်ဆုတ်နေကြ''



မင်းမောင်က အနီးအနားတွင် ရိုက်စရာလက်နက် တစ်စုံတစ်ရာကို ကမန်းကတန်း ရှာဖွေလိုက်သည်။ အခန်းထောင့်မှ ဝါးရိုးလက်ကိုင်တပ်ထားသည့် တံမြက်စည်းကို ဖျတ်ခနဲဆွဲယူကာ မြွေဟောက်ကြီးထံ တိုးဝင်သွားသည်။

''ဟဲ့ မင်းမောင် . . . သိပ်အရဲမကိုးနဲ့နော်'' .

''မ . . . မလုပ်နဲ့ မောင်မင်းမောင်၊ ခြောက်လှန့်ပြီး ထွက်သွားအောင်သာ လုပ်လိုက်ပါ''

''ဟုတ်ကဲ့ပါ ကြီးမေ''

မမင်းဘုံက ပါးပျဉ်းထောင်နေသည့် မြွေကြီးကို ရိုက်နှက်သတ်ဖြတ်ခြင်းမပြုကြရန် တားမြစ်ဟန့်တားလိုက်သလို ပါးစပ်မှလည်း တတွတ်တွတ်နှင့် တစ်စုံတစ်ရာကို ရွတ်ဆိုနေသည့်နှယ်။

'ရှူး . . ရှူး . .'

အတန်ကြာသည်အထိ မြွေဟောက်ကြီးက ပါးပျဉ်းထောင်ကာ မာန်ဖီနေပါသေး၏။ မင်းမောင်က ဝါးတံမြက်စည်းနှင့် ခြောက်လှန့်၍ အပြင်သို့ မောင်းနှင်ထုတ်နေသည့်တိုင် ပါးပျဉ်းကြီးကို ဘယ်ညာခါယမ်းလျက် ရန်မူရန် ကြိုးစားနေပါသေးသည်။

''ရှူး . . . ဟာ''

''အား . . . အမယ်လေး''

တစ်ကြိမ်တွင်မူ မင်းမောင်၏ ဝါးတံမြက်စည်းကိုကျော်ကာ ဒေါ်ကြီးသက်ထံသို့ ဝဲခနဲယိမ်းကာ ပေါက်လိုက်သဖြင့် ဒေါ်ကြီးသက်ခမျာ ကြောက်လန့်တကြား အော်ဟစ်လျက် နောက်သို့ ခုန်ဆုတ်လိုက်သည်။

တစ်ပြိုင်တည်းလိုပင် မင်းမောင်ကလည်း တံမြက်စည်းရိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com

မြွေဟောက်ကြီး၏ပါးပျဉ်းကို လွှဲ၍ပက်ကာ ပြတင်းပေါက်အပြင်သို့ ထိုးကော်ပစ်လိုက်သည်။

'ဝုန် .. ဗိုး ..'

'ရှူး ..'

'ဘုန်း ..'

မြွေဟောက်ကြီးမှာ မင်းမောင်ကော်၍ပက်ထုတ်လိုက်သဖြင့် ပြတင်းပေါက်မှတစ်ဆင့် နောက်ဖေးခြုံပုတ်များကြားသို့ ကော့လန်ကားနှင့် လွင့်ကျသွားပါတော့သည်။

"တော်ပြီ မောင်မင်းမောင် ဆက်မလိုက်နဲ့တော့၊ နောက်ဖေးတံခါးတွေသာ ပိတ်ထားလိုက်တော့"

မမင်းဘုံ၏ဟန့်တားမှုကြောင့် နောက်ဖေးတံခါးများကို ပိတ်နေစဉ်မှာပင် ဒေါ်ကြီးသက်မှာ မျက်လုံးကြီးများပြူးလျက် တုန်တုန်ယင်ယင်နှင့် အော်ဟစ်နေဆဲပါတည်း။

"အား ... မြွေ ... မြွေကြီး ကျွန် ... ကျွန်မကို ပေါက်တော့မယ် အား ... ကယ် ... ကယ်ကြပါဦး အား"

"ဟဲ့ ဟဲ့ ... မိသက် မိသက် ... သတိထားလေ၊ မြွေကြီး မရှိတော့ဘူး၊ ထွက်သွားပြီလေ"

သို့တိုင်အောင် ထူးထူးဆန်းဆန်း ကြောက်လန့်တကြား ရှုန်းကန်အော်ဟစ်နေသည့် မိသက်ကြောင့် မမင်းဘုံပင် စိတ်ထင့်သွားမိပါသည်။

"ဒေါ်ကြီးသက် ... ဒေါ်ကြီးသက် မြွေကြီးက မရှိတော့ဘူးလေ"

"အို ... မဟုတ်ဘူး မျက်လုံးကြီး မျက်လုံးကြီး မြွေမျက်လုံးကြီးက ငါ့ကိုပေါက် ... ပေါက်တော့မယ်၊ ဟို ... ဟိုမှာ ... လာ



... လာနေပြီ၊ အား ... မ ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

မိသက်မှာ ဝိုင်းဝန်းချုပ်နှောင်ထားသည့်ကြားမှ မည်သို့မျှ ထိန်းသိမ်း၍မရနိုင်အောင် ဖြစ်နေပါ၏။ မြပန်းနွယ်ပင် ဒေါ်ကြီးသက်ကို ကြည့်ကာ အတန်ငယ်ကြောက်ရွံ့မိသလို ခံစားလာရသည်။ မိသက်ကို ဝိုင်း၍အာရုံစိုက်နေကြသည်မို့ ဒေါ်စိန်ရွှေကြီး မရှိတော့သည်ကိုပင် သတိမထားမိကြပါလေတော့၊ နောက်ဆုံး မောင်အေးနှင့် ခြံထဲမှမာလီ တို့ကိုပင်ခေါ်ကာ ကြိုးနှင့်တုပ်ချည်ထားလိုက်ကြရသည်။

မင်းမောင်မှာ မမင်းဘုံ၏ခိုင်းစေမှုကြောင့် လူသူတော်ကြီး ဘိုးညြဘာကို သွားရောက်၍ ပင့်ခေါ်လာခဲ့သည်။ ယခုအချိန်ထိတိုင် အဖြစ်အပျက်ကို မည်သူမျှနားမလည်နိုင်သေးကြပါ။ ဖြစ်စဉ်ကို ပြောပြ ရှင်းပြခဲ့သည့်တိုင် ယခုအချိန်ထိ ကြောက်လန့်တကြားနှင့် အော်ဟစ် ရုန်းကန်နေဆဲဖြစ်သည့် မိသက်ကြောင့် စဉ်းစားမရနိုင်အောင် ရှိနေကြ သည်။

"ဘယ်လိုဖြစ်ကြတာလဲ မင်းဘုံ၊ မောင်ကျောက်ပုံ မရှိဘူး လားကွဲ့"

"ဟုတ် ... ဟုတ်ကဲ့ မနက်ကတည်းက အလုပ်ကိစ္စနဲ့ မန္တလေးကိုသွားရတယ် အဘ၊ အဲဒါ ဒီနေ့မနက် ဘုရားခန်းမှာ ဘုရားပန်းတွေလဲရင်းနဲ့ ပုတီးစိပ်နေတုန်းရှိသေးတယ်၊ နောက်ဖေး ဆောင်က တဝုန်းဝုန်းနဲ့ အော်သံဟစ်သံတွေကြောင့် ကျွန်မ ပြေးဆင်း လာတော့ မီးဖိုဆောင်ထဲမှာ မိသက်နဲ့ မြွေဟောက်ကြီးကို တွေ့လိုက်ရ တယ် အဘ"

ဤသို့ဖြင့် မမင်းဘုံ၊ မြပန်းနွယ်နှင့် မင်းမောင်တို့က ဖြစ်စဉ် အစအဆုံးကို ဘိုးညြဘာအား ခရေစေ့တွင်းကျ ရှင်းပြပြောဆိုလိုက် ပါလေ၏။ နောက်ဆုံး မြွေကြီးမရှိတော့သည့်တိုင် ရူးသွပ်ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com

သွားသလို အော်ဟစ်ရုန်းကန်နေသည့် မိသက်ကိုကြည့်ကာ လူသူ တော်ကြီးဘိုးသြဘာ တစ်ချက်မျှ တွေ၍စဉ်းစားနေပါ၏။

"ကဲ ... မင်းမောင် မင်းရဲ့ဒေါ်ကြီးသက်ကို ဘုရားခန်းထဲ ခေါ်ခဲ့"

ထို့နောက် ဘိုးသြဘာမှာ မိသက်ကို ဘုရားခန်းအတွင်းသို့ ခေါ်စေခဲ့ပြီး ရေစင်ရေမန်းများဖြင့် ဖျန်းတောက်ကာ မိသက်၏ဦးခေါင်း ကို လက်ဝါးနှင့်အုပ်ကိုင်၍ တတွတ်တွတ်နှင့် ရွတ်ဆိုနေပါ၏။ ထိုကဲ့သို့ သော အချိန်ပိုင်းအတွင်းလေးမှာပင် မိသက်မှာ ရုန်းကန်အော်ဟစ် နေရာမှ တစ်စတစ်စ ငြိမ်သက်သွားပါလေတော့သည်။ မကြာမီ မိသက်မှာ သက်သာလာပြီး လုံးဝပျောက်ကင်းသွားပါလေ၏။

"ကိုင်း ... မိသက် ဒီနေ့ကစပြီး ဟောဒီ အဘပေးတဲ့ဂါထာ မန္တာန်ကိုရွတ်ဆိုပြီး သရဏဂုံကို နေ့စဉ်သက်စေ့ရွတ်၊ ဘုရားကို အာရုံပြုပြီးမှ အလုပ်လုပ်ပါ၊ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်ရမှာနော်၊ မပျက်မကွက်ပါစေနဲ့ ကြားရဲ့လား"

"ဟုတ် ... ဟုတ်ကဲ့ပါ အဘ"

"သြော် မင်းဘုံရေ ... မောင်ကျောက်ပုံ ပြန်ရောက်လာခဲ့ရင် အဘဆီကိုလွှတ်လိုက်ဦး။ ကဲ ... အဘပြန်မယ်၊ ဟိုကလေးမကို ဘုရားတရားမပျက်စေနဲ့လို့ သတိပေးလိုက်ဦးနော်"

လူသူတော်ကြီးဘိုးသြဘာ ပြန်သွားပြီးနောက် မောင် ကျောက်ပုံတို့ ပြန်ရောက်လာကြသည်။ အဖြစ်အပျက်အားလုံးကို သိလိုက်ရသည်နှင့် ဘိုးသြဘာရှိရာ အနုရုဒ္ဓါချောင်သို့ မောင်ကျောက်ပုံ တစ်ယောက် ရောက်ရှိလာခဲ့သည်။

မောင်ကျောက်ပုံရောက်တော့ လူသူတော်ကြီးဦးသြဘာမှာ အပ်ချည်ကြိုးလေးများကို ဇကာချစ်လိမ်ကာ ကြိုးထုံးလေးများကို



ဂါထာမန္တန်စုတ်၍ ပြုလုပ်နေသည်ကို တွေ့လိုက်ရသည်။ အရေးတကြီး နှင့် စိတ်ဝင်တစား ပြုလုပ်နေသောကြောင့် မောင်ကျောက်ပုံမှာ ပြီးစီး အောင် အတန်ကြာမျှ ထိုင်စောင့်နေရသည်။

မကြာမီ အပ်ချည်ကြိုးလေးများ ထုံးချည်ပြီးသွားသဖြင့် ရေမန်း၊ ရေစင်များနှင့် ထပ်မံဖျန်းပက်ကာ ဘုရားရှေ့ရှိ ကန်တော့ပွဲကြီး ထဲသို့ အသာအယာ ချိတ်တင်လိုက်ပါသည်။

"အေး ... မင်းရောက်နေတာ အဘသိတယ်၊ ဒါပေမဲ့ နည်းနည်းလေး အရေးကြီးတယ်ထင်လို့ ဒီပရိတ်ကြိုးလေးတွေကို မန္တန်စုတ်ပြီး အချိန်မီပြီးစီးအောင် လုပ်ကိုင်နေတာကွဲ့၊ မင်း အားလုံး သိပြီးပြီ မဟုတ်လား မောင်ကျောက်ပုံ"

လူသူတော်ကြီးဘိုးသြဘာ ပြောလက်စ,စကားကို ခေတ္တရပ် ကာ သူ၏နံဘေးတွင် ချိတ်ဆွဲထားသည့် လွယ်အိတ်ကြီးထဲမှ တစ်စုံ တစ်ရာကို ထုတ်ယူလိုက်သည်။ သေချာကြည့်လိုက်တော့မှ မှန်ဝိုင်းချပ် ကလေးဖြစ်နေပါ၏။ ထူးခြားသည်ကတော့ ထိုမှန်ဝိုင်းချပ်လေး၏ အနောက်ဘက်တွင် စ,မ,လိုလို အင်းကွက်များလိုလို ရေးခြစ်ထားခြင်း ပင် ဖြစ်ပါ၏။

"ရော့ ... မောင်ကျောက်ပုံ လောလောဆယ်တော့ မင်းရဲ့ အိမ်ရှေ့ အဝင်တံခါးပေါက်ရဲ့ အထက်လက်ယာဘက်မှာ ဟောဒီမှန်ဝိုင်း ကလေးကို ချိတ်ဆွဲထားလိုက်ပါ၊ တစ်ခုသတိပြုရမှာက ဟောဒီ အင်းချပ်ရေးထားတဲ့ဘက်က အောက်က,ဖြစ်ပြီး မှန်ချပ်ကလေးက မျက်နှာစာဖြစ်နေပါစေ၊ ဒီမှန်ဝိုင်းလေးကို ဘယ်သူမှ မဖြုတ်ပါစေနဲ့ ကိုင်း ... သမီးလေးကိုလည်း ဂရုစိုက်ကြဦးကွဲ့၊ ဟိုကိစ္စကြီးကလည်း လပြည့်နေ့ နီးနေပြီမဟုတ်လား။ အဘမှာတာတွေ တစ်ခုမှမမေ့ပါနဲ့ နော် မောင်ကျောက်ပုံ"

www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချပါ အဘ၊ ကျွန်တော်လည်း ဒီရက်ပိုင်းအတွင်း ခရီးဝေး မထွက်သေးပါဘူးခင်ဗျာ၊ အခု အဘပြောတဲ့ ဟိုအမှောင့် ပယောဂကိစ္စတွေကလည်း ဝင်ပြီးရှုပ်နေတော့ ကျွန်တော် သတိထားပြီးနေပါ့မယ် အဘရယ်"

ထိုနေ့က လူသူတော်ကြီးဘိုးသြဘာ လိုအပ်မည်ထင်သည့် ကွမ်း၊ ဆေး စသည့်ပစ္စည်းများနှင့် ကန်တော့ပွဲသုံးပွဲကို ပြင်ဆင်ပေးခဲ့ပြီး မောင်ကျောက်ပုံ ပြန်လာခဲ့ပါတော့သည်။

သို့သော် အပြန်ခရီးတစ်လျှောက်လုံး မောင်ကျောက်ပုံ၏ စိတ်တို့က ထူးထူးခြားခြား လေးလံနေပါ၏။ သူတို့မိသားစုလေးအား ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသည့်သူသည် မည်သူဖြစ်ပါသနည်း။ တော်သေးသည်ဟု ဆိုရမည်။ သူအပြင်သို့ ထွက်တိုင်း အိမ်နံဘေးမှ မောင်မင်းမောင်အား သူတို့မိသားစုအနီးတွင် ထားရှိခဲ့လေ့ရှိသောကြောင့် ကံကောင်းသည်ဟု ဆိုရပါချိမ့်မည်။

သို့မဟုတ်ပါလျှင် မည်သူက မည်သည့်အကြံနှင့် ဖန်တီးခဲ့သည်မသိသော မြွေတစ်ကောင်ကြောင့် အိမ်သားတစ်ဦးဦးများ ဒုက္ခရောက်ခဲ့မည်ဆိုပါလျှင် . . . မောင်ကျောက်ပုံ စိတ်ကူးနှင့်ပင် ဆက်၍ မတွေးရဲပါလေတော့။

ထိုနေ့က မိမိ၏နေအိမ်သို့ ပြန်၍ရောက်သည်နှင့် လူသူတော်ကြီးဘိုးသြဘာ မှာကြားထားသည့်အတိုင်း နေအိမ်အဝင်တံခါး၏ လက်ယာဘက်ထိပ်တွင် သံတစ်ချောင်းရိုက်၍ အင်းစမ,များနှင့် စီရင်ရေးထိုးထားသည့် မှန်ဝိုင်းလေးကို ချိတ်ဆွဲ၍ထားလိုက်ပါတော့သတည်း။



ဂမ္ဘီရစာစု (၂၁)

## ရည်မှန်းသူသို့ ဒုတိယမြောက်အကြံအစည်

ပုစွန်ဆီရောင်သန်းနေသည့် ညနေခင်းတစ်ခု၏ ဆည်းဆာရိပ်အောက်တွင် မဟိယင်္ဂဏခေါ် မရှိခဏဘုရားကြီးက တင့်တယ်သပ္ပါယ်စွာ ရှိနေပါလေ၏။ သီတင်းတစ်ပတ် ဥပုသ်နေ့ ညနေတိုင်း မရှိခဏဘုရားတွင် ပန်းရေချမ်းလဲခြင်း၊ ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်းများကို မြပန်းနွယ် သီတတ်စအရွယ်ကတည်းက ဝတ်မပျက်ဆောင်ရွက်လုပ်ကိုင်လာခဲ့ပါသည်။ ယနေ့ညနေတွင်လည်း ဥပုသ်နေ့အခါသမယဖြစ်သည်မို့ မြပန်းနွယ် တစ်ယောက်တည်း မရှိခဏဘုရားကုန်းတော်ထက်သို့ ပန်းစည်းအချို့ကိုပွေ့ယူကာ တက်လာခဲ့သည်။

ယနေ့ညနေမှပင် မင်းမောင်က သူ၏မိခင်နှင့် မန္တလေးသို့ လိုက်သွားသည်မှာ ပြန်ရောက်မလာသေးသဖြင့် မစောင့်တော့ဘဲ မြပန်းနွယ်တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။ အိမ်နှင့်လည်း မဝေးလှသည်မို့ နံနက်ခင်းက ဝယ်ယူထားသည့် ဘုရားပန်းများကို ပွေ့ပိုက်ကာ ထွက်လာခဲ့ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် . . . သမီးလေးတစ်ယောက်တည်း ဘုရားပေါ်လာတာလား။ ဩော် . . . ဘုရားပန်းကပ်မလို့ထင်တယ်၊ ဩော် . . . ဒါထက် မင်းမောင်တစ်ယောက်လည်း မမြင်ပါလား"

"ဩော် . . . ဒေါ်ကြီးစိန်ပါလား။ ဘုရားက ပြန်လာတာထင်တယ်၊ ဟုတ်တယ် ဒေါ်ကြီးစိန်ရေ မင်းမောင်က မန္တလေးကိုသွားတာ ခုချိန်ထိရောက်မလာလို့ သမီးတစ်ယောက်တည်း ထွက်လာတာ"

ဘုရားကုန်းမုခ်အဝင်ဝတွင် ဒေါ်စိန်ရွှေနှင့် တိုးနေသေးသဖြင့် မြပန်းနွယ် အလိုက်သင့်ဖြေကြားရင်း မရှိခဏဘုရားပရဝုဏ်အတွင်းသို့ ဖိနပ်ချွတ်ကာ ဝင်ရောက်လာခဲ့သည်။ ညနေခင်းလေပြည်တွင် တချွင်ချွင်လှုပ်ခတ်နေသည့် ဆည်းလည်းလှုပ်ခတ်သံလေးများက ဓမ္မတေးပဒွင်တစ်ပုဒ်ကို ရွတ်ဆိုနေကြသည်သို့။

ဒေါ်စိန်ရွှေမှာ အကြံအစည်ရှိသူပီပီ အခြေအနေကို စောင့်ကြည့်နေသူမို့ ယခုကဲ့သို့သော အခွင့်ကောင်းကို လက်လွှတ်မခံနိုင်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း လူမိုက်မောင်မဲတို့ညီအစ်ကိုအား အကြောင်းကြားကာ မရှိခဏဘုရားကို လွှတ်လိုက်ပါတော့သည်။ ဒေါ်စိန်ရွှေ၏နားထဲတွင်လည်း ပြီးခဲ့သည့်ရက်က ဆရာကြီးဦးကြူမောင် ပြောခဲ့သောစကားများကို ပြန်လည်၍ ကြားယောင်လာခဲ့သည်။

"အင်း . . . ဒီအတိုင်းဆိုရင် ဒီကောင်မလေးရဲ့ အဆောင်လက်ဖွဲ့က သိဒ္ဓိတော်တော်ဖွမ်းပုံရတယ်၊ သူ့ရဲ့ရှေ့က မြွေကိုတောင်ကြီးတစ်ခွေလို့ မြင်တွေ့နေရတယ်ဆိုတော့ အင်း . . . တော်တော်လေးစဉ်းစားစရာဖြစ်နေပြီ၊ အဲဒီတော့ ဒီလိုလုပ်ကြမယ် ပွဲစားကြီးရေ . . . ကျုပ်ကလည်း ကျုပ်ဘက်ကနေ ပညာကုန်လုပ်ပြီး ကြိုးစားပေးမယ်၊ ပွဲစားကြီးကလည်း ကောင်မလေးဆီက လက်ဖွဲ့ကို အနည်းနဲ့ ယူလို့မရရင် ရတဲ့နည်းနဲ့ ကြိုးစားပေးပါ၊ အရေးကြီးတာက ကောင်မ



လေးဆီမှာ လက်ဖွဲ့အဆောင်မရှိရင် ကျုပ်တို့လိုချင်သလို ပုံဖော်လို့ရပြီ ပွဲစားကြီးရေ ဟင်း ဟင်း ဟင်း"

ဆရာကြီးဦးကြူမောင်လည်း သူ၏ဒုတိယအကြိမ်မြောက် အစီအမံအတွက် ဆေးဝါးမန္တန်များကို စီစဉ်နေသကဲ့သို့ ဒေါ်စိန်ရွှေကလည်း စစ်ကိုင်းကောင်းမှုတော်ဘက်ဆီမှ လူမိုက်မဲကြီးတို့ညီအစ်ကိုကိုငှားရမ်းကာ မြပန်းနွယ်ထံမှ လက်ဖွဲ့ကိုလုယူနိုင်ရန် အကွက်စောင့်ချောင်းနေခဲ့သည် မဟုတ်ပါလား။

"ဟင်း ဟင်း . . . ဒီကောင်မလေးက ဘုရားရှိခိုး၊ ပုတီးစိပ်ရင် အကြာကြီးပဲရှိခိုးတာ၊ သူ ဘုရားပန်းတွေလဲမှာနဲ့ ဘုရားရှိခိုး၊ ပုတီးစိပ်မှာနဲ့ဆိုရင် မှောင်သွားမှာသေချာတယ်၊ နောက်ပြီး ဒီနေ့က ဘုရားမှာ လူသူလည်း ကင်းရှင်းနေတာပဲ၊ အို . . . မဖြစ်ပါဘူး ငါကိုယ်တိုင် နောက်ကနေလိုက်ပြီး ချောင်းဦးမှဖြစ်မှာပါ"

ဤသို့ဖြင့် ဒေါ်စိန်ရွှေ မရှိခဏဘုရားဆီသို့ ဒုတိယအကြိမ်မြောက် ထွက်လာခဲ့ပြန်ပါ၏။ ယခုတစ်ကြိမ်တော့ ဒေါ်စိန်ရွှေကြီး၏ အကုသိုလ်အကျိုးဆက်က အကျိုးပေးတော့မည်ထင့်။ မရှိခဏဘုရားကြီးဘက်တွင် လျှပ်စစ်မီးအချို့ ပြတ်တောက်နေသဖြင့် ဆီမီးတိုင်လေးများ၏ အလင်းပျော့ပျော့သာ ရှိနေပါချေတော့၏။

မရှိခဏဘုရားမုခ်ဝနှင့် မနီးမဝေးလမ်းချိုးအကွေ့တွင် တစ်ချက်၊ အဆင်းဘက်လမ်းကျောတွင်တစ်ချက် ချုံနွယ်များ၊ သစ်ရိပ်များ ဖုံးလွှမ်းနေသည့် နေရာကောင်းနှစ်ခုရှိသည်။ မုခ်ဝနှင့်မလှမ်းမကမ်း သစ်ပင်ရိပ်အောက်တွင် မောင်မဲတို့ညီအစ်ကို မြပန်းနွယ်အလာကို စောင့်ဆိုင်းနေကြသည်ကို တွေ့လိုက်ရသဖြင့် ဒေါ်စိန်ရွှေ သစ်ပင်အကွယ်မှ အသာပင်ကြည့်နေမိပါ၏။

မရှိခဏဘုရားပရဝုဏ်အတွင်းမှာတော့ လူသူကင်းရှင်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ မြပန်းနွယ်တစ်ဦးတည်းသာ ဆိတ်ငြိမ်စွာ ပုတီးစိပ်နေပါ၏။ မကြာခင် ပုတီးပတ်ပြည့်သွားသည်ထင့် မရှိခဏဘုရားကြီးအား ဝတ်ပြည့် အမှုအတန်းများပေးဝေကာ ဘုရားပရဝုဏ်အတွင်းမှ ထွက်လာခဲ့သည်။

“ဟင် ... ဒီဘက်မှာ လျှပ်စစ်မီးတွေ ပျက်နေတာပါလား။ ဘုရားမှာ အာရုံပြုနေတာနဲ့ပဲ မီးပျက်သွားတာကို မသိလိုက်ဘူး။ အင်း ... ငါလည်း ပြန်မှပဲ၊ အမေက မျှော်နေတော့မယ်”

နေ့စဉ်လိုလို သွားလာနေကျလမ်းဖြစ်သဖြင့် အတန်ငယ်မှောင်နေသည့်တိုင် မြပန်းနွယ် စိုးရိမ်ထိတ်လန့်ခြင်းမရှိခဲ့။ စိတ်ထဲမှာတော့ ဘိုးဘိုးသြဘာပေးထားသည့် ‘စမပြန်ဂါထာတော်’ ကြီးကိုသာ ရွတ်ဆိုလျက် အလင်းရောင်မှိန်ပျပျလမ်းကြောလေးအတိုင်း ပြန်လာခဲ့ပါတော့သည်။

တဖြည်းဖြည်းနှင့် မြပန်းနွယ်လေးမှာ မောင်မဲတို့လူမိုက်ချောင်းမြောင်းနေကြသည့် သစ်ပင်ကြီးအောက်သို့ ရောက်ရှိလာသည်နှင့် မြင်ကွင်းက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပါချေ၏။

“ဟင် ... ဘယ်လိုဖြစ်တာလဲ မဲကြီးရေ စောစောက ဘုရားထဲကနေ ထွက်လာတော့ ဒီကောင်မလေး တစ်ယောက်တည်းပါ”

“ဟုတ်တယ် မဲလေး ... အခုကျမှ သူ့အနားမှာ လူလေးငါးယောက်တောင် အတူတူတွဲလာနေကြပါလားဟေ့၊ ငါတို့ဝင်လို့မဖြစ်ဘူးထင်တယ်”

ဟုတ်သည်။ အလင်းရောင်ပိုးတဝါး မြင်ကွင်းအောက်တွင် မြပန်းနွယ်နှင့်အတူ ဘုရားပေါ်မှပြန်လာကြသည့် လူရိပ်လေးငါးယောက်တို့ကို မောင်မဲတို့ လူမိုက်ညီအစ်ကို တွေ့မြင်လိုက်ကြရသဖြင့် လက်စွပ်ပိုင်း၍လုယက်ရန် မဖြစ်နိုင်ပါလေတော့။



“မသွေးသူတော့ ... အခုနေဝင်ပြီး လက်စွပ်ကိုလုကြမယ်ဆိုရင်တော့ ပုလိပ်လက်ထဲကို တန်းနေအောင်မိမှာ သေချာတယ်”

“ဒါဆိုရင် သိပ်မလောနဲ့လေ၊ ရေကွေ့နားအထိ နောက်ကနေ လိုက်ကြည့်ကြတာပေါ့၊ အေး ... လမ်းမပေါ်ရောက်သွားရင်တော့ အလုပ်မဖြစ်တော့ဘူး မဲကြီးရေ”

ထိုအချိန်တွင် ဒေါ်စိန်ရွှေက ကားလမ်းမထိပ်သို့ ရောက်ရှိနေပါပြီ။ မဲကြီးတို့ညီအစ်ကို မြပန်းနွယ်ကို ရိုက်နှက်ညှဉ်းပန်း၍ လက်စွပ်တောင်းနေမည့်ပုံကို မကြည့်ရဲ၊ မမြင်ရဲသဖြင့် လှည့်ပြန်လာကာ လမ်းထိပ်မှ သတင်းစောင့်နေခြင်းဖြစ်သည်။

မကြာမီ မြပန်းနွယ်တစ်ယောက်တည်း ပြန်လာသည်ကို တွေ့မြင်လိုက်ရပြီး ကားလမ်းမပေါ်မှဖြတ်လျှောက်ကာ သူ၏နေအိမ်ဘက်သို့ ခြေလှမ်းမှန်မှန်နှင့်ပင် ပြန်သွားသည်ကို ဒေါ်စိန်ရွှေ တွေ့မြင်လိုက်ရသည်။

“ဟင် ... ဘယ်လိုဖြစ်တာလဲ၊ ကောင်မလေးကြည့်ရတာတော့ အေးအေးဆေးဆေးပဲ၊ ဟို ... ဟို မဲကြီးတို့ညီအစ်ကို လက်စွပ်ကို မလုယူကြဘူးလား။ လူသူလည်းရှင်း၊ မီးကလည်း ပျက်နေတာ၊ ဒီလိုအခွင့်အရေးကို လူမိုက်ညီနောင် ဘာဖြစ်လို့ လက်လွှတ်လိုက်ကြရတာလဲ၊ အင်း ... ဘာတွေဘယ်လို ဖြစ်ကုန်ကြပြီလဲ မသိဘူး”

မကြာခင်မှာပင် မဲကြီးညီအစ်ကိုနှင့် ဆုံလိုက်တော့မှ ဒေါ်စိန်ရွှေတစ်ယောက် အံ့အားသင့် မျက်လုံးပြူးကာ ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားရပါတော့သည်။

“ဟာ ... မဟုတ်သေးပါဘူး၊ ငါ့ရှေ့မှာတင် တစ်ယောက်တည်းပြန်လာတာ တွေ့လိုက်တာပါ၊ ဘယ်သူမှ သူ့အနားမှာ ပါမလာကြဘူး။ နင်တို့ညီအစ်ကို အရက်မူးမူးနဲ့ မြင်ချင်တာတွေ လျှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

မြင်နေကြတာလားဟယ်"

"အိုး . . . ဒီမှာဒေါ်စိန်ရွှေ . . . ကျုပ်နာမည် မဲကြီးတဲ့၊ ဘယ်တော့မှ ကျုပ်အလုပ်ကို ကျုပ်အထိမခံဘူး၊ လူမိုက်ဆိုပေမယ့် သစ္စာရှိတဲ့လူမိုက်ပါဗျ။ ခင်ဗျားပေးတဲ့သတင်းကိုက မှားနေတာလေ၊ ဘယ့်နှယ်ဗျာ . . . မြပန်းနွယ်နဲ့ အတူတူပြန်လာကြတဲ့သူတွေက ဘုရားပွဲလှည့်တာကျနေတာပဲ ဒေါ်စိန်ရွှေရဲ့"

"အဲ . . . အဲဒါဟုတ်တယ် ဒေါ်ရွှေရဲ့၊ ကျုပ်တို့ လုယက်ယူတယ်ဆိုတာက တစ်ယောက်တည်း၊ နှစ်ယောက်တည်းသမားတွေကို အပိုင်ကိုင်ကြတာဗျ။ အခု ခင်ဗျားရဲ့ကောင်မလေးက လူလေးငါးခြောက်ယောက်လောက်နဲ့ အတူတွဲပြီးပြန်ကြတာဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်လေ . . . ကျုပ်တို့က အဲဒီလူတွေကို ရိုက်နှက်ပြီးမှ လက်စွပ်ကို လုရမှာဖြစ်နေပြီလေ"

မဲကြီးညီအစ်ကိုက သေသေချာချာ ပြောပြနေသည့်တိုင် ဒေါ်စိန်ရွှေကတော့ မကျေနပ်သေးပါ။ သူ ဘုရားကပြန်လာစဉ်ကတည်းက ဘုရားပရဝုဏ်ထဲမှာ လူသူလေးပါး ကင်းရှင်းနေပါ၏။ မြပန်းနွယ်ပြန်လာတော့လည်း တစ်ယောက်တည်းသာ မြင်တွေ့လိုက်ရသည်။ ဤသို့ဆိုလျှင် သူနှင့် မဲကြီးညီအစ်ကိုကြားတွင် တစ်စုံတစ်ခုတော့ မှားယွင်းနေကြပြီထင်သည်။

ထို . . . တစ်စုံတစ်ခု . . . သည် . . .

ဒေါ်စိန်ရွှေက စိတ်ထဲမှ အကျိတ်အဖုတစ်ခုကို ကြာရှည်မထားနိုင်။ အမှန်အတိုင်းသိရှိနိုင်ရန်အတွက် ဤကိစ္စကို ကာယကံရှင် မြပန်းနွယ်ထံ ဥပါယ်တံမျဉ်နှင့် မေးမြန်းမှဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ထိုနေ့ညဦးပိုင်းမှာပင် လေလံကျောက်ထုပ်ကိစ္စကို မေးမြန်းစုံစမ်းရန် မောင်ကျောက်ပုံတို့အိမ်သို့ ဒေါ်စိန်ရွှေ ထွက်လာခဲ့သည်။



ဒေါ်စိန်ရွှေ၏ ကျီးကန်းမျက်စိက အိမ်တံခါးဝအထက်မှ မှန်ဗိုင်းလေးကို တွေ့မြင်သွားသည်။ ခါတိုင်း ဤနေရာတွင် ဘာမျှရှိမနေဘဲ ယခုမှ ထူးထူးခြားခြား ချိတ်ဆွဲထားသည့် မှန်ဗိုင်းလေးကြောင့် ဒေါ်စိန်ရွှေ စိတ်ထဲတွင် ထင့်သွားပါ၏။

"ဟော . . . ဒေါ်စိန်ရွှေပါလား၊ ဘယ်ကနေ လှည့်ဝင်လာတာလဲ၊ လာ . . . ဒီမှာထိုင်ပါဦး"

မောင်ကျောက်ပုံတို့ မိသားစုစကားဝိုင်းနှင့် ဆုံလိုက်ရသည်မို့ ဒေါ်စိန်ရွှေ လွတ်နေသောဆိုဖာတစ်လုံးထက်တွင် ထိုင်လိုက်သည်။

"ဪ . . . ဘာရယ်မဟုတ်ပါဘူး၊ ဟို . . . လေလံကျောက်ကိစ္စလေးမေးရင်း ညနေက သမီးကို မရှိခဏဘုရားမှာ တွေ့လိုက်ရလို့ ထွက်လာခဲ့တာပါ ကိုကျောက်ပုံ"

"ဟုတ်တယ် ဒေါ်စိန်ရွှေရေ၊ သမီးလေးက ဥပုသ်နေ့တိုင်း ညနေဘက်တွေမှာ မရှိခဏဘုရားဘက်ကိုသွားပြီး ဘုရားဝေယျာဝစ္စလေးတွေ လုပ်နေကျလေ၊ အဲဒါ . . . သမီးလေး ဟိုးငယ်ငယ်လေးကတည်းက ဝတ်မပျက်လုပ်နေတဲ့ ဘာသာရေးလေးတစ်ခုပေါ့ရှင်"

မမင်းသုံက သမီးမြပန်းနွယ်၏ မရှိခဏဘုရားသို့ သီတင်းပတ်တိုင်း သွားရခြင်းကို ဒေါ်စိန်ရွှေအား ပြောပြနေပါ၏။

"ဟုတ်တယ်နော်၊ ဒါပေမဲ့ သမီးလေးကို အဖော်မပါ တစ်ယောက်တည်းတွေ့လိုက်ရတာဆိုတော့ စိုးရိမ်လို့မေးကြည့်တာပါ မမင်းသုံရယ်၊ ဒါပေမဲ့ အပြန်မှာတော့ အဖော်တွေများ တွေ့လိုက်ရသလားလို့"

ဤကဲ့သို့ နေရာတကာ စပ်စပ်စုစုလုပ်ခြင်းကို မြပန်းနွယ် မကြိုက်ပါ။ ထို့ကြောင့် ဒေါ်စိန်ရွှေကို အတတ်နိုင်ဆုံး မြပန်းနွယ် ရှောင်ရှားလေ့ရှိသည် မဟုတ်ပါလား။ ယခုလည်း တစ်ယောက်တည်း

www.burmeseclassic.com


www.burmeseclassic.com

သွား၊ တစ်ယောက်တည်းပြန်သည်ကို သိသိကြီးနှင့် မေးမြန်းနေခြင်းမို့ မြပန်းနွယ်လေးမှာ စိတ်မရှည်နိုင်ပြီထင့်။

"အိုး ... ဒေါ်ကြီးစိန်ရေ့တင် သမီးတစ်ယောက်တည်း ဘုရားပေါ်တက်လာတာ မြင်ရဲ့သားနဲ့၊ မင်းမောင်ရောက်မလာလို့တောင် စိတ်ပျက်နေတာ၊ ဒီလမ်းနဲ့ ဒီဘုရားက သမီးငယ်ငယ်လေးကတည်းက တစ်ယောက်တည်းသွား၊ တစ်ယောက်တည်းပြန်လာနေကြပါ၊ ဘယ်အဖော်မှလည်း မလိုပါဘူးလေ၊ ဒီနေ့ညနေတောင်မှ မီးတွေပျက်နေတဲ့ကြားက တစ်ယောက်တည်း ပြန်လာခဲ့သေးတယ်"

"ဟုတ်တယ် ဒေါ်စိန်ရွှေရေ ... အဲဒါကတော့ ယုံလိုက်၊ ကျွန်မသမီးက လူပုံကသာ ဖြူဖြူနွဲ့နွဲ့နဲ့ စိတ်ဓာတ်ကတော့ ကျွန်မနဲ့ တခြားစီပဲရှင့်၊ မရှိတဲ့ဘုရားဆိုတာ အိမ်ဦးနဲ့ကြမ်းပြင်ပဲ၊ တစ်ယောက်တည်း သွားလိုက်၊ ပြန်လိုက်နဲ့ လုံးချာလည်နေတာပဲ၊ ဒီနေ့တောင် အိမ်ကထွက်တာ နောက်ကျလို့ မိသက်က လိုက်ရမလားမေးတာတောင် မလိုဘူးဆိုပြီး ဘယ်သူ့မှကို ခေါ်မသွားတာ ဒေါ်စိန်ရွှေရေ ... ဟင်း ဟင်း"

မြပန်းနွယ်တို့မိသားစုငါးစကားအရဆိုလျှင် မြပန်းနွယ် တစ်ဦးတည်းသွားလာခြင်းဆိုသည့်အချက်မှာ ခိုင်လုံနေပါပြီ၊ သူကိုယ်တိုင်ကလည်း တစ်ယောက်တည်းပြန်လာသည့် မြပန်းနွယ်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါ၏။ သို့တိုင်အောင် လက်စွပ်ကိုလုယူကြရန် ချောင်းမြောင်းနေသည့် မဲကြီးတို့ညီအစ်ကိုကမူ မြပန်းနွယ်နှင့်အတူ အဖော်လေးငါးယောက် အတူယှဉ်တွဲ၍ ပြန်လာကြကြောင်း နိုင်နိုင်မာမာ ပြောဆိုနေကြသဖြင့် ထိုနေ့က ဒေါ်စိန်ရွှေကိုယ်တိုင်ပင် ဦးနှောက်ပျက်လုခမန်း ဖြစ်သွားရပါတော့သတည်း။



# ဂမ္ဘီရစာစု (၂၂)

## ကြောင်မျက်ရှင် ... မြပန်းနွယ်နှင့် လပြည့်ညပုံရိပ်များ

ဝိုင်းစက်ပြည့်ရှန်းနေသည့် လပြည့်ဝန်းကြီးက လပြည့်ညည၌ကောင်းကင်ပြာပြာကြီးထက်ဝယ် တည့်မတ်စွာချိတ်ဆွဲထားသည်သို့၊ ပြာလဲ့ကြည်လင်သော ညဉ့်ကောင်းကင်တွင်လည်း တန်ဆောင်မုန်းလ၏ကြတ်ဋ္ဌိကာ၊ နက္ခတ်တာရာများနှင့် လင်းလက်နေသည့် ငွေကြယ်စင်အချို့က လပြည့်ည၏ ညဉ့်ညီလာခံသဘင်ကြီးကို အားဖြည့်အလှဆင်လျက်ရှိပါ၏။

ထုံးဖြူဖြူဘုရားစေတီပုထိုးများနှင့် တင့်တယ်ရှုမောဖွယ်ရာ စက်ကိုင်းတောင်ကြီး၏ ညဉ့်အလှသည်လည်းကောင်း၊ စက်ကိုင်းတောင်ကို ရစ်ခွေပတ်ကာ ငြိမ့်ငြိမ့်ညင်ညင် စီးဆင်းလျက်ရှိသည့် မြစ်မင်းဧရာဝတီ၏ ရေအလျဉ်ကလည်း ဖိတ်ဖိတ်လက်လက်နှင့် ရောင်ငွေရောင်အဆင်းကိုဆောင်လျက် ဖြန့်ခင်းထားပါလေ၏။

အချိန်က ညဉ့်ဆယ့်နှစ်နာရီထိုးရန် ငါးမိနစ်ခန့်သာ လိုပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတောင်ခြေရှိ မောင်ကျောက်ပုံတို့မိသားစုနေထိုင်သည့် 'မရှိခထာစံအိမ်' ကြီးကမူ နှင်းရည်ပက်ဖျန်းထားသည့် လပြည့်ညဏ်လရောင်အောက်တွင် တိတ်ဆိတ်စွာ အိပ်မောကျနေသည့်သို့။ သို့သော် စံအိမ်ကြီးတစ်ခုလုံး အိပ်မောကျနေသည်ဟု ထင်ရသော်လည်း မြပန်းနွယ်နှင့် အခန်းချင်းကပ်လျက်ရှိသည့် မောင်ကျောက်ပုံတို့ လင်မယားမှာမူ စိတ်ပူပန်မှုများစွာနှင့် မအိပ်စက်နိုင်ကြရှာသေးပါ။

မကြာမီ လှုပ်ရှားသက်ဝင်လာနိုင်သည့် လပြည့်ညဏ် နံ့ခါနီး အဖွင့်ကို သောကကြီးစွာဖြင့်'စောင့်စားနေကြပါဏ်။

"ရှူး ... သန်းခေါင်ယံအချိန် နီးလာပြီနော်၊ သမီးလေးက အိပ်မောကျနေတုန်းပဲလား ကိုကျောက်ပုံ"

"အေးလေ ... မင်းရဲ့အမြင်ပဲလေ၊ အဘက သေချာပေါက်စွပ်စွဲပြောဆိုနေပေမယ့် သမီးကိုချစ်တဲ့စိတ်ဖောကြောင့်လား မသိဘူး ... ငါတော့ မဖြစ်နိုင်ဘူးလို့ပဲထင်တယ် မင်းဘုံရေ"

ဟုတ်သည်။

နှစ်ယောက်သား ပြတင်းမှန်မှ ခန်းဆီးစကို အသာလှစ်ဟ၍ ကြည့်လိုက်ကြတော့ သမီးလေးမြပန်းနွယ်တစ်ယောက် ကလေးတစ်ယောက်နှယ် အပြစ်ကင်းစင်စွာ အိပ်မောကျနေရှာပါဏ်။

'ဒင် .. ဒင် .. ဒင် .. ဒင် ..'

ထိုအချိန်တွင် ဧည့်ခန်းထဲမှ သံစုံနာရီကြီးက တဒင်ဒင်နှင့် ဆယ့်နှစ်ချက်တိတိ မြည်သံကြားလိုက်ရသည်နှင့် မြပန်းနွယ်လေး၏ လက်တွင်စွပ်ထားသည့် ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်လေးသည် ဖျတ်ခနဲ လင်းလက်သွားသည်သို့။

တစ်ချိန်ထဲမှာပင် အိပ်ရာထက်တွင် နှစ်မြိုက်စွာ အိပ်မောကျနေရှာသည့် မြပန်းနွယ်လေးမှာ လူးလွန့်လှုပ်ရှားလာခဲ့ပါချေပြီကော။



"ဟော ဟော ...ကို ..ကိုကျောက်ပုံ သမီးလေး ..သမီးလေး နိုး ...နိုးလာပြီလားမသိဘူး ဟာ ...ဟို ...ဟို ...ဟိုမှာ"

"ရှူး တိုးတိုး သမီးလေး ကြား ..ကြားသွားဦးမယ်"

မြင်ကွင်းက တကယ်ပင် ထိတ်လန့်အံ့ဩဖွယ်။ မယုံကြည်နိုင်ဖွယ်ရာပင် ဖြစ်ပါဏ်။ စောစောကမှ အိပ်ရာထက်တွင် နှစ်မြိုက်စွာ အိပ်မောကျနေရှာသည့် သမီးငယ်လေးမှာ ယခုမူ အိပ်ရာမှ အသိစိတ်ကင်းမဲ့နေသူပမာ ထလာသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရပါတော့သည်။

ခုတင်ထက်မှ တိတ်ဆိတ်ညင်သာစွာ ဆင်းလိုက်ပြီးချိန်မှာတော့ မြပန်းနွယ်လေးခမျာ စိတ်ညို့ခံထားရသူတစ်ယောက်နှယ် အိပ်ခန်းတံခါးကိုဖွင့်၍ အခန်းထဲမှထွက်လာပါတော့သည်။

"ဟော ...သ ...သမီးလေး အခန်းထဲကနေ ထွက် ...ထွက်သွားပြီ ကိုကျောက်ပုံ၊ ဘယ်လိုလုပ်ကြမလဲဟင်"

မောင်ကျောက်ပုံက ဇနီးသည်ကို စကားပြန်မပြောနိုင်။ အိပ်မက်မက်နေရာမှ ယောင်နနဖြင့်ထ,လာပြီး လမ်းလျှောက်နေသူတစ်ဦးနှယ် လှုပ်ရှားနေသည့် သမီးငယ်လေး၏နောက်မှ တိတ်တဆိတ်လိုက်ပါသွားသဖြင့် မမင်းဘုံလည်း နောက်မှကပ်လျက် လိုက်ပါလာခဲ့သည်။

ထူးခြားသည်မှာ အိမ်တံခါးချက်များ၊ သော့များကိုဖွင့်ရာ၌ လုံးဝအသံဗလံ မထွက်ချင်းပင်ဖြစ်ပါဏ်။ ယခုတော့ မြပန်းနွယ်မှာ ဧည့်ခန်းကိုကျော်ဖြတ်လျက် နေအိမ်တံခါးမကြီးဆီသို့ ငပိမြူတစ်စလေမှာ လွင့်မျောနေသကဲ့သို့ လှုပ်ရှားသွားလာနေသည်မှာ လွန်စွာမှ အံ့ဩဖွယ်ရာတစ်ခုပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

"ဘုရား ဘုရား . . . အဘပြောတာ သွေးထွက်အောင်မှန် နေပါရော့လားရှင်၊ သ . . သမီးလေး . . . အပြင်ကို . . ထွက် . . ထွက်တော့မယ်ထင်တယ်"

ဟုတ်သည်။ မမင်းဘုံ စိုးရိမ်နေသကဲ့သို့ပင် မြပန်းနွယ်မှာ တံခါးမကြီးကို ညင်သာတိုးတိတ်စွာ ဖွင့်နေပါ၏။ မကြာမီ ဖွင့်ဟသွားပြီ ဖြစ်သော အိမ်တံခါးဝမှတစ်ဆင့် အပြင်သို့ လျှောခနဲ ထွက်သွားပါ လေတော့သည်။

"ကိုကျောက်ပုံ ဘယ်လိုလုပ်ကြမလဲဟင်၊ ကျွန်မသမီးလေး တော့ ဒုက္ခဖြစ်ပြီထင်ပါရဲ့ရှင် အဟင့် . . . ဟင့်"

"အင်း . . . ငါတို့ ဒီကနေထွက်ပြီး လိုက်လို့မဖြစ်ဘူးထင် တယ်၊ အဘပြောထားသလို သမီးလေးသာ ဒီအကြောင်းတွေကို မတော်တဆများ သိသွားခဲ့ရင် အားလုံး အရှက်တကွဲနဲ့ ကိုယ်ကျိုး နည်းကုန်ကြလိမ့်မယ် မင်းဘုံ"

မကြာမီ ရွှန်းမြဝင်းပသည့် လပြည့်ည၏ငွေလရောင်အောက် တွင် ဂန္ဓီရကြောင်မျက်ရှင်လက်စွပ်ပိုင်ရှင် မြပန်းနွယ်တစ်ယောက် တရွေ့ရွေ့နှင့် ပျောက်ကွယ်သွားသည်ကိုသာ နောက်ဆုံးတွေ့လိုက်ရပါ ချေတော့သည်။

"စိတ်ကို အတတ်နိုင်ဆုံး အေးအေးထားပါ မင်းဘုံ၊ ခဏ ကြာရင် သမီးလေး သူ့ရဲ့အခန်းကို သူပြန်ရောက်လာမှာပါကွယ်၊ အဘကိုယ်တိုင် ပြောထားပြီးသားပဲဟာ၊ ငါတို့မမြင်နိုင်၊ မတွေ့နိုင်တဲ့ ပရလောက,က ပုဂ္ဂိုလ်တွေက သမီးလေးကို စောင့်ရှောက်ပေးကြမှာပါ ကွယ်၊ ငါတို့ ဒီကပဲ သမီးလေးပြန်အလာကို စောင့်ကြတာပေါ့ကွယ်"

မမင်းဘုံကတော့ မိန်းမသားပီပီ သူတကာထက် အဖြစ်ထူး ကဲလှသော သမီးငယ်လေးအတွက် ရတက်ပွေကာ ရှိုက်ငင်ငိုကြွေးနေ



မိပါသည်။ မောင်ကျောက်ပုံမှာလည်း သမီးငယ်လေး၏ သောက,က တစ်ဖက်၊ ဖနီးသည့်၏ကြေကွဲသံကတစ်ဖက်နှင့် အတတ်နိုင်ဆုံး ချော့မော့ဖျောင်းဖျကာ မြပန်းနွယ်လေး ပြန်အလာကို စောင့်မျှော်နေမိ ပါတော့သည်။

အချိန်တို့က တရွေ့ရွေ့နှင့် ကုန်လွန်လာခဲ့သည်။ မှန်းတည့် လပြည့်ညသည်ပင် အနောက်ယွန်းယွန်းသို့ ရွေ့လျားစ,ပြုသွားခဲ့ပါပြီ။ ညဉ့်တစ်နာရီကျော်ခန့် ရောက်ရှိလာချိန်မှာတော့ ခြံတံခါးဝတွင် အဖြူ ရောင်အရိပ်ကလေးတစ်ခု ပြန်လည်၍ ခိုဝင်နားလာခဲ့ပါ၏။

အားလုံးကို မသိစိတ်နှင့် လုပ်ကိုင်ပြီးစီးသွားသည်နှင့် မြပန်း နွယ်လေးမှာ ခုတင်ထက်သို့တက်ကာ နဂိုမူလပုံစံအတိုင်းပင် ပြန် လည်၍ အိပ်မောကျသွားပါချေတော့သည်။

"ဘုရား ဘုရား . . . ဘယ်လိုဝဋ်ကြွေးကြွေးမှာဆိုးတွေကြောင့် သမီးလေး ဒီလိုဘဝမျိုးကို ရောက်ရှိလာခဲ့ရတာလဲကွယ်၊ သမီးလေးရဲ့ အဖြစ်က လူတကာအလယ်မှာ အရှက်တကွဲနဲ့ အကျိုးနည်းရမယ့် ကိစ္စကြီးတစ်ခုပါ. ကိုကျောက်ပုံရယ်၊ အဟီး ဟီး . . . အခုမှ ဘယ် လိုဆက်ပြီး လုပ်ကြရတော့မှာလဲ . . . အဟီး ဟင့် ဟင့်"

မမင်းဘုံက မယုံကြည်နိုင်ဖွယ်မြင်ကွင်းနှင့် မကြုံစဖူး ထူးကဲ လှသည့် ဖြစ်ရပ်ဆန်းကြီးကြောင့် သောကအပူဆိုက်ကာ ရှိုက်ငင်ငို ကြွေးနေပါလေ၏။ မောင်ကျောက်ပုံကမူ ဤသို့သော အဖြစ်ဆိုးကြီး မျိုးကို မကြာခဏဆိုသလို လွန်ကျူးနေခဲ့သည်ရှိသော် ရရှိလာမည့် အကျိုးဆက်တို့သည် မကောင်းသော အဆိုးတရားများသာ ခံစားရ မည်ဖြစ်ပါ၏။

ယခုတော့ . . . ဖြစ်ပျက်ပြီးသမျှ အရာအားလုံးသည် သူနှင့် လုံးဝမသက်ဆိုင်တော့သကဲ့သို့ အသက်မှန်မှန်ရှူလျက် နှစ်ခြိုက်စွာ

www.burmeseclassic.com

အိပ်ပျော်နေရှာပြီဖြစ်သည့် သမီးငယ်မြပန်းနွယ် [illegible] မျက်ဝန်းတွေ များစွာဖြင့် ကြင်နာစွာကြည့်ရင်း . . .

www.burmeseclassic.com

ရင်မောရှုပ်ထွေးဖွယ် သောကများစွာနှင့် သွေးပျက်ဖွယ် လပြည့်ညကို ကျော်ဖြတ်လာခဲ့ကြပါလေတော့သည်။

အပြင်မှာတော့ . . . လပြည့်ဝန်းကြီးက တရွေ့ရွေ့ခရီးနှင် နေဆဲ . . .

✦

နံနက်ခင်းနေခြည်က သစ်ရွက်သစ်ခက်များနှင့် မိုးတံအကြို အကြားမှ ရသမျှတွင်းဖောက်ကာ အနုရုဒ္ဓါချောင်ထက်သို့ ဖြန့်ကြက် ကျဆင်းလျက်ရှိသည်။ အနုရုဒ္ဓါချောင်၏တစ်ခုသော ဘုရားခန်း အတွင်းမှာတော့ မောင်ကျောက်ပုံတို့ဇနီးမောင်နှံနှင့် လူသူတော်ကြီး ဘိုးဩဘာတို့က တစ်စုံတစ်ရာကို တိုင်ပင်ဆွေးနွေးနေကြသည်သို့။

တစ်ချက်တစ်ချက် ဟိုသည်ဝှေ့ယမ်းတိုက်ခတ်လာသည့် လေပြေနှိုင်းတွင် မမင်းဘုံ၏သွဲ့သွဲ့ညင်ညင် ဝိုင်းရိုက်သံလေးများက လွင့်ပျံ စီးမျောနေကြပါ၏။ လပြည့်ညဉ့်က တစ်ညလုံးငိုရှိုက်ထားဟန်တူ၏။ မမင်းဘုံ၏မျက်ခွံများ မို့မောက်ကာ မျက်လုံးများကလည်း နီရဲလျက် မျက်ဝန်းအိမ်မှာတော့ မျက်ရည်ကြည်များက ရစ်သိုင်းအုံ့မှိုင်းနေကြသည်။

လူသူတော်ကြီးဘိုးဩဘာမှာ မမင်းဘုံ တရှုပ်ရှုပ်ဖြင့် ရှိုက်ငင် ငိုကြွေးနေသည်ကို ကြင်နာစွာကြည့်ရင်း ပြောလက်စ,စကားများကို အသာရပ်ထားလိုက်ပါ၏။ မောင်ကျောက်ပုံမှာ ဇနီးသည်ကို ချော့မော့ ဖျောင်းဖျနေပါ၏။



"တိတ်ပါ . . . မင်းဘုံရယ် ဒီကိစ္စက ငိုနေလို့လည်း ပြီးသွား မယ့်ကိစ္စမှ မဟုတ်တာ၊ ငါတို့တွေလည်း သမီးလေးမြပန်းနွယ်အတွက် တတ်နိုင်သမျှ ကောင်းမှုကုသိုလ်တွေ၊ အလှူဒါနတွေ လုပ်ကိုင်ပေးနေ တာပဲလေ၊ အခုအချိန်ထိ သမီးလေးဟာ သူ့ရဲ့ဘဝမှန်ကို မသိရှာသေး တာကိုက ငါတို့အတွက် ကံတရားက ဖေးမ,ပေးနေတာပဲ မင်းဘုံ"

"ဟုတ်တယ်ကွယ် မင်းဘုံရဲ့ နှင့်ရဲ့စိတ်ကိုဖြေစမ်းပါ။ ကိုယ် လည်း တရားအလုပ်တွေ လုပ်ကိုင်နေတဲ့ သူတစ်ယောက်ပဲ၊ အခုလို ဖြစ်ပျက်နေတဲ့ကိစ္စအမှန်တွေသာ နှင်တို့သမီးလေး မြပန်းနွယ် သိသွားခဲ့ရင် ဘယ်လောက်ရှက်သွားရှာမလဲဆိုတာ နောက်ဆုံး သူ့ရဲ့ အရှက်နဲ့သိက္ခာတရားကို သူ့အသက်နဲ့တောင် လဲသွားနိုင်တယ်ဆိုတာ နှင်သဘောပေါက်ထားစမ်း။ နောက်ပြီး မောင်ကျောက်ပုံလည်း ကတိ ပျက်တယ်ကွဲ့"

"ခင်ဗျာ . . ကျွ . . . ကျွန် . . . ကျွန်တော် . . . တော်"

ရုတ်တရက် သူ့ကိုပါ ကတိပျက်ကွက်သူအဖြစ် ဘိုးဩဘာက ပြောဆိုလိုက်သဖြင့် မောင်ကျောက်ပုံမှာ အိုးတိုးအမ်းတမ်း ဖြစ်သွားပါ ၏။ သို့အတွက် ဖြေရှင်းရန် ကြိုးစားနေစဉ်မှာပင် . . .

"ဟုတ်တယ် မောင်ကျောက်ပုံ . . . တတိယအကြိမ်မြောက် သမီးလေးရဲ့လက်က လက်စွပ်ကို မချွတ်ပါဘူးလို့ ကတိသစ္စာစကား တွေ ပေးထားခဲ့လျက်နဲ့ မင်းတို့လင်မယား မနက်က ချွတ်ပစ်ဖို့ ကြိုးစားခဲ့ကြတယ် မဟုတ်လား"

မောင်ကျောက်ပုံရော မမင်းဘုံပါ သည်တစ်ကြိမ်တွင် ပါးစပ် အဟောင်းသားနှင့် ဖြစ်သွားခဲ့ရပါချေပြီ။ ဘိုးဩဘာ၏ စွပ်စွဲချက်ကို မဖြေရှင်းနိုင်ကြပါ၏။

ဟုတ်ပါသည်။ တနင်္ဂနွေမနက်လပြည့်ညက သမီးငယ်လေး

www.burmeseclassic.com

www.burmeseclassic.com

၏ ရှက်ဖွယ်လိလိဖြစ်ရပ်ဆိုးကြီးကြောင့် လင်မယားနှစ်ယောက် တိုင်ပင်ကာ သမီးငယ်မြပန်းနွယ်၏လက်မှ ကြောင်မျက်ရှင်လက်စွပ်ကလေးကို ချွတ်ယူရန် ကြိုးစားခဲ့ကြသည် မဟုတ်ပါလား။

ခါတိုင်းကဲ့သို့ပင် သမီးလေး အိပ်မောကျနေခိုက် ချွတ်ယူလျှင်ရသည်ဟု ထင်မှတ်ကာ မောင်ကျောက်ပုံ တိတ်တဆိတ် ချွတ်ယူရန် ကြိုးစားခဲ့သည်။ သို့သော် သည်တစ်ကြိမ်တွင်မူ ကြောင်မျက်ရှင်လက်စွပ်ကလေးက လွယ်လွယ်ကူကူနှင့် ချွတ်ယူ၍ မရပါလေတော့။ နောက်ဆုံး သမီးလေးမြပန်းနွယ် အိပ်ပျော်နေရာမှ နိုးလာမည်စိုးသဖြင့် ထိုအစီအစဉ်ကို လက်လျှော့လိုက်ကြပါလေ၏။ သို့သော် ...

"ဒီမှာ မင်းဘုံ ... ဟိုတုန်းကလို လက်စွပ်က လွယ်လွယ်ကူကူ ချွတ်လို့မရတော့ဘူး။ ဒီတော့ သမီးလေး အိပ်ရာက နိုးလာခဲ့ရင် အဲဒီကြောင်မျက်ရှင်လက်စွပ်လေးကို ချော့မော့ပြီး ရအောင်ယူလာခဲ့ ဟွန်း ... ဒီတစ်ခါတော့ ဆယ်ပေါင်တူကြီးနဲ့ကို ဒီကြောင်မျက်ရှင်လက်စွပ်ကို စိစိညက်ညက်ကြေအောင် ထုခွဲပစ်မှဖြစ်တော့မယ် မင်းဘုံရေ ... ဟူး ..."

ဤသို့ဖြင့် သမီးလေးမြပန်းနွယ် အိပ်ရာမှနိုးလာသောအခါ ဥပါယ်တံမျှင်နှင့် လှည့်ဖျားပြောဆိုကာ လက်စွပ်ကို မမင်းဘုံ ချွတ်ယူရန် ကြိုးစားလိုက်သည်။

"အ ... အား ... နာ ... နာလိုက်တာ မေမေရယ်၊ အသာအယာချွတ်ပါနော်"

"အေးပါ ... သမီးရယ်၊ မေမေ အသာလေးချော့ပြီး ချွတ်ကြည့်မယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ပါ မေမေ၊ အား ... အ ... အ ... မ ... မ ... မရ ... မရဘူးထင်တယ် မေမေ၊ လက်စွပ်က ဒီတစ်ခါ



တော်တော်ကြီးကို ကြပ်သွားပြီထင်တယ် ကျွတ် ... ကျွတ်"

သမီးငယ်မှာ လက်စွပ်ကို အခါခါဆွဲလှည့်ချွတ်ယူခြင်းကို နာကျင်စွာ ခံစားရရှာသည်ထင့် ...။ နီရဲနေပြီဖြစ်သည့် လက်ကလေးကို တခါခါဖြစ်နေရှာ၏။ ထို့ကြောင့် မမင်းဘုံမှာ ချောဆီ၊ ဆပ်ပြာတို့ဖြင့် အလွယ်တကူချွတ်ယူ၍ ရရှိစေရန် ကြိုးစားပြန်ပါသော်လည်း မည်ကဲ့သို့ဖြစ်လေသည်မသိ ...။ ထူးဆန်းလှစွာပင် ဂန္ဓာရကြောင်မျက်ရှင်လက်စွပ်လေးက မြပန်းနွယ်၏လက်မှ ချွတ်ယူ၍မရနိုင်ဘဲ လွန်စွာမှပင် ခိုင်မြဲစွာတွယ်ကပ်နေပါတော့သတည်း။

ဤသို့ဖြင့် နောက်တစ်နေ့နံနက်မှာပင် မြပန်းနွယ်နှင့် သူတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ကြရသည့် လပြည့်ညဖြစ်စဉ်များကို လူသူတော်ကြီးဘိုးသြဘာအား လာရောက်ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

"မောင်ကျောက်ပုံရယ် ... မင်းတို့ငါတို့ မမြင်နိုင်မတွေ့နိုင်တဲ့ ပရလောကရဲ့ ထူးခြားဖြစ်စဉ်တွေ၊ မယုံကြည်နိုင်စရာကောင်းတဲ့ ဖြစ်ရပ်တွေကို ကိုယ်တိုင်လည်း အကြိမ်ကြိမ် တွေ့ကြုံခဲ့ရမှုသားနဲ့ ဘာကြောင့်များ မဟုတ်တဲ့အကြံအစည်တွေနဲ့ ဂန္ဓာရကြောင်မျက်ရှင်ကို သွားပြီးစိန်ခေါ်ရတာလဲကွယ်၊ မင်းကိုယ်တိုင်ပေးထားတဲ့ ကတိစကားကို မေ့မပစ်နဲ့နော် မောင်ကျောက်ပုံ၊ အဲဒီလိုသာ သစ္စာဖျက် ကတိမတည်လို့ကတော့ ဘာမှအကျိုးမရှိနိုင်တဲ့အပြင် ကံမကောင်း အခန့်မသင့်ခဲ့ရင် သမီးလေးရဲ့အသက်အန္တရာယ်ကိုတောင် ထိပါးလာနိုင်တယ် မောင်ကျောက်ပုံရေ ... အဟင်း"

ဘိုးသြဘာ၏ အမှန်တရားကျကျ ဆုံးမပြောဆိုမှုများကြောင့် မောင်ကျောက်ပုံတို့လင်မယားမှာ သတိတရားရလာခဲ့ကြ၏။ သားသမီးဇောကပ်၍ ဖောက်ဖျက်မိသွားသည့် ကတိသစ္စာကိုလည်း ရှက်ရွံ့လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က လှသူတော်ကြီးဘိုးဩဘာထံမှ လင်မယား နှစ်ယောက်သား အတွေးမောကိုယ်စီဖြင့် ပြန်လာခဲ့ကြပါလေ၏။ ရင်ထဲမှာတော့ သောကမီးများက တငွေ့ငွေ့နှင့် လောင်ကျွမ်းနေဆဲပါတည်း။

✦ ✦ ✦

ဂမ္ဘီရစာစု (၂၃)

## သင်ပြုသည့်ကံ သင်ခေါ်ထံသို့

ဤရက်ပိုင်းအတွင်း မောင်ကျောက်ပုံတစ်ယောက် အိမ်တွင် သိပ်မကပ်နိုင်ပါ။ မမင်းဘုံကိုပင် အိမ်မှုကိစ္စများအားလုံး လွှဲပေးထားကာ စစ်ကိုင်းမြို့အနီးရှိ ဂါတ်တဲများ၊ ဌာနာပိုင်များသို့ မသိမသာ ချဉ်းနင်းဝင်ရောက်လျက် အဖိုးတန်ရတနာပစ္စည်းများ၊ သူခိုးခိုးခံရခြင်းများ ရှိ မရှိ သူ့နည်းသူ့ဟန်ဖြင့် တိတ်တဆိတ် စုံစမ်းလျက်ရှိပါသည်။

သုံးလေးရက်ခန့် ဆက်တိုက်စုံစမ်းခဲ့သည့်တိုင် မြပန်းနွယ်ယူဆောင်လာခဲ့သည့် အဖိုးတန်ရတနာပစ္စည်းများနှင့် ပတ်သက်၍ ဂါတ်တဲများ၊ ရဲဌာနများနှင့် သက်ဆိုင်ရာဌာနများတွင် တိုင်တန်းခြင်းကိစ္စ၊ ပျောက်ဆုံးခြင်းကိစ္စ၊ သူခိုးခိုးခံရခြင်းကိစ္စတို့ကို မရှိကြပါဟု သိရှိလိုက်ရသည်။

ဤသို့ဆိုလျှင် လပြည့်ညသန်းခေါင်ယံအချိန်တွင် ကောင်းကင်ယာထက်မှ မသိစိတ်ဖြင့်ထလာသည့် မြပန်းနွယ် ယူဆောင်လာခဲ့သောရှေးဟောင်းရတနာပစ္စည်းများသည် ဘယ်အရပ် ဘယ်ဒေသက ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်သနည်း။

ဤသို့ဆိုလျှင် အိပ်ရာဝင်တိုင်း ခြေလက်သုတ်သင်ပြီးမှ အိပ် စက်လေ့ရှိသည့် မြပန်းနွယ်၏ ခြေဖဝါးတွင် ကပ်ညိပေကျံလာသော မြေနီမှုန့်အစအနလေးများသည်လည်း မည်သည့်အရပ်ဒေသမှ ရောက် ရှိလာခဲ့ကြပါသနည်း။

မောင်ကျောက်ပုံအတွက် လိုအပ်နေသော အဖြေတစ်ခုသည် ရှာလေဝေးလေ, လိုက်လေပြေးလေ ဖြစ်နေလေသည်လားမသိ။ စဉ်း စားမိသည်ကတော့ အဖြေမရှိသော ပဟေဠိပုစ္ဆာတစ်ပုဒ်ကို မောင် ကျောက်ပုံတစ်ယောက် ရှုးသွပ်မိုက်မဲစွာ ရှာဖွေနေလေသည်လား ဆိုသည်ကိုတော့ . . .

ဤသို့ဖြင့် တစ်ဖက်တွင် မောင်ကျောက်ပုံတစ်ယောက် သမီးငယ်မြပန်းနွယ်အတွက် ရတက်အေးစေမည့် အဖြေတစ်ခု သဲသဲမဲမဲ ရှာဖွေလျက်ရှိနေစဉ် ကျန်တစ်ဖက်တွင်လည်း မမျှော်လင့် ရှုပ်ထွေးပွေလီသွားသော ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်တိုးမိနေပါချေ ကော။

ထိုနေ့နံနက်က မှတ်မှတ်ရရ မြပန်းနွယ်တစ်ယော ဒေါ်ကြီးသက်နှင့်အတူ စစ်ကိုင်းဈေးကြီးထဲသို့ လိုက်လာမိခဲ့သည် စစ်ကိုင်းဈေးကလည်း ရောင်းသူဝယ်သူ ရပ်ဝေးမှလာရောက် ဝယ်ခြမ်းကြသူများနှင့် စည်ကားရှုပ်ထွေးလျက်ရှိသည်။ ထိုစဉ် ..

"ဟဲ့ . . . မြပန်းနွယ်တို့, မိသက်တို့ပါလား၊ ဈေးဝယ်ထွ လာကြတာထင်တယ်"

"ဟုတ်ပါတယ် ဒေါ်ကြီးရွှေ သမီးလည်း အကျီ,ဝ ရင်းနဲ့မို့ ဒေါ်ကြီးသက်နဲ့ လိုက်လာခဲ့တာလေ"

"ဟယ် . . . ဒါဆိုရင်အတော်ပဲ မိသက်ရေ ဒေါ်ကြီး



ခြမ်းရမယ့်ပစ္စည်းတွေ နည်းနည်းများနေလို့ အဲဒါ ကူပြီးဝယ်ပေး ပါဦးနော်"

ဒေါ်စိန်ရွှေက အကူအညီတောင်းသဖြင့် သုံးယောက်သား စည်ကားရှုပ်ထွေးလှသော စစ်ကိုင်းဈေးတန်းထဲသို့ ဟိုဆိုင်ဝင်, သည် ဆိုင်ထွက်နှင့် ဝယ်ခြမ်းကြရပြန်သည်။ စစ်ကိုင်းဈေးက ယနေ့မှပင် ပိုမို၍ စည်ကားနေလေသည်ထင့်။ မြပန်းနွယ်ပင် ချွေးနှဲ့,လူနံ့များ ကြောင့် ခေါင်းများပင် မူးဝေလာခဲ့သည် မဟုတ်ပါလား။

အိမ်သို့ပြန်ရောက်တော့ သံပုရာရည်တစ်ခွက်ပင် အမူးပြေ သောက်လိုက်ပါသေးသည်။ ထို့နောက် ကိုယ်လက်မအီမသာဖြစ်နေ သောကြောင့် အိပ်ခန်းထဲတွင် ခေတ္တခဏလှဲနေရာမှ မြပန်းနွယ် ရေမိုးချိုးပြီး မှန်တင်ခုံရှေ့သို့ရောက်ခါမှ သူ၏လည်တွင်ဆွဲထားသည့် ပရိတ်ကြိုးဖြူဖြူလေး မရှိတော့မှန်း သိလိုက်ရပါတော့သည်။

"မေမေရေ သမီးလည်ပင်းက ပရိတ်ကြိုးလေး ဘယ်မှာ ပြုတ်ကျကျန်ရစ်ခဲ့လဲမသိဘူး မရှိတော့ဘူး မေမေ"

"ဟယ် . . . ရှာ . . . ရှာကြည့်ပါဦးလား သမီးရယ်၊ ရေချိုး ခန်းထဲမှာရော ရှာပြီးပြီလား၊ မိသက် . . . မိသက်ရေ လာစမ်းပါဦး ဟဲ့၊ ဒီမှာ ညည်းညီမ ပရိတ်ကြိုးလေး ပျောက်သွားလို့"

"ဟယ် . . . ဗုဒ္ဓေါ မြတ်စွာဘုရား"

ထိုအခါမှ မိသက်မှာ ဘုရားတ,လိုက်ရင်း သူ၏လည်ပင်းကို သူစမ်းကြည့်လိုက်သည်။ လည်ပင်းတွင် ပရိတ်ကြိုးဖြူဖြူလေးကို တွဲခိုလျက်ရှိနေသေးကြောင်း သိလိုက်ရသဖြင့် မိသက် အကြောင်းပြေ သွားပါ၏။ ထိုနေ့က မြပန်းနွယ်လေး၏ ပရိတ်ကြိုးပျောက်ဆုံးသွား မှုကြောင့် တစ်အိမ်သားလုံး ယောက်ယက်ခတ်မျှ ရှုပ်ရှားသွားကြ သည်။ အားလုံးဝိုင်း၍ ရှာဖွေကြပါသော်လည်း ပရိတ်ကြိုးက မြေ

www.burmeseclassic.com

www.burmeseclassic.com

လျှို၍ မိုးပုံသွားလေပြီလားမသိ။ စုတ်စ,မြုပ်စ ပျောက်ဆုံးသွားခဲ့ပါချေပြီတည်း။ မြပန်းနွယ်လေးမှာမူ သူချစ်မရိတ်ကြိုးလေး ပျောက်ဆုံးသွားသဖြင့် မျက်နှာမကောင်းလှပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ သမီးအဖေကြီး ပြန်လာမှ အဘဆီကိုသွားပြီး အကျိုးအကြောင်း ပြောပြကြတာပေါ့၊ မေမေ့စိတ်ထင်တော့ သမီးတို့ မနက်က စစ်ကိုင်းဈေးမှာ လူတိုးခွေ့ရင်း ပြုတ်ကျခဲ့တာပဲ ဖြစ်မယ်ထင်တယ်၊ ဒါနဲ့ ဈေးမှာ ဘာထူးထူးခြားခြား ဖြစ်သေးလဲ သမီး"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး မေမေ၊ အဲ ... တစ်ခုတော့ရှိတယ် သမီးတို့ဈေးဝယ်ပြီးလို့ ပြန်မလို့လုပ်နေတုန်း ဟို ... ဒေါ်ကြီးစိန်နဲ့တွေ့လို့ သူ့ကို ဈေးတစ်ခေါက် လိုက်ပြီးဝယ်ခြမ်းပေးရသေးတယ်၊ သမီးတောင် ခေါင်းတွေကိုက်သွားတာပဲ"

ထိုအကြောင်းကိစ္စများအားလုံးကို ကိုကျောက်ပုံပြန်လာတော့ ခရေစေ့တွင်းကျ ပြန်၍ပြောပြသည်။ ကိုကျောက်ပုံ၏ရင်မှာ တဆတ်ဆတ်လှုပ်ခါလျက် နားထောင်နေရင်းမှပင် မျက်နှာ အမူအရာများက ပျက်ယွင်းလာကြသည်။ ရင်ထဲမှ သောကအပူနှင့် ဒေါသအရှူတို့ကို ကြိတ်မှိတ်၍ မျိုသိပ်နေရရှာသည်ထင့်။ ရီဝေစူးရှနေသည့် မျက်လုံးအစုံက ဝေဝါးတွေပြားနေသည့် အဖြေတစ်ခုကို ဖမ်းမိဆုပ်ကိုင်နိုင်ရန် ကြိုးစားနေလေသည်သို့။

ဒေါ်စိန်ရွှေ ... စိန့်ပွဲစားကျောက်ပွဲစားမကြီး ဒေါ်စိန်ရွှေ ... သမီးလေး ပြဿနာတစ်ခုခုနှင့်ကြုံတွေ့တိုင်း တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်နေသည့် ဒေါ်စိန်ရွှေ။ သူ၏နေအိမ်သို့ ဒေါ်စိန်ရွှေ အဝင်အထွက်များလာသည့် အချိန်မှစ၍ ဤကဲ့သို့သော အမှောင့်ပယောဂကိစ္စများနှင့် မကြာခဏ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည် မဟုတ်ပါလား။



မောင်ကျောက်ပုံ၏နားထဲတွင် ယမန်နေ့ညက အောင်ကောင်းပြောသွားသည့် စကားအချို့ကို ပြန်လည်ကြားယောင်လာမိခဲ့သည်။

"မောင်ကျောက်ပုံ မင်းကို ငါပြောမလို့ မေ့နေတာ၊ တစ်လောက မိုးကုတ်ဘက်ကို ငါရောက်တော့ သတင်းတစ်ခုကြားရတယ်၊ ငါတို့ဆီက ဝယ်လက်တချို့ကို ဒေါ်စိန်ရွှေကြီးက တစ်ဖက်လှည့်နဲ့ တရုတ်အရှောင်တို့ဆီကို ခေါ်သွားတယ်တဲ့၊ အဲဒါ ပွဲဖြစ်သွားတယ်လို့လည်း ကြားတယ်ကွ၊ နောက်ပြီး ထူးဆန်းတာတစ်ခုက မန္တလေးတောင်ခြေဘက်က အောက်လမ်းဆရာလိုလို၊ ပယောဂဆရာလိုလို လူကြီးတစ်ယောက်နဲ့လည်း တော်တော်တွဲနေတယ်လို့ကြားတယ်၊ ဒီမိန်းမကြီးက ပွဲစားပီပီ ဥာဏ်သိပ်များတယ်နော်၊ အဲဒါ မင်းအိမ်မှာလည်း အဝင်အထွက်ရှိနေလို့ ငါ သတိပေးထားတာ"

အခြေအနေ၊ အချိန်အခါနှင့် အဖြစ်အပျက်များအားလုံးက မပြေးသော်လည်း ကံရာရှိ ဒေါ်စိန်ရွှေကြီးထံသို့ ညွှန်ပြနေကြပါ၏။ သို့သော် လက်ဆုပ်လက်ကိုင် မပြနိုင်သဖြင့် ရင်ထဲတွင် မှန်တိုက်းထန်နေရုံမှတစ်ပါး မည်သို့မျှ မလုပ်နိုင်ခဲ့။ နောက်ဆုံး ထုံးစံအတိုင်းပင် သူတို့၏ဆရာသခင် လှသူတော်ကြီးဘိုးဩဘာရှိရာ အနုရုဒ္ဓါချောင်သို့သာ ရောက်ရှိလာခဲ့ကြပါတော့သည်။

လှသူတော်ကြီးဘိုးဩဘာမှာ အပူသောကများနှင့် ရောက်ရှိလာခဲ့သည့် ဖနီးမောင်နှံတို့အား ရေအေးတစ်ခွက်စီ ဦးစွာတိုက်ကျွေးလိုက်ပါ၏။ ပြီးလျှင် မွေးကြိုင်လှသော နံ့သာပု ဂုဏ်ပျောသီးများနှင့်လည်း ဧည့်ခံကျွေးမွေးပြန်သည်။ ထို့ကြောင့် မောင်ကျောက်ပုံမှာ ပြောလိုသည့်ကိစ္စများကို ချက်ချင်းမပြောဖြစ်သေး။ ဆရာသခင် ဧည့်ခံ

www.burmeseclassic.com

www.burmeseclassic.com

ကျွေးမွေးနေသည့် အစာအဟာရများကို အနည်းငယ်မျှသာ စားသောက်နေရပါသေးသည်။ ထူးထူးခြားခြားပင် ရေအေးအေးတစ်ခွက်နှင့် နံ့သာပုဂ္ဂက်ပျော့သီးတစ်လုံးက လှုပ်ရှားနေသည့် သူ၏ရင်အပူကို အတန်ငယ်မျှ ငြိမ်းသွားစေသည်သို့။

"ကိုင်း ... ဘယ်လိုလဲ မောင်ကျောက်ပုံ၊ မင်းရင်ထဲက သောက,ဒေါသအပူတွေ တော်တော်လေး ငြိမ်းအေးသွားကြပြီလားကွဲ"

"ဟင် ... ခင် ... ခင်ဗျာ ... အ ... အဘ ... ဘယ်လို ... လုပ်ပြီး ... သိ ... သိ ..."

"ဟဲင်း ဟင်း ... သိနေတာမဟုတ်ပါဘူးကွဲ၊ သိနေနိုင်တာပါ၊ မင်းတို့လင်မယားရဲ့ အပူရောင်မျက်နှာတွေက ငါ့ကိုတောင် လာပြီးဟပ်နေလို့ လောလောဆယ် အပူနည်းနည်းငြိမ်းပေးလိုက်တာပါ၊ ကိုင်း ... ဖြစ်ပျက်ပုံအလုံးစုံကို သေသေချာချာသာ ပြောပြပေတော့ မောင်ကျောက်ပုံ"

ထို့နောက်မှာတော့ မောင်ကျောက်ပုံတစ်ယောက် သမီးငယ် ယူဆောင်လာခဲ့သည့် ရတနာပစ္စည်းများကိုစွာ၊ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ရသည့် သမီးငယ်လည်ပင်းမှ ပရိတ်ကြိုးအဆောင်ကိစ္စနှင့် တိုက်ဆိုင်မှုပေါင်းများစွာနှင့် ရောက်ရှိလာသော ဒေါ်စိန်ရွှေတို့၏ အကြောင်းကိစ္စများကို ဘိုးသြဘာအား ခရေစေ့တွင်းကျ ရှင်းပြနေပါတော့သည်။

လူသူတော်ကြီးဘိုးသြဘာမှာ မောင်ကျောက်ပုံ ရှင်းလင်းပြောပြနေသည့် ဖြစ်စဉ်များကို ကွမ်းတမြုံ့မြုံ့ဝါးရင်း တင်ပျဉ်ချိတ်ထိုင်ကာ ဂရုတစိုက်ဖြင့် နားထောင်နေပါလေ၏။ မောင်ကျောက်ပုံ စကားဆုံးသွားသည့်တိုင် ချက်ချင်းစကားမပြန်သေးဘဲ ကွမ်းအစ်ကြီး



ထဲမှ ကွမ်းယာတစ်ယာ ရာ၍ ပါးစပ်တွင်းသို့ ထိုးထည့်လိုက်ပြန်သည်။ အတန်ကြာမှ ...

"အိမ်း ... မောင်ကျောက်ပုံပြောသလိုသာဆိုရင်တော့ အဘရဲ့အတွေးက မှန်နေပြီထင်တယ်၊ သေသေချာချာ စဉ်းစားကြည့်ကြစမ်း၊ သမီးလေးမြပန်းနွယ် လပြည့်ညတိုင်း အိပ်နေရာကနေ ထသွားပြီး ယူငင်လာခဲ့တဲ့ ရတနာပစ္စည်းတွေဟာ နယ်နယ်ရရ ပစ္စည်းတွေ မဟုတ်ဘူးကွဲ၊ ဒါပေမဲ့ ဂါတ်တဲတွေ, ဌာနာတွေမှာလည်း ဒီလောက်တန်ဖိုးကြီးတဲ့ ရတနာပစ္စည်းတွေကို သူခိုးခိုးခံရတဲ့ အကြောင်းတွေလည်း မကြားရနဲ့ဆိုတော့ အဲဒီရတနာပစ္စည်းတွေကို ဘယ်က,ဘယ်လို ရလာခဲ့တယ်ဆိုတဲ့ သဲလွန်စလေးတောင် ငါတို့ မတွေ့ခဲ့ကြရဘူး"

"နောက်ပြီး မြပန်းနွယ်ရဲ့ အိပ်ရာခင်းပေါ်က ရခဲ့တဲ့ မြေနီမှုန့်အစအနတွေဟာလည်း ရတနာထွက်ရှိတဲ့ နေရာဒေသမျိုးမှာမှ တွေ့ရှိရတတ်တဲ့ မြေအမျိုးအစားဖြစ်နေလေတော့ ဘယ်လိုမှ စုံစမ်းလို့မရဘူး ဖြစ်နေတယ်"

ဟုတ်ပါသည်။

လပြည့်နေ့ညရောက်တိုင်း မြပန်းနွယ်၏ခြေလက်တို့တွင် ကပ်ငြိပါလာဟန်တူသည့် မြေနီမှုန့်အစအနများရှိသည့် မြေအမျိုးအစားက စစ်ကိုင်းတစ်ဝိုက်တွင် လုံးဝမရှိပါ။

"အင်း ... နောက်ဆုံးဖြစ်နိုင်ခြေရှိတာတွေကို ဆက်စပ်ကြည့်ရင် အဖြေထွက်လာတာကတော့ မမြင်နိုင်တဲ့ ပရလောကရဲ့ အဆက်အနွယ်ပဌာန်းဆက်ရှိတဲ့ နေရာတစ်နေရာက ရယူလာခဲ့တဲ့ ပဌာန်းဆက်ပစ္စည်းတွေပဲလို့ မှတ်ယူရတော့မယ်လေ၊ ဘာကြောင့်လဲဆိုတော့ ရတနာပစ္စည်းတွေဟာ ရှေးဟောင်းပစ္စည်းတွေဖြစ်နေလို့ပဲ မောင်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ပုံ''

နောက်ဆုံးတော့ ကျိုးကြောင်းခိုင်လုံစွာဖြင့် ညွှန်ဆိုထောက်ပြလိုက်သော လူသူတော်ကြီးဘိုးသြဘာ၏ ဖြစ်နိုင်ချေရှိသော စကားများကိုသာ လက်ခံကြရမလို ဖြစ်နေကြပါလေ၏။

''ဒါနဲ့ ... ဟို ... ဟို အဘပေးထားတဲ့ ပရိတ်ကြိုးလေး ပျောက်ဆုံးသွားတာရယ်၊ ဟို ... ဟို ဒေါ်စိန်ရွှေရဲ့ မသင်္ကာစရာ လှုပ်ရှားမှုတွေကရော ဘာတွေဖြစ်လာနိုင်ဦးမလဲဆိုတာ သိ ... သိပါရစေ အဘရယ်၊ ဒါမှ ကျွန်တော်တို့ ကြိုတင်ပြီး ကာကွယ်လို့ ရမှာပေါ့''

''ဟုတ်ပါတယ် အဘရယ်၊ အခုချိန်မှာ သမီးတို့အတွက် အနှောင့်အယှက်တွေက တစ်ခုပြီးတစ်ခု ကြုံတွေ့နေရလို့ပါရှင်၊ အရေးကြီးတာကတော့ သမီးငယ်လေးအတွက်ပါပဲ အဘရယ်''

သားသမီးအတွက် သောကအပူတို့ ကြီးစွာကျရောက်နေရှာသည့် မောင်ကျောက်ပုံတို့ ဇနီးမောင်နှံ၏ မိဘမေတ္တာကို ဘိုးသြဘာ နားလည်စွာ ခံစားပေးလိုက်ပါ၏။ အတန်ကြာမှ တစ်စုံတစ်ရာကို စဉ်းစားမိသွားသည်ထင့်။ တည်ငြိမ်အေးချမ်းစွာဖြင့် ဤသို့ပြောဆိုလိုက်ပါတော့သည်။

''အခုချိန်ကျမှတော့ သမီးလေးမြပန်းနွယ်အတွက် ပူပင်သောကတွေ သိပ်မဖိစီးကြပါနဲ့တော့ မင်းဘို့၊ သူတို့တရား သူတို့စီရင်သွားကြပါလိမ့်မယ်၊ သံချေးဆိုတာက သံကနေမှ ဖြစ်တည်လာရတာကွဲ့၊ အေး ... အဲဒီသံချေးကပဲ သံကိုပြန်ပြီးစားသလို သူတို့ရဲ့မကောင်းမှုတွေကလည်း မကောင်းမှု ပြစ်မှားကျူးလွန်တဲ့သူကို မကောင်းသောဘုံ၊ မကောင်းသောဘဝကို ပို့ဆောင်ပေးသွားပါလိမ့်မယ်ကွယ်''

''အခု အဘတို့တစ်တွေ အရေးတကြီးလုပ်ဆောင်ရမယ့်



ကိစ္စတစ်ခုရှိတယ်၊ အဲဒါကတော့ အားလုံးအတွက် သင့်တော်မှန်ကန်တဲ့ အကောင်းဆုံးအစီအစဉ်တစ်ခု ဖြစ်လိမ့်မယ်လို့လည်း အဘ ယုံကြည်နေမိတယ်၊ အဲဒါဟာ ဘာလဲဆိုရင် သင့်တော်မယ့် ကုန်းမြေနေရာတစ်ခုမှာ ဘုရားရှင်ကိုရည်စူးပြီး ကိုးတောင်ပြည့်စေတီတော်တစ်ဆူ တည်ကြမယ်၊ အဲဒီစေတီတော်ရဲ့ ဌာပနာတိုက်ထဲမှာ သမီးလေး မြပန်းနွယ် ယူဆောင်လာခဲ့တဲ့ ရတနာပစ္စည်းတွေကို ဘုရားရဲ့ဌာပနာတော်အဖြစ် ထည့်ဝင်လှူဒါန်းလိုက်ခြင်းဟာ မြပန်းနွယ်အတွက် အကောင်းဆုံးနဲ့ အမှန်မြတ်ဆုံးသော ဒါနကုသိုလ်တစ်ခု ဖြစ်သွားလိမ့်မယ် မောင်ကျောက်ပုံ''

မမျှော်လင့်ဘဲကြားလိုက်ရသော ကုသိုလ်သတင်းကောင်းတစ်ခုကြောင့် မောင်ကျောက်ပုံရော မယ်ဘုံတို့ပါ ဝမ်းသာလှိုက်လှဲစွာဖြင့် လူသူတော်ကြီးဘိုးသြဘာအား ရှိသေစွာ ဦးချကန်တော့လိုက်ကြပါတော့သည်။

''အဘ ကောင်းမယ်ထင်သလိုသာ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပါတော့ခင်ဗျာ၊ ကျွန်တော်တို့လင်မယားကတော့ အခု ဖြစ်ရပ်ဆိုးကြီးကို ပတ်ဝန်းကျင်နဲ့ ကျွန်တော်တို့ရဲ့သမီးလေး မြပန်းနွယ်တို့ သိသွားမှာကို အကြောက်ဆုံးပါပဲ အဘရယ်၊ ဘုရားတည်မယ်လို့ အဘဆုံးဖြတ်ပြီးရင်လည်း နေရာကောင်း၊ အချိန်ကောင်း၊ အခါကောင်းကိုသာ အမြန်ဆုံးရွေးပြီး စီစဉ်ပါတော့ အဘရယ်''

ထိုနေ့က ပြဿနာအရပ်ရပ်ကို ရှင်းရှင်းလင်းလင်း သိလာခဲ့ရပြီမို့ မောင်ကျောက်ပုံတို့ဇနီးမောင်နှံ စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်သို့ ပြန်လာခဲ့ကြပါတော့သည်။ မရှိခထာစံအိမ်ရှေ့သို့မရောက်မီ လမ်းမတစ်ဖက်ရှိ ဒေါ်စိန်ရွှေတို့အိမ်တွင် လူဝင်လူထွက်များဖြင့် ရှုပ်ထွေးနေကြသည်ကို တွေ့မြင်လိုက်ကြရသဖြင့် အနီးရှိလူတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျောက်ပုံ မေးမြန်းကြည့်လိုက်ပါ၏။

"ဟိုမှာ ဘာဖြစ်ကြတာလဲ မသိဘူး။ ဒေါ်စိန်ရွှေကြီးအိမ်မှာ လူဝင်လူထွက်တွေများလှချည်လားဗျ"

"ဩော် ... ကိုကျောက်ပုံတို့ မသိသေးဘူးထင်တယ်၊ ဒေါ်စိန်ရွှေတစ်ယောက် ရေချိုးခန်းထဲမှာ ရေချိုးရင်း မူးတယ် ... မူးတယ်ဆိုပြီး လဲကျသွားရာက တစ်ခါတည်း အသက်ပျောက်သွားတယ်လေ၊ ဆေးရုံပို့ဖို့တောင် အသက်မမီလိုက်ဘူးတဲ့"

"ဟင်"

"ဟာ"

ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ဒေါ်စိန်ရွှေ၏ သတင်းဆိုးကြီးကြောင့် မမင်းဘုံပင် ရင်ထဲတွင် တလှပ်လှပ် ဖြစ်သွားပါ၏။ မောင်ကျောက်ပုံမှာလည်း ဖြစ်ပျက်မြန်ဆန်လွန်းလှသော သင်္ခါရ တရားကြီးကို အတော်ပင် ကြောက်လန့်တုန်လှုပ်သွားမိပါသည်။ သူတို့မိသားစုအပေါ်တွင် အငြိုးအတေးကြီးစွာဖြင့် အနှောင့်အယှက်များစွာ ပေးခဲ့သည့်တိုင် လူသားတစ်ယောက်ပီပီ ဒေါ်စိန်ရွှေအား စာနာသနားနေမိပါ၏။ တစ်ဆက်တည်းမှာပင် လွန်ခဲ့သော နာရီပိုင်းလောက်ကမှ ပြောကြားခဲ့သည့် လူသူတော်ကြီးဘိုးသြဘာ၏ စကားများကိုလည်း မောင်ကျောက်ပုံတို့လင်မယား ပြန်လည်ကြားယောင်လာမိကြသည်သို့။

"အင်း ... အခုချိန်ကျမှတော့ သမီးလေးမြပန်းနွယ်အတွက် ပူပင်သောကတွေ သိပ်ပြီးမဖိစီးကြပါနဲ့တော့လေ၊ သူတို့တရား သူတို့ စီရင်သွားကြပါလိမ့်မယ်၊ သံချေးဆိုတာဟာ သံကနေမှ ဖြစ်တည်လာရတာကွဲ့၊ အေး ... အဲဒီသံချေးကပဲ သံကိုပြန်ပြီးစားသလို သူတို့ရဲ့ မကောင်းမှုအကုသိုလ်တွေကပဲ မကောင်းမှုပြုမိများကျူးလွန်တဲ့သူတွေကို မကောင်းသောဘုံ မကောင်းသောဘဝကို ပို့ဆောင်ပေးသွားပါလိမ့်မယ်ကွယ်"

လူသူတော်ကြီးဘိုးသြဘာ၏ ဆုံးမစကားသံများက လေပြည်ထဲတွင် ပြန်လည်၍ စီးမျောပျောက်ကွယ်သွားကြသည်။ မောင်ကျောက်ပုံတို့လင်မယားမှာ အိမ်သို့ပင်မဝင်သေးဘဲ ဒေါ်စိန်ရွှေ၏ နေအိမ်သို့ တန်း၍သွားလိုက်ကြသည်။

အိမ်ထဲတွင် ဒေါ်စိန်ရွှေ၏ အသုဘရုပ်အလောင်းကို ပြင်ဆင်နေချိန်နှင့် တိုးနေပါ၏။ ရပ်ဓလေ့, ရွာဓလေ့ထုံးစံအတိုင်း လက်ထိပ်, ခြေထိပ်များကိုလည်း ကြိုးချည်ရန် ယောက်ျားကြီးတချို့ ပြင်ဆင်နေကြသည်။

မောင်ကျောက်ပုံနှင့်မမင်းဘုံတို့ ဖနီးမောင်နှံမှာလည်း ဒေါ်စိန်ရွှေကြီး၏ နောက်ဆုံးခရီးကို သံဝေဂများစွာဖြင့် ကြည့်နေကြပါသည်။

ထိုအချိန်တွင် ...

"ဟော့ ဟော့ ... လက်မ,ကြိုးချည်ရအောင်ဟေ့"

"အေးလေ ... ရော့ ရော့ ... ဒီမှာ အပ်ချည်ကြိုး"

"ဟင် ... နေ ... နေပါဦးကွ၊ ဒေါ်စိန်ရွှေကြီးလက်ထဲမှာ ဘာလေးလဲမသိဘူး ဆုပ်ထားသေးတယ်ကွ၊ မြန်မြန်ဖြည်လိုက်မှ ဖြစ်မယ်"

အသုဘအလောင်းကို ပြင်ဆင်နေသူတစ်ယောက်က ဒေါ်စိန်ရွှေကြီးလက်ထဲတွင် ဆုပ်ကိုင်ထားသည့်အရာကို ဖြည်ထုတ်၍ ဆွဲယူလိုက်သည်။

"ဟာ ... ဘာကြိုးလေးလဲ မသိပါဘူးကွာ၊ ရှုပ်ပါတယ် ပေး ... ပေး ... အပ်ချည်ကြိုး မြန်မြန်ပေးစမ်းဟေ့"

ထိုသူက ဒေါ်စိန်ရွှေ၏လက်ထဲမှ ကြိုးစလေးကိုဆွဲယူ၍

www.burmeseclassic.com

www.burmeseclassic.com

နံဘေးသို့ လှွင့်ပစ်လိုက်သည်။ ထိုလွှင့်ပစ်လိုက်သော ကြိုးစလေးက မောင်ကျောက်ပုံ၏ခြေထောက်အနီးသို့ လွင့်၍ကျလာသည်ကို အမှတ်မဲ့ ငုံ့ကြည့်လိုက်မိသည်တွင် ...

"ဟင် ... ဒါ ... ဒါ ... သ ... သမီးလေးရဲ့ ပ ... ပရိတ်ကြိုးလေးပါလား။ ဘုရား ... ဘုရား သမီးလေးရဲ့ ပရိတ်ကြိုးလေးကို ဒေါ်စိန်ရွှေကြီး ဖြတ်ပြီးယူထားတာကိုး"

ဟုတ်သည်။ လူသူတော်ကြီးဘိုးညြဘာကိုယ်တိုင် လက်မ, ဝက်ခန့် အထုံးလေးများထုံး၍ အဆစ်ကလေးများသဖွယ် ပြုလုပ်စီရင်ထားသည့် ပရိတ်ကြိုးလေးကို ဒေါ်စိန်ရွှေကိုယ်တိုင် ဖြတ်၍ယူသွားခဲ့ခြင်း ဖြစ်ပါသည်။

"ဟောဒီပရိတ်ကြိုးလေးဟာ ရဟန္တာကြီးတစ်ပါးက အဘကို ချီးမြှင့်ခဲ့တဲ့ ပရိတ်ကြိုးပဲကွဲ့၊ အဲဒါကို အဘက ကိုးရက်တိတိ အဓိဋ္ဌာန်ဝင်ပြီး သိဒ္ဓိထပ်ထားတဲ့ ပရိတ်ကြိုးမို့ ဘယ်လိုအကြောင်းမျိုးနဲ့မှ မဖြုတ်မိပါစေနဲ့၊ အချိန်တန်ရင် အဘကိုယ်တိုင်လာပြီး ဖြုတ်ပေးလှည့်မယ်၊ အေး ... အချိန်မတန်ဘဲနဲ့ ဒီပရိတ်ကြိုးလေးကို ဖြုတ်မိခဲ့ရင် ဖြုတ်တဲ့သူမှာ အန္တရာယ်ရှိနိုင်တယ်ကွဲ့"

"အေး ... ဒီလိုအချိန်ကျမှ သိစရာမလိုအပ်တော့ပါဘူးကွယ်၊ အင်း ... အဘကိုယ်တိုင် အစီအရင်တွေ အစီအမံတွေနဲ့ စီမံလုပ်ကိုင်ပြီးသွားပြီ၊ နောက်တစ်ကြိမ်ထပ်ပြီး ကျူးလွန်စော်ကားလာခဲ့ရင်တော့ အင်း ... သူတို့ပြုလုပ်တဲ့အဆိပ်ကို သူတို့ပြန်ပြီး ခံကြရမှာပဲကွဲ့"

လူသူတော်ကြီးဘိုးညြဘာ၏ ကြိုတင်သတိပေး ပြောကြားခဲ့သောစကားများက သွေးထွက်အောင်ပင် မှန်ကန်ခဲ့ပါချေပြီကော။ တစ်နည်းအားဖြင့်ဆိုသော် မကောင်းမှုကို ပြုလုပ်သောသူသည် သူ



ကိုယ်တိုင်ပြုလုပ်ခဲ့သော မကောင်းမှုအကျိုးကို ခံစားရမည်မှာ မမှတာပင် မဟုတ်ပါလား။

ထိုနေ့ညနေပိုင်းတွင်လည်း မန္တလေးမှပြန်လာသည့် အောင်ကောင်းသယ်ဆောင်လာသည့် သတင်းထူးတစ်ပုဒ်ကြောင့် မောင်ကျောက်ပုံ ထပ်မံ၍ တုန်လှုပ်သွားရပြန်ပါ၏။

"ဟာ ... တိုက်ဆိုင်လိုက်တာကွာ၊ ဟို ... မန္တလေးတောင်ခြေနားက အောက်လမ်းဆရာလား, ပယောဂဆရာလားတော့ မသိဘူးဗျာ၊ ဒေါ်စိန်ရွှေကြီးနဲ့တွဲနေတဲ့ ဦးကြူးမောင်ဆိုတဲ့ဆရာလည်း နေ့ခင်းနှစ်နာရီကျော်လောက်က သူ့ရဲ့အိမ်ပေါ်မှာတင် မြွေကိုက်ခံလိုက်ရလို့ သေသွားပြီတဲ့ကွ၊ မြွေက ဘယ်လောက်အဆိပ်ပြင်းသလဲ မသိဘူး။ တစ်ကိုယ်လုံး မြွေဆိပ်တွေတက်လာတာ မည်းမှောင်နေတာပဲတဲ့ဗျာ၊ အဲဒါ ဆေးရုံကိုတောင် မရောက်သေးဘူးတဲ့၊ လမ်းမှာပင် အသက်ပျောက်သွားတာတဲ့ မောင်ကျောက်ပုံရေ"

ရှင်းလင်းသွားပါပြီ ...။

မြပန်းနွယ်အတွက် အနှောင့်အယှက် အဟန့်အတားများနှင့် လုပ်ကိုင်ကြံစည်ကြသူများအားလုံး တစ်နေ့တည်း, တစ်ချိန်တည်း, တစ်ပြိုင်တည်း သေဆုံးသွားကြရသည်ကပင် ထူးဆန်းအံ့ဩဖွယ်ရာကောင်းသလောက် သံဝေဂတရားများလည်း ရဖွယ်ရာ ဖြစ်ရပ်ကြီးတစ်ခုပါပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဂန္ထိရစာစု (၂၄)

## ကိုးတောင်ပြည့်စေတီနှင့် ပျောက်ဆုံးသွားသောကြောင်မျက်ရှင်

နောက်ရက်တစ်ပတ်ခန့် ကြာသောအခါမှာတော့ အနုရုဒ္ဓါ ချောင်တွင် ဆရာတော်ကြီးဦးပညာဇောတ၊ လူသူတော်ကြီး ဦးဩဘာ၊ ကပ္ပိယကြီးနှင့် မောင်ကျောက်ပုံတို့ ဖနီးမောင်နှံတို့ ဆုံတွေ့ကြကာ ကိုးတောင်ပြည့်ဘုရားတစ်ဆူတည်ရန်အတွက် မြေနေရာနှင့် အချိန် ကာလတို့ သတ်မှတ်ကြရန် တိုင်ပင်ခဲ့ကြသည်။

"အင်း ... အချိန်ကာလကတော့ စစ်ကိုင်းတောင်ရိုးမှာ ကျင်းပကြတဲ့ ဝါစဉ်ဘုရားပွဲတွေလည်း ပြီးသွားကြပြီဆိုတော့ စ,မယ်ဆို ရင် စ,လို့ရပါပြီလေ"

ဟုတ်သည်။ ဆရာတော်ကြီး ဦးပညာဇောတ မိန့်ကြားသကဲ့ သို့ စစ်ကိုင်းတောင်ရိုးထက်ရှိ ဝါစဉ်ဘုရားပွဲများမှာ နှစ်စဉ်ဝါဆိုလပြည့် နေ့တွင် ကျင်းပသော ဆွမ်းဦးပုညရှင်ဘုရားပွဲမှ အစပြုကာ သီတင်း ကျွတ်လပြည့်နေ့တွင် ကျင်းပသော ကောင်းမှုတော်ဘုရားပွဲတွင် အဆုံး သတ်လေ့ရှိပါသည်။ ရှုစုပေါင်း ဝါစဉ်ဘုရားပွဲမှာ ဆယ့်လေးပွဲရှိခဲ့ပါ၏။

ယခုဆိုလျှင် ထိုဘုရားပွဲများ ပြီးဆုံးခဲ့၍ တန်ဆောင်မုန်းလပြည့်ပင် ကျော်လွန်လာခဲ့ပြီ မဟုတ်ပါလား။

"အိမ်း ... နေရာဒေသကရော ဘယ်နေရာကို ရွေးချယ် ထားသလဲ ဒကာကြီး"

"ဒီကိစ္စကို ဆရာတော်ကြီးနဲ့ လျှောက်တင်ချင်လို့ အခုလို ဆုံတွေ့ကြတာပါဘုရား။ အင်း ... တပည့်တော် တွက်ချက်ပြီး ရသ လောက်ဆိုရင်တော့ ဘုရားဒကာမလေး မြပန်းနွယ်ရဲ့ ပဋ္ဌာန်းဆက်ဟာ မဟီယင်္ဂဏလို့ခေါ်တဲ့ မရှိခဏဘုရားမှာ ရှိနေပါတယ် ဘုရား"

လူသူတော်ကြီးဘိုးဩဘာက ဆရာတော်ဦးပညာဇောတ အား ဘုရားတည်ရန် ရည်ရွယ်ထားသည့်နေရာအား လျှောက်တင် လိုက်ပါ၏။ မောင်ကျောက်ပုံ၊ ဂှီလင်မယားကမူ တိတ်ဆိတ်စွာပင် နားထောင်နေကြသည်။

"ဒီလိုဆိုရင် ဘုရားတည်မယ့်နေရာကတော့ မရှိခဏဘုရား ကြီးရှိတဲ့ မင်းဝံတောင်ကုန်းပေါ်မှာ ရည်ရွယ်ထားတယ်ပေါ့ ဟုတ်ရဲ့လား ဒကာကြီး"

"မှန်ပါ့ဘုရား"

ဆရာတော် ဦးပညာဇောတမှာ ဘုရားတည်နေရာအား သိရှိ ပြီးသည်နှင့် အတန်ကြာမျှ မျက်လုံးမှိတ်ကာ အာရုံပြုနေဟန် တူပါ၏။ တိတ်ဆိတ်ချောင်ကျလှသည့် အနုရုဒ္ဓါချောင်သည် ကျေးငှက်အော်သံ၊ သစ်ရွက်ခြောက်ကြွေသံတို့မှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါ သည်။ လေရူးတစ်ချက်မွှေ့လိုက်တိုင်း ကျောင်းခေါင်မိုးပေါ်သို့ တရှဲရှဲ ကြွေကျလာသည့် သစ်ရွက်ကြွေသံများကသာ ကြီးစိုးမင်းမူနေကြပါ၏။

"အိမ်း ... သင့်တော်ပါတယ် ဒကာကြီး ဒါပေမဲ့ သက်ဆိုင် ရာပုဂ္ဂိုလ်တွေကိုလည်း မေးမြန်းကြည့်ကြပါဦး။ သူတို့တွေရဲ့ဆန္ဒနဲ့

www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်တည်းကိုက်ညီရင်တော့ အကောင်းဆုံးပေါ့ ဒကာကြီးရယ်"

"မှန်ပါ့ဘုရား။ ဒီကိစ္စကို တပည့်တော် ဆောင်ရွက်လိုက်ပါ့မယ် ဘုရား။ ပြီးရင်လည်း သူတို့ကိုပါ တစ်ပါတည်း ဘုရားတည်တဲ့နေရာကို လာခဲ့ကြဖို့ ဖိတ်လိုက်ပါ့မယ်ဘုရား"

ဆရာတော်ကြီးနှင့် လူသူတော်ကြီးဘိုးသြဘာတို့ အတိုင်အဖောက်ညီစွာဖြင့် ပြောဆိုနေကြသော စကားများကို မောင်ကျောက်ပုံတို့ဖနီးမောင်နှံ နားမလည်နိုင်ကြပါ။ ထိုစဉ် ဆရာတော်ကြီးက ထပ်မံ၍ မိန့်မှာနေသဖြင့် ဂရုတစိုက်ဖြင့် နားထောင်နေမိပါသည်။

"အိမ်း ... နောက်ထပ်အရေးကြီးတာက ဘုရားကို ဘယ်လိုပုံစံတည်မယ် ဆိုတာရယ်၊ ဘုရားရဲ့မုခ်ပေါက်၊ ဂူပေါက်ဝတွေ ဘယ်ဘက်ကိုလှည့်ကြမလဲဆိုတာရယ် ကြိုတင်ပြီးစီစဉ်ထားမှဖြစ်မယ်၊ ဘုရားတည်တဲ့နေရာမှာ သာမန်လူသားတွေအတွက်က မုခ်ပေါက်, ဂူပေါက်တွေကို ဘယ်လိုပဲထားထား ဝင်လို့ရကြပေမယ့် မမြင်အပ်တဲ့ ပရလောကသားတွေအတွက်ကျတော့ ဂူပေါက်ဝတွေ လွဲချော်နေခဲ့ရင် ဝင်လို့ထွက်လို့ မရကြတော့ဘူးကွဲ့၊ အဲဒါကြောင့် ဘုရားတည်ကြတဲ့သူတွေတိုင်း ဒီကိစ္စကို အရေးအကြီးဆုံးလို့ သတ်မှတ်ထားရလိမ့်မယ် ဒကာကြီး"

"မှန်ပါ့ဘုရား ... တပည့်တော်တို့ သေသေချာချာ မေးမြန်းပြီးမှ ဘုရားတည်ကြမှာပါဘုရား"

"အေး အေး ... ဒကာကြီး။ အရေးကြီးတဲ့ကိစ္စတွေကို တစ်ခုမှ မလွဲချော်မိအောင်လည်း သတိထားပါ။ ဒကာကြီး နေရာသိပြီဆိုတော့လည်း တန်ဆောင်မုန်းလမကုန်ခင် နေကောင်းရက်သာ ရွေးပြီး ပန္နက်ရိုက်ကြတာပေါ့ ဒကာကြီး။ ဟို ... ဘုရားဒကာမိသားစုကလည်း အားလုံးအဆင်သင့်ဖြစ်နေကြပြီလားကွဲ့"



မှန်ပါ့ဘုရား တပည့်တော်တို့ မိသားစုကတော့ အားလုံးအဆင်သင့်ဖြစ်နေကြပါပြီ ဘုရား ... ဖြစ်နိုင်မယ်ဆိုရင် မြန်မြန်လေး အကောင်အထည် ဖော်ချင်ပါတယ်ဘုရား"

ဆရာတော်ဦးပညာဇောတက မိန့်တော်မူသဖြင့် မောင်ကျောက်ပုံမှာ သူတို့ဖြစ်ချင်သောဆန္ဒကိုပါ ထုတ်ဖော်လျှောက်တင်လိုက်ပါတော့၏။

"အိမ်း ... ကောင်းပါလေ့ကွယ်၊ အခုပဲ ဘုရားတည်ဆောက်ရေးကိစ္စအဝဝအတွက် ဒကာကြီးသြဘာကိုပဲ တာဝန်လွှဲပေးလိုက်ပြီလေ၊ အားလုံးအဆင်ပြေအောင်သာ ဆောင်ရွက်ကြပေတော့၊ အင်း ... ထူးခြားတဲ့ သာသနာပြုပါရမီရှင်မိသားစုတွေ ကျန်းမာချမ်းသာကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ဝပါရစေဘုရား"

မောင်ကျောက်ပုံတို့ဖနီးမောင်နှံမှာ ဆရာတော်ကြီးဦးပညာဇောတအား ရှိသေစွာဦးခိုက်ကန်တော့လိုက်ကြပါတော့သည်။

ဤသို့ဖြင့် မင်းဝံတောင်ကုန်းထက်ရှိ မရှိခထာဘုရားကြီးနှင့် မနီးမဝေးတောင်ကုန်းငယ်တစ်ခုထက်တွင် ကိုးတောင်ပြည့်စေတီတော်တစ်ဆူတည်ရန်အတွက် စတင်၍ ပန္နက်ရိုက်ကြပါတော့သည်။ လူသူတော်ကြီးဘိုးသြဘာကိုယ်တိုင် ဤမင်းဝံတောင်ကုန်းထက်တွင် နေထိုင်စောင့်ရှောက်ကြကုန်သည့် အစောင့်အရှောက်ပုဂ္ဂိုလ်ကြီးများနှင့် မြင်အပ်, မမြင်အပ်သော ပရလောကမှ ပဋ္ဌာန်းဆက်များကိုလည်း ဖိတ်ကြားကာ ကိုးတောင်ပြည့်စေတီတစ်ဆူကို အောင်နိမိတ်အခါကောင်းယူ၍ စတင်တည်ဆောက်ပါလေတော့သည်။

ဘုရားတည်ရာတွင် မောင်ကျောက်ပုံတို့မိသားစုနှင့် မင်းမောင်တို့သူငယ်ချင်းများကလည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်အား

www.burmeseclassic.com

www.burmeseclassic.com

ဒါန လှူဒါန်းကြသည်။

ကိုးတောင်ပြည့်စေတီတော် တည်ရန်အတွက် ဦးစွာပထမ မြေများတူးကြရသည်။ မြပန်းနွယ်လေးမှာ သူငယ်ချင်းများဖြစ်ကြသည့် မင်းမောင်နှင့် ရေအေးတို့နှင့်အတူ မြေကြီးများကိုလည်း တပျော်တပါးသယ်ဆောင်၍ လွတ်ကင်းရာသို့ ပုံကြသည်။

ပြီးလျှင် ဘုရားတည်မည့် ကုန်းတော်ထက်သို့ အုတ်ခဲများ၊ ဘိလပ်မြေ၊ ထုံးများနှင့် သဲများကိုပါ အနီးအပါးမှ ဘုရားဖူးများပါ လာရောက်၍ ဝိုင်းဝန်းသယ်ဆောင်ပေးကြပါ၏။ မြပန်းနွယ်လေးမှာလည်း အုတ်ခဲများကို မနိုင့်တနိုင်နှင့်သယ်ယူရင်း လုပ်အားဒါနပြုနေရာသည်ကို မောင်ကျောက်ပုံတို့ဖနီးမောင်နှံ ကြည်နူးနေကြပါသည်။

"သမီးလေးရေ ... သေချာဂရုတစိုက်သယ်နော်၊ မနိုင်မနင်း မလုပ်နဲ့၊ တော်ကြာ ခြေထောက်ပေါ်, ဘာပေါ် ပြုတ်ကျနေဦးမယ်"

"ဟုတ်ကဲ့ပါ မေမေ"

မင်းမောင်နှင့် မြပန်းနွယ်တို့ အုတ်ခဲများ သယ်ယူနေကြရာသို့ လူသူတော်ကြီးဘိုးသြဘာကိုယ်တိုင် ရောက်ရှိလာခဲ့သည်။

"အိမ်း ... တယ်ဟုတ်ပါလား သမီးလေးရေ့ စေတီတော် တည်ဆောက်ရေးအတွက် ငွေအားတင်မကဘဲ လူအားပါ စိုက်ထုတ်ပြီး ကိုယ်တိုင်ကိုယ်ကျ လုပ်အားဒါနတွေပြုကြတော့ ပိုပြီးမြင့်မြတ်တဲ့ ကုသိုလ်ထူးတွေရမှာပေါ့ကွယ်"

မြပန်းနွယ်မှာ ပခုံးပေါ်မှ တဘက်ကလေးနှင့် မျက်နှာထက်တွင် စီးကျနေသည့် ချွေးစီးများကို သုတ်ဖယ်လိုက်ပြီး ဘိုးဘိုးသြဘာ၏ စကားများကို ပြုံး၍ခေါင်းညိတ်ပြလိုက်ပါသည်။

မကြာမီ မြေကြီးများ တူးထုတ်ပြီးစီးသွားပြီမို့ လူသူတော်ကြီး ဘိုးသြဘာကိုယ်တိုင် ကမ,ကထပြုကာ ပန္နက်များချပြီး ပစ္စယံသုံးဆင့်



စတင်၍ တည်လိုက်ကြပါ၏။ ပြီးလျှင် အထက်ပိုင်း ပစ္စယံပေါ်တွင် ရှစ်ထောင့်၊ ရှစ်ထောင့်အထက်တွင် ကြေးဝိုင်းကြေးခွေ၊ ထိုကြေးဝိုင်းခွေအထက်မှ ခေါင်းလောင်းနှုတ်ခမ်း၊ ခေါင်းလောင်းနှုတ်ခမ်းအထက်မှ ဖောင်းရစ်၊ ဖောင်းရစ်အထက်မှ ကြာမှောက်၊ ကြာမှောက်မှ ရွှဲ၊ ရွှဲ အထက်မှ ကြာလံ၊ ကြာလံအထက်၌မူ ချယားသီး (သို့မဟုတ်) ငှက်ပျောဖူး၊ ငှက်ပျောဖူးအထက်မှာမူ ကြေးစလောင်းအထိ ကိုးတောင်ပြည့်စေတီတော်ကို တည်ဆောက်လာခဲ့ကြပြီး စေတီတွင် ထီးတော်တင်ရန်အတွက်သာ ချန်ထားလိုက်ကြပါတော့သည်။

ထို့နောက် ကိုးတောင်ပြည့်စေတီတော်၏ ဌာပနာတိုက်နေရာ အသီးသီးတွင် လှူဒါန်းထားကြသည့် အလှူရှင်များ၏ ရတနာပစ္စည်းများကို သေချာစွာစစ်ဆေး၍ သက်ဆိုင်ရာ ဌာပနာပေါက်များတွင် ထည့်သွင်းပူဇော်နိုင်ရန် ပြင်ဆင်ကြပါလေ၏။

ထိုနေ့ နံနက်စောစောကပင် လူသူတော်ကြီးဘိုးသြဘာနှင့် မောင်ကျောက်ပုံတို့ဖနီးမောင်နှံ တိုးတိုးတိတ်တိတ် တိုင်ပင်ထားကြသည့်အတိုင်း မြပန်းနွယ်လေး၏ မသိစိတ်ဖြင့် ယှင်သိုဝှက်ထားသည့် ရတနာပစ္စည်းများကို သံသေတ္တာငယ်တစ်ခုတွင်ထည့်ကာ သော့ခတ်လိုက်ပြီး တခြားသောဌာပနာပစ္စည်းများနှင့်အတူရောနှော၍ စားပွဲခင် မြင့်ပေါ်တွင် တင်ထားလိုက်သည်။

မကြာမီ ဌာပနာထည့်သွင်းချိန် ကျရောက်လာပြီဖြစ်သဖြင့် အားလုံး နေရာအသီးသီးတွင် ဌာပနာထည့်သွင်းပူဇော်ရန် ပြင်ဆင်နေကြစဉ် မြပန်းနွယ်၏ ကြောင်မျက်ရှင်လက်စွပ်လေးသည် ထူးထူးခြားခြားပင် ယားယံလာခဲ့သည်။

"အား ... အရေးထဲကျမှ လက်စွပ်ဝတ်ထားတဲ့လက်က ယားလိုက်တာ မေမေရယ်၊ ကျွတ် ကျွတ် ... ကြည့်ပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"မှန်းစမ်း ... သမီးလေး ဘာတွေများ သွားပြီးကိုင်လို့ ယားလာရတာလဲ၊ အယ် ... ဟုတ်တာပေါ့ လက်စွပ်ဝတ်ထားတဲ့ လက်ကလေးတောင် နီရဲနေပြီ"

မမင်းဘုံမှာ သမီးလေးမြပန်းနွယ်၏ ကြောင်မျက်ရွှင်လက်စွပ် ဝတ်ဆင်ထားသည့် လက်ကလေးကို သမီးငယ် စိတ်ကျေနပ်စေရန် အသာအယာပင် ပွတ်သပ်ကာ အယားဖြေပေးနေပါ၏။

"ကိုင်း ... သမီးမြပန်းနွယ် ဒီလောက်ဆိုရင် အယားပြေလောက်ပြီပေါ့၊ ပြီးမှ အမေ ဆေးလူးပေးမယ်၊ ကဲ ... သွား ... သွားတော့၊ ဌာပနာထည့်ဖို့ သမီးကိုစောင့်နေကြပြီ၊ သမီးလေးကျတဲ့ မွေးနံ့ထောင့်မှာ အမေတို့မိသားစုရဲ့ ဌာပနာသေတ္တာလေးကို သေသေချာချာဆုတောင်းပြီး ထည့်ဝင်ပူဇော်လိုက်ပါနော် သမီး"

"ဟုတ်ကဲ့ စိတ်ချပါ အမေ"

ဤသို့ဖြင့် ဌာပနာ ထည့်ဝင်ပူဇော်ခြင်း၊ ဌာပနာ ပိတ်ခြင်းတို့ကို အနှောင့်အယှက်ကင်းကင်းဖြင့် အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်သဖြင့် မြပန်းနွယ်တို့အားလုံး ပျော်ရွှင်ကြည်နူးနေကြပါသည်။ တစ်ချိန်တည်းမှာပင် မင်းဝံတောင်ကုန်းထက်ရှိ မွှာရုံထဲတွင် ပြုလုပ်နေသည့် ကိုးတောင်ပြည့်စေတီ၏ ရွှေထီးတော်သည်လည်း တစ်ရက်နှစ်ရက်ခန့်အကြာတွင် ပြီးစီးတော့မည်ဖြစ်ပါ၏။ မောင်ကျော်ပုံတို့ လင်မယားမှာ ထိုရွှေထီးတော်လေး ပြုပြင်နေသည့် မွှာရုံထဲတွင် ရောက်ရှိနေကြသည်။

ထို့ကြောင့် ကိုးတောင်ပြည့်စေတီလေးအနီးတွင် မျက်စိမျက်နှာပျက်လျက် တစ်စုံတစ်ရာကို သဲသဲမဲမဲ ရှာဖွေနေကြသည့် မြပန်းနွယ်နှင့် မင်းမောင်တို့လူစု၏အဖြစ်ကို ချက်ချင်းမသိနိုင်ခဲ့ကြပေ။

အချိန်အတော်ကြီးကြာ၍ မောင်ကျော်ပုံတို့ မွှာရုံအတွင်းမှ



ထွက်လာကြတော့မှသာ မြပန်းနွယ်လေး၏ ကြောင်မျက်ရွှင်လက်စွပ်လေး ထူးဆန်းစွာ ပျောက်ဆုံးသွားကြောင်းကို အံ့ဩစွာ သိရှိလိုက်ကြပါတော့သည်။

"ဟင် ... ဘုရား ဘုရား ... ဘယ်လိုများဖြစ်ရတာလဲ သမီးရယ်၊ ဌာပနာမပိတ်ခင်ကတောင် သမီးလက်မှာ ယားတယ်ဆိုလို့ ပွတ်သပ်ပေးနေတုန်းက အဲဒီလက်စွပ်ကလေးကို အမေတွေ့လိုက်ပါသေးတယ်၊ သေသေချာချာ ရှာကြည့်ပါဦး သမီးရယ်"

"ဟုတ်တယ် မေမေ ... မင်းမောင်တို့နဲ့ ဘုရားကုန်းပေါ်မှာ ပတ်ပြီးရှာနေတာ ကြာပြီ သမီးလည်း ပြန်တွေ့နိုင်မလားဆိုပြီး ရှာနေတာ မေမေရဲ့"

ကြောင်မျက်ရွှင်လက်စွပ်ကလေး ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ရသဖြင့် မောင်ကျော်ပုံခမျာ မျက်စိမျက်နှာများ ပျက်ယွင်းလျက် ဒေါသများပင် ဆူဝေလျက်ရှိပါချေ၏။

"ဟော့ ... ဘုရားကုန်းတစ်ပိုက်မှာပဲ ရှိရမယ်၊ တွေ့အောင်ရှာကြစမ်းဟေ့၊ ဘယ့်နှယ်ကွာ ... ဘယ်လိုမှချွတ်လို့မရတဲ့ လက်စွပ်က အခုမှ ထူးထူးဆန်းဆန်းနဲ့ ပျောက်ရတယ်လို့ကွာ"

မောင်ကျော်ပုံမှာ တတွတ်တွတ်နှင့်ပြောဆိုရင်း ကိုးတောင်ပြည့်စေတီငယ်တစ်ပိုက်နှင့် ဘုရားကုန်းထက်တွင် ဝိုင်းဝန်းရှာဖွေကြပြန်သည်။ ထိုစဉ် မြပန်းနွယ်၏လက်စွပ်လေး ပျောက်ဆုံးသွားသည်ဟုကြားရသဖြင့် လူသူတော်ကြီးဘိုးသြဘာပင် မောင်ကျော်ပုံထံ ရောက်ရှိလာပါ၏။

"ဘယ်လိုဖြစ်ကြတာလဲ မောင်ကျော်ပုံ၊ ဘယ်အချိန်လောက်က ပျောက်သွားတာတဲ့လဲကွဲ့၊ ကဲ ... သမီးလေးကို ခေါ်လိုက်ကြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

လူသူတော်ကြီးဘိုးသြဘာမှာ ကာယကံရှင် မြပန်းနွယ်လေးအား လက်စွပ်ပျောက်ဆုံးရခြင်းကိစ္စကို မေးမြန်းကြည့်နေပါ၏။ သို့သော် မြပန်းနွယ်ကိုယ်တိုင်မှာလည်း မည်သည့်အချိန်က ပျောက်ဆုံးနေမှန်း တိတိကျကျ မဖြေနိုင်ရှာပါ။

"ဟို ... ဟိုလေ ... ဌာပနာပိတ်ပွဲ မတိုင်မီအထိတော့ သမီးလက်မှာရှိနေတာ သိတယ်အဘိုး၊ အဲဒီလက်စွပ်ဝတ်ထားတဲ့ နေရာက ထူးထူးခြားခြား ယားယံနေလို့ မေမေ့ကိုတောင် သမီးအယားဖြေခိုင်းခဲ့သေးတယ်၊ နောက် ... ဌာပနာပိတ်ပွဲပြီးစီးသွားလို့ မင်းမောင်တို့တစ်တွေနဲ့ သွားလာနေကြရင်းမှ ခြေလက်တွေ ဆေးကြောမယ်လုပ်ကြရာက အဲဒီလက်စွပ်လေး ပျောက်သွားမှန်း သိခဲ့ရတာပဲ အဘိုး"

"ဟုတ်တယ် အဘိုး။ ဟို ... ဟို ဌာပနာပူဇော်နေတုန်းကတောင် လက်မှာ အဲဒီလက်စွပ်ကလေးကို ကျွန်တော်ကိုယ်တိုင် တွေ့လိုက်ရသေးတယ်ခင်ဗျ"

မင်းမောင်ကလည်း ဌာပနာပူဇော်ထည့်သွင်းနေသည်အထိ မြပန်းနွယ်၏လက်တွင် လက်စွပ်ကလေးရှိနေသေးကြောင်း အခိုင်အမာဆိုခဲ့သည်။

သို့သော် ယခုလက်ရှိအချိန်မှာတော့ လူအများ ဝိုင်းဝန်းရှာဖွေနေကြသည့်တိုင် ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်လေးမှာ အစအနပင် ရှာမတွေ့တော့ဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပါချေပြီတည်း။

မြပန်းနွယ်လေးမှာမူ လက်စွပ်ကလေး ပျောက်ဆုံးသွားချိန်မှစ၍ မည်သူ့ကိုမှ စကားဟဟပင် မပြောပါလေတော့။ ညှိုးနွမ်းနေသည့် မျက်နှာဖျော့ဖျော့လေးနှင့်သာ ဘုရားကို မကြာခဏ ဝတ်ပြုရှိခိုးလျက်ရှိသည်ကို ထူးခြားစွာ မြင်တွေ့နေကြရပါတော့သည်။



လူသူတော်ကြီး ဘိုးသြဘာကမူ ရုတ်တရက် မမျှော်လင့်ဘဲ ပြောင်းလဲသွားသည့်ဖြစ်စဉ်တစ်ခုကို အလေးမူ သတိရသွားသည့်ထင့် ...။ သက်ပြင်းမောတစ်ခုကို လူမသိ၊သူမသိ အသာအယာ ချလိုက်ပါလေ၏။

ထို့နောက် မျက်နှာကြီးနီမြန်းလျက် သောကရောက်နေသည့် မောင်ကျော်ပုံကို အသာလက်တို့ခေါ်လိုက်ပြီး မရှိခဏ ဘုရားကြီးဘက်သို့ လမ်းလျှောက်လာခဲ့ကြသည်။

ညနေခင်း ဆည်းဆာလေပြည်သည် ဦးတည်ရာမဲ့ ဟိုသည်ဝှေ့ယမ်းတိုက်ခတ်နေပါ၏။ တချွင်ချွင်လှုပ်ခတ်နေသည့် ဆည်းလည်းလှုပ်ခတ်သံလေးများက သောကအပူမျှားလျက်ရှိသော မောင်ကျော်ပုံရင်ကို ဓမ္မတေးပဒ္ဓင်တစ်ပုဒ်နှင့် ငြိမ်းသတ်ပေးနေသည်သို့ ...။

"ဟင်း ... ဘယ်လိုမှ စိတ်မကောင်းမဖြစ်ပါနဲ့တော့ မောင်ကျော်ပုံ၊ ဝိဇ္ဇာခရုက္ခိရနယ်ပယ်ဆိုတာ အင်မတန်မှ ပရိယာယ်ကြွယ်ဝကြတာကလား။ မမျှော်လင့်တဲ့ဖြစ်ရပ်တွေ မယုံကြည်နိုင်စရာကောင်းတဲ့ ဖြစ်စဉ်တွေဟာ ဖျူးခနဲဖျပ်ခနဲ ပြောင်းလဲသွားကြတာတွေဟာ မမြင်နိုင်တဲ့ပရလောကရဲ့ ဖြစ်ရိုးဖြစ်စဉ်တွေပါကွယ်၊ ဒီနေ့ ဒီရက်၊ ဒီအချိန်၊ ဒီဘုရားမှာ မြပန်းနွယ်နဲ့ ကြောင်မျက်ရှင်လက်စွပ်ကလေးတို့ရဲ့ ပဋ္ဌာန်းဆက်၊ ပါရမီဆက်တွေဟာ ပြီးဆုံးသွားပြီလို့ပဲ ဆိုရတော့မှာပဲ မောင်ကျော်ပုံ၊ ကိုင်း ... ကိုင်း မနက်ဖြန်မနက်စောစော ထီးတင်နိုင်ဖို့သာ အမြန်ဆုံး စီစဉ်ပေတော့ကွယ်"


လူသူတော်ကြီးဘိုးသြဘာ၏ စကားတချို့ကို မောင်ကျော်ပုံ ရေရေရာရာ နားမလည်နိုင်ခဲ့ပါ။ သို့သော် ထူးထူးခြားခြား အမြန်ဆုံး ထီးတော်တင်ရန် မှာကြားနေခြင်းကိုတော့ မောင်ကျော်ပုံ အံ့သြနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ၏ဆရာသခင် ဘိုးသြဘာ ပြောနေသည့် ဝိဇ္ဇာဓရဂန္ထိရ ပညာရပ်များနှင့် ပရလောက၏ထူးခြားဆန်းကြယ်မှုများကို သေချာ ဂရုစွာ နားမလည်သည့်တိုင် ထူးခြားဆန်းကြယ်စွာ ပျောက်ဆုံးသွားသည့် သမီးငယ်မြပန်းနွယ်၏ ဂန္ထိရကြောင်မျက်ရှင်လက်စွပ်ကလေး မည်သို့မျှ ရှာဖွေ၍မရခဲ့သည့် ကြောင်မျက်ရှင်လက်စွပ်ကလေးသည် သည်နေ့၊ သည်ရက်၊ သည်အချိန်ကျမှ ထူးထူးခြားခြား ပျောက်ဆုံးသွားခဲ့ခြင်းကို မောင်ကျောက်ပုံတစ်ယောက် မကျေမနပ်ဖြစ်နေမိပါတော့သတည်း။

✣ ✣ ✣



ဂန္ထိရစာစု (၂၅)

အရဟံသိဒ္ဓိနှင့်ပဋ္ဌာန်းဆက်ခေါ်သံ

ထူးခြားသောဖြစ်စဉ်များက လျှင်မြန်စွာ တစ်ခုပြီးတစ်ခု ပြောင်းလဲလာကြသည်ဟု မောင်ကျောက်ပုံ ထင်မြင်လိုက်မိသည်။ လူသူတော်ကြီးဘိုးသြဘာ၏ မှာကြားချက်ဖြင့် ဓမ္မာရုံအတွင်းမှ ထီးတော်ပြုလုပ်နေကြသည့် သူများထံ ယနေ့ညတွင်းချင်း ထီးတော်ကို အမြန်ဆုံးပြီးစီးအောင် ကြိုးစား၍ လုပ်ဆောင်ပေးပါရန် မေတ္တာရပ်ခံပြီး ထွက်လာခဲ့သည်။

မှောင်ရိပ်သန်းလာသည်ကိုပင် မောင်ကျောက်ပုံ သတိမထားမိနိုင်။ မရှိခထေဘုရားကြီးဘက်မှ ထိန်ထိန်ညီးညီး လင်းလာသည့် လျှပ်စစ်မီးပူဇော်မှုများကြောင့် မိုးချုပ်သွားပြီဖြစ်ကြောင်း သိရှိလိုက်ရသည်။

ဓနိးသည့်မမင်းဘုံနှင့် သမီးလေးတို့ရှိရာ ကိုးဆောင်ပြည့်စေတီဘက်သို့ ရောက်လာခဲ့စဉ်မှာတော့ ကိုးဆောင်ပြည့်စေတီရှေ့တွင် ဆီမီးပူဇော်လျက် ဘုရားဝတ်ပြုနေသည့် မြပန်းနွယ်ဝလေးကို တွေ့

www.burmeseclassic.com

မြင်လိုက်ရသည်။

"ဟယ် ... မင်းဘုံ သမီးလေး ခုချိန်ထိ ဘုရားဝတ်ပြုနေတာ မပြီးသေးဘူးလား။ မိုးတောင်ချုပ်နေပြီလေ၊ အိမ်ပြန်ရမှာနဲ့ ဘာနဲ့ဆိုတော့ ..."

"ရှူး"

သူ၏စကားကို မမင်းဘုံက ပါးစပ်တွင် လက်ညှိုးလေးနှင့် ပိတ်ထောင်ကာ တိတ်တိတ်ကလေးနေရန် အချက်ပြလိုက်ရင်း မောင်ကျောက်ပုံကို တန်ဆောင်းတစ်ခုအတွင်းသို့ ဆွဲခေါ်လာခဲ့သည်။

"ဟဲ့ ... မင်းဘုံ ဘာ ... ဘာတွေ ... ဘာတွေဖြစ်ကုန်ပြန်ရတာလဲ၊ ငါ့ကို အတင်းပဲဆွဲခေါ်နေတာ ဘာတွေအရေးကြီးပြန်ပြီလဲ မင်းဘုံ"

"မဟုတ်ဘူး ကိုကျောက်ပုံ၊ သမီးလေးကြားရင် အာရုံပျက်သွားမှာစိုးလို့ ဒီဘက်ကိုခေါ်လာခဲ့တာ၊ သမီးလေးက ပြောနေတယ်၊ သူ ဒီနေ့ည အိမ်ကိုပြန်ပြီး မအိပ်ချင်ဘူးတဲ့၊ ဒီ ... ကိုးနဝင်းဘုရားရှေ့မှာပဲ တစ်ညလုံး ပုတီးစိပ်ပြီး နေပါရစေတဲ့လေ၊ အဲဒါ ... ဘယ်လိုလုပ်ကြမလဲ"

"ဟော"

"ကောင်းတာပေါ့ မင်းဘုံရယ်၊ ဒီနေ့ဒီအချိန်ဟာ သူ့ရဲ့ဘဝလေးအတွက် အစစအရာရာ ကောင်းမွန်အဆင်ပြေအောင် အရိပ်လိုမိုးနေတဲ့ ကြောင်မျက်ရှင်နဲ့စောရနက္ခတ်တွေရဲ့ အရိပ်မည်းကြီးအောက်ကနေ လွန်မြောက်နိုင်ဖို့ရယ်က သူကိုယ်တိုင် ကျင့်ကြံအားထုတ်တဲ့ စရဏတရားနဲ့မှ ကုစားနိုင်လိမ့်မယ် မင်းဘုံ"

မောင်ကျောက်ပုံမှာ 'ဟော' ခနဲ တစ်ခွန်းမျှသာထွက်နိုင်ပြီး အံ့အားသင့်နေချိန်ဝယ် သူ၏နောက်မှ ထက်ကြပ်မကွာလိုက်လာတဲ့



လူသူတော်ကြီးဘိုးသြဘာ၏စကားသံများက ထွက်ပေါ်လာခြင်းဖြစ်ပါ၏။

"ပါရမီဘယ်လောက်ပဲရှိရှိ၊ ပဋ္ဌာန်းဆက်တွေ ဘယ်လိုပဲကောင်းကောင်း၊ ကိုယ်လုပ်မှကိုယ်ရ၊ ကိုယ်စားမှ ကိုယ်ဝတာကွဲ၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ဒီလေးပါးနဲ့ပြည့်စုံပါမှ အောင်မြင်မှုကိုရတာ မောင်ကျောက်ပုံ၊ သမီးလေးမြပန်းနွယ် ဆန္ဒရှိသလိုသာ လုပ်ခွင့်ပေးလိုက်ပါကွယ်၊ အဘလည်း သမီးလေးကိုတွေ့ပြီး အားပေးစကားချီးမြှင့်ရဦးမယ်"

ဤသို့ဖြင့် ...

နောက်တစ်ကြိမ် မြပန်းနွယ် ဘုရားဝတ်ပြုပြီးချိန်မှာတော့ ကိုးတောင်ပြည့်စေတီအနီးမှ တန်ဆောင်းဇရပ်ထဲဝယ် လူသူတော်ကြီးဘိုးသြဘာနှင့်တွေ့ဆုံကာ စကားပြောဖြစ်ခဲ့ကြပါလေ၏။

အချိန်က ...

ညကိုးနာရီကျော်ခန့်ရှိပြီမို့ ဘုရားကုန်းထက်တွင် လူသူကင်းရှင်းစ ပြုနေပါပြီ။

"ကိုင်း ... ကနေ့ညတော့ ငါ့သမီးလေး ပါရမီအခံရှိသရွေ့ ပုတီးစိပ်ပေတော့၊ ဒါပေမဲ့ သမီးနဲ့သင့်တော်မယ့် ပုတီးစိပ်ကို အဘိုးကိုယ်တိုင်ပေးမယ်၊ အပြင်မှာ လေလည်းတိုက်တယ်၊ အေးလည်းအေးတယ်ကွဲ၊ ဟောဒီနေရာကဆို သမီးရဲ့ ကိုးနဝင်းစေတီလေးကိုလည်း ဖူးမြင်ရတယ်၊ အကာအကွယ်လည်းရှိတော့ ပိုပြီးကောင်းတာပေါ့၊ ဒီနေရာမှာလေးမှာပဲ အရိယာပုဒ်မျှတအောင်ထိုင်ပြီး ပုတီးစိပ်ပေတော့ သမီး"

"သမီး ဘာကိုပုတီးစိပ်ရမှာလဲ အဘိုး"

"အိမ်း ... အဲဒါကိုပြောမလို့ကွဲ၊ သမီးလေးစိတ်ရမှာ 'ဥ

www.burmeseclassic.com

အရပ်သိဒ္ဓိ'ဆိုပြီး ပုတီးတစ်လုံးချပြီးစိပ်၊ ပုတီးပတ်ရေကို သမီး မှတ်နေစရာမလိုဘူး။ သမီးလေးလုပ်ရမယ့်အလုပ်က ပုတီးလုံးလေး တွေကို စဉ်ဆက်မပြတ်အောင်သာ စိပ်နေဖို့အဓိကပဲ၊ ပုတီးလုံးလေး တွေ စဉ်ဆက်ပြတ်သွားတာနဲ့ ပုတီးစိပ်နေတဲ့သမာဓိက လွတ်သွား တတ်တယ်၊ အဲဒါကို ကြပ်ကြပ်သတိထား သမီးရေ"

မောင်ကျောက်ပုံတို့ဖနီးမောင်နှံမှာ လူသူတော်ကြီးဘိုးသြဘာ နှင့် သမီးလေးမြပန်းနွယ်တို့ကိုကြည့်ကာ ဘာရယ်မသိ ကြည်နူးသလိုလို ဆွေးမြည့်တမ်းတနေရသလိုလိုနှင့် . . .

"ကဲ . . . အခုချိန်ကစပြီး သမီးမျက်စိရှေ့မှာ မြင်တွေ့နေရတဲ့ ကိုးတောင်ပြည့်စေတီတော်လေးကို အာရုံပြုထားပြီး 'ဥုံအရပ်သိဒ္ဓိ' ကို စပြီးစိပ်ပေတော့"

လူသူတော်ကြီးဘိုးသြဘာ၏ စကားဆုံးသည်နှင့် သမီးလေး မြပန်းနွယ်မှာ မျက်စိရှေ့တွင် ဖူးမြော်မြင်တွေ့နေရသည့် ကိုးနဝင်း စေတီလေးကို ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့လိုက်ပါ၏။ ပြီးလျှင် လူသူတော်ကြီး နိုင်းစေထားခဲ့သည့် 'ဥုံအရပ်သိဒ္ဓိ' နှင့် စတင်၍ ပုတီးစိပ်ပါလေတော့သည်။

ညဦးလေပြည်က ဘုရားကုန်းထက်တွင် ညင်ညင်သာသာနှင့် ရိုက်ခတ်လျက်ရှိပါ၏။

တချွင်ချွင်နှင့် ရိုက်ခတ်စီးမျောနေသည့် မရှိခထဘုရားကြီးမှ ဆည်းလည်းလှုပ်ခတ်သံလေးများက ညဦးရင်ခွင်တွင် စည်းချက်ညီညီ ဖြင့် လွင့်ပျံ့နေကြသည်။

မြပန်းနွယ် ပုတီးစတင်၍စိပ်သည့်အချိန်ကာလပိုင်းတွင်မူ သမာဓိသည် မရတစ်ချက်၊ ရတစ်ချက်နှင့် လှုပ်ဝက်နေခဲ့သော်လည်း ပုတီးစိပ်ရှိန်ရရှိလာသောအခါတွင်မူ စိတ်တည်တည်ငြိမ်ငြိမ် ချမ်းမြေ့



စပြုလာပါ၏။

အချိန်ကြာ၍လာသည်နှင့် မြပန်းနွယ်၏ စိတ်အာရုံတစ်ခုလုံး သည် ပုတီးစိပ်ခြင်း၌သာ နစ်မြုပ်၍သွားပါလေတော့သည်။

ညဦးသည် တစ်စတစ်စ နက်ရှိုင်းလာခဲ့သည်။

ပုတီးစိပ်နေသည့် သမီးဖြစ်သူအနီးတွင် မိခင်ကြီးမယ်ငးဘုံမှာ တရားစာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေပါ၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com





ဂမ္ဘီရစာစု (၂၆)

## မြပန်းနွယ်၏ နောက်ဆုံးနေ့များ

ထိုအချိန်တွင် ...

စစ်ကိုင်းတောင်ရိုးထက်ဆီမှ တုံးမောင်းခေါက်သံများ ထွက်ပေါ်လာကြပါချေ၏။

မကြာမီ နေ့သစ်တစ်ခု၏ အရုဏ်ဦးက ရောင်နီများနှင့်အတူ ထွန်းလင်းတောက်ပလာပါတော့မည်။ ထိုအတူ ...

လှတဝသို့ ဆယ်နှစ်နှစ်ပျူသော တိုတောင်းလှသည့် သက်တမ်းကာလတစ်ခုတွင် ကောင်းမှုကုသိုလ် အလှူဒါနများ၊ သာသနိကအဆောက်အအုံများနှင့် သံဃာ့ဝေယျာဝစ္စများစွာတို့အား ထောက်ပံ့လှူဒါန်း၍ ကုသိုလ်ဒါနအားတို့ ဖြုန်းပြုလုပ်ခဲ့ရှာသည့် ဂမ္ဘီရကြောင်မျက်ရှင်လက်စွပ်ပိုင်ရှင် 'မြပန်းနွယ်'၏ ရှေ့အနာဂတ် ဘဝခရီးသည်ကား ...

ရှေ့ဆီမှ အရုဏ်ဦးရောင်ခြည်က ယှက်သန်းစပြုနေပါပြီ။ မင်းဝံတောင်ကုန်းထက်ရှိ မရှိခဏဘုရားကုန်းတစ်ပိုက်မှာတော့ အလင်းနှင့်အမှောင် နယ်လုစစ်ခင်းနေကြဆဲ။ ဒေါက်တာကျော်စွာ ရောက်ရှိလာပြီး မြပန်းနွယ်လေးအား စမ်းသပ်စစ်ဆေးကြည့်ရှုကာ ဆေးနှစ်လုံးထိုးပေးလိုက်ပါ၏။ ဆေးရှိန်ကြောင့် မြပန်းနွယ်တစ်ယောက် နှစ်ခြိုက်စွာ ပြန်လည်၍ အိပ်မောကျသွားပြန်သည်။

လှသူတော်ကြီးဘိုးညြဘာကမူ မြပန်းနွယ်၏ခေါင်းရင်းမှ ထိုင်ကာ ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုရင်း မြပန်းနွယ်လေးကို စိတ်မချစွာဖြင့် စောင့်ကြည့်နေပါ၏။ မမင်းဘုံကလည်း သမီးလေး၏ မြူမှေးနေသည့် မျက်နှာသွပ်ပြင်ကိုကြည့်ကာ ကျိတ်၍ငိုကြွေးနေသည်။

"အဟင့် ... အိ ... ဟင့် ... သနားလိုက်ပါဘိ သမီးလေးရယ်၊ မေမေ လူစားလဲလို့ရရင် သမီးလေးဝေဒနာဆိုးကြီးကို လဲပြီးယူလိုက်ပါရဲ့ကွယ် ... အဟင့် ဟင့်"

မောင်ကျော်ပုံကတော့ မျှော်လင့်ချက်များစွာဖြင့် သမီးငယ်လေး၏မျက်နှာကိုသာ စူးစိုက်ကြည့်နေပါ၏။ မကြာပါ ဆေးရှိန်ပြယ်သွားသည်ထင့်။ သမီးလေး မွေဖောက်လာခဲ့ပြန်သည်ကော ...

"အင့် .. အီး .. မလိုက်ဘူး မလိုက်ဘူး ... သ ... သမီး မလိုက်ပါရစေနဲ့ ဘိုးဘိုးရယ် .. အဟင့် ဟင့်"

"သမီး ... သမီးလေး မေမေရှိတယ်လေ၊ သတိထားဦး သမီးရယ်"

သည်တစ်ကြိမ်တော့ လှသူတော်ကြီးဘိုးညြဘာက သမီးလေး ခံစားနေရရှာသော ဝေဒနာအခြေအနေကို ရိပ်စားမိသွားခဲ့ပြီထင့်။

www.burmeseclassic.com

www.burmeseclassic.com

မျက်စိမျက်နှာမျက်ကာ သက်ပြင်းမောကြီးတစ်ချက်သာ ချလိုက်ပါ လေ၏။ ပြီးမှ မောင်ကျောက်ပုံနှင့်မမင်းဘုံတို့၏မျက်နှာလေးများကို စာနာငဲ့ညှာသောစိတ်ဖြင့်ကြည့်ရင်း ဦးခေါင်းကို အသာအယာ ယမ်းခါ လိုက်ပါတော့သည်။

"အင်း ... ညနေကတည်းက အဘာရိပ်စားမိပါတယ်ကွယ်၊ မင်းတို့ဖနီးမောင်နဲ့ စိတ်မကောင်းဖြစ်မှာစိုးလို့ အဘ ဖွင့်ဟပြီး မပြော ခဲ့တာပါ၊ သမီးလေးမြပန်းနွယ်ရဲ့ ဖွားဖက်တော်ဖြစ်တဲ့ ကြောင်မျက်ရှင် လက်စွပ်လေး ထူးထူးခြားခြား ပျောက်ဆုံးသွားကတည်းက သမီးလေး ဟာလည်း လူ့ဘဝမှာ အသက်ရှင်နေထိုင်နိုင်ဖို့ အချိန်များများစားစား မကျန်တော့ဘူးဆိုတာ အဘ နားလည်လိုက်တယ်"

"ရှင်"

"ဗျာ"

"ဘယ် ... ဘယ်လို အဘ ... ကျွန်တော့်ရဲ့ သ ... သ မီးလေးဟာ လူ့ဘဝမှာ ကြာကြာမနေရတော့ဘူး ဟုတ်လား အဘ"

မမင်းဘုံနှင့် မောင်ကျောက်ပုံတို့မှာ ဘိုးညြဘာ၏စကားကို ကြားလိုက်ရသည်နှင့် ကမ္ဘာပျက်သည့်းလုခမန်း ထိတ်လန့်တုန်လှုပ် သွားကြပါ၏။

"ဘုရား ဘုရား ... ကုသိုလ်ကံဆိုးလှချည်လား သမီးရယ်၊ အဘရယ် ... ကျွန်မသမီးလေးရဲ့အသက်ကို မကယ်နိုင်တော့ဘူးလား ရှင် ... အဟင့် ဟင့် ဟီး"

မမင်းဘုံမှာ သတိရတစ်ချက်, မရတစ်ချက်နှင့် ကယောင် ကတမ်းများ အော်ဟစ်ကာ မိန်းမောနေရှာသည့် သမီးငယ်မြပန်းနွယ် လေးကိုကြည့်ကာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေရှာပါ၏။

မောင်ကျောက်ပုံမှာ နောက်တစ်နေ့မနက် ထီးတင်နိုင်ရန်



အတွက် အရေးတကြီးစေခိုင်း၍ ညတွင်းချင်း ကိုးတောင်ပြည့်စေတီ၏ ထီးတော်ကို ပြီးမြတ်အောင်လုပ်ခိုင်းစေခဲ့သည့် လူသူတော်ကြီး ဘိုး ညြဘာ၏စိတ်သဘောကို ယခုမှ ပြက်ပြက်ထင်ထင် နားလည်လာခဲ့ရ ပါချေပြီကော။

မိမိ၏ရင်ခွင်တွင် မျက်နှာအပ်ကာ ကျိတ်၍ငိုရှိုက်နေရှာသည့် ဇနီးသည်ကို အသာထွေးပွေ့ကာ ဖြေသိမ့်ပေးနေရှာသည့် မောင် ကျောက်ပုံရင်ထဲတွင် မျက်ရည်မြစ်များ ပင်လယ်ဝေနေကြသည်ကို တော့ မည်သူမျှ မတွေ့မြင်နိုင်ကြပါလေ။

"မငိုပါနဲ့တော့ မမင်းဘုံရယ်၊ တို့များ သမီးငယ်လေးအတွက် ကုသိုလ်ဒါနတွေ အကောင်းဆုံး ပြုလုပ်ပေးထားပြီးပြီပဲကွယ်၊ အခု လည်း မနက်နေ့ထွက်တာနဲ့ သမီးလေးရဲ့ ကိုးတောင်ပြည့်စေတီလေး ရဲ့ ထီးတော်တင်လှူပွဲမှာ ကောင်းကောင်းမွန်မွန်နဲ့ ရေစက်ချ အမျှပေး ဝေနိုင်ဖို့ကိုပဲ ဆုတောင်းပေးကြတာပေါ့ကွယ်"

"ဟုတ်ပါတယ် မင်းဘုံရယ် ... သတ္တဝါတစ်ခု ကံတစ်ခုပဲမို့ သမီးလေးရဲ့ နောက်ဆုံးအချိန်ကိုသာ အကောင်းဆုံးဖြစ်အောင် တို့ တစ်တွေ ကြိုးစားကြတာပေါ့ကွယ်"

မောင်ကျောက်ပုံကတော့ လူသူတော်ကြီး၏ စကားသံများကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ... မျက်ရည်များဖြင့် နီရဲနေသည့် မျက်လုံးတစ်စုံ၊ ကြေကွဲဆို့နင့်နေသောရင်၊ ကွဲကြေတော့မည့် နှလုံး သားတစ်ခုနှင့် ကံဆိုးရှာသည့် သမီးငယ်မြပန်းနွယ်၏ မျက်နှာလေးကို သာ မျက်တောင်မခတ်စတမ်း ငေးမောကြည့်နေမိပါတော့သည်။

ဤသို့ဖြင့် ကြေကွဲခြင်းမျက်ရည်များနှင့် အရည်ပျော်သွား သည့် အရုဏ်ဦးကိုလွန်မြောက်ကာ နံနက်ခင်းတစ်ခု၏နေခြည်သစ် တို့က မင်းဝံတောင်ကုန်းထက်တွင် ဖြန့်ကြက်ကျဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မရှိခဏဘုရားကြီးနှင့် မနီးမဝေးကုန်းမြင့်ထိပ်တွင် ထီးတော်တင်ရန်သာ ကျန်ရှိတော့သည့် ကိုးတောင်ပြည့်စေတီငယ်လေးက နံနက်ခင်းနေခြည်အောက်တွင် တင့်တယ်သပ္ပာယ်စွာဖြင့် တည်ရှိနေပါသည်။

မကြာမီ ကိုးတောင်ပြည့်စေတီငယ်လေးအား အမြန်ဆုံး ထီးတော်တင်နိုင်ရန်အတွက် လှူသူတော်ကြီးဘိုးညွှဘာကိုယ်တိုင် ဦးစီး၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်။ နံနက်ကိုးနာရီထိုးသည်နှင့် ထီးတော်တင် ရေစက်ချအခမ်းအနားသို့ ပင့်ဖိတ်ထားသော သံဃာတော်များ ကြွချီလာကြပါသည်။

ထိုအချိန်တွင်မှ မြပန်းနွယ်လေးမှာ ကယောင်ကတမ်းများ ပြောဆို၍ မေ့မြောနေရာမှ သတိပြန်လည်ရရှိလာပြီး အသိစိတ်ကလေးဝင်နေချိန်နှင့် တိုက်ဆိုင်နေခဲ့သည်။

"ဖေဖေ ... မေမေ ... ဘိုးဘိုးကို ပြောပေးပါလားဟင်၊ သ ... သမီးကိုယ်တိုင် ဟောဒီကိုးတောင်ပြည့်စေတီရဲ့ ထီးတော်တင်လှူပြီးစီးတဲ့ပွဲမှာ ရေ ... ရေစက်ချခွင့်ပြုပါလို့ ပြောပေးပါ ဖေဖေရယ်"

"ဩော် ... သမီးရယ် သမီးရဲ့ဘိုးဘိုးကိုယ်တိုင်က သမီးလေးကိုယ်တိုင် ထီးတင်ပွဲမှာ ရေစက်ချ အမျှအတန်းပေးဝေရအောင်ဆိုပြီး သေချာစီစဉ်ထားတာပါကွဲ့၊ ကဲ ... လာ လာ ... ဟောဒီမှာ ရေစက်ချကရားလေးနဲ့ ရေစက်ခွက် သမီးရဲ့ရှေ့မှာနော် ... ဟုတ်ပြီလား"

မောင်ကျောက်ပုံနှင့် မမင်းဘုံတို့က သမီးငယ်လေး၏ဆန္ဒကို ဖြည့်ဆည်းပေးရန် မျက်ရည်စက်လက်နှင့်ပင် သမီးလေးရှေ့သို့ ရေစက်ချကရားလေးနှင့် ရေစက်ခွက်လေးကို ချပေးလိုက်ပါ၏။ လူ့ဘဝသို့ရောက်ရှိလာခဲ့သော ဆယ့်ခုနစ်နှစ်တာကာလအတွင်းဝယ်



စူးစူးစိုက်စိုက်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ဒါနအစုစုတို့ကို အာရုံဝယ်ပေါ်လာအောင် အသိတရားများကို စုစည်းလိုက်သည်။

ထိုအချိန်တွင် ကိုးတောင်ပြည့်စေတီလေးဆီမှ ထီးတော်တင်လှူပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် တီးခတ်လိုက်သော မောင်းသံတဒူဒူနှင့် ဆူညံစွာအော်ဟစ်ကခုန်နေကြသံများက မင်းဝံတောင်ကုန်းလေးသာမက စစ်ကိုင်းတောင်ရိုးတစ်ခုလုံးကိုပင် ဖုံးလွှမ်းပဲ့တင်သွားကြသည်သို့ ...။

ထီးတော်တင်လှူပွဲမဏ္ဍပ်ထဲမှာတော့ ဆရာတော်ကြီး ဦးပညာဇောတ၏ ရေစက်ချတရားဟောသံလေးက နံနက်ခင်းလေပြည်ထဲတွင် စီးမျောလွင့်ပျံ့လျက်ရှိပါ၏။ လှူသူတော်ကြီး ဘိုးညွှဘာနှင့် မောင်ကျောက်ပုံတို့ဇနီးမောင်နှံကြားတွင် မြပန်းနွယ်လေးက လက်အုပ်ကလေးကိုချီ၍ မျက်စိမှေးစင်းကာ တရားနာလျက်ရှိပါသည်။

ထိုအချိန်တွင် ...

သူ၏နာမည်ကို တကြော်ကြော် ဟစ်အော်ခေါ်ငင်နေသည့် အသံလေးများကို မြပန်းနွယ် ကြားလိုက်ရသည်မို့ မိခင်ကြီးကိုမှီ၍ တရားနာနေရာမှ ဆတ်ခနဲ ဦးခေါင်းကို မတ်လိုက်သည်။

"ဟင် ... ဘာ ... ဘာဖြစ်တာလဲ သမီး"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး မေမေ၊ သမီးနာမည်လေးကိုများ ခေါ်နေသံကြားလိုက်ရသလားလို့ပါ"

သမီးလေး၏စကားသံကြောင့် မောင်ကျောက်ပုံတို့ဇနီးမောင်နှံ မျက်နှာပျက်သွားကြသည်။ ဘိုးညွှဘာရှိရာသို့ လှည့်ကြည့်လိုက်တော့ ငြိမ်ငြိမ်နေရန်သာ ဘိုးညွှဘာက လက်ကာပြသဖြင့် အသာငြိမ်ကာ သမီးလေးမြပန်းနွယ်ကိုသာ ဂရုတစိုက်ကြည့်နေကြပါ၏။ ထိုအချိန်တွင် ဆရာတော်ကြီးက တရားပြီးဆုံးသွားပြီမို့ ရေစက်ချ

www.burmeseclassic.com

www.burmeseclassic.com

ရန် မြပန်းနွယ်လေးအား သတိပေးလိုက်သည်။

"ကိုင်း ဘုရားဒယကာမလေး မြပန်းနွယ် . . . ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ် ဒါနအစုစုတို့ကို ရေစက်ချအမျှအတမ်းတွေ ပေးဝေဖို့ မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တွေနဲ့ ပရလောကသားတွေ, ပဌာန်းဆက်တွေ အားလုံးကို ဖိတ်ခေါ်လိုက်ပါ၊ ပြီးရင် ရေစက်ချကြရအောင် ရေစက်ချကရားလေးကို ကိုင်လိုက်ပါ ဒကာမလေး"

BURMESE CLASSIC .com

မမင်းသုံ့က သမီးလေး၏လက်ထဲသို့ ရေစက်ချကရားလေးကို ပေးလိုက်ရင်း သုတ်ခနဲကျလာသည့် မျက်ရည်တစ်စက်ကို သမီးလေးမမြင်အောင် သုတ်ဖယ်လိုက်ပါသည်။ လှိုက်ခနဲ ဆို့က်လာသည့် ငိုချင်စိတ်များကို ကြိတ်မှိတ်မျိုသိပ်ရင်း သမီးငယ်လေးကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေပါတော့သည်။

မြပန်းနွယ်လေးမှာ ရေစက်ချနေရာမှ ခေါင်းကို တွင်တွင်ယမ်းခါနေပါ၏။ ဆရာတော်ဦးပညာဇောတကိုယ်တိုင် ရေစက်ချတရားတော်များကို ဟောကြားပေးနေရသည့်ကြားမှ သူမအား လာရောက်ခေါ်ငင်နေသည့်အသံများကို မြပန်းနွယ် ကြားနေရသည်မို့ ခန္ဓာကိုယ်လေးပင် တဆတ်ဆတ်နှင့် တုန်ယင်လာသကဲ့သို့ . . .။

ဟိုမှသည်မှ ခေါ်ငင်နေသံများက မြပန်းနွယ်အပါးဝယ် ဝဲနိုစီးမျောလျက်။ သို့သော် မြပန်းနွယ်ကမူ တရားနာမပျက်။ ရေစက်ချမပျက်ပါ။ လွင့်ပါးနေသည့် စိတ်အာရုံဟူသမျှကို အတတ်နိုင်ဆုံး စုစည်းလျက် ပျံ့လွင့်နေသည့် အသိအာရုံများကို စုစည်းလျက် သမာဓိထူထောင်လိုက်သည်။

ထိုစဉ်မှာပင် ရင်ထဲမှ ရှုး၍အောင့်လာသည်မို့ ပါးစပ်မှပင် ညည်းညူသံသဲ့သဲ့ ခုန်ထွက်ကျသွားပါချေ၏။

"အင့် . . . အဲ့ . . ."



"သမီး . . . သမီးလေး ဆရာတော်ကြီး ရေစက်ချတရားဆုံးသွားပြီလေ၊ သာဓုအနုမောဒနာခေါ်ဖို့ အမျှပေးဝေလိုက်လေ သမီးရဲ့"

နားထဲတွင် မေမေ့၏ သတိပေးစကားသံကို ကြားနေရသည်။ ဦးခေါင်းတို့က တရိပ်ရိပ် ကိုက်ခဲမှုဝေလာကြသည်။ ရင်ထဲတွင် မခံမရပ်နိုင်အောင် ဆို့ကျပ်စူးနစ်လာမှုကြောင့် မြပန်းနွယ်လေးမှာ အသက်ကိုပင် မနည်းအားစိုက်၍ ရှုနေရပါ၏။

"အ . . . အ . . . အရှင်ဘုရား . . . အ . . . အတိတ်ဘဝက ကျန်ရှိနေသေးတဲ့ ဝဋ်ကြွေးတွေ . . . ဟူ . . . သ . . . မှု သ . . . သမီးပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှု . . . အစု . . . စုတွေနဲ့ ဟောဒီ . . . ကိုး . . . တောင် . . . ပြည့် . . . စေ . . . တီတော်လေး တည်ထားကိုးကွယ်ခဲ့တဲ့ ကောင်းမြတ်တဲ့ အလှူဒါနတွေရဲ့ အဟုန်ကြောင့် ဒီ . . . ဒီ . . လက်ရှိယခုဘဝမှာပဲ အားလုံးပြီးပြတ်ချုပ်ငြိမ်းသွားကြပါစေ . . . လို့ သမီး ဆုတောင်းရင်း အမျှပေးဝေလိုက်ပါတယ် အားလုံး ကြားကြား . . သမျှ အမျှ အမျှ အမျှ ယူ . . ယူတော်မူ . . မူကြ . . အ . . အား . ."

'ခွမ် . . ခလွမ်'

မြပန်းနွယ်လေး၏ အမျှ ေဝေသံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် ရေစက်ချတရားပွဲအတွင်းဝယ် ရေစက်ချကရားလေး လက်မှလွတ်ကျသွားသော အသံလေးက အချိန်ကိုက် မိုင်းဆုံးတစ်လုံးနှယ် ဆူညံသွားပါတော့သည်။ တစ်ချိန်တည်းမှာပင် တညီတညွတ်တည်း ထွက်ပေါ်လာကြသည့် သံပြိုင် သာဓုခေါ်သံကြီးများကလည်း မင်းဝံတောင်ကုန်းတွင်သာမက ထက်ကောင်းကင်ဘဝက်ထိတိုင် ပဲ့တင်ညံသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအတူ ရေစက်ချကာရားလေးနှင့်အတူ ဝုန်းခနဲလဲပြိုကျသွားသည့် မြပန်းနွယ်၏ ခန္ဓာကိုယ်လေးနှင့် အဖြူရောင်ဝိညာဉ်လေးသည်လည်း မင်းဝံတောင်ကုန်းထက်ရှိ မရှိဏာဘုရားနှင့် ကိုးတောင်ပြည့်စေတီတော်လေးတစ်ဝိုက်တွင် ပြေးထွက်လွင့်မျောသွားလေသည်သို့ ...။

"ဟာ ... သမီး ... သမီးလေး ... မြပန်းနွယ် ... ဖြစ်မှဖြစ်ရလေ သမီးရယ် ... အဟင့်ဟင့် ..."

"ဟင် ... သမီး ... သမီးလေး"

မောင်ကျောက်ပုံမှာ ရုတ်တရက် ပြိုလဲကျသွားသည့် သမီး၏ ခန္ဓာကိုယ်လေးကို အချိန်မီ ထိန်းမတ်ပွေ့ချီလိုက်နိုင်ပါသော်လည်း တခြားသောဘုံဘဝတစ်ခုဆီသို့ ကူးပြောင်းရောက်ရှိသွားပြီဖြစ်သည့် သမီးငယ်မြပန်းနွယ်၏ ဝိညာဉ်ဖြူလေးကိုမူ ...။

BURMESE CLASSIC .com

✦ ✦ ✦

ဂန္ထဝင်ရာဇဝင် (၂၇)

မြပန်းနွယ် နိဂုံး သို့မဟုတ် နိဒါန်း

ကြာတော့ ကြာခဲ့ပါပြီ။

စစ်ကိုင်းတောင်ရိုး မင်းဝံတောင်ကုန်းထက်ရှိ နာမည်ကျော်လှူစွမ်းကောင်း သူခိုးကြီးငတက်ပြား တည်ထားကိုးကွယ်ခဲ့သည့် မဟိယက်ဏခေါ် မရှိဏာဘုရားကြီးနှင့် မနီးမဝေး ကုန်းကမူထက်တွင် ထုံးဖြူဆေးရေး မပြယ်တပြယ်နှင့် ကိုးတောင်ပြည့်စေတီငယ်လေးတစ်ဆူက ခေတ်ကာလအဆက်ဆက်ကို ကျော်လွှားဖြတ်သန်းလျက် ယနေ့အချိန်ကာလထိတိုင် ဟံကြံ့ခံကာ တည်ရှိလျက်ရှိနေခဲ့ပါ၏။

ထူးဆန်းအံ့ဩဖွယ်ကောင်းသည်မှာ ထိုကိုးတောင်ပြည့်စေတီငယ်လေး၏ စေတီပစ္စယ်ဝင် ကြေးပြားနှင့်ထွင်းထုကာ ကမ္ဗည်းရေးထိုးထားသည့် စာတန်း

ထိုစာတန်းလေ ... ရားမှုလာရောက်ကြသူတိုင်း ဓါရင်ကို ပဟေဠိပုစ္ဆာအမျိုးမျိုး ... ႏအောင်းသန္နေဟည်စေခဲ့သည့် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ပါလား။ ထိုအလှူရှင်ကမှည်းစာတန်းမှာ ...

> စစ်ကိုင်းတောင်တော်၏ တောင်ပိုင်းဘိုးဘိုးကြီးအား အမှူး
> ထား၍ အစ်မတော် မြပန်းနွယ်၊ ညီမတော် မြနန်းသွယ်
> နှင့် ဘဝအဆက်ဆက်မှ ပါရမီဆက်၊ ပစ္စာန်းဆက်များ
> ကောင်းမှု၊ နတ်လူသာစု ခေါ်နိုင်ကြပါစေသတည်း။

ဟူ၍ စာတန်းရေးထိုးထားသည်ကို အံ့သြဖွယ် တွေ့ရှိရပေ
လိမ့်မည်။

စင်စစ် ...

ထိုကြေးပြားကမှည်းစာတန်းလေးက တစ်ချိန်သောအခါ ကာလတစ်ခုဆီက ထူးဆန်းအံ့သြဖွယ်, ကြေကွဲဖွယ်, ရင်နင့်ဖွယ်, ရင်သိမ့်လှိုက်ဖိုဖွယ်, တရားသံဝေဂယူဖွယ်, မယုံကြည်နိုင်စရာကောင်းလှသည့် ဂမ္ဘီရမိန်းမရွယ်တစ်ဦး သို့မဟုတ် မြပန်းနွယ်ဆိုသော အမျိုးသမီးတစ်ယောက်၏ ဘဝဇာတ်ကြောင်းများကို လွမ်းမောအောက်မေ့ဖွယ်၊ တမ်းတမိန်းမူးဖွယ် ဆိုနိုင်လည်း၍ပြောပြနေသည်ဟုဆိုပါလျှင်
- ...။

ယောနိသော မနသိကာရ

သက်မင်းကျော်လှိုင်
၁၇-၈-၂၀၀၀
ညဉ့် ၁း၃၀ နာရီ

www.burmeseclassic.com